www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ်　　၅၀၀၇၄၁၀၅၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်　　၅၀၀၈၁၁၀၅၀၇

ထုတ်ဝေသူ
ဦးအောင်မြင့်၊ အောင်မြင်စာပေ၊
အမှတ်(၇)၊ သိဒ္ဓါလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။

အတွင်းပုံနှိပ်နှင့်မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်အောင်မြင်ပုံနှိပ်တိုက်
အမှတ်(၁)၊ ဆက်သွယ်ရေးဝန်း၊
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊
အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊
တာမွေ၊ ရန်ကုန်မြို့

ပထမအကြိမ်-၂၀၀၅ ခုနှစ်၊
(အောက်တိုဘာလ)
အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်



BURMESE CLASSIC .com



# ပြကွက် (တစ်)

တိတ်ဆိတ်ငြိမ်သက်နေသော အဒေးဆိုင်လေးအတွင်း ...ည်းငယ် တုန်ယင်သော လေသံကလေးဖြင့် စကားစတင်လိုက် ... ဆောင်းသဇင် ဖြစ်လေသည်။

"ကိုမိုး တကယ် ဆုံးဖြတ်ပြီးပြီလား"

"အသေအချာကို ဆုံးဖြတ်ထားခဲ့ပြီးပြီ"

"ကိုမိုးမိဘတွေက ကိုမိုးနဲ့ ဆောင်းကို သဘောတူကြပါ ... ဟင်"

"ဟင့်အင်း. . . မတူဘူး. . . တူကြမှာ မဟုတ်ဘူး"

"အို. . . ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"သူတို့က သဘောမတူဘူးလို့ပဲ ပြောတာပဲ၊ ခိုးမပြေးနဲ့ ...နဲ့လို့ ပြောတာမှ မဟုတ်တာ၊ ကိုမိုး ဆောင်းကို ခိုးပြေးမယ်"

"ဘုရားရေ. . . ခိုးပြေးမယ်"

"အစစ်ပေါ့. . . ဒီနေ့ပဲ ဆောင်းကို ခိုးပြေးပြီး တ...ရုံး



www.burmeseclassic.com

www.burmeseclassic.com



မှာ လက်ထပ်မယ်၊ ဒါကြောင့် အဝတ်အစားတွေ ထည့်လာ
တာပေါ့၊ ကိုမိုး မှာတဲ့ ကုတ်အင်္ကျီတွေ ထည့်လာခဲ့ရဲ့လား"

"ထည့်လာပါတယ်နော်၊ နေပါဦး. . . ကိုမိုးက ဆောင်
ဘာဖြစ်လို့ ကုတ်အင်္ကျီတွေပဲ ဝတ်စေချင်တာလဲ"

"ဆောင်းက ကုတ်အင်္ကျီ ဝတ်ရင် ပိုပြီးလှလို့၊ ပြီး
ကိုမိုးတို့ သွားတဲ့နေရာက အေးတဲ့အရပ် ဖြစ်ချင်ဖြစ်မယ်၊
ကြည့်. . . ကိုမိုး လက်ဆောင် ဝယ်ပေးထားတဲ့ နှစ်ထပ်ကုတ်အ
အနီလေးနဲ့ ဘယ်လောက် ကြည့်လို့ကောင်းလဲ"

"ကိုမိုးက ဆောင်းကိုတော့ အဝတ်အစားတွေ ထည့်
ခိုင်းပြီး ကိုမိုးကျတော့ကော ဘာမှ မပါပါလား"

မိုးအာကာက ထို့အတွက် အရာရာ စီမံထားခဲ့ပြီး ဖြစ်

"ကိုယ့်အဝတ်အစားတွေ သောင်းထိုက်ဆီမှာ ထားခဲ့တ
တစ်အောင့်နေရင် သောင်းထိုက် ရောက်လာလိမ့်မယ်၊ သူက
ကိုယ်တို့ တရားရုံးတစ်ခုခုမှာ သွားပြီး လက်ထပ်ကြမယ်၊ ပြီး
သူ ကိုယ်တို့ကို ဘူတာလိုက်ပို့လိမ့်မယ်"

"ဆောင်းတို့ ဘယ်သွားကြမှာလဲဟင်. . ."

"မပြောတတ်သေးဘူး၊ ရှမ်းပြည်နယ်လည်း ဖြစ်ချင်
မယ်၊ ကိုယ်ကတော့ ရန်ကုန်နဲ့ ဝေးရင် ပြီးရော၊ ဘာရ
လက်မှတ်ရရ စီစဉ်ပေးဖို့ သောင်းထိုက်တို့ကို ပြောထားပြီး
ဘယ်လိုလဲ ဆောင်း. . . ကိုယ့်လို ကျောင်းပြီးကတည်းက စ
တီးလိုက်၊ ပန်းချီဆွဲလိုက်နဲ့ လူပေါ်ကြော့တစ်ယောက်ရဲ့ နောက်
တကယ် လိုက်ရဲရဲ့လား"

မိုးအာကာ၏ အမေးအား ဆောင်းသဇင်က ချစ်
မျက်စောင်းလေး ထိုးရင်း ပြန်ဖြေသည်။





"မလိုက်ရဲဘဲနဲ့ သူ ချိန်းတဲ့နေရာကို ဆောင်း ရောက်လာ
မလား. . . ကွဲ"

"တကယ်နော်"

"တကယ်ပေါ့. . . ဒါပေမယ့်. . . တစ်ခုတော့ ရှိတယ်"

"ဘာဖြစ်လဲ. . . ဆောင်း"

"ရင်တော့ နည်းနည်းခုန်တယ်"


. . . ဇာတ်လမ်း . . .



www.burmeseclassic.com

www.burmeseclassic.com









## ပြကွက် (နှစ်)

"ဘုရားရေ. . . ရင်ခုန်တယ်၊ ဟုတ်လား. . . ဒေါက်တာငွေစိုးကြည်"

"ကိုယ် တကယ်ပြောနေတာပါ သဒ္ဒါချို. . . ကိုယ် (သီရေ ...)ထဲ ဝင်ခါနီးတိုင်း၊ ခွဲစိတ်ခါးကို ကိုင်ခါနီးတိုင်း ဘယ်တုန်းကမှ ...ခုန်ခဲ့ဖူးဘူး၊ ဒါပေမယ့်. . . ဒီနေ့ မင်း ကိုယ့်ကို အရေးတကြီး ...စရာရှိလို့ အိမ်ကို လာခဲ့ပါလို့ ဖုန်းဆက်တော့ ကိုယ် တကယ် ...ခုန်ခဲ့ရတယ်၊ အလုပ်မှာလဲ အလွဲလွဲ အမှားမှားတွေ ဖြစ်ခဲ့ရ...၊ လွန်ခဲ့တဲ့ နှစ်လလောက်ကတည်းက မင်းကို ပေးဖို့ ဝယ်...တဲ့ ဟော့ဒီ ရေမွှေးပုလင်းတွေတောင် မေ့ကျန်ခဲ့လို့ တစ်...် ပြန်ယူရသေးတယ်၊ ဒီလောက်ဆိုရင် မင်းနဲ့ ပတ်သက်ပြီး ...ရဲ့ စိတ်လှုပ်ရှားမှုတွေကို မင်း ခန့်မှန်းမိလောက်ရောပေါ့ ...ချို"

ဒေါက်တာငွေစိုးကြည်၏ စကားတို့က လှိုက်လှိုက်ခါခါ



www.burmeseclassic.com

www.burmeseclassic.com



ရှိလှသဖြင့် သဒ္ဒါချိုပင် အနည်းငယ် တည်ငြိမ်သွားရ၏။

တကယ်တော့ လွန်ခဲ့သည့် နှစ်နှစ်လောက်ကတည်း သူမ၏ မိဘများမှတစ်ဆင့် နားဖောက်ကမ်းလှမ်းလာခဲ့သော စိုးကြည်အပေါ် သဒ္ဒါချို ငြင်းစရာ တစ်ကွက်မှ ရှာမတွေ့ခဲ့ ထိုအတူ ထူးထူးထွေထွေလည်း ရင်မခုန်ခဲ့။

သူမှ မဟုတ်၊ နောက်ဆုံးနှစ် စာမေးပွဲ ပြီးဆုံးချိန်အ တက္ကသိုလ်မှ တခြားယောက်ျားလေးများအပေါ်လည်း သဒ္ဒါ ရင်ခုန်ကြည့်၍မရ။

ခွဲစိတ်ဆရာဝန် ငွေစိုးကြည်ကတော့ သဒ္ဒါချိုအပေါ် ခုန်ရုံမျှမက မျှော်လင့်ချက်တွေ တနင့်တပိုး ထားခဲ့သည်။ အိမ် အကြောင်းအမျိုးမျိုး ရှာကာ ဝင်ထွက်ရုံနှင့် အားမရ။ ကျောင်း ပင် မကြာခဏ အလည်လာတတ်သဖြင့်. . .

"ကျောင်းကိုတော့ ခဏခဏ မလာပါနဲ့ ကိုစိုး၊ သ ကိုစိုးက ဘာမှ ဟုတ်သေးတာ မဟုတ်ဘူး၊ ပြီးတော့ ခု နောက် နှစ်ကို သဒ္ဒါက အမှတ်ကောင်းကောင်းနဲ့ အောင်ချင်လို့ စာ မနည်းလိုက်နေရလို့ပါ"

ဟု တားယူရသည် အထိပင်။

ဒီနေ့တော့ သူတို့ နှစ်ယောက်အကြား အဖြေတစ် ထွက်ပေါ်လာတော့မည်မှန်း နှစ်ယောက်စလုံး ရိပ်မိနေကြ အမှန်တကယ် အဖြေပေးရမည့်သူကတော့ သဒ္ဒါချိုပဲ ဖြစ်သ

တကယ်တော့ သူမလို ဝိဇ္ဇာဘွဲ့ရ မိန်းကလေး ယောက်အနေနှင့် ရိုးသားကြိုးစားသော ဆရာဝန်တစ်ယော အပေါ် ငြင်းရက်စရာ မရှိပါ။

"သဒ္ဒါ ကိုစိုးကို နှစ်နှစ်တိတိ စောင့်ကြည့် လေ့လာခဲ့





ကိုစိုး. . ."

"အဲဒီတော့. . . သဒ္ဒါ ဆိုလိုချင်တာက"

"သဒ္ဒါ. . . သဒ္ဒါ ကိုစိုးကို ငြင်းစရာ မရှိပါဘူး"

"သဒ္ဒါ. . . ဟို. . . မင်း ကိုယ့်ကို တကယ် ပြောနေတာပါ . . ."

"တကယ်ပါ. . . ဒါပေမယ့်. . ."

သဒ္ဒါချို၏ ဒါပေမယ့်ကြောင့်. . . ဂိုးဝင်ပြီးမှ စည်းကြပ် ၏ အလံထောင်ပြထားတာကို တွေ့လိုက်ရသူတစ်ယောက်ပမာ ကြည် အောင့်သက်သက် ဖြစ်သွားရ၏။ သဒ္ဒါချိုက ငွေစိုး ည်၏ မျက်နှာအရိပ်အကဲကို အကဲခတ်ရင်း ပြုံးသဲ့သဲ့ စကား လိုက်သည်။

"ဒါပေမယ့် သဒ္ဒါက (B.A) လောက်နဲ့ မကျေနပ်သေး ကိုစိုး၊ မဟာဝိဇ္ဇာဘွဲ့အထိ လိုချင်သေးတာ၊ ဒီတော့ သဒ္ဒါ A) ပြီးမှ၊ အနည်းဆုံး ကျမ်းပြုဆဲ အဆင့်လောက် ရောက်မှ ထပ်ဖို့ စဉ်းစားထားတယ်၊ ခုလောလောဆယ်တော့. . ."

"ဘာလဲ. . . သဒ္ဒါ. . . ခုလောလောဆယ် ကိုယ် သဒ္ဒါကို ်စောင့်နေရဦးမယ်လို့ ဆိုလိုတာလား"

သနားစရာကောင်းတဲ့ ဆရာဝန်ပဲ။

သဒ္ဒါချို ခပ်ရိပ်ရိပ်လေး ပြုံးလိုက်ပြီးမှ ထိုအပြုံးအား းကြည် မမြင်အောင် ခေါင်းငုံ့ကာကွယ်ကာ ခပ်တိုးတိုး တုံ့ပြန် သည်။

"သဒ္ဒါ ပြောပြီးပြီလေ၊ ကိုစိုးကို ငြင်းစရာ မရှိပါဘူးလို့ ပေမယ့် လက်ထပ်တာကိုတော့ မဟာဝိဇ္ဇာ ပြီးမှပဲ ဖြစ်ချင် ယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ သဒ္ဒါချို၏စကားကို ငွေစိုးကြည် သိပ် သ ဘောမပေါက်။ နောက်မှ တဖြည်းဖြည်း နားလည်လာပြီး သူ ပျော်မြူးခြင်းတို့ အထွတ်အထိပ်သို့ ရောက်ရှိသွားကြလေသည

"အိုကေ. . . ကိုယ် သဘောပေါက်ပြီ၊ သဒ္ဒါက မင်္ဂလာ ကို (M.A) ပြီးမှ ဖြစ်ချင်တယ်၊ ဒါပေမယ့် ဒီအတောအတွ ကိုစိုးတို့ဘက်က စေ့စပ်ကြောင်းလမ်းထားချင်တယ်ဆိုရင် သ ဘက်က ငြင်းစရာမရှိဘူး၊ အဲ့လို မဟုတ်လား သဒ္ဒါ၊ ဟုတ်တ မဟုတ်လား၊ ဟင်. . . ကိုယ်ပြောတာ မှန်တယ်မဟုတ်လား"

သဒ္ဒါချိုက ရှက်ကိုးရှက်ကန်း ခေါင်းညိတ်ပြလိုက်တေ ငွေစိုးကြည်က ဆက်တီပေါ် ထိုင်နေရာမှ ဝမ်းသာအားရ ထ လိုက်သည်။ သာမန်အားဖြင့် ရပ်ပါက ဘာမှဖြစ်မည် မဟုတ်သေ လည်း ဝမ်းသာမှုကြောင့် အရှိန်အနည်းငယ် လွန်သွားသဖြင့်. .

စားပွဲပေါ်မှ ရေမွှေးပုလင်းတို့ ရုတ်တရက် လဲပြိုက ကျကွဲကုန်ကြသည်။ အဖိုးတန် ရေမွှေးနံ့၏ သင်းပျံ့မှုက ချက်ခ ပင် ဧည့်ခန်းတစ်ခုလုံး လွှမ်းခြုံ မွှေးကြိုင်သွားလေသည်။

"ဟာ. . . ဆောရီး သဒ္ဒါ. . . ဆောရီး၊ ကိုယ်. . . ကို အပျော်လွန်ပြီး. . ."

"ရပါတယ် ကိုစိုး. . . ကောင်မလေးတွေ ခေါ်ပြီး လဲ လိုက်ပါ့မယ်၊ ခုလို တစ်အိမ်လုံး ရေမွှေးနံ့တွေနဲ့ မွှေးပျံ့သွာ အတွက် အတိတ်နိမိတ်ကောင်းလို့တောင် ယူဆလို့ ရပါသေးတ

"အိုး That's right...မှန်တယ် သဒ္ဒါ၊ ကိုယ့်အတွက်တေ တကယ့် နိမိတ်ကောင်းပဲ၊ သဒ္ဒါ တခြား ပြောစရာ တစ်ခုခု တော့ဘူးဆိုရင် ကိုစိုး ပြန်မယ်"

"အိုး. . . အအေးတောင် သောက်မသွားတော့ဘူးလ





ကိုစိုး"

"မသောက်တော့ဘူး သဒ္ဒါ၊ သဒ္ဒါ့စကားတွေကြောင့် ကိုယ့် င်မှာ အအေးဘူးတွေထက် ပိုပြီးအေးမြသွားပြီ၊ ကိုယ် အိမ်ကို မြန်မြန်ပြီး မိဘတွေကို ဖွင့်ပြောချင်ပြီ၊ သဒ္ဒါနဲ့ စေ့စပ်ဖို့ကိစ္စကို ည်း အမြန်ဆုံး အကောင်အထည် ဖော်ချင်ပြီ"

သဒ္ဒါချို ဘာမှမပြောဘဲ ခေါင်းညိတ်ပြလိုက်တော့ ငွေစိုး ကြည်က ဒရိုင်ဘာ ရပ်စောင့်နေရာ ၎င်း၏ကားဆီသို့ သုတ်သီး တ်ပျာနှင့် ထွက်ခွာသွားပါသည်။

သဒ္ဒါချိုကတော့ ကြမ်းပြင်ပေါ်မှ ကွဲကြေနေသော ရေ မွှေး ပုလင်းများကို ပြုံးကြည့်ရင်း မွှေးပျံ့သော အခန်းထဲ၌ တစ် ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

မှိုင်ရသောမျက်နှာနှင့် ကားဆီသို့ ပြန်ရောက်လာသော ငွေစိုးကြည်ကို ဒရိုင်ဘာက တအံ့တဩ ဖြစ်နေမိသည်။ သူ့ဆရာ သို့ အူမြူးနေတာမျိုး တစ်ခါမှ မတွေ့ဖူးခဲ့။ ငွေစိုးကြည်ကတော့ ဒရိုင်ဘာ၏ အံ့ဩနေမှုကို ဂရုမစိုက်ဘဲ ကားပေါ်သို့ ခပ်မြန်မြန် တက်ကာ ခပ်သွက်သွက်ကြီး ပြောချလိုက်သည်။

"အိမ်ကို မောင်းကွာ၊ အနီးဆုံးလမ်းကို ရွေးပြီး အမြန်ဆုံး ာ မောင်း၊ မြန်နိုင်သမျှ အမြန်ဆုံး မောင်းနော်. . . ငါ အိမ်ကို ောက်ချင်လှပြီ"



www.burmeseclassic.com

www.burmeseclassic.com









## ပြကွက် (သုံး)

သူတို့ချင်း ယခုတိုင်အောင် တစ်ယောက်ကိုတစ်ယောက် ...စွာ ဆုပ်ကိုင်ထားကြဆဲ ဖြစ်သည်။

မကြာခင် ကြုံတွေ့ရတော့မည့် ဘဝအပြောင်းအလဲ အ...တ် တစ်ယောက်ကိုတစ်ယောက် အားပေးနေကြခြင်း ဖြစ်သလို တစ်သက်လုံး **လက်တွဲ**မဖြုတ်စတမ်းဟု တိတ်ဆိတ်စွာ သစ္စာတိုင် ...ည်နေကြခြင်းလည်း ဖြစ်၏။

ထိုအချိန်၌မှာပင် သူတို့ ထိုင်နေရာ ဆိုင်ကလေး၏ ကားလမ်းတစ်ဖက်ခြမ်း၌ ကားအဖြူလေးတစ်စီး ထိုးဆိုက်လာလေသည်။

"ဟိုမှာ သောင်းထိုက်ကား ရောက်လာပြီ"

ဒီတစ်ခါ စကားစတင်လိုက်သူကတော့ မိုးအာကာပဲ ဖြစ်သည်။

သောင်းထိုက်က ကားပေါ်မှ မဆင်းဘဲ အချိန်မရဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟူသော သဘောဖြင့် လက်လှမ်းပြ၏။ အမှန်တကယ်လည်း ယ
အချိန်လောက်ဆိုလျှင် မိုးအာကာတို့၏ လက်ထပ်ပွဲအတွက် သ
သေလိုက် ကောင်းချီးပေးရန် ကျန်သူငယ်ချင်းတစ်စု တရားရုံးရှေ
၌ ရုတ်စုရုတ်စု ဖြစ်နေလောက်ပြီ။

သောင်းထိုက်၏ ကားရောက်အလာကို စိတ်စောစွာ စောင့်မျှော်နေခဲ့ကြသော မိုးအာကာနှင့် ဆောင်းသဇင်တို့က ပြုံ တူလိုလို ထိုင်ရာမှ ထရပ်ကာ သောက်ထားသော အအေးဖိုး ရှင်းလိုက်ကြပြီး ကားဆီသို့ သွားရန် ပြင်ဆင်လိုက်ကြသည်။

"မင်းရဲ့အိတ် ကိုမိုးကို ပေး"

"အိုး. . . မဟုတ်တာ၊ လုံချည်တွေ ပါတယ်. . . ကိုမိုးရ တော်ကြာ ကိုမိုး ငရဲကြီးနေပါ့မယ်"

"မကြာခင် လင်မယားတွေ ဖြစ်ကြရတော့မယ့်ဥစ္စာ၊ င ကြီးကော ငရဲလေးကော ကိုယ် ဂရုမစိုက်ဘူး၊ နောက်ပြီး ဦးထု ဆောင်းဦး၊ အပြင်မှာ နေပူတယ်"

"မဖြစ်စလောက် ပူတာပါ ကိုမိုးရဲ့"

"ဘာပဲဖြစ်ဖြစ် အဲဒီ မဖြစ်စလောက် အပူရှပ်မှာကို ကိုယ်က စိုးရိမ်နေတာလေ၊ ပြီးတော့. . . အဲဒီဦးထုပ်နဲ့ မင်း ဝ ထားတဲ့ နှစ်ထပ် ကုတ်အနီလေးက လိုက်လွန်းလို့ ဆောင်းခိုင်း တာ"

ဆောင်းသဇင်က ပိုရန်ကောဟူသော သဘောဖြင့် မျ စောင်းထိုးလိုက်သော်လည်း စားပွဲပေါ်မှ မိန်းမဆောင်းအနီရော ဦးထုပ်လှလှလေးကိုတော့ ကောက်ယူ ဆောင်းလိုက်ပါသည်။

ဆိုင်ထဲမှ စားပွဲထိုးတွေကတော့ အနီရောင် ကုတ်အင် အနီရောင် ဦးထုပ်လေးဖြင့် လှချင်တိုင်း လှနေသော ဆော





သဇင်နှင့် ယောကျာ်းပီသစွာ ခံ့ညားလှသော မိုးအာကာတို့အတွဲကို ငေးမောကာ ကျန်ရစ်ခဲ့ကြ၏။

မိုးအာကာနှင့် ဆောင်းသဇင်က ဆိုင်ထဲ၌ ထိုင်နေကြစဉ် စ်လျှောက်လုံး လက်ချင်း ဆုပ်ကိုင်ထားကြသလို ဆိုင်ထဲမှ ထွက် ၍ လမ်းကူးတော့လည်း လက်တွဲမဖြုတ်ခဲ့ကြပါ။

"တစ်အောင်ကြာရင် ဆောင်းဟာ ကိုယ့်ရဲ့တရားဝင်ဇနီး ယား ဖြစ်တော့မယ်၊ အဲဒါကို ဆောင်း တွေးမိရဲ့လား"

လမ်းကူးရင်း မိုးအာကာက စကားစလိုက်တော့ ဆောင်း ဇင် ချစ်စဖွယ် မျက်စောင်းခဲလေသည်။

"ကိုမိုးနော်. . . သိသိကြီးနဲ့ မဏ္ဍာပ်တိုင် တက်ပြမနေနဲ့"

"မဏ္ဍာပ်တိုင် တက်တာ မဟုတ်ဘူး၊ မကြာခင် ကိုယ့် အိမ်ဦးနတ် ဖြစ်တော့မယ်ဆိုတဲ့အကြောင်း ဆောင်း သိအောင် သတိပေးတာ၊ ကိုယ့်ရဲ့အိမ်ဦးနတ်ကို ဆောင်း ရိုသေရမယ်"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မ ရိုသေပါ့မယ် အိမ်ဦးနတ်ကြီးရယ်"

"အဲဒီလို လိမ္မာမှပေါ့ ဆောင်းကလေးရဲ့"

ဘာရယ်မဟုတ်ဘဲ သူတို့ ရယ်ကြလေသည်။ ထိုရယ်သံ စဉ်လွင်များကို ထွင်းဖောက်ကာ ရုတ်တရက် ထွက်ပေါ်လာသည် သောင်းထိုက်၏အော်သံ ဖြစ်၏။

"အာကာ ဟေ့ကောင် အာကာ. . . ကား. . . ကား. . ."

ပထမတော့ သောင်းထိုက်၏ အလန့်တကြား အော်သံ င့် စိုးရိမ်တကြီး မျက်နှာကို သူတို့ နားမလည်နိုင်ကြပါ။ နောက်မှ သောင်းထိုက် လှမ်းကြည့်ရာကို လှည့်ကြည့်လိုက်တော့ အနက် ရောင် ကားတစ်စီးက သူတို့ရှိရာသို့ အရှိန်ပြင်းပြင်း ဦးတည် မောင်းနှင်လာကြောင်း အထိတ်တလန့် တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကားမှာ လမ်းကြားထဲမှ ရုတ်တရက် ချိုးကွေ့ ထွက် ပေါ်လာခြင်း ဖြစ်သဖြင့် သူတို့ သတိမပြုမိလိုက်ကြခြင်း ဖြစ် သည်။ ကား၏အမြန်နှုန်းနှင့် ဦးတည် မောင်းနှင်လာသော လာ ရာကို ကြည့်၍ နှစ်ယောက်စလုံး မည်သို့မျှ လွတ်နိုင်ဖွယ် မရှိ ကြောင်း မိုးအာကာ နားလည်လိုက်သည်။

ထို့ကြောင့် ချက်ချင်းပင် အသိဝင်လျက် ဆုပ်ကိုင်ထား သော ဆောင်းသဇင်၏ လက်ကို ဆတ်ခနဲ ရုန်းဖယ်ကာ သူမအား တစ်ဖက်သို့ အရှိန်နှင့် တွန်းပို့လိုက်၏။

ကံဆိုးပါသည်။

အလွန်ကံဆိုးသော ထိုအဖြစ်အပျက်မှာ ဒရိုင်ဘာ၏ နားလည်မှု လွဲမှားမှုကြောင့် ဖြစ်သလို မိုးအာကာ၏ အစိုးရိမ်ကြီး မှုကြောင့်လည်း ဖြစ်သည်။

ကားသည် အခြားတစ်ဖက်မှ ရှောင်ရမည့်အစား ဆောင် သဇင်အား တွန်းပို့လိုက်သည့်ဘက်သို့ ရှောင်တိမ်းလိုက်ခြင်းဖြ ကြေကွဲဖွယ် အဖြစ်အပျက်တို့က ဝမ်းနည်းဖွယ် ဖြစ်ပျက်ခဲ့လေ တော့သည်။

"ဟာ. . . တိုက်သွားပြီ"

"ရပ်. . . ရပ်. . . ဟေ့ ကားသမား ရပ်"

"လူနာကို အမြန်သွားထူကြလေ"

ဆိုင်ထဲမှ ပြေးထွက်လာကြသည့် စားပွဲထိုးများနှ သောင်းထိုက် အပါအဝင် ဘေးလူတို့၏ အော်သံများက ချက်ချ ပင် ဆူညံသွားကြသော်လည်း မိုးအာကာကတော့ ယခုတိုင်အော တိတ်ဆိတ် မှင်သက်နေမိဆဲ ဖြစ်သည်။

အနီရောင် ကုတ်အကျီလေးတစ်ထည် ပုံကျသွားသ





ပြီသွားသော ဆောင်းသဇင်. . .

သူမ၏ ဦးခေါင်းမှတစ်ဆင့် ပလက်ဖောင်းဆီသို့ လိမ့် ကျသွားသည့် အနီရောင် မိန်းမဆောင်း ဦးထုပ်လှလှလေး တစ်လုံး. . .။

တစ်ဖက်စီ လွင့်စဉ်သွားကြသည့် အနီရောင် ဒေါက်မြင့် ပ်ကလေးတစ်စုံ. . .။

အနီရောင် ဖုံးလွှမ်းသော ထိုအဖြစ်အပျက်တို့အား ရုပ် အနေးပြကွက်တစ်ခုပမာ မိုးအာကာ မြင်တွေ့ခဲ့ရခြင်း ဖြစ် သည်။

"ဒရိုင်ဘာကို ဆွဲထုတ်ကွာ"

"ဒီကောင် သောက်ရမ်း မောင်းလို့ ဒီလိုဖြစ်ရတာ"

လူအုပ်၏အသံကြောင့် မိုးအာကာ သတိဝင်လာပြီး ချက် ချင်းပင် (မျက်နှာငယ်လေးနှင့် ရပ်နေသည့်) ဒရိုင်ဘာဆိုသူနားသို့ လွှန်လျှင်မြန်စွာ ရောက်ရှိသွားသည်။

ထို့နောက် ဒရိုင်ဘာဆိုသူ၏ အကျီရင်ဘတ်ကို ဆွဲကာ ၏မျက်နှာကို တအားကုန် ဆွဲထိုးပစ်လိုက်၏။ နောက်တစ်ကြိမ် ရန် ပြင်လိုက်စဉ် သူ့နောက်ဘက်မှ တိုးလျိုးတောင်းပန်သော သံတစ်ခုကို ကြားလိုက်ရလေသည်။

"တဆိတ်ဗျာ၊ သူ့ကို ဘာမှ မလုပ်ကြပါနဲ့၊ ကျွန်တော် လောကြီးပြီး အမြန်မောင်းခိုင်းလို့ ခုလို ဖြစ်ရတာပါ၊ ကျွန် ဆရာဝန်ပါ၊ လူနာကို ခဏလောက် ကြည့်ပါရစေ"

စကားသံ ထွက်ပေါ်လာရာသို့ သူ ဖျတ်ခနဲ လှည့်ကြည့် တော့ တောင်းပန်သော မျက်ဝန်းတို့နှင့်အတူ ကျနစွာ ဝတ် ထားသော ဆရာဝန်ဆိုသူအား တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဟူသော စကားကြောင့် လူအုပ်၏ ဒေါသက
အနည်းငယ် ပြေသွားကြဟန် ရှိသော်လည်း ဆူဝေနေသော သူ
ဒေါသတို့ကတော့ လျော့ကျ ပြေလျော့ရန် မဖြစ်နိုင်ပါ။ အထူး
ဖြင့်. . .“ကျွန်တော် မောင်းခိုင်းလို့” ဟူသော စကားက မိုးအ
ကာ၏ ဒေါသတို့အား ရေဆူမှတ်သို့ ရောက်ရှိသွားစေသည်။

“ဩော်. . .ခင်ဗျား အမြန်မောင်းခိုင်းလို့ ခုလိုဖြစ်ရတ
ပေါ့ ဟုတ်လား”

စကားဆုံးသည်နှင့် ဆရာဝန်ဆိုသူအား ပြေးထိုးရန် ပြ
လိုက်စဉ်မှာပင် သောင်းထိုက် သူ့နားသို့ ရောက်ရှိလာပြီး ပြေး
လေသည်။ ဆရာဝန် ဆိုသူကတော့ မိုးအာကာ၏ အပြုအမူ
ပတ်သက်၍ ဘာမှ ခံစားရပုံ မပေါ်ဘဲ လူနာရှိရာသို့သာ ၎င်း
ဆေးအိတ်ကို ဆွဲ၍ ဦးအည် လျှောက်လှမ်းသွားပါသည်။

“အာကာ. . .စိတ်ကို ထိန်းလေကွာ၊ ခုချိန်မှာ အရေးကြ
တာ ဆောင်းသဇင်ကွ၊ မင်းရဲ့ဒေါသတွေကို ဖောက်ခွဲချင်
နောက်မှ ဖောက်ခွဲ၊ စိတ်ကို လျှော့စမ်းပါ သူငယ်ချင်းရာ”

သောင်းထိုက်၏ ချွေးသိပ်စကား မဆုံးခင်မှာပင် ဆ
ဝန် ဆိုသူထံမှ ကြေညာချက် ထွက်ပေါ်လာသည်။

“လူနာက လန့်ပြီးမေ့သွားတာပါ၊ ဦးခေါင်းပိုင်း ဘာ
ထိခိုက်ပုံ မရဘူး၊ ပွန်းပဲ့ဒဏ်ရာလဲ တစ်ခုမှ မရှိဘူး၊ ဆေးရုံ
ဓာတ်မှန်ရိုက်ကြည့်ဖို့တော့ လိုမယ်၊ ဒါပေမယ့် အသက်အန္တရာ
အတွက်ကတော့ ဘာမှ မစိုးရိမ်ပါနဲ့၊ ကျွန်တော် ဆရာဝန်
နောင်ကြီးကို ကျွန်တော် ကတိပေးပါတယ်၊ ခင်ဗျားလူနာ ဘာ
မဖြစ်စေရဘူး”

နောက်ဆုံးစကားကိုတော့ ဆရာဝန်ဆိုသူက မိုးအာက





ရည်ရွယ်၍ ပြောလိုက်ခြင်း ဖြစ်သည်။

ထို့နောက်တော့ ဆောင်းသဇင်အား ကားနှစ်စီးနှင့်အတူ
ရုံပို့ရန် ပြင်ဆင်ကြလေသည်။

အဖြစ်အပျက်တို့မှာ ကြာရှည်လွန်းသည်ဟု ထင်စရာ
သော်လည်း တကယ့်တကယ်တော့ မိနစ်ပိုင်းလေးမျှသာ ဖြစ်၏။
နစ်ပိုင်းလေးသည်ပင် နောင်တစ်ချိန်၌ မိုးအာကာ၏ဘဝ အ
က် အပြောင်းအလဲ တစ်စုံတစ်ရာ ဖြစ်စေရန် အစပျိုးခဲ့ခြင်း
လေသည်။



www.burmeseclassic.com

www.burmeseclassic.com









## ပြကွက် (လေး)

မိုးအာကာမှအပ ဆေးရုံတစ်ခုလုံး ပျာယာခတ်နေကြ ...ည်။

အထူးသဖြင့် ဤဆေးရုံမှ ခွဲစိတ်ဆရာဝန်၏ (Case) ...စ် ဖြစ်သဖြင့် ထိုမျှ ပျာယာခတ်နေကြခြင်း ဖြစ်သည်။ ထိုထဲ၌ ...င်းထိုက်လည်း မနေသာပါ။

ဆေးပြေးဝယ်လိုက်၊ ဓာတ်မှန်ခန်း ပြေးလိုက်၊ မိုးအာကာ ...သာအားပေးလိုက်နှင့် အလုပ်ရှုပ်နေခဲ့သော်လည်း မိုးအာကာ ...ာ့ ဆောင်းသဇင်၏ ခရီးဆောင်အိတ်လေး ဆွဲကာ ဆေးရုံ ...င်ဘက် ခုံတန်းလျား၌ ငြိမ်ငြိမ်သက်သက်လေး ထိုင်နေခဲ့၏။

အမှန်တော့. . . ငြိမ်သက်ခြင်း မဟုတ်။ သူ၏စိတ်တို့ ...ားရလွန်းသဖြင့် ခန္ဓာကိုယ်ပါ မလှုပ်နိုင်အောင် နွမ်းရိသွားရ ... ဖြစ်သည်။

ပုံကျ. . . သွားသော ကုတ်အင်္ကျီအနီလေးတစ်ထည်၊



www.burmeseclassic.com

www.burmeseclassic.com



လိမ့်ထွက်သွားသော မိန်းမဆောင်း ဦးထုပ်တစ်လုံး

လွှင့်စဉ်သွားကြသည့် ဒေါက်မြင့်ဖိနပ်တစ်စုံ၊

အရာရာသည် သူ၏အာရုံထဲ၌ နှေးကွေးလေးလံစွာ ဖန်တလဲလဲ မြင့်ယောင်နေမိဆဲ ဖြစ်သည်။

အဲ့ဒီကားဟာ ဘာဖြစ်လို့ အဲ့လောက် မြန်မြန်ဆန်ဆန် မောင်းလာရတာလဲ။

သူနဲ့ (ခုလောက်ဆို လက်ထပ်ပြီး ဖြစ်လောက်မယ့် ဇနီး လောင်းကိုမှ) ဘာဖြစ်လို့ ရွေးပြီး တိုက်ခဲ့ရတာလဲ...။

အရာရာအား အံ့ဩတုန်လှုပ်စွာဖြင့် မိုးအာကာ မ ကြည့်နိုင်အောင် ဖြစ်နေမိသည်။

ဒါဟာ...အိပ်မက်တစ်ခုလား။

ဒါမှမဟုတ် မျက်လှည့်ဆရာတစ်ယောက်ရဲ့ အပေါ ဆန်းဆန်း ပြကွက်တစ်ခုများလား...။

အအေးဆိုင်အတွင်း လက်ချင်းဆုပ်လျက် သောင်းထိုက် ကားကို စောင့်စဉ် သူတို့ချင်း ပြောခဲ့သည်များကို ပြန်လည် ကြားယောင်လာမိ၏။

"ကိုမိုးရဲ့မိဘတွေက ချမ်းသာတော့ ဆောင်းလို ဆင်းရဲ လက်လုပ်လက်စား ကောင်မလေး တစ်ယောက်နဲ့ သဘောမတူ ပါဘူးဆိုပြီး လိုက်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

"သူတို့ မခွဲရက်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကိုမိုးက အရမ်းအစွဲအလမ်းကြီးမှန်း သူတို့ သိတယ်လေ တစ်ခုခုကို စွဲလမ်းမိပြီဆိုရင် ဘယ်လိုမှ ဖျောင်းဖျလို့ မရ သိပြီးသား၊ အဲ့ဒါကြောင့် ခုလိုမျိုး ကိုမိုး တဇွတ်ထိုး လုပ်သွား





သူတို့ သိရင်တောင် ဒေါသပဲ ထွက်မယ်၊ လိုက်တော့ ခွဲမှာ တတ်ဘူး၊ ဒါပေမယ့် ကိုယ် စိုးရိမ်နေတာ တစ်ခုတော့ ရှိတယ်"

"ဘာလဲဟင်..."

"ဆောင်းက ကိုယ့်ကို စပြီး ခွဲသွားမှာကိုပေါ့"

"အံမယ် ဝေးသေး...ဆောင်းကဖြင့် ကိုမိုးကို စပြီး ခွဲသေးဘူး..."

"တကယ်လား"

"တကယ်ပေါ့"

"ဘာနဲ့ သက်သေပြမလဲ"

"အာကာ...ဟေ့ကောင် အာကာ"

သောင်းထိုက် စကားသံကြောင့် မိုးအာကာ၏ အတွေးတို့ ပြင့်စဉ်ကာ သူ့ရှေ့၌ ရပ်နေသော သောင်းထိုက်မျက်နှာကို အ န့်တကြား မော့ကြည့်လိုက်မိသည်။

"ငါ...နိုင်ဦးတို့ အုပ်စုကို သွားခေါ်လိုက်ဦးမယ်၊ တရား ကို ရောက်ချိန်တန်လျက် ရောက်မလာရင် သူတို့ စိတ်ပူနေကြ စိုးလို့"

"မင်း ဆိုလိုတာက...ဆောင်းအခြေအနေကတော့ စိတ်ပူစရာ မဟုတ်ဘူးပေါ့ ဟုတ်လား..."

သူ၏ ငေါ့တော့တော့လေသံအား သောင်းထိုက်က အေး ဆေးစွာ တုံ့ပြန်ပါသည်။ သူ့ဘေးနား ဝင်ထိုင်ကာ ရှင်းပြခြင်း ပြုသည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် ဆောင်း နံရိုးတစ်ချောင်း ကျိုးသွားတယ်၊ ဒါပေမယ့် အလုပ်သင် ဆရာဝန်တစ်ယောက်က တော့ ဒါဟာ စိုးရိမ်လောက်စရာ အခြေအနေ မဟုတ်ပါဘူးတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ဒေါက်တာငွေစိုးကြည်ဟာ ဒီဆေးရုံမှာ တော်ဆုံး ဆရာဝန်မို့လို့ပါပဲတဲ့. . .ဒေါက်တာငွေစိုးကြည် အာ တယ်ဆိုရင် ဘာမှ စိတ်မပူပါနဲ့တဲ့. . . အဲဒီတော့ စိတ်အေးအေ ထားပါ သူငယ်ချင်း"

"မင်းရဲ့လေသံက အဲ့ဒီ ငွေစိုးကြည်ဆိုတဲ့ ဆရာဝ လေသံအတိုင်းပါပဲလား"

သူ၏ ငေါက်ဆတ်ဆတ် လေသံအား သောင်းထိုက် စိတ်မဆိုးဘဲ သူ့ပခုံးကို လှမ်းပုတ်ကာ အားပေးသည်။

"စိတ်ပူစရာ မရှိဘူးလို့ ငါကိုယ်တိုင်က ယုံကြည်လို့ ကို အားပေးနေတာပါ၊ မင်းသိအောင် ငါပြောမယ်၊ ခွဲစိတ်ခန် ဝင်ခါနီး ဆောင်း သတိပြန်ရလာတယ်၊ ငါ့ကို တွေ့တော့ မင် ကြောင်း မေးတယ်၊ ဆောင်းအတွက် စိတ်ပူလွန်းလို့ အပြ ထွက်ထိုင်နေတယ်ဆိုတော့. . .မင်းကို ပြောလိုက်ပါတဲ့၊ သူ စပြီး လက်တွဲမဖြုတ်ပါဘူးတဲ့၊ ပြီးတော့ မင်းနဲ့ဆောင်း လက်ထ တရားရုံး သွားခါနီး ခုလိုဖြစ်ရတာလို့ ဒေါက်တာငွေစိုးကြ ပြောပြတော့ သူလဲ တော်တော် စိတ်မကောင်း ဖြစ်သွားပုံရတ အကောင်းဆုံး ဖြစ်စေရပါမယ်လို့ ငါ့ကို ထပ်ပြီး အာမခံတ အဲ့ဒီဆရာဝန်က စိတ်မကောင်းသာ ဖြစ်သွားတယ်၊ ခွဲစိတ်ခ ဝင်တော့ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နဲ့ ဝင်သွားတာ၊ ဒါ ငါ ဆောင်းအတွက် စိတ်ချပြီး နိုင်ဦးတို့ကို သွားခေါ်ဖို့ ဆုံး လိုက်တာ၊ မင်းကို ချက်ချင်း လာမပြောတာက မင်းက အ လန်း ကြီးတတ်လွန်းလို့"

သောင်းထိုက် စကားကြောင့် မိုးအာကာ စိတ်အေး သော်လည်း မရှင်းတာတစ်ခုကိုတော့ ပြန်မေးလိုက်မိသည်။

"နေပါဦး. ... မင်းပြောတော့ ဆောင်းက နံရိုးကျိုးသွား ာဆို၊ ဘာဖြစ်လို့ ခွဲစိတ်ခန်းထဲ သွင်းရတာလဲ"

"အဲဒါတော့ ငါလည်း ရှင်းမပြတတ်ဘူး အာကာ၊ ဒေါက် ာ ငွေစိုးကြည် ထွက်လာတဲ့အခါ မေးကြည့်ပေါ့၊ ငါတော့ အဲဒီ ရာဝန်ရဲ့ တည်ငြိမ်တဲ့ပုံကို ကြည့်ပြီး ဆောင်းအတွက် စိတ်ချ ားတယ်၊ ကဲ. . . ငါ နိုင်ဦးတို့ဆီ သွားလိုက်ဦးမယ်"

သောင်းထိုက်က သူ့အား နှုတ်ဆက်ကာ ထွက်ခွာသွား ည်။








www.burmeseclassic.com

www.burmeseclassic.com









# ပြကွက် (ငါး)

ငွေစိုးကြည်၏ ခွဲစိတ်ကု ဆရာဝန်သက်တမ်းတစ်လျှောက် သက်တုန်ခြင်း၊ ရင်ခုန်ခြင်း တစ်ခါမှ မဖြစ်ဖူးခဲ့။

ယခုတော့ အခြေအနေက တစ်မျိုးဖြစ်၏။

သူ ခွဲစိတ်နေရသော လူနာသည် (အကယ်၍ သူ့ကား ငြင်သာ မတိုက်မိပါက ၎င်း၏ချစ်သူ မိုးအာကာနှင့် လက်ထပ်ပြီး ဖြစ်နေလောက်မည့်လူနာ) ဖျတ်ခနဲ သဒ္ဒါချို၏ မျက်နှာကို မြင် ယောင်ကာ သူ ရင်ခုန်ချင်သလို ဖြစ်လာသဖြင့် စိတ်ကို ပြန်ထိန်း လိုက်ရသည်။

ဟင့်အင်း. . .

အဲ့ဒီလို မဖြစ်စေနဲ့။ မင်းစိတ်ကို မင်းရဲ့လက်၊ မင်းရဲ့ ဓားသွားထက်မှာ ထားစမ်း။

ဘေးနားမှ အကူဆရာဝန်နှင့် အကူသူနာပြုများကတော့ သူ့အပေါ် ယုံကြည်မှု အပြည့်ရှိနေကြဆဲပင်။ မယုံကြည်နိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကိုယ်သူ ဖြစ်၏။

တကယ်တော့ လူနာမှာ နံရိုးကျိုးခြင်း မဟုတ်၊ နံရိုးခြ
ကာ အရိုးတစ်စက အသည်း၌ စိုက်ဝင်နေခြင်း ဖြစ်သည်။ ဆိုးခ
ဝါးဝါး မဟုတ်သော်လည်း ကောင်းကောင်းမွန်မွန် လွယ်လွယ်
ကူ အခြေအနေမျိုးတော့ မဟုတ်ပါ။

"နှောင်ကြိုးကို ကျွန်တော် ကတိပေးတယ်"

"ခင်ဗျားလူနာ ဘာမှ မဖြစ်စေရဘူး"

ဘုရားမလို့ သူပေးခဲ့တဲ့ ကတိအတိုင်း တည်နိုင်ပါစေ

သူ လက်တစ်ဖက်ကို ဖြန့်ပေးလိုက်တော့ ဘေးနာ
ဆရာမက သူ့လက်ထဲသို့ ခွဲစိတ်ကိရိယာတစ်ခုကို ဆတ်ခနဲ ထ
ပေးလိုက်လေသည်။





# ပြုကွက် (မြှောက်)

မိုးအာကာ၏ အတွေးတို့က သူတို့ ထိုင်ခဲ့ဖူးသော ဆိုင်
းထဲသို့ ပြန်လည် ဝင်ရောက်သွားပါသည်။

"ဒါဖြင့်. . . ပြောလေ. . . ဘာနဲ့ သက်သေပြမလဲ"

"ကိုမိုးလက်ကို ကိုင်ထားမှာပေါ့"

"ဘယ်လို. . ."

"ဟော့ဒီလို ကိုင်ထားမယ်လို့ ပြောတာ"

ဖျတ်ခနဲ သူ့လက်ကို ဆုပ်ကိုင်လာသော ဆောင်းသဇင်
အား သူ တအံ့တသြ ကြည့်လိုက်မိသည်။

"ဆောင်းက စပြီး ဆုပ်ကိုင်တဲ့ လက်တစ်ဖက်ကို ဆောင်း
က စပြီး ဘယ်တော့မှ လက်တွဲမဖြုတ်တတ်ဘူး ကိုမိုး၊ ကိုမိုးကို
ဆောင်းက စပြီးချစ်ခဲ့မိတာ၊ ဒါကြောင့် ဆောင်းက စပြီး ဘယ်
တော့မှ လမ်းခွဲမသွားဘူး၊ အဲ့ဒါကို ကိုမိုး စိတ်ချလက်ချ ပါ ဒီ
ဘဝအတွက်ရော၊ နောက်ဘဝအတွက်ပါ ကတိပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ယုံပါသည်။ ဆောင်းသဇင်၏ ကတိအပေါ် အကြွင်း
ယုံကြည်ခဲ့၏။

ခုလည်း သောင်းထိုက်က ပြောသွားသည်။ ခွဲခန်း
ဝင်ခါနီး "ဆောင်းဘက်က စပြီး ဘယ်တော့မှ လက်တွဲမဖြုတ်ဘူး
တဲ့။ ဒါဟာ သူ့ကို ဆောင်းသဇင်က စပြီး လမ်းမခွဲဘူးဆို
သဘောပေါ့. . . ။

ကိုယ် ယုံတယ် ဆောင်း။ (မင်းရဲ့စကားကို အမြဲတ
အစွဲအလမ်းကြီးကြီးနဲ့ ယုံနေပါ့မယ်)

မိုးအာကာ အိတ်ကပ်ထဲမှ စီးကရက်တစ်လိပ်ကို ထုတ်
ကာ နှုတ်ခမ်း၌ တပ်လိုက်သည်။ ထိုအချိန်မှာပင် မီးတောက်တ
က သူ့စီးကရက်ရှေ့သို့ ဖျတ်ခနဲ ရောက်လာလေသည်။

ထိုမီးတောက်ပိုင်ရှင်က ဘယ်သူများပါလိမ့်။

မော့ကြည့်လိုက်ချင်သော်လည်း ခံတွင်းချဉ်နေသဖြင့်
ကရက်ကို အရင် မီးညှိပြီးမှ မီးတောက်ပိုင်ရှင်ကို အသာအ
မော့ကြည့်လိုက်တော့ ယုံကြည်မှုအပြည့်နှင့် ခွဲခန်းထဲ ဝင်သွာ
သည် ဆိုသော ဒေါက်တာ ငွေစိုးကြည် ဖြစ်နေလေသည်။

သောင်းထိုက် အမွှန်းတင်ခဲ့သည့် ၎င်း၏ယုံကြည်မှု
သူ ရှာကြည့်သော်လည်း ယုံကြည်မှုအစား တစ်စုံတစ်ရာကို မ
မနပ် ဖြစ်နေမှုမျိုးသာ သူ ရှာတွေ့ခဲ့ပါသည်။

"ကိုမိုးအာကာ"

၎င်း၏အသံကတော့ အံ့သြဖွယ် တည်ငြိမ်လှပါသည်။

"ဟုတ်ကဲ့. . . ပြောပါ ဒေါက်တာ"

"ကျွန်တော် ရှုံးသွားတယ်"

"ဗျာ"





"ဟုတ်တယ်၊ ကျွန်တော် ရှုံးသွားတယ်၊ စိတ်မကောင်းပါ
ဘူး. . . ကိုမိုးအာကာ၊ ခင်ဗျားရဲ့ချစ်သူ ဆောင်းသဇင် စောစော
စားကပဲ ဆုံးသွားပါတယ်"

"ဘာ"

နှုတ်ခမ်းထက်မှ စီးကရက် ဆတ်ခနဲ ပြုတ်ကျသွားသလို
ကိုယ်တိုင်လည်း ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်မိသည်။

"ဘာပြောတယ်၊ ကျွန်တော့်ချစ်သူ ဆောင်းသဇင် ဘာ
ဖြစ်သွားတယ်ဆိုတာ နောက်တစ်ခေါက် ထပ်ပြောပါဦး ဒေါက်
တာ"

"သူ ဆုံးသွားပါပြီ ကိုမိုးအာကာ၊ လွန်ခဲ့တဲ့ နှစ်မိနစ်ကပဲ
ငြိမ်သက်သာသာနဲ့ မနာမကျင်ဘဲ အသက်ထွက်သွားတာပါ"

"ဆုံးသွားပြီ၊ ကျွန်တော့်ချစ်သူ၊ ကျွန်တော်နဲ့ ဒီနေ့ပဲ
လက်ထပ်တော့မယ့် ကျွန်တော့်ချစ်သူ ဆုံးသွားပြီ ဟုတ်လား၊
မဖြစ်နိုင်ဘူး၊ ကျုပ် လုံးဝမယုံဘူး၊ သူ့ဘက်က စပြီး ဘယ်တော့မှ
မခွဲဘူးလို့ ကတိပေးခဲ့တဲ့ ဆောင်းသဇင် ဆုံးသွားပြီဆိုတာကို
ကျုပ် လုံးဝမယုံဘူး"

မာကျောလှသော လေသံဖြင့် ကမူးရှူးထိုး အော်နေ
သော မိုးအာကာကို ငွေစိုးကြည် ကရုဏာ သက်နေမိ၏။ ငွေစိုး
ကြည်၏ ဆရာဝန်ဘဝ၌ ယခုလို လူနာရှင်မျိုး မြောက်မြားစွာ
တွေ့ခဲ့ဖူးသဖြင့် ၎င်းတို့၏ မယုံကြည်နိုင်မှု၊ ရုတ်တရက် လက်မခံ
နိုင်မှုတို့ကို သူ နားလည်နိုင်ပါသည်။

သို့သော် ကောက်ခါငင်ခါ သူ့အား မေးလာသော မိုး
အာကာ၏ စကားကိုတော့ ငွေစိုးကြည် နားမလည်နိုင်ပါ။

"ခင်ဗျား ဝှက်ထားတာ မဟုတ်လား. . . ဒေါက်တာ"



www.burmeseclassic.com

"ဗျာ"

"ဟုတ်တယ်၊ ခင်ဗျား ကျုပ်ချစ်သူကို သေပြီဆိုပြီး တမင်
ဝှက်ထားတာပဲ ဖြစ်ရမယ်၊ ပထမဆုံး ကျုပ်ချစ်သူကို ခင်ဗျား
ကားနဲ့ တိုက်တယ်၊ နောက် ဘာမှ မဖြစ်စေရပါဘူး ဆိုပြီး ခင်ဗျား
ရဲ့ ဆေးရုံကို ခေါ်လာတယ်၊ နောက်ဆုံးမှာတော့ သေပြီဆိုတဲ့
စကားတစ်ခွန်းနဲ့ ကျုပ်ချစ်သူကို ခင်ဗျား ဝှက်ထားလိုက်တယ်
ကျုပ်ချစ်သူကို ထုတ်ပေးပါ ဒေါက်တာ၊ ကျုပ် တောင်းပန်ပါတယ်
သူဟာ ကျုပ်ဘဝပါ. . ."

"ကိုမိုးအာကာ စိတ်ကို ထိန်းပါဗျာ၊ ခင်ဗျား မယုံရင်
ခင်ဗျားချစ်သူရဲ့ အလောင်းကို ဝင်ကြည့်ပါ၊ ခင်ဗျားရဲ့စိတ်ကိုတော့
နည်းနည်းဖြစ်ဖြစ် ထိန်းလိုက်ပါ"

"ကျုပ်စိတ်ကို ထိန်းစရာ မလိုတော့ဘူး ဒေါက်တာ၊ ထိန်း
စရာ မလိုလောက်အောင် ခင်ဗျား တစ်စစီ ဖြိုခွဲပစ်ခဲ့ပြီ၊ အခု
တော့ ခင်ဗျားကို မေးခွန်းတစ်ခုပဲ မေးချင်တယ်၊ ကျုပ်ချစ်သူ
ဘယ်မှာလဲ. . ."

"ကျွန်တော် ပြောပြီးပါပြီ ကိုမိုးအာကာ၊ ခင်ဗျားရဲ့ချစ်သူ
ဆုံးသွားပါပြီ"

"ဆုံးသွားပြီ"

ထိုစကားအား နာကျင်စွာ ပဲ့တင်ထပ် ရေရွတ်လိုက်ပြီး
နောက် မိုးအာကာ နာနာကျည်းကျည်း ပြုံးလိုက်လေသည်။

"ခင်ဗျားဟာ လူညာပဲ ဒေါက်တာ၊ ခင်ဗျားကို လူညာ
တွေနဲ့ ထိုက်တန်တဲ့ လက်ဆောင်တစ်ခု ကျုပ်ပေးမယ်၊ အဲဒီလက်
ဆောင်ကို မပေးခင် ခင်ဗျား သိထားအောင် ကျုပ် ပြောလိုက်
မယ်၊ ဆောင်းသဇင် ဆုံးပြီဆိုတာကို ကျုပ် မယုံဘူး၊ အခု မယုံ





နောက်လဲ မယုံဘူး၊ ကျုပ် အသက်ရှူနေသရွေ့ ဘယ်တော့မှ
မယုံဘူး၊ ကျုပ်သွားမယ်"

မိုးအာကာ လှည့်ထွက်ရန် ပြင်ပြီးမှ ရုတ်တရက် ငွေစိုး
ကြည်ဘက်သို့ ပြန်လှည့်လာ၏။

"ဆောရီးပဲ. . . ခင်ဗျားကို လက်ဆောင်ပေးဖို့ ကျုပ် မေ့
သွားမလို့"

မိုးအာကာ၏ လက်ဆောင်ကတော့ ငွေစိုးကြည်အား
ကြမ်းပြင်ပေါ်သို့ ပစ်လဲသည်အထိ အားရပါးရ ဆွဲထိုးလိုက်ခြင်းပဲ
ဖြစ်သည်။

"အဲဒါ ခင်ဗျားလို လူညာဆရာဝန်၊ သူများချစ်သူကို ခိုးယူ
ထားတဲ့ ဆရာဝန်တစ်ယောက်အတွက် ကျုပ်ရဲ့လက်ဆောင်ပဲ"

စကားဆုံးသည်နှင့် ဆောင်းသဇင်၏ ခရီးဆောင်အိတ်က
လေးကို လက်က ကိုင်လျက် အပြေးတပိုင်းနှင့် မိုးအာကာ ထွက်
သွားလေသည်။ သူ၏ပါးစပ်မှ တောက်လျှောက် ရွတ်ဆိုသွား
သည်ကတော့ "ဆောင်း သေတယ်ဆိုတာ ကျုပ် မယုံဘူး" ဟူ၍
ဖြစ်သည်။

မိုးအာကာ ထွက်သွားပြီး သိပ်မကြာခင်မှာပင် ငွေစိုး
ကြည်နားသို့ အလုပ်သင်ဆရာဝန်တချို့ ဝိုင်းအုံ ရောက်ရှိလာကြ
သည်။

"ဆရာ. . . ဆူဆူညံညံအသံတွေ ကြားလိုက်တယ်၊ ဘာ
ဖြစ်တာလဲ"

ထိုအချိန်၌ ကြမ်းပြင်ပေါ်မှ ကောင်းစွာ ထရပ်နေနိုင်ပြီ
ဖြစ်သော ငွေစိုးကြည်က အေးဆေးစွာ အဖြေပေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး၊ သူလက်ထပ်တော့မယ့် သူ့ချစ်သူ

www.burmeseclassic.com



ဆုံးပြီဆိုတာကို ရုတ်တရက် လက်မခံနိုင်လို့ ငါ့ကို ရန်လုပ်သွားတာ ပါ"

"ဆရာ. . . ဘာမှ ပြန်မလုပ်လိုက်ဘူးလား"

"မလုပ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင်လဲ ငါ သိပ်ချစ်တဲ့ ကောင်မလေးဆီက လက်ထပ်ပါ့မယ်ဆိုတဲ့ ကတိ စကားကို ဒီနေ့ပဲ ရခဲ့တာလေ၊ ဒီတော့ သူ့ရဲ့ခံစားချက်ကို ငါ ကောင်းကောင်း နားလည်နိုင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကို ခေါ်လိုက်ရောပေါ့၊ သူ့ ချစ်သူ တကယ်ဆုံးသွားပြီဆိုတာ သူ နားဝင်အောင် ကျွန်တော်တို့ ဝိုင်းရှင်းပြမှာပေါ့"

ငွေစိုးကြည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း အေးအေး ပြောလိုက်သည်။

"မလိုပါဘူးကွာ၊ အဲ့ဒီကိစ္စကို သူ အခု လက်မခံလဲ အ ဘ ချတဲ့နေ့ကျရင် သူ့ချစ်သူ တကယ်ဆုံးသွားပြီ ဆိုတာကို လ ခံလာမှာပါ"

သို့သော် ငွေစိုးကြည် ထင်သလို ဆောင်းသဇင်၏ အ ဘသို့ မိုးအာကာ ရောက်ရှိမလာခဲ့ပါ။ ထိုမျှမက ၎င်း၏မိဘများ သို့ လည်းကောင်း၊ သောင်းထိုက် အပါအဝင် အခြားသော ငယ်ချင်းများအိမ်သို့ လည်းကောင်း ရောက်မလာဘဲ ထိုနေ့မှ မိုးအာကာတစ်ယောက် ရန်ကုန်မြို့မှ ပျောက်ချင်းမလှ ပျော ကွယ်သွားလေတော့သည်။

. . . မအေးအေး . . .





# ဇာတ်သွား (တစ်)



www.burmeseclassic.com

www.burmeseclassic.com







(ဘစ်)

"ရှင်တို့ ပြောတော့ ပြင်ဦးလွင်က မအေးဘူးဆို"

"အေးလေ. . . ဘယ်မှာ အေးလို့လဲ သဒ္ဒါချိုရဲ့"

"ရှင်တို့ကတော့ တောင်ပေါ်သူတွေဆိုတော့ ပြောအား ပေါ့၊ ကျုပ်မှာတော့ ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေပြီ"

သဒ္ဒါချိုက လက်ကလေးနှစ်ဖက်ကို ပိုက်လျက် ခိုက်ခိုက် တုန်ဟန် လုပ်ပြတော့ ပြင်ဦးလွင်သူ တင်ဇာနှင့် တောင်ကြီးသူ ခိုင်မျိုးအေးက သဘောကျဟန်ဖြင့် အသံများ ထွက်၍ပင် ရယ် ပါလေသည်။

သဒ္ဒါချိုက မျက်စောင်းခဲလိုက်တော့မှ ၎င်းတို့နှစ်ယောက် မျက်နှာပိုးသတ်ကာ စကားစသည်။

"ရှင်က ဒီနေ့မှ ပြင်ဦးလွင် ရောက်စမို့လို့ပါဟာ၊ နောက် တွေကျရင် ဒီက ရာသီဥတုနဲ့ အသားကျသွားမှာပါ၊ ပြီးတော့ ကို ကျုပ်တို့ ဝိုင်းပြောသားပဲ၊ ပြင်ဦးလွင် တန်းတက်ရုံအောင်




www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို မတက်သေးဘဲ မန္တလေးမှာ တစ်ပတ်လောက် လည်
သေးတာကိုး၊ အဲဒီတော့ မန္တလေးက အပူနဲ့ ဒီက အအေး
စဆုံကာစဆိုတော့ နဂိုထက် ပိုအေးတယ်လို့ ထင်တာ ဖြစ်မှာ

"တင်ဇာပြောတာ ဖြစ်နိုင်တယ် သဒ္ဒါ. . . ရှင် စဉ်း

ကြည့်လေ၊ မန္တလေးဆိုတာ ပူတဲ့မြို့၊ ပြီးတော့ ကျုပ်တို့ဆီကို တ
လာတာက မန္တလေးရဲ့ အပူဆုံးအချိန် နေ့လည်ကြီး၊ လမ်းမှာ
ဗျူးပွိုင့် ဝင်လိုက်၊ (၂၁) ဝင်လိုက်နဲ့ ဒီရောက်တော့ နေစောင်
နီး ဖြစ်နေပြီ၊ ရောက်တာနဲ့ အဝတ်အစားလဲပြီး ရုက္ခဗေဒဉယျ
ပို့ပေးပါဆိုလို့ ကျုပ်တို့ ချက်ချင်းပဲ အိမ်က ပြန်ထွက်လာကြ
မဟုတ်လား၊ အဲဒီတော့ ဟိုက အပူဆုံးအချိန်နဲ့ ဒီက အေးစပြ
အချိန်အပြောင်းအလဲကြောင့် ပိုအေးတယ်လို့ ရှင့်စိတ်က ထင်
တာပါ"

သူတို့ အကြောင်းပြချက်နဲ့ သူတို့ကတော့ ဟုတ်လို့
သို့သော် သဒ္ဒါကတော့ ယခုတိုင် ချမ်းနေဆဲ ဖြစ်သည်။

"ငါက ရုက္ခဗေဒဉယျာဉ်ကြီးကို အရမ်းရောက်ဖူးချင်
ဟ၊ ဒါကြောင့် နင့်အိမ် ရောက်တာနဲ့ ဒီကို အတင်းလိုက်ပို့ခိ
တာ"

"နောက်နေ့တွေကော ရှင် ဘယ်သွားချင်သေးသလဲ
ချို"

"သွားသင့်တဲ့နေရာ မှန်သမျှ အကုန်လိုက်ပို့ဟာ၊
လွင်မှာ ပို့စရာနေရာ ကုန်သွားရင် လွင်မျိုးအေး မိဘတွေ
တောင်ကြီးကို သွားမယ်၊ နောက်. . . ကလော၊ အောင်ပန်း
တယ၊ ရွှေညောင်၊ ညောင်ရွှေ၊ အင်းလေး. . ."

"ဘုရား ဘုရား. . . ရှင် မြေပုံပေါ်က မြို့နာမည်





ကုန်လျှောက်ရွတ်နေတာလား သဒ္ဒါချို"

"မဟုတ်ဘူး၊ ငါ တကယ်ရောက်ဖူးချင်လို့ ပြောတာ၊ ငါ
ရှိတဲ့အတိုင်းသာဆိုရင် ရွှေလီထိတောင် သွားလိုက်ချင်သေး
"

အစက ဥယျာဉ်ခရီးကို ထွက်ရန် သဒ္ဒါချို၌ စိတ်ကူးမရှိပါ။
ဒေါက်တာ ငွေစိုးကြည်(ခေါ်)ကိုစိုးကြောင့် ဥယျာဉ်ခရီးကို
ခဲ့ခြင်း ဖြစ်သည်။ သူမအား နှစ်နှစ်တိတိ ပိုးပန်းကာ လက်
ခွင့် တစာစာ တောင်းနေခဲ့သော ကိုစိုး(သို့)ဒေါက်တာ ငွေစိုး
သည်ကို ကျောင်းပြီးချိန်၌ သူမ လက်ခံခဲ့၏။

သို့သော် ချက်ချင်းကြီး လက်ထပ်ရန် သဘောတူခဲ့ခြင်း
တ်။ မဟာဝိဇ္ဇာ ဆက်တက်ပြီး မဟာဝိဇ္ဇာ ပြီးမှသာ လက်ထပ်
ဟူသော ခြွင်းချက်ဖြင့် လက်ခံခဲ့ခြင်း ဖြစ်သည်။ ကိုစိုးက
ဉ်တိုက်မှ အပြီးမှာပင် သူမအား စိတ်မချသဖြင့် စေ့စပ်ထား
စေ ဆိုတော့ ၎င်းဆန္ဒအတိုင်း သဘောတူ စေ့စပ်ခဲ့၏။

စေ့စပ်ပြီး သိပ်မကြာခင်မှာပင် ကိုစိုးက "အိမ်ထောင်
ဘဝနဲ့ (MA) ဆက်တက်လဲ ရပါတယ် သဒ္ဒါရယ်" ဟု ဆို
တစ်ဆင့်တက်လာခဲ့သည်။

သဒ္ဒါချို၏မိဘများကလည်း ငွေစိုးကြည်၏တောင်းဆိုမှုကို
ချက်မရှိ သဘောတူခဲ့ကြ၏။

သို့သော် မပြတ်သားသည်က သဒ္ဒါချို ဖြစ်သည်။

သူမ၏ အပျိုစင်ဘဝကို စွန့်လွှတ်ရမှာ နှမြောသလိုလို၊
နှင့် လက်ထပ်ရမှာကိုပဲ စိုးရွံ့သလိုလို တွေဝေနေမိသည်။
အချိန်၌ သဒ္ဒါချိုအတွက် အကောင်းဆုံး ထွက်ပေါက်တစ်ခုကို
က်သည်။ သဒ္ဒါ၏ အခင်ဆုံး သူငယ်ချင်း နှစ်ယောက်ဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တင်ဇာနှင့် လွင်မျိုးအေးတို့ ၎င်းတို့နယ်သို့ အလည်ပြန်ဦးမည်
ဟူသော သတင်းဖြစ်သည်။

ထိုအခွင့်အရေးကို သဒ္ဒါချို လက်လွှတ်မခံပါ။

"သဒ္ဒါ. . . တင်ဇာတို့နဲ့ ရှမ်းပြည်နယ်ကို အလည်လိုက်
သွားချင်တယ် ကိုစိုး"

ပထမတော့ ငွေစိုးကြည်က အင်တင်တင် ဖြစ်နေသေး
၏။ နောက်ဆုံးတော့ သူမ၏တောင်းဆိုမှုအား သဘောထားကြီးစွာ
လိုက်လျောခဲ့ပါသည်။

"ဘယ်လိုလဲ ဒေါ်သဒ္ဒါချို. . . ရှမ်းပြည်နယ်နဲ့ ပတ်သက်
တဲ့ ရှင့်ရဲ့စိတ်ကူးယဉ် ခရီးစဉ်တွေ ဒါအကုန်ပဲလား"

"ဘာလဲ လွင်မျိုးအေး. . . နင် ဘာမေးလိုက်တာလဲဟင်"

"ဩော်. . . ရှမ်းပြည်နယ်နဲ့ ပတ်သက်တဲ့ ရှင့်ရဲ့ စိတ်ကူး
ယဉ်မှုတွေ ကုန်ပြီလားလို့ မေးတာပါ"

ထိုအခါ သဒ္ဒါချိုက တစ်စုံတစ်ရာကို သတိရသွားဟန်ဖြ
မခို့တရို့ ပြုံးလိုက်ပြီး. . .

"ကျန်သေးတယ်ဟ၊ ရှမ်းပြည်နယ် ရောက်ရင် ငါ သိ
လုပ်ချင်တဲ့ အလုပ်တစ်ခု ကျန်သေးတယ်၊ ရှင်တို့ မရယ်ကြနဲ့နော်"

"ဘာလဲ. . . မောင်သိန်းဆိုင် ဝတ္ထုထဲကလို အင်းလေ
ကန်ထဲ ဒိုင်ပင်ထိုးဆင်းပြီး ရေကူးချင်တာမျိုးလား"

"အဟဲ. . . မဟုတ်ဘူး တင်ဇာရဲ့၊ မြင်းစီးချင်တာ"

"ဗုဒ္ဓေါရေ. . . ရှင်က မြင်းစီးမယ်၊ ရှင် မြင်းစီးဖူးလို့လား
သဒ္ဒါချို"

"စီးဖူးတာပေါ့ဟ၊ ငယ်ငယ်တုန်းက တစ်ပတ်စီးရင် တ
ကျပ် ဆိုတဲ့မြင်းကို ငါ့အဖေက ငှားပြီး ခြံထဲမှာ တစ်ပတ်ပြ





တ် စီးခိုင်းခဲ့တာ၊ ဖေဖေက ရှေ့က ဆွဲ၊ ငါက မြင်းကုန်းနှီးကို
ပြီး မြင်းပေါ် ထိုင်လိုက်ရတာ၊ သိပ်အရသာရှိတာပဲ"

"ဘုရား. . ဘုရား၊ ရှင့်အတွေ့အကြုံတွေကတော့ အံ့ဖွယ်
ပါပဲလား သဒ္ဒါချို. . ."

ပြောပြောဆိုဆို တင်ဇာနှင့် လွင်မျိုးအေးတို့က ဟက်
ဟက်ပက် ရယ်မောကြလေသည်။

"မိန်းမတွေနော်. . . ဒါ လှောင်စရာလား၊ ဒီက တကယ်
နေတာ၊ ရုပ်ရှင်တွေ ကြည့်တော့ တောင်တန်းကြီးတွေ နောက်
ဘားပြီး မြင်းစီးသွားကြတဲ့အခန်းဆို သိပ်သဘောကျတာပဲ၊
ကြောင့် ရှမ်းပြည်နယ် ရောက်ရင် မြင်းစီးမယ်၊ မြင်းစီးတတ်
င် သင်မယ်လို့ ငယ်ငယ်လေးကတည်းက စိတ်ကူးယဉ်ခဲ့တာ၊
တော့ ကျုပ်စိတ်ကူးကို ရှင်တို့ အကောင်အထည် ဖော်ပေးပေ
. . ."

"မြင်းစီးတယ်ဆိုတာ စက်ဘီးစီးသလိုပဲ ခုသင် ခုတတ်
မဟုတ်ဘူး မိန်းမသဒ္ဒါရဲ့၊ ဘာပဲဖြစ်ဖြစ် ရှင် မြင်းကုန်းနှီး
မှာ ထိုင်ပြီး လိုက်ရဖို့အတွက်တော့ ကျုပ် တာဝန်ယူတယ်၊
ဖြန် ကျုပ်ဦးလေးကို အကူအညီတောင်းပြီး မြင်းတစ်ကောင်
ငှားထားမယ်၊ ကဲ. . . ကျေနပ်ပြီ မဟုတ်လား၊ ဒါဆို. . . ပြန်
အောင်၊ ဗိုက်ကလဲ ဆာပြီ၊ နေလဲ စောင်းတော့မယ်"

သူတို့သုံးယောက် ရုက္ခဗေဒ ဥယျာဉ်ထဲမှ ပြန်ထွက်လာ
ရပ်ထားသော ကားရှိရာသို့ ဦးတည် လျှောက်လှမ်းရင်း
မျိုးအေးက ပြောသည်။

"ဒီနေ့ပဲ ရှမ်းပြည်နယ်အစပ် ပြင်ဦးလွင် ရောက်တယ်၊
ပြည်နယ်နဲ့ ပတ်သက်ပြီး ရှင့်တောင်းဆိုချက်တွေကလဲ များလှ



www.burmeseclassic.com

www.burmeseclassic.com



ချည်လား • သဒ္ဒါချိုရယ်. . ."

"ဒါကတော့. . . ကျုပ်ရဲ့ အပျိုစင်ခရီးကို စိတ်လွတ်

လွတ် ပျော်ဖို့ အားခဲထားတာကိုးရှင့်"

ဘာရယ်မဟုတ်ဘဲ သူတို့ ရယ်လိုက်ကြသည်။ သို့

သူတို့၏ ရယ်မောပျော်ရွှင်မှုက တင်ဇာ၏ ကားအကောင်းစား

ပေါ် ရောက်၍ စက်နှိုးချိန်မှာတော့ ကြက်ပျောက် ငှက်ပျော

ဆိုသလို ပျောက်ကုန်ပါတော့သည်။

တင်ဇာ့ကားက တအီးအီး အော်မြည်သော်လည်း စက်

သံတော့ ထွက်ပေါ်မလာပါ။

"ရှင့်ကား အကောင်းစားကြီးက ဘယ်လိုဖြစ်သွားတာ

တင်ဇာ. . ."

"ကျုပ်လဲ ဘယ်သိပ့်မလဲ၊ ဘက်ထရီပဲ ဒေါင်းသွားသလ

မသိဘူး"

"ငါသိတယ်၊ ငါ့စိတ်ထင်တော့ အပမှီသွားတာပဲ ဖြ

မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက. . ."

"ဟာ. . . စိတ်ညစ်ရတဲ့ကြားထဲ ဒီဗရွတ်ရွတ်တ မိန်းမ

တစ်မျိုး"

အတည်ပေါက်လိုလို နောက်သလိုလိုနှင့် နောက်ခ

လှမ်းပြောသော လွင်မျိုးအေးကို တင်ဇာက လှည့်ဟောက်ရင်း

"မြင်းလှည်းငှားပြီး စက်ပြင်ဆရာ သွားခေါ်မယ်" ဟု ဆိုသ

"အဝေးကြီးလား. . . တင်ဇာ"

"သိပ်မဝေးပါဘူး၊ မင်္ဂလာ ရုပ်ရှင်ရုံနားလေးတင်

"ဘာလဲ. . . ရှင် မလိုက်ဘူးလား သဒ္ဒါ"

"ဟင့်အင်း. . . ကားပေါ်မှာ ထိုင်ပြီး လေညင်းခံချင်





တ်ဆက်နားထောင်ဖို့ လိုရမယ်ရ ကားသော့ ပေးထားခဲ့"

"ဒါဆိုလဲ ပြီးရော၊ ငါတို့ အမြန်ပြန်လာခဲ့မယ်"

တင်ဇာနှင့် လွင့်မျိုးအေးက မြင်းလှည်းတစ်စီး လှမ်းငှား

ာ ထွက်ခွာသွားလေသည်။

ပုဇွန်ဆီရောင် သန်းစပြုလာသော မကောင်းကင်ကြီးကို

ေးမောရင်း လေညင်းခံချင်သဖြင့် ကားတံခါးကို ဖွင့်၍ ကားကို

ှဲ့ကာ ရပ်လိုက်သည်။ နားထဲ၌. . . "မင်းပြန်လာမယ့်အချိန်ကို

ိုယ် စိတ်ရှည်လက်ရှည် စောင့်နေပါ့မယ် သဒ္ဒါ" ဟူသော ကိုစိုး

 စကားကို ဖျတ်ခနဲ ကြားယောင်လိုက်မိသည်။ တကယ်လည်း

ူမအား မျှော်လင့်တကြီး စောင့်ဆိုင်းနေမှာ အလွန်သေချာပါ

သည်။



www.burmeseclassic.com

www.burmeseclassic.com









(နှစ်)

သူ ဤနေရာ၌ မည်မျှကြာအောင် ထိုင်နေမိမှန်း ကိုယ့် ကိုယ်ပင် မမှတ်မိတော့။ ထုံကျင်ကိုက်ခဲစ ပြုလာသော ခြေ က် ကြွက်သားများကြောင့် နာရီပေါင်း အတော်ကြာကြာ ခဲ့မိတာကတော့ သေချာပါသည်။

ထူးထူးခြားခြား ဒီနေ့မှ သူ့စိတ်တွေ လေလွင့်နေသဖြင့် အိမ်ထဲ အတူနေဖော် ကိုကောင်းအား. . . "ကိုကောင်း. . . တော် ပျင်းတယ်ဗျာ၊ စိတ်တွေလဲ လေနေတယ်"

"ပျင်းရင် ကားယူပြီး မြို့ပေါ် သွားပါလား အာကာ၊ င်လေးဘာလေး ကြည့်ပေါ့၊ ဒါမှမဟုတ်လဲ မင်းကို စိတ်ဝင် နေတဲ့ ရှမ်းခေါက်ဆွဲဆိုင်က ညီအစ်မတွေဆီ သွားပြီး စကား ဘာလေး ပြောပေါ့၊ အပြန်ကျရင်တော့ ည. . . ငါတို့ မြည်းဖို့ ကြက်ကင်၊ အသားကင်ဖြစ်ဖြစ်၊ ဘဲကင်ဖြစ်ဖြစ် ဆွဲခဲ့စမ်းပါ ခြောက်တွေနဲ့ချည်းပဲ နှစ်ပါးသွားနေရတာ ကြာပြီကွ၊ ဒီည



www.burmeseclassic.com

www.burmeseclassic.com



တော့ အမြှည်းကောင်းကောင်းလေးနဲ့ အူစိုချင်တယ်ကွာ"

ကိုကောင်း၏ နောက်ဆုံးမှာကြားချက်သာ မပါလျှင် မြို့ပေါ် တက်ဖြစ်လိမ့်မည် မဟုတ်ပါ။ သို့သော်. . . ဒီည အူစိုခ တယ် ဟူသော စကားကြောင့် ကိုကောင်း၏ ဟိုင်းလတ်ပစ်ကပ် ယူကာ မြို့ပေါ်သို့ တက်ခဲ့သည်။

ကိုကောင်း၏ အကြံပေးချက်အတိုင်း ရုပ်ရှင်ရုံဆီသို့ တည်ပါသည်။ သို့သော် ရုံရှေ့ရောက်တော့ ရုပ်ရှင်ကြည့်ချင်သ စိတ်ကုန်ခန်းသွားပြီး ရုံနောက်ဘက်ရှိ ဘားသို့ ဝင်ကာ ပုလင်းတ ပြားနှင့် ရေသန့်တစ်ဘူး ဝယ်၍ မရောက်တာ ကြာပြီဖြစ်သေ ဤနေရာသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။

လူက ထိုင်နေသော်လည်း သူ၏စိတ်တို့ကတော့ ရမ်အ သာ၏ အကူအညီဖြင့် အတိတ်ဆီသို့ ကူးချည်သန်းချည် သွားလ နေခဲ့၏။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . .

"ကျုပ် မယုံဘူး ဒေါက်တာ၊ ဆောင်း သေပြီဆိုတာ ကျုပ် လုံးဝမယုံဘူး"

မကောင်းဆိုးဝါး ဆရာဝန်၏ စကားကြောင့် သူ၏ စိ ဓါတ်တွေ ဖရိုဖရဲ ယုံကြည်မှုတွေ ပြိုလဲလျက် ဆေးရုံထဲမှ ေ ထွက်လာခဲ့သည့်အချိန်မှစ၍ သူ ရန်ကုန်မှ ပျောက်ကွယ်သွားခဲ့ ဟု အများက ထင်ခဲ့ကြသည်။

သို့သော် သူ ရန်ကုန်မှ ချက်ချင်း မခွာခဲ့ပါ။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ဘယ်လို အဆုံးသတ်သွ သလဲ ဆိုသည်ကို သိချင်သောကြောင့် ရက်အတန်ကြာအော





ရန်ကုန်၌ ခိုကပ်နေခဲ့သည်။ အမှုနှင့် ပတ်သက်၍ အမိန့်ချ ော့ တရားရုံးသို့ပင် သူ ရောက်ရှိသွားခဲ့ပါသေးသည်။

ရက်ပေါင်းများစွာ မရိတ်သဖြင့် ထူထပ်ရှည်လျားနေ သာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ၊ မပြုမပြင်သဖြင့် နီကျင် ည်လျားနေသည့် ဆံပင်ရှည်ရှည်များ၊ အနက်ရောင် မျက်မှန်နှင့် ိုက်ငိုက် ဆောင်းထားသည့် ကမ်းထရီး ဦးထုပ်တို့ကြောင့် အား ဘယ်သူမှ မမှတ်မိကြပါ။

ပရိသတ်၏ နောက်ဘက် ခပ်လှမ်းလှမ်း၌ လူအုပ်နှင့် ယ်ကာ ပုန်းလျှိုးကွယ်လျှိုး နေရာယူထားခဲ့ခြင်းကြောင့်လည်း နိုင်ပါသည်။

ယာဉ်မောင်းသူ ဒရိုင်ဘာအား ထောင်ဒဏ်လေးနှစ် အ ချတော့ နည်းလွန်းသည်ဟု ယူဆကာ မကျေမနပ် ဖြစ်မိသေး ပို၍ မကျေမနပ် ဖြစ်ရသည်က (ကိုမိုးကို ဘယ်တော့မှ ခွဲ သွားဘူး)ဟု အတန်တန် အထပ်ထပ် ကတိပေးခဲ့သော ဆောင်း င်အား သေပြီဟု လိမ်ညာပြောဆိုခဲ့သည့် ဒေါက်တာ ငွေစိုး ည်ကို မိန်းကလေးတစ်ယောက်နှင့် ယှဉ်တွဲလျက် တွေ့လိုက်ရ း ဖြစ်သည်။

ဘေးနားမှ ပရိသတ်တချို့၏ တီးတိုးစကားများအရ မိန်း လေးနှင့် ဒေါက်တာငွေစိုးကြည်မှာ မကြာမီ စေ့စပ်တော့မည် ကြောင်း သူ သိခဲ့ရ၏။

ဘယ်လောက်များ မတရားလိုက်ပါသလဲ။

ဆောင်းကို သေပြီဆိုတဲ့ စကားနဲ့ သူ့လက်က လုယူပြီး ယ်တိုင်ကတော့ မိန်းမချောချောလေးတစ်ယောက်နဲ့ မကြာ စပ်တော့မတဲ့. . .။ သူ ခံပြင်းစိတ်ဖြင့် တောက်တစ်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုး• ခေါက်ကာ တရားရုံးထဲမှ ချာကနဲ လှည့်ထွက်လာ
သည်။

(လူတစ်ယောက်အား သေစေမှုဖြင့် ယာဉ်မောင်းသူ
ထောင်ဒဏ် ချမှတ်ခဲ့သော်လည်း သူကတော့ ဆောင်းသေပြီ
သည်ကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ပါ။)

ဒါဟာ ဟို မကောင်းဆိုးဝါး ဆရာဝန်ရဲ့ အပေါ်စား
ဆန် လုပ်ရပ်တွေပဲ ဖြစ်ရမယ်၊ သေချာပါတယ်။

သူ ထင်တဲ့အတိုင်းပဲ ဖြစ်မှာပါ။

ထို့နောက်တော့. . . သူ ရန်ကုန်ကို အပြီးတိုင် စွန့်
တော့သည်။

မြို့ပြကို စွန့်ခွာပြီးနောက် (ရန်ကုန်နှင့် မိုင်ငါးရာ
ဝေးသော) ကိုကောင်း၏ ခြံကျယ်ကြီးထံသို့ သူ ရောက်ရှိသွား
သည်။ ကိုကောင်းမှာ သူ့ထက် အသက်လေးနှစ်နီးပါး ကြီး
ဖြစ်၏။

◈ ◈ ◈

ပြင်ဦးလွင်အလွန် မန္တလေး-လားရှိုး လမ်းမကြီးမှ
တွင်းဖက် အတော်ဝေးဝေး ချောင်ကျကျနေရာ၌ ခြံစိုက်ကာ
သုံးကောင်ကို အဖော်ပြုလျက် တစ်ကိုယ်တည်း နေထိုင်သူ





ကောင်းနှင့် သူမှာ. . ,

နောက်ဆုံးနှစ် စာမေးပွဲ ဖြေခါနီး လအနည်းငယ်အလိုမှ
ရန်ကုန် အနုပညာအသင်းကို ဗဟိုပြုလျက် သိကျွမ်းခဲ့ကြခြင်း
ဖြစ်သည်။

သိချိန် တိုတောင်းသော်လည်း သူတို့နှစ်ယောက်အား
ညီအစ်ကို အရင်းအချာများသဖွယ် ရင်းနှီးသွားစေသောအချက်
မှာ နှစ်ယောက်စလုံး စန္ဒယားတီးခြင်း၌ ရူးသွပ်စွာ ဝါသနာကြီး
ကြခြင်း ဖြစ်သည်။ ကိုကောင်းနှင့် သူ ထိုမျှ ရင်းနှီးကြသော်လည်း
ကျန်သူငယ်ချင်းများနှင့် ကိုကောင်း မရင်းနှီးပါ။

ယင်းအချက်က သူ ကိုကောင်းထံ လာရောက် ခိုအောင်း
ရန် လုံလောက်စေခဲ့၏။ "ငါက မင်းလို (စတိန်းဝေး) အကောင်း
စားကြီးတော့ မကိုင်နိုင်ဘူး အာကာ. . . ဒါပေမယ့် ငါ့ပီယာနို
လေးကလဲ အသံထွက် မဆိုးလှပါဘူး၊ လမ်းကြုံလို့ပဲဖြစ်ဖြစ် တစ်
ခေါက်လောက် အလည်လာပြီး ငါ့ရဲ့စန္ဒယားအိုလေးကို တီးကြည့်
စမ်းပါဦး"

ကျောင်းပြီး၍ နယ်ပြန်ခါနီး၌ ကိုကောင်းက သူ့အား
အတန်တန် ဖိတ်ကြားသွားခဲ့သည်။ ထို့ကြောင့် ကိုကောင်းထံသို့
အိတ်တစ်လုံးနှင့် သူ ရောက်သွားတော့ ကိုကောင်းက သူ့ကို
မြင်သည်နှင့် အားပါးတရ ပြုံးကာ ဆီးပြောလေသည်။

"ငါထင်သားပဲ. . . ငါ့ရဲ့ စန္ဒယားအိုလေးကို တီးဖို့ တစ်
နေ့မဟုတ် တစ်နေ့ မင်းရောက်လာလိမ့်မယ် ဆိုတာ. . . ကဲ လာ
အာကာ"

ကိုကောင်းက ဘာမပြော ညာမပြောနှင့် သူ့လက်ကို
ဆွဲကာ နှစ်ဆောင်ပြိုင် အိမ်ကြီးဆီသို့ ခေါ်သွားပြီး ၎င်း၏ စန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ယားရှေ့သို့ ဝင်ထိုင်စေခဲ့သည်။ သူကလည်း ဘာမှမပြောဘဲ လက်ထဲမှ အိတ်ကို ချကာ အနည်းငယ် လက်သံစမ်းလိုက်ပြီး. . .

(ဆိုလို)တစ်ပုဒ်ကို ခပ်ကြမ်းကြမ်း လက်သံဖြင့် ခံပြင်းနာကျင်စွာ တီးပစ်လိုက်သည်။ သူ့တေးသွား ဆုံးတော့မှ ကိုကောင်းက တောက်တစ်ချက် ခေါက်ရင်း ချီးကျူးစကား ဆိုသည်။

"ကောင်းလိုက်တဲ့ လက်သံကွာ၊ ရင်ထဲက မကျေနပ်ချက်တွေကို စန္ဒယားခလုတ်တွေပေါ် သွန်ချလိုက်တဲ့အတိုင်းပဲ၊ ငါတောင် မဆီမဆိုင် အံတွေဘာတွေ ကြိတ်လိုက်မိတယ်"

ထို့နောက် သူ၏ နီကျင်ကျင် ဆံပင်ရှည်ရှည်များ၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကို ဝေ့ဝဲ အကဲခတ်လိုက်ပြီး. . .

"မဟုတ်မှလွဲရော၊ မင်းကြည့်ရတာ တစ်ယောက်ယောက်ဆီက အကူအညီသော် လည်းကောင်း၊ နားလည်မှုသော် လည်းကောင်း လိုအပ်နေပုံပဲ"

"အမှန်ပဲ ကိုကောင်း. . . လောလောဆယ် ကျွန်တော်ခင်ဗျားဆီက အကူအညီတစ်ခု လိုချင်တယ်၊ တခြားမဟုတ်ပါဘူး၊ ကျွန်တော် ခင်ဗျားဆီမှာ ရက်ကြာကြာ နေချင်တယ်"

"ရက်လောက် လလောက်ကို စကားထဲ ထည့်ပြောမနေစမ်းပါနဲ့ အာကာရာ၊ မင်းပျော်ရင် ငါ့ဆီမှာ တစ်သက်လုံး နေနိုင်တယ်၊ တစ်ခုတော့ ရှိတယ်၊ မင်းကို ရန်လုံတို့နဲ့တော့ မိတ်ဆက်ပေးထားမှ ဖြစ်မယ်၊ ဒီနေ့တောင် ဒီကောင်တွေကို ယာခင်းဘက်လွှတ်လိုက်လို့၊ နို့မို့ဆို မင်း ငါ့ခြံထဲကို ခုလိုမျိုး အေးအေးလူလူ လမ်းလျှောက်ပြီး ဝင်လာဖို့ဆိုတာ မလွယ်ဘူး"

ရန်လုံတို့ဆိုတာက ကိုကောင်း မွေးထားသော ခွေးသုံးကောင်ကို ဆိုလိုခြင်း ဖြစ်သည်။ ကိုကောင်းက သူနှင့် ၎င်း၏ခွေး





များကို မိတ်ဆက်ပေးထားမှ ဖြစ်မယ်ဆိုသဖြင့် ကြွားသည်ဟု သူ ထင်မိသေးသည်။

(နောက်ပိုင်း ရန်လုံ၊ တိုးလုံနှင့် တိုးနီဟူသော အမဲလိုက်ခွေးသုံးကောင်ကို တွေ့မှ ကိုကောင်း ကြွားခြင်း မဟုတ်ကြောင်း သူ သဘောပေါက်သွားပါသည်။)

ကိုကောင်းက ရှေးဟောင်း တူမီးသေနတ် စုဆောင်းတာဝါသနာပါသည့်အပြင် ရှံဖန်ရံခါဆိုသလို သူ၏ခွေးသုံးကောင်နှင့်အတူ အမဲပစ် ထွက်တတ်၏။

၎င်း၏ခွေးများက အားကိုးရသလို ကြောက်စရာကောင်းသော ခွေးများလည်း ဖြစ်သည်။

"တစ်ခါတုန်းက တောင်ခြေရွာက နွားပေါက်ကလေးမှက်စိလည်ပြီး ငါ့ခြံထဲ ဝင်လာတယ်၊ ဒီကောင်တွေ ဘာလုပ်လိုက်တယ် အောက်မေ့လဲ"

"ကိုက်တာမှ အသေကိုက်တာ အာကာ၊ တစ်ကောင်ကနောက်ခြေကို ခဲတယ်၊ တစ်ကောင်က ကျောကုန်းပေါ် ခုန်တက်ပြီး ကုတ်ကို ခဲတယ်၊ နွားပေါက် လဲသွားတော့ တိုးလုံက လည်မျိုကိုလွှတ်တမ်း ခဲတော့တာပဲ၊ သေသွားမှ ဒီကောင်သုံးကောင် မနိုင့်တနိုင်နဲ့ ငါ့ဆီ တရွတ်တိုက် ဆွဲလာတယ်၊ ငါ့မှာကွာ. . . နွားတစ်ကောင်ဖိုး အသားလွတ် လျော်လိုက်ရတယ်၊ တစ်ခုတော့ ကောင်းတယ်. . . ဒီကောင်တွေအကြောင်း သိလို့ ငါ့ခြံနားကို ဘယ်သူမှ မလာကြဘူး၊ လူဆိုရင်လဲ သူတို့ အသေကိုက်မလား မသိဘူး၊ အဲဒါကြောင့် ဒီကောင်တွေကို ငါနားက ဘယ်မှ မလွှတ်ရဘူး၊ ငါ မြို့သွားချင်တဲ့အခါ အဘအိုက်စ်တို့ဆီ သွားနေဆိုပြီး လွှတ်လိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

အဘအိုက်စံနှင့် ဖွားဖုံမှာ ခြောက်ကေလောက် ကျယ်သော ကိုကောင်း ယာခင်းကို လာရောက် စောင့်ရှောက်ပေးသည့် အဘိုးကြီးအဘွားကြီးများ ဖြစ်၏။ (သူတို့ကိုတော့ မကိုက်ပါ။) ထိုအတူ ထိုအဘိုးကြီး အဘွားကြီးများကလည်း ခွေးတွေကို အမိန့်ပေး၍မရဟု ဆိုသည်။

"ဒီလိုဆိုလဲ ခင်ဗျားခွေးတွေနဲ့ ကျုပ်ကို မြန်မြန် မိတ်ဆက်ပေးဗျာ ကိုကောင်း"

"စိတ်မပူပါနဲ့၊ မိတ်ဆက်ပေးရုံတင် မဟုတ်ဘူး၊ မင်းသူတို့ကို အမိန့်ပေးရင် နာခံလာအောင် ငါသင်ပေးမယ်၊ နည်းနည်းတော့ အချိန်ယူရလိမ့်မယ်"

(နောက်ပိုင်း ကိုကောင်းက သူနှင့် ခွေးများ ရင်းနှီးသွားစေရုံမက သူ အမိန့်ပေးလျှင် နာခံတတ်အောင်ပါ သင်ပေးသည်) ကိုကောင်းက ခွေးသုံးကောင်နှင့် အပျော်တမ်း ခြံစိုက်ရင်း ဘဝကို ကျေနပ်စွာ ဖြတ်သန်းနေသူ ဖြစ်၏။

သူကတော့ နာကျည်းချက်များစွာဖြင့် တစ်စစီ ဖြစ်နေသော သူ့ဘဝကို ပြန်လည်ဆက်စပ် ဖာထေးနေရသူ ဖြစ်လေသည်။ ယခုတော့ သူ့ဘဝက အနည်းငယ် အနည်ထိုင်စ ပြုလာပြီ ဖြစ်သလို ကိုကောင်း၏ခြံ၌လည်း ဧည့်သည်သဖွယ် မဟုတ်တော့ဘဲ အိမ်သားတစ်ယောက်ပမာ ကိုကောင်း၏ ခြံစိုက်ခြင်းကိစ္စများကို ကူညီလုပ်ကိုင်ပေးတတ်ခဲ့ပြီ ဖြစ်၏။

...





(သုံး)

"ဒီနေ့ပဲ ရှမ်းပြည်နယ်အစပ် ပြင်ဦးလွင်ကို ရောက်တယ်၊ နှင့်တောင်းဆိုမှုတွေကလဲ များလှချည်လား သဒ္ဒါချိုရယ်"

"ဒါကတော့ ကျုပ်ရဲ့အပျိုစင်ခရီးကို စိတ်လွတ်ကိုယ်လွတ် ပျော်ဖို့ အားခဲထားတာကိုးရှင့်"

မိန်းကလေးသုံးယောက်၏ စကားသံနှင့် ရယ်သံကြောင့် ၎င်းအာကာ၏ အတွေးတို့ တိခနဲ ပြတ်တောက်သွားကြပြီး အသံလာရာသို့ ဖြတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ (မိန်းကလေးများကတော့ သူ့အား မြင်ပုံမရပါ။) သူက တိတ်ဆိတ်နေသော ဝန်းကျင်၌ ရယ်သံလွင်လွင်များ ထွက်ပေါ်လာခဲ့သောကြောင့် အမှတ်တမဲ့ လှမ်းကြည့်လိုက်ခြင်းသာ ဖြစ်ပြီး ချက်ချင်း မျက်နှာ ပြန်လွှဲလိုက်ပါသည်။

သို့သော် ထိုသို့ မျက်နှာလွှဲပြီးပြီးချင်းမှာပင် သူ့ခေါင်းထဲသို့ ပဟေဠိအတွေးများ ဝင်ရောက်လာကြသည်။ အကြောင်းမှာ


www.burmeseclassic.com

www.burmeseclassic.com



ယနေ့မှ ပြင်ဦးလွင်သို့ ရောက်သည်ဆိုသော မိန်းကလေးကို သူ မြင်ဖူးသလိုလို ရှိခြင်းကြောင့် ဖြစ်သည်။

သဒ္ဒါချို့. . . တဲ့။

ဘယ်သူများပါလိမ့်။ ဒီနေ့မှ ပြင်ဦးလွင်ကို ရောက်တယ်ဆိုတော့ ပြင်ဦးလွင်သူ မဖြစ်နိုင်တာကတော့ အလွန်သေချာပါသည်။ ကျောင်းတုန်းက မိန်းကလေး မိတ်ဆွေများလား. . .။ ဟင့်အင်း. . . မဖြစ်နိုင်ပါ။

သူ့၌ ဆောင်းသဇင်မှလွဲ၍ မည်သည့် မိန်းကလေး မိတ်ဆွေ သူငယ်ချင်းမျှ မရှိခဲ့. . .။ ဒါဖြင့် ဘယ်သူလဲ။

၎င်းတို့ ထွက်ခွာသွားရာသို့ မမှိတ်မသုန် သူ ငေးကြည့်နေမိသည်။ ၎င်းတို့သုံးယောက် ကားပေါ် တက်ပုံ၊ ကားစက်နှိုးမရ၍ ပြန်ဆင်းပုံ၊ နှစ်ယောက်က မြင်းလှည်းငှား၍ ထွက်ခွာသွားပုံ။ (ကြည့်ရတာ စက်ပြင်ဆရာ သွားခေါ်ပုံ ရ၏။)

သူ ကားမပြင်တတ်သော်လည်း ၎င်းတို့၏ အင်ဂျင်ရှန်းသံ အရ ဘက်ထရီ ဝပ်နေခြင်း ဖြစ်လိမ့်မည်ဟု သူ တွေးလိုက်မိသည်။ ကားပေါ်၌ တစ်ယောက်တည်း ကျန်ခဲ့သည့် သူမြင်ဖူးသော မိန်းကလေးက ကားထဲမှ ဆင်းလာပြီး ကားကိုယ်ထည်ကို မှီနွဲ့ကာ ရပ်လိုက်သည်။

ဝင်းဝါသောအသား၊ ခါးစပ်နီးပါး ရှည်လျားသည့်ဆံပင် အနည်းငယ် မြင့်မားသည့်အရပ်။ (ဘယ်မှာ မြင်ဖူးတာပါလိမ့်)

မိန်းကလေးက အနည်းငယ် ချမ်းအေးလာဟန်ဖြင့် လက်နှစ်ဖက်ကို ပိုက်လိုက်သည်။ ထိုသို့ လက်ပိုက်လိုက်စဉ် ခဏမှာပင် လျှပ်ပြက်လိုက်သလို သူ၏ အသိဉာဏ်တို့ ဖျတ်ခနဲ လင်းလက်သွားကြလေသည်။





သေချာပါတယ်. . .။ တရားရုံးမှာတုန်းကလည်း ဟိုဆရာဝန်ရဲ့ ဘေးနားမှာ သူ ဒီပုံစံအတိုင်း လက်ပိုက်ပြီး ရပ်နေခဲ့တာပဲ. . .။

"ဟို. . . အသားဖြူဖြူ ရှပ်ချောချော ကောင်မလေးကို တွေ့လား၊ သူနဲ့ ဆရာဝန်နဲ့က စေ့စပ်ကြတော့မှာလေ၊ အမှုဖြစ်နေလို့ သူတို့စေ့စပ်ပွဲကို ခဏဆိုင်းထားတာ၊ ချစ်စရာလေးနော်. . ."

"နောက်ဆုံး အပျိုစင်ခရီးကို စိတ်လွတ်ကိုယ်လွတ် ပျော်ဖို့ အားခဲထားတာ. . . ."

ဒါဖြင့်. . . ဆရာဝန်နဲ့ ဒီကောင်မလေးနဲ့ စေ့စပ်ရုံ စေ့စပ်ထားပြီး လက်မထပ်ကြရသေးဘူးပေါ့. . .။ ဘယ်လောက်များ အဆင်ပြေလိုက်သလဲ။

သိပ်မကြာခင် လက်ထပ်တော့မယ့် သတို့သမီးလောင်း တစ်ယောက် ရုတ်တရက် ကားတိုက်ခံရလို့ သေသွားပါပြီဆိုရင် ဟိုဆရာဝန် ဘယ်လို ခံစားရမလဲ။ အထူးသဖြင့်. . .

အဲဒီသတင်းကို ဦးဦးဖျားဖျား အသိပေးသူဟာ ဆောင်းသဇင်ရဲ့ချစ်သူ မိုးအာကာပါဆိုရင် အဲ့ဒီဆရာဝန် ဘယ်လိုနေမလဲ။

အိတ်ကပ်ထဲမှ ကိုကောင်း၏ ဟိုင်းလပ်ကားသော့ကို စမ်းလိုက်ပြီး ထိုင်ရာမှ ထရပ်ကာ ကားရှိရာသို့ လျှောက်လှမ်းလာ၏။ ထိုအချိန်မှာပင် ကိုကောင်း၏ စကားသံကို ဖျတ်ခနဲ ကြားယောင်လိုက်မိသည်။ "လူနဲ့ တိရစ္ဆာန်နဲ့ အဓိက ကွာခြားချက်ကတော့ အမှားအမှန်နဲ့ အကောင်းအဆိုး ခွဲခြားတတ်ခြင်းပဲ၊ တိရစ္ဆာန်က အမှန်နဲ့အမှားကို မခွဲခြားတတ်ဘူး၊ အကောင်းအဆိုးကိုလဲ နားသည်ဘူး၊ ကိုယ့်ရန်သူ ဟုတ်မဟုတ်ဆိုတာလဲ မတွေးဘူး၊ အပြစ်မဲ့တဲ့ ယုန်တစ်ကောင်ကို ဘာရန်ငြိုးရန်စမှ မရှိဘဲ ကိုက်သတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



သတ်လိုက်မှာပဲ၊ လူကတော့ အဲ့လိုမဟုတ်ဘူး အာကာ၊ အကောင်းအဆိုး အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်ကြတယ်၊ အဲ့လိုမှ မဟုတ်ရင် လူမဟုတ်တော့ဘူး၊ လူယောင် ဆောင်ထားတဲ့ တိရစ္ဆာန် ဖြစ်သွားပြီ"

မဆီမဆိုင် နားထဲသို့ ရစ်ဝဲတိုးဝင်လာသည့် ကိုကောင်း၏ စကားသံကြောင့် သူ၏ခြေလှမ်းတို့ လေးလံနှေးကွေးသွားကြလေသည်။

ငါ တိရစ္ဆာန် အဖြစ်ခံမလား။ (ဟင့်အင်း. . . အဖြစ်မခံနိုင်ဘူး။)

ဒါဖြင့် ဒီကောင်မလေးကို ဒီတိုင်း လွှတ်လိုက်မလား။

ဟင့်အင်း မလွှတ်နဲ့၊ လုံးဝမလွှတ်နဲ့။

ပုလင်းပြားလေး၏ အကူအညီဖြင့် ဆူဝေနေသော သူ၏ ဦးနှောက်တို့က ချက်ချင်းပင် ငြင်းဆန်ပါသည်။ အဲ့ဒီကောင်မလေးကို အပိုင်ကိုင်ပြီး ဟိုဆရာဝန်ဆီကနေ ဆောင်းသဇင်ကို ရအောင် ဖြန်တောင်းရင်ကော. . . ဟုတ်တယ်၊ အဲဒီအတိုင်းပဲ လုပ်သင့်တယ်။

မိုးအာကာ၏သွေးတို့ ပြန်လည် ပူနွေးလာပြီး ဟိုင်းလပ်ဆီသို့ ဦးတည်ထားသော သူ၏ခြေလှမ်းများကို ကန်၏မြောက်ဘက် လမ်းထိပ်၌ ရပ်ထားသည့် သဒ္ဒါချိုတို့ကားဆီသို့ ချက်ချင်းပင် ဦးတည်လိုက်ပါသည်။

◈ ◈ ◈





"မင်းကြည့်ရတာ ဒီအရပ်က မဟုတ်ဘူးနဲ့ တူတယ်"

နှင်းဆီနုရောင် ကောင်းကင်နှင့် ရေပြင်ကို ငေးရင်းအတွေး၌ နစ်မြောနေသော သဒ္ဒါချိုတစ်ယောက် ရုတ်တရက်ထွက်ပေါ်လာသည့် စကားသံကြောင့် သူမ၏ ကိုယ်ကလေး ဆတ်ခနဲ တုန်သွားသည်အထိ လန့်သွားလေသည်။

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများ၊ ဆံပင်ရှည်များနှင့် (အသက်ကတော့ သိပ်ကြီးပုံ မရသော) လူတစ်ယောက်ကို တွေ့ရသည်။ ခပ်နွမ်းနွမ်း ဆွယ်တာနှင့် ဖြူလျော်လျော် ဂျင်းဘောင်းဘီတို့ ဝတ်ဆင်ထားသော ၎င်း၏ပုံက ဂျစ်ပစီလိုလို၊ ရက်အင်ဒီယန်းဆိုလို သပ်သပ်ရပ်ရပ် မရှိလှပါ။

သူ ဘာလာလုပ်တာလဲ၊ ငါ့ကိုများ အန္တရာယ်ပြုမလို့လား။

"မင်း ငါ့ကို မကြောက်ပါနဲ့၊ ငါ မင်းကို စေတနာနဲ့ သတိပေးချင်လို့ပါ၊ မင်းက ဒီမြို့သူ မဟုတ်လို့ ဒီက ရာသီဥတုနဲ့ နေရာအကြောင်း သိပုံမရဘူး၊ ဒီမှာက နေဝင်တာ သိပ်မြန်တယ်၊ ခု လင်းလင်းရှင်းရှင်း ရှိနေပေမယ့် နောက်ဆယ့်ငါးမိနစ်၊ အလွန်ဆုံး မိနစ်နှစ်ဆယ်ဆိုရင် ညသန်းခေါင်လို မှောင်အတိကျသွားလိမ့်မယ်၊ ပြီးတော့ မင်း အခု ကားရပ်ထားတဲ့နေရာက ကန်မြောက်ဘက်လမ်း၊ ဒီလမ်းက နာမည်ကြီး"

"ပြောပါဦးရှင်. . . ဒီလမ်းက ဘာဖြစ်သလဲ"

"ဒီလမ်းကလား. . . အရင်တုန်းကဆိုရင် ညမှောင်ပြီ ဆိုတာနဲ့ ယောကျ်ားလေးတွေတောင် မသွားရဲကြဘူး၊ ပစ္စည်းလုတယ်၊ လူသတ်တယ်၊ မိန်းကလေးတွေ ဆိုရင်တော့. . . အင်း. . ."

ပြင်ဦးလွင်သားတွေသာ ကြားလျှင် မိုးအာကာ အရိုက်ခံရမှာ သေချာ၏။ သို့သော် မတတ်နိုင်ပါ။ ညာလက်စနှင့် ဆက်



www.burmeseclassic.com

www.burmeseclassic.com



ညာရပါလိမ့်မည်။

"ဒါပေမယ့်. . ခုတော့. . လုံခြုံရေး ဝန်ထမ်းတွေကြော
အဲ့ဒီအဖြစ်တွေ နည်းသွားပါပြီ၊ မရှိသလောက်ပဲ ဆိုပါတော့၊ ခုခ်ို
ထိ ရှိနေကြတာကတော့. . ."

"ဘာလဲဟင်"

"မင်း မကြောက်ဘူးဆိုရင်တော့ ပြောပြပါ့မယ်၊ ခုချိန်ထ
ရှိနေကြတာကတော့ သရဲတွေပဲ"

"ဘုရား. . ."

နဂိုကမှ အသည်းငယ်ရသည့်ကြားထဲ ထိုလူ့အဖြေစကာ
ကြောင့် သဒ္ဒါချို ဆတ်ခနဲ တုန်သွားကာ ကြောက်လန့်စိတ်မျ
တိုး၍လာလေသည်။ ဒီကြားထဲ လွင်မျိုးအေး ပြောခဲ့သည့် တစ်ပိုင်
တစ်စ စကားတချို့ကို သတိရလိုက်မိသေး၏။ "ငါ့စိတ်ထင်တော
ကားပျက်တာ အပမှီတာပဲ ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့. . .
နေရာက. . ." ဆိုပြီး ရပ်ဆိုင်းသွားခဲ့သည် မဟုတ်ပါလား

"အဲဒီတော့. . . မင်း ဒီနေရာက မြန်မြန် ကားမော
ထွက်သွားရင် ကောင်းလိမ့်မယ် အမျိုးသမီး၊ ကျုပ်. . . မင်း
စေတနာနဲ့ အကြံပေးတာ"

ကောင်မလေးက ငိုမဲ့မဲ့ မျက်နှာနှင့် ကားက စက်နိုး
မရသဖြင့် သူမ သူငယ်ချင်းနှစ်ယောက် ရုပ်ရှင်ရုံနားမှ ဝပ်ရှေ
ဆရာ သွားခေါ်ကြောင်း ရှင်းပြသည်။

"ကျွန်မ ဘာလုပ်ရမလဲ၊ တဆိတ် အကြံပေးပါဦး
မြင်းလှည်းငှားပြီး သူတို့နောက် လိုက်သွားရင် ကောင်းမလာ
ဒါမှမဟုတ်. . ."

"ခဏလေး. . . ကျုပ်က အရင်က ဝပ်ရှော့မှာ လုပ်





တယ်၊ မင်းကားကို နည်းနည်းကြည့်ပေးမယ်၊ ရလိုရငြားပေါ့. . ."

ကားစက်ဖုံး ဖွင့်၍ ဟိုနှိုက်ဒီနှိုက် လုပ်ဟန်ပြုပြီး ဟွန်းတီး
ကြည့်တော့ ဟွန်းသံက အစ်တစ်တစ်မို့ မိုးအာကာ ထင်သလို
ဘက်ထရီ ဒေါင်းသွားမှန်း သေချာသွားပါသည်။ သူ ဘောနက်ကို
ပြန်ပိတ်ပြီး. . .

"ကောင်းသွားပါပြီ၊ ဒါပေမယ့် တွန်းနှိုးရလိမ့်မယ်"

ထိုအချိန်၌ မြင်းလှည်းတစ်စီး ရောက်လာသဖြင့် သဒ္ဒါချို
၏ အဖော်မိန်းကလေးတွေများလားဆိုပြီး သူ လန့်သွားသေး၏။
သို့သော် မဟုတ်ပါ။ သူနှင့် သိသော မြင်းလှည်းသမား ဖြစ်နေ
သည်။

သူ့အား နှုတ်မဆက်ခင်မှာပင် သူက မျက်စိတစ်ဖက်
မှိတ်ပြလိုက်၏။

"ဒီမှာ မိန်းကလေး တစ်ယောက်ထဲ ကားပျက်နေလို့
နည်းနည်းကူညီစမ်းပါ၊ ဘယ်ဘက် ကွေ့ပြီး ကုန်းဆင်းအတိုင်း
တွန်းနှိုးရုံပါပဲ၊ ပြီးတော့ ဒီနေရာအကြောင်းလဲ မင်းတို့အသိပဲ"

"ဟုတ်တယ်၊ ဒီနေရာမျိုးမှာ ကြာကြာနေဖို့ မကောင်းဘူး၊
နေလဲ စောင်းနေပြီ"

အကင်းပါးသော မြင်းလှည်းဆရာက သူ့စကားအတိုင်း
နင်း၍ လိုက်ပါလာသည်။ နေလည်း စောင်းနေပြီ ဆိုတာကတော့
အမှန်တကယ် နေစောင်းသဖြင့် ပြောခြင်းဖြစ်သော်လည်း သဒ္ဒါချို
ကတော့ နေဝင်မြန်တယ်ဟူသော သူ့စကားကို ပိုမိုယုံကြည်သွားပါ
လိမ့်မည်။

မြင်းလှည်းဆရာအပြင် ကူညီတတ်ပုံရသော ခရီးသည်
နှစ်ဦးကပါ ဆင်းတွန်းပေးသဖြင့် ကားက အလွယ်တကူ နိုးသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ကားပေါ် တက်၍ နှိုးသူကတော့ ဝပ်ရှော့မှာ လုပ်ဖူးတယ် ဟူသော စကားဖြင့် စက်ဆရာ အိုက်တင် ဖမ်းထားသော မိုးအာကာပဲ ဖြစ်သည်။

"အစ်ကိုတို့ ဒီနေရာက မြန်မြန်သွားကြနော်. . ."

မြင်းလှည်း ထွက်တော့ နှုတ်သွက်လျှာသွက် ရေချိန်မှန်နေဟန် တူသော မြင်းလှည်းဆရာက ထိုစကားကို အော်ပြောသွားပါသေးသည်။

"ကဲ. . . မင်း ကြားတဲ့အတိုင်းပဲ၊ ငါ ဆင်းပေးပြီး မင်းဘာသာ ဒီနေရာက မြန်မြန် မောင်းသွားစေချင်ပါတယ်၊ ဒါပေမယ့် ခက်နေတာက လီဗာကို လွှတ်လို့မရဘူး၊ လီဗာလွှတ်လိုက်ရင် စက်သေပြီး အရင်က အတိုင်း ပြန်ဖြစ်သွားလိမ့်မယ်၊ အဲ့ဒီတော့ မင်း နောက်ခန်းက တက်ပါ၊ မင်းသူငယ်ချင်းတွေ သွားတဲ့ ဝပ်ရှော့ကို ငါ လိုက်ပို့ပေးပါ့မယ်"

"သူတို့ လာလို့ လွဲသွားရင် ဘယ်လိုလုပ်မလဲ"

"မလွဲပါဘူး၊ သူတို့ လာစရာက တစ်လမ်းပဲ ရှိတယ်၊ အဲဒီလမ်းအတိုင်း မောင်းပေးမှာပါ၊ အကြောင်းအမျိုးမျိုးကြောင့် လွဲသွားရင်တောင် စက်ဆရာတွေကို သူတို့ဝပ်ရှော့ ပြန်ပို့ပေးရမှာပဲ မဟုတ်လား၊ အဲဒီတော့ ဝပ်ရှော့ရှေ့မှာ ကားရပ်ပြီး သူတို့ ပြန်အလာကို မင်း စောင့်နေပေါ့. . ."

မိုးအာကာ၏စကားက ယုတ္တိတန်နေသဖြင့် မိန်းကလေး မငြင်းသာတော့ဘဲ နောက်ခန်းတံခါး ဖွင့်ကာ ဝင်ထိုင်ပါသည်။ သူမ ဝင်ထိုင်ပြီးသည်နှင့် မိုးအာကာ ဝေါခနဲ အမြန်ဆုံး မောင်းထွက်လိုက်သည်။ သူမ၏ သူငယ်ချင်းများနှင့် မဆုံစည်းစေရန် အလျင်စလို မောင်းထွက်ခဲ့ခြင်း ဖြစ်သည်။ နေဝင်စ ပြုနေပြီ





ဖြစ်သဖြင့်. . .

ရုပ်ရှင်ရုံဘက်မှ လာမည့် ၎င်း၏သူငယ်ချင်းများနှင့် မဆုံစေရန် လမ်းတချို့ကို ကွေ့ကာပတ်ကာနှင့် ရှောင်မောင်းရသော ကိစ္စမှာ မိုးအာကာအတွက် သိပ်မခက်လှပါ။ ထို့အတူ ကားမှန်ရော တံခါးဂျက်ပါ ဗဟိုခလုတ်မှ ဂျက်ချ၍ မြို့ပြင်သို့ ခပ်မြန်မြန်မောင်းလာပြီး သူမအား ခြိမ်းခြောက်ရသော ကိစ္စကလည်း သူမျှော်လင့်ထားသလောက် မခဲယဉ်းပါ။ "ကျုပ် မင်းကို အဆုံးသတ်မရတဲ့ ပုံပြင်တစ်ပုဒ် ဘယ်လို အဆုံးသတ်သင့်သလဲ အကူအညီတောင်းချင်လို့ ခေါ်လာတာ၊ မင်း မဲ့တစ်ပေါက် မစွန်းစေရဘူး၊ အိမ်ကြီးတစ်အိမ်မှာ အထူးဧည့်သည်တစ်ယောက်လို ပြုစုထားမယ်၊ ကျုပ်ရဲ့ပုံပြင်အတွက် အဖြေထွက်ပြီဆိုတာနဲ့ မင်းကို ပြန်ပို့ပေးမယ်၊ တစ်ခုတော့ ရှိတယ်၊ ခုချိန်ကစပြီး မင်း အနေအထိုင်တတ်ဖို့တော့ လိုလိမ့်မယ် အမျိုးသမီး"



www.burmeseclassic.com

www.burmeseclassic.com









(လေး)

လျှင်မြန်လှသော အဖြစ်အပျက် အပြောင်းအလဲတို့ကြောင့် သဒ္ဒါချို ကြောက်လန့် တုန်ယင်ကာ မှင်တက်နေမိသည်။

မိုးအာကာက အဝေးပြေး လမ်းမကြီးမှတစ်ဆင့် မြေနီလမ်းသွယ်သို့ ဖဲ့ဆင်းပြီး ကွေ့တာ ဝိုက်ကာနှင့် ဆယ်မိနစ်ခန့် မောင်းလိုက်တော့ ကိုကောင်း၏ အိမ်ကြီးဆီသို့ ရောက်လာခဲ့ပါသည်။ ကားရပ်လိုက်သည်နှင့် ရန်လုံတို့က ကားဆီသို့ တဟုန်ထိုး ပြေးလာကြ၏။ ကားကို တစ်ပတ်ပတ်ပြီးသည်နှင့် လူစိမ်းတစ်ယောက် ပါလာသည်ကို သိသည့်အလား သဒ္ဒါချို ထိုင်နေရာ ကားတံခါး အပြင်ဘက်၌ မာန်ဖီသံ ပေးနေကြပါတော့သည်။

"မင်းကို၊ တစ်ခု သတိပေးပါရစေ၊ ကျုပ်က ဆင်းလို့ မပြောဘဲနဲ့ ကားပေါ်က လုံးဝမဆင်းပါနဲ့၊ ဒီခွေးတွေက မင်းလို မိန်းကလေးတစ်ယောက်ကို မပြောနဲ့၊ နွားပေါက်တစ်ကောင်လို ကောင် အသေကိုက်နိုင်တဲ့ အမဲလိုက်ခွေးတွေ၊ တဆိတ်. . မင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက လက်ကိုင်ပုဝါလေး ခဏလောက် လှမ်းလိုက်ပါ"

သဒ္ဒါချို လက်ထဲမှ လက်ကိုင်ပုဝါကို အမှုမဲ့ အမှတ်မဲ့ လှမ်းပေးလိုက်မိတော့ သူက သူမ၏ လက်ကိုင်ပုဝါအား ကားမှန်ချ၍ အပြင်သို့ ပစ်ပေးလိုက်သည်။ မြေပေါ်သို့ ညင်သာစွာ ကျသွားသော လက်ကိုင်ပုဝါ ရှိရာသို့ ခွေးသုံးကောင်၏ ဦးခေါင်းများက လျင်မြန်စွာ ရောက်ရှိသွားပြီး ခဏလေး အတွင်းမှာပင် သူမ၏ အဖြူရောင် လက်ကိုင်ပုဝါလေးက အပိုင်းအစလေးများအဖြစ်သို့ ကူးပြောင်းသွားပါတော့သည်။

ဘုရားရေ. . . အဲ့ဒီ လက်ကိုင်ပုဝါ နေရာမှာ. . . ငါသာဆိုရင်. . .

အတွေး တစ်ပိုင်းတစ်စနှင့်ပင် ကျော့ချမ်းသွားကာ ဤအိမ် ရောက်သည်နှင့် ထွက်ပြေးမည်ဟူသော သူမ၏ဆုံးဖြတ်ချက်ကိုလည်း ချက်ချင်းပင် မေ့ပစ်လိုက်ရပါတော့သည်။

"မင်း ကားပေါ်မှာ ခဏထိုင်နေဦး"

မိုးအာကာ ကားတံခါး ဖွင့်ကာ ကားပေါ်မှ ဆင်းလာသော်လည်း ရန်လုံတို့ကတော့ ကားနား၌ ဝိုင်းအုံစောင့်ဆိုင်းကာ ကျန်ရစ်ခဲ့ပါသည်။

"ဘယ်လိုလဲ အာကာ၊ နောက်ကျလှချည်လား"

"ဟုတ်တယ် ကိုကောင်း. . ကျွန်တော် နည်းနည်း နောက်ကျသွားတယ်၊ ပြီးတော့ ဧည့်သည်တစ်ယောက်လဲ ခေါ်လာခဲ့မိတယ်"

"ကိုယ် သိပါတယ်. . . သဒ္ဒါချို မဟုတ်လား"

"ကိုကောင်း ဘယ်လိုလုပ်ပြီး သိတာလဲ၊ အကြားအမြင်တွေ ဘာတွေများ ရနေသလား"





သူ တအံ့တသြ မေးလိုက်တော့. . . ကိုကောင်းက နားသည်ရ ခက်စွာ ပြုံးလိုက်ပြီး. . .

"အကြားအမြင်ရလို့ မဟုတ်ပါဘူး၊ တစ်နဲ့တစ်ကို ပေါင်းကြည့်လိုက်တာပါ၊ ဒါနဲ့ ငါတို့ကားကို မင်း ဘယ်နားမှာ ရပ်ထားခဲ့သလဲ"

ဒီတော့မှ ဟိုင်းလပ်ကားကို သတိရပြီး ရပ်ထားခဲ့သည့်နေရာနှင့် သဒ္ဒါချိုအား ဘယ်လို ကားတင် ခေါ်လာခဲ့သည်ကိုပါ အကျဉ်းချုံး၍ ပြောပြလိုက်သည်။

"ဒါဆို သဒ္ဒါချို ပျောက်သွားတာဟာ တစ်ယောက်ယောက်က ကားတင်ပြေးတာလို့ ဟိုနှစ်ယောက်က ချက်ချင်း ထင်ကြဦးမှာ မဟုတ်ဘူး၊ အကြောင်းတစ်ခုခုကြောင့် ကားစက်မြန်နိုးသွားပြီး အိမ်ပြန်သွားတာ၊ ဒါမှမဟုတ် သူတို့ကို နောက်ချင်လို့ ကားလျှောက်မောင်းရင်း လမ်းပျောက်နေတာလို့ပဲ ထင်ကြလိမ့်မယ်၊ ရဲစခန်းတွေ ဘာတွေလဲ ချက်ချင်း တိုင်ဦးမှာ မဟုတ်ဘူး၊ အဲ့ဒီတော့ သူတို့ကားကို မြို့ပေါ်မှာ သွားထားဖို့ အချိန်မှီသေးတယ်၊ ပြီးရင် ဟိုင်းလပ်ကို ဝင်ယူပြီး မင်း မေ့ခဲ့တဲ့ ဘဲကင်တို့၊ အခေါက်ကင်၊ အသားကင်တို့လဲ ဝင်ဝယ်ရမယ်"

(အမှန်တကယ်လည်း ကိုကောင်း တွေးသလိုပင် တင်ဇာတို့က ပျက်နေသော ကားတစ်စီးနှင့် မိန်းကလေးတစ်ယောက် ပျောက်သွားခြင်းအား ကားတင်ပြေးခံရခြင်းဟု မထင်ခဲ့ကြပါ။ ထူးဆန်းသော နောက်ပြောင်မှုတစ်ခုအဖြစ်သာ ယူဆလျက် အိမ်ပြန်ရှာလိုက်၊ သဒ္ဒါချို သွားနိုင်သောနေရာများကို မှန်းဆကာ လိုက်ရှာလိုက်နှင့် ဗျာများနေခဲ့ကြသည်။)

"ကဲ. . . မင်းရဲ့ ဧည့်သည်ကောင်မလေးကို အိမ်ထဲခေါ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ အာကာ၊ ငါ ကားချင်း သွားလဲလိုက်ဦးမယ်"

"မဟုတ်တာပဲ၊ ဒီကိစ္စက ကျွန်တော့်ကိစ္စပါ ကိုကောင်း၊ ဒီကား သွားပို့တာရော၊ ဟိုင်းလပ် ပြန်ယူတာရော ကျွန်တော် လုပ်ပါ့မယ်"

"မင်းကိစ္စဟာ ငါ့ကိစ္စပဲပေါ့ အာကာရဲ့ ကဲပါ. . . အချိန်တွေ ကြာအောင် မလုပ်စမ်းပါနဲ့၊ လာ. . . မင်း ကောင်မလေးကို လိုက်ခေါ်၊ ငါ သူ့ကား ယူပြီး အမြန်လစ်တော့မယ်"

ကိုကောင်း၏ စကားကို မလွန်ဆန်တော့ဘဲ ကားရှိရာသို့ လျှောက်လာခဲ့ကြသည်။

"ကဲ. . . ရန်လုံတို့. . . ခပ်ဝေးဝေးမှာ သွားနေကြ၊ ငါတို့ အိမ်ထဲ ဝင်ပြီးမှ အိမ်နားကို ပြန်လာခဲ့၊ ကိုင်း. . . ကားပေါ်က အမျိုးသမီးခင်ဗျား၊ အောက်ကို ဆင်းနိုင်ပါပြီ"

သူ့စကားဆုံးသည်နှင့် ထိတ်လန့်နေသော ယုန်မလေး သဖွယ် သဒ္ဒါချို ကားပေါ်မှ ရိုကျိုးစွာ ဆင်းလာလေသည်။ ကိုကောင်း ကားထွက်သွားပြီးသည်နှင့် သဒ္ဒါချိုအား အိမ်မကြီးဆီသို့ ခေါ်လာခဲ့သည်။

"ဒီအိမ်ကြီးဟာ အင်္ဂလိပ်ခေတ်တုန်းက အရေးပိုင်မင်း တောလာပစ်ရင် အနားယူဖို့ ဆောက်ထားခဲ့တဲ့အိမ်ပေါ့၊ ဒါကြောင့် မလိုအပ်ဘဲနဲ့ သိပ်ပြီး ခမ်းနားလွန်းနေတာ၊ အပေါ်ထပ်မှာ အိပ်ခန်း ခြောက်ခန်း ရှိတယ်၊ ကျုပ်တို့နှစ်ယောက်က အောက်ထပ်မှာပဲ အိပ်တာဆိုတော့. . . အပေါ်ထပ်က ကြိုက်ရာ အိပ်ခန်းတစ်ခန်းမှာ ခင်ဗျား အိပ်နိုင်တယ်၊ အကောင်းဆုံးကတော့ ဒီအိမ်ရောက်ခါစ ကျုပ် စိတ်ကြိုက် ပြင်ထားတဲ့ အခန်းတစ်ခန်း ရှိတယ်၊ အဲ့ဒီအခန်းမှာ အိပ်မယ်ဆိုရင်တော့ အထူးတလည် ပြင်ဆင်စရာ





မလိုတော့ဘူးပေါ့"

သဒ္ဒါချိုက ချမ်းအေးဟန်ဖြင့် လက်နှစ်ဖက်ကို ပိုက်ကာ သူပြောသမျှ ငြိမ်သက်စွာ နားထောင်နေသည်။ ဤအရပ်က သစ်နှိပ် တောရိပ်ကြောင့် မြင်ဦးလွင်မြို့ပေါ်မှာထက် ပို၍ချမ်းအေးပါသည်။

"ကဲ မင်းနေဖို့ အခန်းလိုက်ပြမယ်၊ ဩော်. . . ခဏလေး"

သဒ္ဒါချိုအား ဧည့်ခန်းအလယ်၌ ထားခဲ့ပြီး ကိုကောင်း၏ တူမီးသေနတ်များ ထားရာသို့ လျှောက်လာခဲ့သည်။ ထို့နောက် သင့်တော်မည့် သေနတ်တစ်လက်ကို ရွေးချယ်ယူလိုက်ပြီး ယမ်းမှုန့်နှင့် ခဲသီးတို့ကို ထည့်ကာ ပစ်ရန် အသင့်အနေအထား ဖြစ်အောင် ပြင်ဆင်လိုက်သည်။

သဒ္ဒါချိုနား ပြန်ရောက်တော့ သေနတ်ကို ထောင်ပြပြီး သူ့ ပြောလိုက်သည်။

"ဒါ. . . တူမီးသေနတ်လို့ ခေါ်တယ်၊ ရှေးဟောင်း သေနတ် ဆိုပေမယ့် အထင်မသေးနဲ့၊ လူတစ်ယောက်ကို သေအောင် ပစ်လို့ရတယ်"

သူ့စကားကြောင့် သဒ္ဒါချို ကိုယ်ကလေး ဆတ်ခနဲ တုန်သွားသဖြင့် သူ ပြုံးလိုက်မိသည်။

"မကြောက်ပါနဲ့ အမျိုးသမီး၊ ဒီသေနတ်က မင်းအတွက်ပါ၊ ကျုပ်ဖြစ်ဖြစ် ကိုကောင်းဖြစ်ဖြစ်၊ မင်းအခန်းထဲကို အကြောင်းမရှိဘဲ ဝင်လာရင် ဟော့ဒီ ခလုတ်ကိုသာ ဆွဲလိုက်၊ ဟုတ်ပြီလား။ ဒီသေနတ်ဟာ ကိုကောင်းနဲ့ ကျုပ်ရဲ့ ကိုယ်ကျင့်တရားအတွက် အာမခံချက်တစ်ခုလို့ သဘောထားလိုက်ပါ"

"ရှင့်ရဲ့သေနတ်က ပစ်ချင်ရင် မောင်းခလုတ်ကို ဆွဲလိုက်


www.burmeseclassic.com

www.burmeseclassic.com

ရှိပဲလား"

"အသေအချာပေါ့. . . မင်း ပစ်ချင်တဲ့ ပစ်မှတ်ဘက်ကို သေနတ်ပြောင်း ထိုးချိန်ပြီး ခလုတ်ကို အသာလေး ဆွဲလိုက်ရုံပဲ"

သဒ္ဒါချိုအား ပြောရင်း တူမီးသေနတ်များ ထားရာ ဗီရို ဆီသို့ ပြန်လျှောက်လာပြီး ဗီရိုတံခါးကို ပြန်ပိတ်ကာ သော့ခတ် လိုက်၏။ ထို့နောက် သဒ္ဒါချိုဘက်သို့ ဖြည်းညင်းစွာ ပြန်လှည့်လိုက် ချိန်မှာတော့ သူမက သေနတ်ပြောင်းကို သူ့ဘက်သို့ တည့်တည့် ကြီး ချိန်ရွယ်ထားကြောင်း တအံ့တဩ တွေ့လိုက်ရလေသည်။

"တဲ့. . . အခု ရှင်ပြောတဲ့အတိုင်း ရှင့်ကို သေနတ်နဲ့ ချိန်ထားပြီ၊ ကျွန်မ ခလုတ်ဆွဲလိုက်ရင် ရှင် ဘာဖြစ်သွားမလဲ"

မိုးအာကာ ပခုံးတစ်ချက် တွန့်ရင်း ခပ်အေးအေး ပြန် ပြောလိုက်သည်။

"ကျုပ် သေသွားမှာပေါ့. . . အမျိုးသမီးရဲ့"

"ဟုတ်ပြီ၊ ဒါဆို အခု ရှင့်ကို ပစ်မယ်၊ ရှင့်သူငယ်ချင်း ပြန်လာရင် ရှင့်သူငယ်ချင်းကို ပစ်မယ်၊ နောက် ရှင်တို့ရဲ့ခွေးတွေ ကို ပစ်မယ်၊ ပြီးရင် ကျွန်မ ဒီအိမ်ထဲက အေးအေးဆေးဆေး ထွက်သွားမယ်. . . ဘယ်နှယ့်လဲ"

သူ့ မအောင့်နိုင်ဘဲ အသံထွက်ကာ ရယ်မောလိုက်တော့ သဒ္ဒါချိုက အံကို မသိမသာ ကြိတ်လိုက်ပါသည်။

"ဘာလဲ. . . ရှင်က ကျွန်မ တကယ် မလုပ်ရဲဘူး ထင်လို့ လား. . ."

"မဟုတ်ပါဘူး၊ မင်း တကယ် လုပ်ရဲမှန်း သိပါတယ်၊ တကယ် လုပ်ချင်နေမှန်းလဲ သိတယ်၊ ဒါပေမယ့်. . . မင်းလက်ထဲ က သေနတ်က မောင်းပြန်သေနတ် မဟုတ်ဘူး. . . အမျိုးသမီးရဲ့၊





တူမီးသေနတ်လို့ ခေါ်တယ်၊ တူမီးသေနတ်ရဲ့ သဘောက တစ် ချက်ပဲ ပစ်လို့ရတယ်၊ နောက်တစ်ချက် ထပ်ပစ်ချင်ရင် ယမ်းမှုန့် ထည့်ရမယ်၊ ခဲသီးထည့်ရမယ်၊ မောင်းတင်ရမယ်၊ အဲ့ဒါတွေ အား လုံးကို မြန်မြန်ဆန်ဆန် လုပ်နိုင်ဖို့အတွက် ကျွမ်းကျင်မှု လိုတယ်၊ ယမ်းမှုန့် အချိုးအစား ဘယ်လောက် ထည့်ရမလဲ၊ နားလည်ဖို့ လိုတယ်"

သူ့စကား ဆုံးချိန်မှာတော့ သဒ္ဒါချို၏ မျက်နှာပေါ်မှ မျှော်လင့်ချက်တို့ တရွေ့ရွေ့ လျှော့ကျသွားပါတော့သည်။ သို့သော် လုံးဝ စိတ်ဓါတ်ကျသွားခြင်းမျိုးတော့ မဟုတ်။

"ကောင်းပြီလေ. . . ဒီသေနတ်က တစ်ချက်ပဲ ပစ်လို့ရ တယ် ဆိုရင်လဲ တစ်ချက်ပဲ ပစ်လိုက်ရုံပေါ့"

"ကျုပ်ကိုလား"

"ဟင့်အင်း. . . ကျွန်မကိုယ်ကျွန်မ. . ."

မြတ်စွာဘုရား၊ ဒီလို ဖြစ်နိုင်တယ်ဆိုတာ ဘာဖြစ်လို့ မတွေးမိပါလိမ့်။

သူ ထိတ်ခနဲ ဖြစ်သွားကာ သွေးခုန်နှုန်းတို့ မြန်လာလေ သည်။ သို့သော်. . . သူမ ရိပ်မိအောင်တော့ဖြင့် မူမပျက်ခဲ့ပါ။

"မင်းလို ပညာတတ် ထက်ထက်မြက်မြက် မိန်းမတစ် ယောက်ဟာ အဲဒီလောက်ထိ အသိဉာဏ် မဲ့လိမ့်မယ်လို့ ကိုယ် မထင်ဘူး. . . သဒ္ဒါချို ဒါကြောင့် မင်းလက်ထဲကို သေနတ်တစ် လက် ထည့်ပေးခဲ့တာပေါ့"

"ဘာရယ်. . . သဒ္ဒါချို ဟုတ်လား၊ ရှင် ကျွန်မနာမည်ကို သိနေသလား"

"အသေအချာကို သိနေတာပေါ့ သဒ္ဒါချို မင်းနာမည်တင်


www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ မင်း ရန်ကုန်ပြန်ရောက်ရင် မင်းနဲ့ စေ့စပ်ထားတဲ့ ဆရာဝန်နဲ့ လက်ထပ်တော့မယ်ဆိုတာကအစ သိထားတယ်"

"ဩြော်. . . လက်စသတ်တော့ အဲ့ဒါကြောင့် ရှင်က ကျွန်မကို ပြန်ပေးဆွဲလာတာကိုး"

"အဲဒီလို မဟုတ်ပါဘူး၊ ဒါပေမယ့်. . . အဲဒီလို ထင်ချင်ရင်လဲ ထင်နိုင်ခွင့် ရှိတယ်၊ ကဲ. . . မင်းလဲ သေနတ်ကြီးနဲ့ ချိန်ထားရတာ လက်မောင်း အောင့်လှရောပေ့ါ၊ လာ. . . မင်း နေဖို့အခန်း လိုက်ပြမယ်၊ ကိုကောင်း ပြန်ရောက်မလာခင် ခဏတဖြုတ် အနားယူလိုက်ဦးပေါ့. . . သူပြန်လာမှ ညစာစားဖို့ လာခေါ်မယ်"

အပေါ်ထပ်သို့ တက်ရာ လှေကားကျယ်ကြီးဆီသို့ သူဦးတည် လျှောက်လှမ်းလာသော်လည်း ကျောကတော့ သိပ်မလုံပါ။ သူ့နောက်မှ သေနတ်တစ်လက်ဖြင့် လိုက်ပါလာသည့် အမျိုးသမီးသာ စိတ်ပေါက်ပေါက်နှင့် မောင်းခလုတ်ကို ဆွဲလိုက်မည်ဆိုပါက သူ ပွဲချင်းပြီးသွားနိုင်သည်။

သို့သော် ခပ်တည်တည်နှင့်ပင် အမျိုးသမီးအား အပေါ်ထပ် အိပ်ခန်းရှိရာသို့ ခေါ်ဆောင်လာခဲ့၏။





(ငါး)

"ကျွန်မ ဗိုက်မဆာဘူး၊ ခု ဆင်းလာတာ ရှင်တို့ ကျွေးမယ့် ညစာကို စားဖို့မဟုတ်ဘူး၊ ရှင် ပြောပြမယ်ဆိုတဲ့ အဆုံးသတ်ရသေးတဲ့ပုံပြင်ကို နားထောင်ချင်လို့ တမင်ဆင်းလာတာ"

သေနတ်ကို လက်တစ်ဖက်က ကိုင်ကာ ကုလားထိုင်၌ ခပ်တည်တည် ဝင်ထိုင်ရင်း သဒ္ဒါချိုက မိုးအာကာကို လှမ်းပြောလိုက်သည်။

မိုးအာကာက ငင်းရှေ့ ဖန်ခွက်ထဲမှ နီညိုညို အရည်တချို့ကို ငွက်ခနဲ မော့ချလိုက်တော့ သူမ နှာခေါင်းရှုံ့လိုက်မိသည်။ သူမ၏အဖြစ်ကို သတိပြုမိဟန် တူသော ကိုကောင်းဆိုသူက ဝင်ပြောသည်။

"ကျွန်တော်တို့ အနည်းအကျဉ်း သောက်ကြတာကို ခွင့်လွှတ်ပါ. . . မသဒ္ဒါချို၊ ဒီအရပ်က အရမ်းအေးတဲ့အပြင် ငှက်ဖျားလဲ ရှိလို့ တိုင်းရင်းဆေးနဲ့ ရောပြီး ဆေးဖြစ်ဝါးဖြစ် မှီဝဲကြတာပါ၊ မိုးအာကာရဲ့ ပုံပြင်ကိုတော့ သူ့ကိုယ်စား ကျွန်တော်ကပဲ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ပါမယ်"

"ဘယ်လို. . . မိုးအာကာ ဟုတ်လား၊ အဲဒီနာမည်ကို ကျွန်မ ကြားဖူးနေသလိုပဲ"

"ကြားဖူးနေတာ မဟုတ်ဘူး သဒ္ဒါချို မင်း အသေအချာကို ကြားခဲ့ဖူးတာ၊ ကိုကောင်း ပြောပြရင်း ဇာတ်ရည်လည်လာတဲ့အခါ မင်း သဘောပေါက်လာပါလိမ့်မယ်၊ ကဲ. . . ကိုကောင်း ကျွန်တော် ယာခင်းဘက် ခဏသွားပြီး ယုန်ထောင်ထားတာတွေ သွားကြည့်လိုက်ဦးမယ်"

မိုးအာကာ ထွက်ခွာသွားပြီး တစ်အောင့်အကြာ၌ ကိုကောင်းက မိုးအာကာ၏ ဇာတ်လမ်းအား စတင်ပြောပြသည်။ ပုံပြင်ကလေးက စိတ်ဝင်စားစရာ ကောင်းသလို သနားစရာလည်း ကောင်းလှပါသည်။

အကယ်၍ သူမကိုသာ ဤအိမ်ကြီးသို့ အကျဉ်းသားတစ်ယောက်သဖွယ် ခေါ်ဆောင်မလာခဲ့ပါက မိုးအာကာအပေါ် သူမ တကယ် သနားမိပါလိမ့်မည်။ သို့သော် ယခုတော့ မိုးအာကာက သူမအား ဤအိမ်ကြီးသို့ ခေါ်ဆောင်လာခဲ့သဖြင့် ၎င်း၏ အဖြစ်က သနားစရာ ကောင်းသော်လည်း သူမ ကရုဏာသက်၍ မရနိုင်ဘဲ ဖြစ်နေခဲ့သည်။

"တကယ်တော့ မိုးအာကာက အရမ်းစိတ်နုတဲ့လူပါ၊ အစွဲအလမ်းကလည်း သိပ်ကြီးတယ်၊ ဆောင်းသဇင်ဟာ သူ့ဘဝပဲ အဲ့ဒီလောက်ထိ ဆောင်းကို သူ ချစ်တယ်"

"သူ့မိဘတွေက ဆောင်းနဲ့ သူ့ကို သဘောမတူကြဘူး ဒါကြောင့် သူ့ချစ်သူနဲ့ တရားရုံးသွား လက်ထပ်ကြမယ်ဆိုပြီး လမ်းဖြတ်ကူးတယ်၊ လမ်းတစ်ဝက်မှာ ကားတိုက်ခံရတယ်၊ ဆေးရုံ





ရောက်ပြီး မိနစ်ပိုင်းအတွင်း ဆောင်းသေပြီလို့ လာပြောတယ်၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ အဖြစ်အပျက်တွေက ဘယ်လောက် မြန်ဆန်လိုက်သလဲ၊ ဘယ်လောက် အံ့မခန်းဆန်လိုက်သလဲ၊ အဲဒီလောက် မြန်မြန်ဆန်ဆန် အခြေအနေကြီးမှာ သူသိပ်ချစ်တဲ့ ဆောင်းသေပြီဆိုတာကို မယုံနိုင်လောက်အောင် ဖြစ်သွားတယ်၊ ပြီးတော့ ဆောင်း သူ့ကို ပြောခဲ့တဲ့ စကားတစ်ခွန်းကလည်း သူ့သံသယကို ပိုပြီး ကြီးထွားသွားစေပုံ ရတယ်"

"ဆောင်းက သူ့ကို ဘယ်တော့မှ စမခွဲပါဘူး. . . တဲ့၊ အဲ့ဒီတော့ ဆောင်း သေပြီဆိုတာ သူ လက်မခံနိုင်လောက်အောင် ဖြစ်ခဲ့ရတာ သိပ်တော့ မဆန်းဘူး၊ ကျွန်တော်ဆိုလဲ သူ့လို ခံစားရမှာပဲ"

"ဘယ့်နှယ် မဆန်းရမှာလဲ၊ သိပ်ဆန်းတာပေါ့၊ ဆောင်းအသုဘကို သူ ဘာဖြစ်လို့ မသွားသလဲ၊ တကယ်လို့ သူသာ ရောက်သွားရင် အဖြစ်မှန်ကို သူ နားလည်သွားမှာပေါ့"

"အဲ့ဒါကတော့ ဆောင်း သေပြီဆိုတာကို လက်မခံနိုင်တဲ့ သံသယတွေက သိပ်ကြီးမားနေလို့ ဖြစ်မှာပါ"

"ဒါဖြင့်. . . ကိုစိုး. . . အဲ. . . ဒေါက်တာငွေစိုးကြည်ရဲ့ ဒရိုင်ဘာ ယာဉ်တိုက်မှုကြောင့် ထောင်ကျသွားခဲ့တယ်၊ အဲ့ဒါကို ရော သူ မသိဘူးလား. . ."

"သိတာပေါ့ သဒ္ဒါချို အမိန့်ချတဲ့နေ့က တရားရုံးကို သူ ရောက်လာသေးတယ်၊ ဒါကြောင့် ခင်ဗျားကို ဒေါက်တာ ငွေစိုးကြည်ရဲ့ ဇနီးလောင်းအဖြစ် မြင်ဖူးသွားပြီး ခုချိန်ထိ မှတ်မိနေခဲ့တာပေါ့"

သဘောကောင်းပုံရသော ကိုကောင်းကို ကျွန်မ ငယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောရဲဆိုရဲ ရှိလာသဖြင့် သဒ္ဒါချို အလွန်သိချင်နေသော မေးခွန်းတစ်ခုကို မေးလိုက်သည်။

"သူ ကျွန်မကို ဘာရည်ရွယ်ချက်နဲ့ ဒီအိမ်ကို ခေါ်လာတာလဲ ကိုကောင်း"

"ကျွန်တော့်စိတ်ထင် ဒေါက်တာငွေစိုးကြည်ကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်ဖို့လို့ ထင်တာပဲ၊ ဒါကလဲ ကြိုတင်ရည်ရွယ်ထားတာ မဖြစ်နိုင်ဘူး၊ မမျှော်လင့်ဘဲ ပြင်ဦးလွင်မှာ ခင်ဗျားကို တွေ့လိုက်ရာကနေ ထန်းသီးကြွေခိုက် ကျီးနှင်းခိုက် ဖြစ်သွားပုံ ရတယ်၊ တမင်ကြံစည်မယ် ဆိုရင်တောင် ခုလောက်လွယ်ကူမှာ မဟုတ်ဘူး၊ ဒါနဲ့ စကားမစပ် ခင်ဗျား ကျွန်တော့်ကို တစ်ခုလောက် ကူညီနိုင်မလား သဒ္ဒါချို"

"ဘာကူညီရမှာလဲ ကိုကောင်း"

"အာကာ့ရင်ထဲက အစွဲကြီး ပျောက်သွားအောင် ဖျောက်ဖို့ အတွက်ပါ၊ ဆောင်း မသေသေးဘူးဆိုတဲ့ သံသယ အစွဲကြီး ပျောက်သွားအောင် ကျွန်တော်တို့ ဝိုင်းကြိုးစားကြမယ်၊ အဲဒီအတွက် ခင်ဗျားရဲ့ အကူအညီတွေ အတော်များများ လိုအပ်နေပါတယ် မသဒ္ဒါချို"

သဒ္ဒါချို အတန်ကြာအောင် ငြိမ်သက်သွားပြီးမှ ပြတ်သားစွာ ပြန်ပြောလိုက်သည်။

"ကျွန်မ ကူညီချင်ပါတယ် ကိုကောင်း၊ ဒါပေမယ့်. . . ကူညီပါ့မယ်လို့တော့ ကတိမပေးနိုင်ဘူး"

"ကိစ္စမရှိပါဘူး၊ ကူညီချင်စိတ် ရှိတယ်ဆိုရင်ပဲ ကျွန်တော် ဝမ်းသာလှပါပြီ"

ထိုအချိန်မှာပင် အိမ်ရှေ့မှ တံခါးဖွင့်သံနှင့်အတူ မိုးအာ





ကာ ပြန်လည် ရောက်ရှိလာသည်။ လက်ထဲ၌ ယုန်သုံးကောင်ကို ဆွဲလျက် ကမ်းထရီးဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းကာ လောင်းကုတ်ရှည်ကြီး ဝတ်ထားသော ၎င်း၏ ပုံက ကောင်းဘွိုင် တစ်ယောက်ပမာ ဖြစ်နေလေသည်။

"ခင်ဗျားတို့ ထမင်းစားပြီးပြီလား ကိုကောင်း"

"စကားကောင်းနေတာနဲ့ မစားဖြစ်ကြသေးဘူး"

"ဒါဖြင့်လဲ ဆက်ပြီး စကားကောင်းနေကြဦး၊ ကျွန်တော် ယုန်သားဟင်းတစ်ပွဲ အမြန်သွားချက်လိုက်ဦးမယ်"

ပြောပြောဆိုဆို မိုးအာကာ မီးဖိုချောင်ဘက်သို့ ဝင်သွား၏။

မိနစ်အနည်းငယ် ကြာတော့ အငွေ့တထောင်းထောင်းထကာ အလွန်မွှေးကြိုင်လှသော ယုန်သားဟင်း ပန်းကန်နှင့်အတူ ပြန်ရောက်လာပါသည်။ မွှေးကြိုင်လှသော ဟင်းနံ့ကြောင့် ညနေကတည်းက ဘာမှ မစားခဲ့ရသေးသော သူမ၏ဝမ်းဗိုက်က တကျုတ်ကျုတ် မြည်လာပါသည်။

"မင်းလဲ ဆာရောပေါ့. . . သဒ္ဒါချို ကျုပ်လက်ရာ ယုန်သားဟင်းကို နည်းနည်းလောက် မြည်းကြည့်စမ်းပါဦး"

ယုန်သားဟင်းများကို သူမ ပန်းကန်အပြည့် ခပ်ထည့်ပေးရင်း သူပြောသည်။ တစ်ခါမှ မစားဖူးသော ယုန်သားဟင်းကို အနည်းငယ် မြည်းကြည့်လိုက်တော့ သူမ မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်နေသဖြင့် ဟန်ပင် မဆောင်တော့ဘဲ တစ်ပွဲလုံး ကုန်အောင် စားပစ်လိုက်ပါသည်။

. . . . . .



www.burmeseclassic.com

www.burmeseclassic.com









## (ခြောက်)

အိပ်ခန်းတံခါးကို ဂျက်အသေ ပိတ်ကာ သေနတ်ကို ခေါင်းရင်းမှာ ထောင်ရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသော သဒ္ဒါချိုအား ညနှစ်နာရီခွဲခန့်အချိန်၌ အိပ်ရာမှ နိုးထလာစေသော အရာမှာ ဂီတသံတစ်ခုကြောင့်ဟု ဆိုလျှင် အလွန် ရယ်စရာ ကောင်းပါလိမ့်မည်။

သို့သော် အမှန်တကယ်ပင် ဂီတသံတစ်ခုက သူမအား အိပ်ရာမှ နိုးထလာစေခဲ့၏။

ဒီအချိန်ကြီး ဘယ်သူကများ တက်ဆက်ဖွင့်နေပါလိမ့်။

တေးသွားမှာ "သတို့သမီး မပါသော ဟန်းနီးမွန်း" ဖြစ်ပြီး အဆိုမပါ အတီးသက်သက် ဖြစ်၏။ ကြားဖူးနေကျ မဟုတ်သော တီးလုံးဆန်းများအား တအံ့တသြ နားထောင်နေစဉ်မှာပင် ထိုဂီတ သံမှာ ကက်ဆက်သံ မဟုတ်ဘဲ စန္ဒရားတစ်လုံး၏ အသံဖြစ် ကြောင်း သူမ သဘောပေါက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိစ္စများ ညီနှစ်နာရီခွဲလောက်ကြီး စန္ဒရား ထတီးနေကြပါလိမ့်။

တစ်စုံတစ်ခုကို သိချင်လာပြီဆိုလျှင် ချက်ချင်း အကောင်အထည် ဖော်တတ်သော သူမ၏အကျင့်အတိုင်း ထောင်ထားသောသေနတ်ကို ယူကာ အိပ်ခန်းတံခါး ဖွင့်၍ လှေကားထိပ်ဆီသို့ လျှောက်လာခဲ့သည်။

လှေကားထိပ်မှ အောက်ထပ်သို့ ငုံ့ကြည့်သော်လည်း ဘာမှ မမြင်ရသဖြင့် လှေကားနှစ်ထစ်ခန့် ဆင်းလိုက်တော့မှ စန္ဒရားရော စန္ဒရားတီးသူပါ သဒ္ဒါချို၏ မြင်ကွင်းထဲသို့ ထင်ထင်ရှားရှား ဝင်ရောက်လာသည်။ တစ်ခါတစ်ရံ တိုးသက် ညင်သာသွားလိုက်၊ တစ်ခါတစ်ရံ ကျယ်လောင် ကြမ်းတမ်းလာလိုက်နှင့် စန္ဒရားကို တီးခတ်နေသူမှာ မိုးအာကာပဲ ဖြစ်လေသည်။

သူမ ရပ်နေရာ အပေါ်ထပ် လှေကားထိပ်မှာ မှောင်နေပြီး သူရှိရာ နေရာကတော့ လင်းနေသဖြင့် သူမအား သူ မတွေ့နိုင်ပါ။ မီးချောင်းရောင်ကြောင့် တစ်ချက်တစ်ချက် လက်ခနဲဖြစ်သွားသော ၎င်း၏မျက်လုံးများကို သူမ သတိပြုလိုက်မိတော့ ငိုနေတာလား၊ မျက်ရည်ဝဲနေတာလားဟု သူမ သိချင်လာပါသည်။

သို့သော် . . . ထိုမျှအထိ သူမ မစပ်စုသင့်ပါ။

ထိုအချိန်မှာပင် တီးလုံးသံများ ရပ်ဆိုင်းသွားပြီး စန္ဒရားခလုတ်များပေါ်သို့ ခေါင်းငိုက်စိုက် ချလိုက်သည်။ ဘုရားရေ . . . သူ ဘာဖြစ်သွားတာပါလိမ့်။

အို . . . ဘာပဲဖြစ်ဖြစ်၊ ငါနဲ့ ဘာဆိုင်လို့လဲ။

သူမ သိချင်စိတ်တို့ကို တီခနဲ ဖြတ်ကာ အိပ်ခန်းဆီသို့





ငြိမ်လာပြီး တံခါးကို သေချာပိတ်၍ သေနတ်ကို ခုတင်ဘေးတွင် ထောင်ကာ မွေ့ရာပေါ်သို့ ပစ်လှဲလိုက်၏။

"တကယ်တော့ မိုးအာကာက အရမ်းစိတ်နုတဲ့လူပါ၊ ပြီးတော့ အစွဲအလမ်းလဲ သိပ်ကြီးတယ်"

မဆီမဆိုင် ကိုကောင်း၏ စကားသံအား ဖြတ်ခနဲ ကြားယောင်လိုက်မိသည်။ သို့သော် ထိုအတွေးတို့ကို ချက်ချင်းပင် မောင်းထုတ်ကာ သူမ အိပ်ပျော်အောင် ကြိုးစားလိုက်၏။ ဒါပေမယ့် ထိုညက သူမ တော်တော်နှင့် အိပ်မပျော်ခဲ့ပါ။

မနက် အိပ်ရာထတော့ သူမ၏ လက်ပတ်နာရီအရ နေအတော် မြင့်နေပြီ ဖြစ်ကြောင်း သတိပြုလိုက်မိသည်။ သူမ အောက်ထပ်သို့ ဆင်းမည်ပြုတော့ အကျင့်ပါနေသဖြင့် ခုတင်ဘေးမှ သေနတ်ကိုပါ ဆွဲယူလာခဲ့သည်။

"နိုးပြီလား သဒ္ဒါချို . . . ညက အိပ်လို့ ပျော်ရဲ့လား"

ဧည့်ခန်း၌ ထိုင်နေသော ကိုကောင်းက သူမအား ဆီးကြိုနှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

"ဒီလိုပါပဲ . . . ကိုကောင်း၊ အိပ်ရာ အပြောင်းအလဲမို့လား မသိဘူး၊ ပျော်လိုက် မပျော်လိုက်ပါပဲ၊ ဒါနဲ့ စကားမစပ်၊ ညက စန္ဒရားတီးသံ ကြားလိုက်မိသလိုပဲ၊ ကျွန်မ စိတ်ထင်လို့ပဲလား မသိဘူး"

သိလျက်နှင့် သူမ တမင်စပ်စုလိုက်တော့ ကိုကောင်းက အသာအယာ ပြုံးလျက် ခေါင်းညိတ်သည်။

"စိတ်ထင်တာ မဟုတ်ပါဘူး သဒ္ဒါချို၊ ခင်ဗျား တကယ်ကြားလိုက်တာပါ၊ အာကာ့ လက်သံပေါ့၊ ဒီကောင်က ဆောင်းကို သတိရတဲ့အခါ အဲလိုပဲ ညကြီးသန်းခေါင် စန္ဒရားတီးပြီး တီးနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်တာ ကဲ. . . မနက်စာ စားလိုက်ပါဦး. . . မသဒ္ဒါချို ကျွန်တော်တို့ စားနေကျ ထမင်းကြမ်းနဲ့ ယုန်သားကင်လို မနက်စာမျိုး ဆိုရင် ခင်ဗျား မစားနိုင်မှာစိုးလို့ ကော်ဖီရယ်၊ ပေါင်မုန့်ထောပတ်သုတ်ရယ်၊ ကြက်ဥကြော်ရယ် လုပ်ထားတယ်. . ."

"ကိုကောင်းတို့ကော စားပြီးပြီလား"

"မစားရသေးဘူး၊ မသဒ္ဒါချို နိုးမှ အတူတူ စားမယ်ဆိုပြီး တမင်ထိုင်စောင့်နေတာ"

သူတို့ ငါ့အပေါ် ဧည့်သည်တစ်ယောက်လို တကယ် ဧည့်ဝတ် ကျေရှာသားပဲ ဟူသောအတွေးနှင့် လက်ထဲ၌ သေနတ်ကြီး တကားကား ကိုင်ထားမိသော ကိုယ့်အဖြစ်ကို ကိုယ့်ဘာသာကိုယ် ရှက်လာမိ၏။ ဒါပေမယ့် ဒီသေနတ်ဟာ တစ်ချိန်ကျလျှင် သူမ အတွက် အသုံးဝင်မလာဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။

ကိုကောင်းက ထမင်းစားခန်းဆီသို့ ဦးတည်ခေါ်ဆောင်လာချိန်၌ သူမ အမှတ်တမဲ့ မေးလိုက်မိသည်။

"ဟိုတစ်ယောက်ကော မနိုးသေးဘူးလား ကိုကောင်း"

"အာကာလား. . . မနက်အစောကြီးကတည်းက ကားယူပြီး ထွက်သွားလေရဲ့. . ."

ကိုကောင်း၏အဖြေက ညနှစ်နာရီခွဲ သုံးနာရီတိုင်အောင် စန္ဒရားတီးနေသဖြင့် တော်တော်နှင့် အိပ်ရာမှ နိုးဦးမည် မဟုတ်ဟု ထင်မြင်ယူဆထားမိသော သူမ၏အထင်တို့ကို ပါစင်အောင် လွဲမှားသွားစေမိပါသည်။

"သူ အဲဒီလိုပဲ ကားတစ်စီးနဲ့ သွားချင်ရာ လျှောက်သွားနေတတ်သလား ကိုကောင်း၊ ပြီးတော့ စန္ဒရားကိုရော အချိန်မဟုတ် အခါမဟုတ် တီးချင်သလို တီးနေတာပဲလား"





"ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ အဲဒီမေးခွန်းကို မေးသလဲ ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် သဒ္ဒါချို၊ အာကာ့ကို ပုံမှန်မဟုတ်ဘူးလို့ ခင်ဗျား ထင်နေတယ် မဟုတ်လား၊ အဲဒီ အကြောင်းကို ကော်ဖီသောက်ရင်း အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့"

ကိုကောင်းက သူမ ထိုင်ရန် စားပွဲထိပ်မှ ခုံကို ဆွဲပေးသဖြင့် ထမင်းစားပွဲ၌ သူမ အသာအယာ ဝင်ထိုင်လိုက်ပါသည်။

◈ ◈ ◈

အေးစက်နေပြီဖြစ်သော ကော်ဖီခွက်ကို ရှေ့ချကာ ငွေစိုးကြည် တစ်ယောက် ကျောက်ရုပ်တစ်ရုပ်ပမာ ငြိမ်သက်စွာ ထိုင်နေမိသည်မှာ မည်မျှ ကြာပြီမသိ။ သူ့ရင်ထဲမှာတော့ ချော်ရည်ပူတို့ ပွက်ပွက်ဆူကာ လောင်မြိုက်နေကြ၏။

"ကျွန်မ စိတ်မကောင်းပါဘူး ကိုငွေစိုးကြည်၊ သဒ္ဒါချို နေ့ညနေစောင်းကတည်းက ပျောက်နေတယ်"

ဒီနေ့ ဂျူတီနားရက်မို့ အေးအေးဆေးဆေး အိပ်ရန် ကြံ ထားသော ငွေစိုးကြည်အား ခုတင်ဘေးရှိ အနီရောင် တယ်လီဖုန်းက စူးစူးဝါးဝါး အော်မြည် နိုးထစေလျက် အထက်ပါ သတင်းဆိုးကို သူ၏နားထဲသို့ ဆိုးဆိုးဝါးဝါး တိုးဝင်စေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တင်ဇာ ဖုန်းဆက်လာချိန်က နံနက် ၁၀နာရီ ၀၀လီ၀၀လင်းအချိန် ဖြစ်သော်လည်း သူ၏ အိပ်ချင်စိတ်တို့ ချက်ချင်းပင် လွင့်စဉ်သွားခဲ့သည်။

"ဘာပြောတယ် မတင်ဇာ၊ သဒ္ဒါပျောက်နေလို့. . . ဟုတ်လား. . ."

"ဟုတ်တယ် ကိုငွေစိုးကြည်၊ မနေ့က ရက္ခပဗေဒဥယျာဉ်က အထွက် ကားဘက်ထရီ ဝပ်သွားလို့ လွင်မျိုးအေးနဲ့ကျွန်မ ဝပ်ရှော့ဆရာ သွားခေါ်တယ်၊ သူက ဝပ်ရှော့ကို မလိုက်ဘူး၊ ကားပေါ်မှာပဲ နေခဲ့မယ်လို့ ပြောတယ်၊ ကျွန်မတို့ စက်ဆရာခေါ်ပြီး ပြန်လာတော့ ကားရော သူရော မရှိတော့ဘူး၊ ကားက ဘက်ထရီ ဝပ်သွားတာဆိုတော့ လူနှစ်ယောက် သုံးယောက်လောက်ကို အကူအညီ တောင်းပြီး တွန်းနှိုးရင် နိုးသွားနိုင်တယ်၊ ကားနိုးသွားတော့ ကျွန်မတို့ကို ကျီစယ်ချင်တာနဲ့ ကားလျှောက်မောင်းတာ ဖြစ်မယ်လို့ ထင်ပြီး သူ သွားနိုင်တဲ့နေရာတွေ လိုက်ရှာတယ်"

"မတွေ့ဘူး မဟုတ်လား"

"အဲဒီညက ကျွန်မတို့ ညစာစားဖို့ တိုင်ပင်ထားတဲ့ စားသောက်ဆိုင်နားမှာ ကားကို အကောင်းပကတိ ပြန်တွေ့တယ် သူ့ကိုတော့ မတွေ့သေးဘူး၊ ညတွင်းချင်း ရဲစခန်းမှာ တိုင်ချက်ဖွင့်ပြီး ရှင့်ဆီ ဖုန်းဆက်တယ်၊ ရာသီဥတု အခြေအနေတွေနဲ့ ဖုန်းလိုင်းတွေကြောင့် ရှင့်ဆီ ဆက်လို့မရဘူး၊ ခုမနက်မှ ရတာ"

"ကောင်းပြီ. . . ကျွန်တော် အခုပဲ ပြင်ဦးလွင်ကို တက်လာခဲ့မယ်. . ."

"ဒီနေ့တစ်ရက်တော့ အခြေအနေ စောင့်ကြည့်လိုက်ပါဦး ကိုငွေစိုးကြည်၊ ဘာဖြစ်လို့လဲဆိုတော့ လွင်မျိုးအေးရော ကျွန်မ





သဒ္ဒါ ကျွန်မတို့ကို တမင်နောက်နေတာလို့ပဲ ယုံကြည်နေကြတယ်၊ စက်ဆရာ သွားခေါ်မတော့ မလိုက်ဘဲ တမင်ချန်နေခဲ့တာရယ်၊ ကကဆက်နားထောင်မယ်ဆိုပြီး ကားသော့ တောင်းထားလိုက်တာရယ်ဟာ သူ့မှာ အကြံရှိလို့ ဖြစ်မယ်လို့ လွင်မျိုးအေးက ယူဆတယ်၊ ဒီနေ့ ကျွန်မတို့ ပြင်ဦးလွင်က ဟိုတယ်တွေအားလုံးမှာ လိုက်ရှာမယ်လို့ ဆုံးဖြတ်ထားတယ်၊ အကြောင်းထူးတာနဲ့ ရှင့်ဆီ ကျွန်မတို့ ချက်ချင်း ဖုန်းဆက်လိုက်မယ်"

"ခင်ဗျားတို့ဆီက ဖုန်းမလာမချင်း ကျုပ် ဘာလုပ်နေရမှာလဲ မတင်ဇာ"

"ဆေးရုံက ခွင့်ယူပြီး အိမ်မှာပဲ ကျွန်မတို့ဖုန်းကို မျှော်နေပါ ကိုငွေစိုးကြည်၊ ဒီနေ့တော့ သဒ္ဒါကို ပြန်တွေ့မှာပါ၊ တကယ်လို့ ဒီနေ့မှ မတွေ့ရင် ရှင် ပြင်ဦးလွင်ကို တက်လာခဲ့ပါ"

"ကျွန်တော်ကတော့ ခုချက်ချင်းကို တက်လာချင်တာ၊ ကောင်းပြီလေ၊ ခင်ဗျား အကြံပေးသလိုပဲ၊ ကျွန်တော့်စိတ်ကို ရှည်ရှည်ထားပြီး ခင်ဗျားတို့ဆီက ဖုန်းကို မျှော်နေပါ့မယ်"

ထိုသို့ ဝေလီဝေလင်းအချိန်၌ တင်ဇာ သူ့ထံသို့ ဖုန်းဆက်ပြီးကတည်းက အလွန် ပူလောင်ပြင်းထန်သော မီးတောင်ကြီးတစ်လုံးကို ငွေစိုးကြည် ရင်ထဲ၌ ပွေ့ပိုက်ထားခဲ့ရခြင်း ဖြစ်သည်။ ခြောက်နာရီလောက်က သူ၏အိမ်ဖော် ဖျော်ပြီး လာချပေးသွားသော ကော်ဖီခွက်ကလည်း ဆောင်းငွေ့ဖြင့် အေးစက်နေကြပြီ ဖြစ်၏။

ဘယ်လိုဖြစ်တာလဲ၊ ဘာ့ကြောင့် စားသောက်ဆိုင်နားမှာ ကားရပ်ပြီး သဒ္ဒါချို ပျောက်သွားရတာလဲ၊ ဒါဟာ တင်ဇာတို့ ပြောသလို နောက်ပြောင်ကျီစယ်မှုတစ်ခု ဟုတ်ရဲ့လား၊ တကယ့်



www.burmeseclassic.com

www.burmeseclassic.com



ရှိုးသားမှု ဖြစ်နိုင်ပါ့မလား။

အတွေးတို့ ယောက်ယက်ခတ်ကာ ပူပန်မှုဖြင့် သူ့စိတ်ထဲ၌ လေးလံနေကြ၏။ ဒါဟာ ရိုးသားမှုတစ်ခုအဖြစ် သူ့စိတ်ထဲ၌ ဘယ်လိုမှ လက်ခံ၍မရပါ။ ထိုသို့ တွေးမိလေ သဒ္ဒါချိုအတွက် စိုးရိမ်စိတ်တို့က ပိုမိုရှုန်းကြွလာလေ ဖြစ်သည်။

ထိုအချိန်မှာပင် သူ အလွန်မျှော်လင့်နေပြီး အလွန်လည်း စိုးရွံ့နေသော တယ်လီဖုန်းသံက စူးရှစွာ ထွက်ပေါ်လာပါသည်။ နာရီကို ကြည့်လိုက်တော့ (၈)နာရီ ထိုးပြီးခါစ. . .

တင်ဇာတို့ အကြောင်းကြားမှုက မြန်ဆန်လှချည်လားဟူသော အတွေးနှင့် သူ၏စိတ်တို့ ပေါ့ပါးရမည်လား၊ လေးလံရမည်လား ဝေခွဲမရဘဲ တယ်လီဖုန်းဆီသို့ လျှောက်လာခဲ့သည်။

"ဒေါက်တာ ငွေစိုးကြည်လား"

တင်ဇာ သို့မဟုတ် လွင်မျိုးအေး ဖြစ်မည်ဟု သူ မျှော်လင့်ထားသော်လည်း ဖုန်းထဲမှ ထွက်ပေါ်လာသည့်အသံက သူ နားစိမ်းသော ယောကျ်ားသံတစ်ခု ဖြစ်နေပါသည်။

"ကျွန်တော် ငွေစိုးကြည်ပါ၊ ခင်ဗျား ဘယ်သူလဲ"

"ခင်ဗျားရဲ့ ဦးနှောက်တွေ မပျက်စီးသေးဘူးဆိုရင် ခင်ဗျား ကျုပ်ကို သိမှာပါ၊ ကျုပ်နာမည် မိုးအာကာ၊ ခင်ဗျားကားနဲ့ ဝင်တိုက်ခဲ့တဲ့ ဆောင်းသဇင်ရဲ့ချစ်သူ"

သူ့ခေါင်းထဲ၌ မေ့နေလောက်ပြီဖြစ်သော အမည်နာမတို့ကြောင့် တစ်ကိုယ်လုံး တောင့်ခနဲ ဖြစ်သွား၏။ ဆောင်းသဇင်ရဲ့ချစ်သူ မိုးအာကာ. . . တဲ့။ ဒါဖြင့် သဒ္ဒါချို ပျောက်နေတာဟာ သူ့ရဲ့ပယောဂပဲ ဖြစ်ရမှာပေါ့။

"ကိုမိုးအာကာ၊ ခင်ဗျား သဒ္ဒါချိုကို တစ်ခုခုများ. . ."





သူ့စကား တစ်ပိုင်းတစ်စ ရပ်သွားချိန်၌ မိုးအာကာဆိုသူက ခပ်အစ်အစ် ရယ်မောလျက် တုံ့ပြန်သည်။

"ဘယ်ဆိုးလို့လဲ ဒေါက်တာ၊ ခင်ဗျားက ဆရာဝန်သာဆိုတယ် စုံထောက်ဉာဏ် ရှိသားပဲ၊ ဟုတ်တယ်၊ သဒ္ဒါချို ကျွန်တော့်ဆီ ရောက်နေတယ်"

"ခင်ဗျား. . . ခင်ဗျား သူ့ကို ဘာလုပ်ထားသလဲ"

သူ စိုးရိမ်တကြီး မေးလိုက်တော့ တစ်ဖက်မှ ရယ်သံခပ်အုပ်အုပ် ပေါ်လာ၏။

"ကျုပ်က ခင်ဗျား ကြည့်ဖူးတဲ့ ခပ်ညံ့ညံ့ ဗီဒီယိုကားတွေထဲက လူကြမ်းမျိုး မဟုတ်ပါဘူး ဒေါက်တာ၊ သဒ္ဒါချိုကို အထူးဧည့်သည်တစ်ယောက်လို ကောင်းကောင်းမွန်မွန်ပဲ ဧည့်ခံထားပါတယ်၊ ခင်ဗျား သဒ္ဒါချိုကို ပြန်လိုချင်ရင် ကျုပ်နဲ့ အပေးအယူ တစ်ခုတော့ လုပ်ရလိမ့်မယ်"

"ခင်ဗျား ဘာလိုချင်သလဲ၊ ငွေလား၊ ကျုပ် ဘယ်လောက်ပေးပြီး ရွေးရမလဲ. . ."

"ကျုပ်လိုချင်တာ ငွေမဟုတ်ဘူး ဒေါက်တာ"

"ဒါဖြင့် ဘာလဲ"

"ဆောင်း"

"ဘာ"

"ကျုပ် ဆောင်းသဇင်ကို ပြန်လိုချင်တယ်၊ ခင်ဗျားရဲ့သဒ္ဒါချိုနဲ့ ကျုပ်ရဲ့ ဆောင်းသဇင်ကို အလဲအလှယ် လုပ်ကြမယ်၊ ဘယ့်နှယ့်လဲ"

"ခင်ဗျား ရူးနေသလား ကိုမိုးအာကာ၊ ဆောင်းက သေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပါးစပ်ထဲမှာ ငွေသပေမယ့် ကျွန်မအတွက်တော့ ဆောင်း မသေသေးဘူး ဒေါက်တာ၊ အဲဒါကို ကျုပ်သိနေတယ်၊ ဒီတော့ သဒ္ဒါချိုကို အမြန်ဆုံး ပြန်လိုချင်ရင် ကျုပ်ရဲ့တောင်းဆိုမှုကိုလဲ အမြန်ဆုံး လိုက်လျောနိုင်အောင် ကြိုးစားပါ၊ နောက်ငါးရက်ကြာရင် ကျုပ် ဖုန်းထပ်ဆက်လိုက်မယ်၊ အဲဒီအခါကျရင် ခင်ဗျားကျုပ်ကို ပြတ်ပြတ်သားသား အဖြေပေးပါ၊ ဒီအတောအတွင်း ရဲတိုင်တာတွေဘာတွေ မလုပ်ပါနဲ့၊ တတ်နိုင်သမျှ ရဲနဲ့ ခပ်ကင်းကင်းနေပါ"

စကားဆုံးသည်နှင့် တစ်ဖက်မှ ဖုန်းချသွား၏။ ငွေစိုးကြည် ဖုန်းခွက်ကို ဆောင့်ချလိုက်ပြီး 'အရူး' ဟု ခပ်တိုးတိုး ဆဲလိုက်မိသည်။

... ဗြဲဗြဲ ...





(၁၃)

"သူ မရူးပါဘူး သဒ္ဒါချို၊ သူဟာ နည်းနည်း အစွဲအလမ်းကြီးတတ်တာ တစ်ခုပါပဲ"

"မရူးရင် ဆရာဝန်တစ်ယောက်ရဲ့ ပြောစကားကို သူဘာဖြစ်လို့ လက်မခံနိုင်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူဟာ သူများထက်ပိုပြီး အစွဲအလမ်း ကြီးတတ်တဲ့လူ ဖြစ်နေလို့ပေါ့. . . သဒ္ဒါချို မျက်စိတစ်မှိတ်လျှပ်တပြက်အတွင်းမှာ မြန်မြန်ဆန်ဆန်ကြီး ပြောင်းလဲသွားတဲ့ အပြောင်းအလဲကို သူ လက်မခံနိုင်လောက်အောင် ဖြစ်ခဲ့ပုံ ရတယ်"

"ရှင် ပြောတာတွေက နားထောင်လို့တော့ ကောင်းပါတယ်၊ ဒါပေမယ့်. . . ယုတ္တိခိုင်မာမှု အားနည်းလွန်းနေတယ် ကိုကောင်း"

"ယုတ္တိတန်မတန်ဆိုတာ အကြောင်းပြချက်နဲ့ ဆိုင်တဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ပါ သဒ္ဒါချို၊ အချစ်နဲ့ ပတ်သက်တဲ့ စိတ်ခံစားမှုတွေမှာ အကြောင်းပြချက်တွေ ယုတ္တိတန်မှုတွေ မလိုဘူးလို့ ကျွန်တော် ထင်တယ်ထားပါလေ၊ ခင်ဗျားကို ကျွန်တော် တစ်ခုမေးမယ်၊ ကမ္ဘာကြီးဟာ နေ့မှာ လင်းပြီး ညမှာ မှောင်တယ်၊ တကယ်လို့ နေ့ခင်းကြောင်တောင်က ညသန်းခေါင်လို မှောင်အတိ ကျသွားမယ်ဆိုရင် ခင်ဗျား ဘယ်လို ခံစားရမလဲ"

ကိုကောင်း ဘယ်လို ရည်ရွယ်ချက်နှင့် မေးလိုက်မှန်း မသိသော်လည်း သူမ အနည်းငယ် စဉ်းစားကာ အဖြေပေးလိုက်သည်။

"အင်း. . . ကျွန်မ အရမ်းအံ့ဩသွားလိမ့်မယ် ထင်တယ် မယုံကြည်နိုင်လောက်အောင်လဲ ဖြစ်သွားလိမ့်မယ်၊ ပြီးတော့ တုန်လှုပ်သွားမလားပဲ"

"သေချာတာပေါ့၊ ခင်ဗျား အဲဒီအတိုင်း ခံစားရလိမ့်မယ်ခု အာကာ ခံစားနေရတာလဲ အဲဒီအတိုင်းပဲ၊ သူ့ဘဝမှာ နေမင်းကြီးလို အလင်းရောင် ပေးနေတဲ့ ဆောင်းသဇင် မရှိတော့ဘူးဆိုတဲ့အချိန်မှာ သူဟာ နေကြတ်တာနဲ့ ကြုံတွေ့လိုက်ရတဲ့ လူတစ်ယောက်လို ခံစားလိုက်ရတယ်၊ အမြဲတမ်း လင်းနေခဲ့တဲ့ သူ့ဘဝကြီး မှောင်အတိ ကျသွားခဲ့ရတယ်"

"ဒါပေမယ့် နေကြတ်တယ်ဆိုတာ ခဏပါ ကိုကောင်း"

"ဟုတ်ပါတယ်၊ တချို့တိုင်းပြည်တွေမှာ စက္ကန့်ပိုင်းလောက်ကြာပြီး တချို့တိုင်းပြည်တွေမှာတော့ မိနစ်ပေါင်းများစွာ ကြာတယ်၊ ဒါပေမယ့် အဲဒီစက္ကန့်တွေမိနစ်တွေနဲ့ ဖွဲ့စည်းထားတဲ့ စိတ်ခံစားမှုကို မလွှမ်းမိုးနိုင်ဘူး သဒ္ဒါချို၊ တစ်ညဝေးရုံနဲ့ ရက်ပေါင်းခုနစ်ရာ ပူဆွေးရတဲ့ ကိန္နရီ ကိန္နရာ ဇာတ်တော်ကို ခဏမေ့ထားလိုက်





ပါ ခင်ဗျား အခု ရှမ်းပြည်နယ်ကို အပျော်ခရီး ထွက်လာတယ်၊ ခင်ဗျား သူငယ်ချင်းတွေနဲ့ တစ်လတန်သည် နှစ်လတန်သည် လျှောက်လည်ပြီး ရန်ကုန်ပြန်သွားတယ် ဆိုပါတော့၊ ရန်ကုန်ရောက်တဲ့အခါ တစ်လနှစ်လ ကြာခဲ့တယ်လို့တောင် ထင်မှာ မဟုတ်ဘူး၊ ဒါပေမယ့်. . .

ဒီအိမ်ထဲမှာ ခင်ဗျားကို တစ်လလောက် ပြန်ပေးဆွဲထားမယ်ဆိုရင် ခင်ဗျား ဘယ်လို ခံစားရမလဲ၊ တစ်လမက ကြာတယ်လို့ ခံစားရလိမ့်မယ်၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ စိတ်ခံစားမှုကြောင့်ပဲ၊

အာကာဟာလဲ အဲဒီလို စိတ်ခံစားမှုကြောင့် သူများတွေ မေ့ချိန်တန်အောင် သူ ဆောင်းကို မမေ့နိုင်ခဲ့ဘူး၊ အမှန်တရားကို လက်ခံနိုင်လောက်တဲ့ အချိန်တန်အောင် သူ လက်မခံနိုင်ခဲ့ဘူး"

ကိုကောင်းက သူမအား ခေတ္တ အကဲခတ်သလို တစ်ချက်ကြည့်ပြီးမှ ဆက်ပြောသည်။

"ဒါပေမယ့်. . . အချိန်ကာလရယ်၊ ခင်ဗျားရယ်၊ ကျွန်တော်ရယ် ပူးပေါင်းလိုက်ရင် သူ့ရဲ့ စိတ်အစွဲကြီးကို ကုစားနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊ ဒါကြောင့် ကျွန်တော်နဲ့အတူ သူ့ကို ဖျောင်းဖျဖို့ ခင်ဗျားကို အကူအညီ တောင်းခဲ့တာပဲ သဒ္ဒါချို. . ."

"ရှင် စကားပြောကောင်းတယ် ကိုကောင်း၊ ရှင့်စကားတွေကြောင့် ရှင့်သူငယ်ချင်းကို ကျွန်မ သနားသွားလိမ့်မယ်လို့တော့ တစ်ထစ်ချ တွက်မထားပါနဲ့၊ ဒါပေမယ့် ရှင်နဲ့အတူ ကျွန်မ တတ်နိုင်သမျှ ကူညီပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ အမြန်ဆုံး အမြင်မှန် ရမှ ကျွန်မ ဒီအိမ်ကြီးက အမြန်ဆုံး ထွက်သွားနိုင်မှာမို့လို့ပဲ"

သူမ စကားအဆုံး၌ ကိုကောင်းက ဝမ်းသာအားရ တုံ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါသည်။

"ကျေးဇူးပဲ သဒ္ဒါချို၊ ဒါဆို ခုချိန်ကစပြီး ကျွန်တော်တို့ နှစ်ယောက် မဟာမိတ် ဖြစ်ပြီလို့ သတ်မှတ်လိုက်ပါ၊ ကျွန်တော်တို့ နှစ်ယောက်ပေါင်းပြီး ရှင်းပြရင် သူ လက်ခံလာမှာပါ၊ တစ်ခုတော့ ရှိတယ်၊ ခင်ဗျား သူ့ကို ခုထက်ပိုပြီး ရင်းနှီးအောင် ကြိုးစားရလိမ့်မယ်"

အမြဲတမ်း မှုန်တေတေ မျက်နှာထားနှင့် မိုးအာကာအား ယခုထက် ပိုရင်းနှီးအောင် ကြိုးစားဖို့ ဆိုသည်မှာ သိပ်တော့ လွယ်လိမ့်မည် မထင်ပါ။ ဘာပဲဖြစ်ဖြစ် ကိုကောင်း အကြံပေးသည့် အတိုင်း သူမ ကြိုးစားရပါလိမ့်မည်။

◈ ◈ ◈

တအောင့်အကြာ၌ ခပ်ကြမ်းကြမ်း ကားစက်သံနှင့်အတူ မိုးအာကာ ပြန်ရောက်လာပါသည်။ ငွေစိုးကြည်ထံသို့ ပြင်ဦးလွင် အိတ်ချိန်းမှ ဖုန်းမဆက်လိုသဖြင့် သူ မန္တလေးအထိ ဆင်းဆက်ခဲ့ခြင်း ဖြစ်သည်။

သွားစဉ်က သဒ္ဒါချိုအတွက် အနွေးထည်တစ်ထည် ဝယ်ပေးရန် စိတ်ကူးခဲ့သော်လည်း အပြန်မှာတော့ သူ မေ့လျော့လာခဲ့မိသည်။ ထို့ကြောင့် ရင်းတို့ဝိုင်းသို့ ဝင်ထိုင်ရင်း သူ ပြောလိုက်





သည်။

"ဆောရီးပဲ သဒ္ဒါချို၊ ဒီအရပ်နဲ့ လိုက်ဖက်မယ့် အနွေးထည်မျိုး တစ်ထည် မင်းအတွက် ဝယ်ပေးဖို့ ကျုပ် မေ့လာခဲ့မိတယ်"

မဆီမဆိုင် တောင်းပန်လာသည့် မိုးအာကာ စကားကြောင့် သဒ္ဒါချို အံ့ဩသွားရသလို 'အနွေးထည်' ဟူသော စကားကြောင့်လည်း သူမ ရှက်အမ်းအမ်း ဖြစ်သွားမိသည်။

"အနွေးထည် ဟုတ်လား ကိုအာကာ၊ အနွေးထည် အတွက် ဆိုရင်တော့ ကျွန်မကသာ ရှင့်ကို တောင်းပန်ရမှာပါ"

သူမစကားကြောင့် မျက်မှောင်ကြုတ်ကာ "ဘာဖြစ်လို့လဲ" ဟု သူ လှမ်းမေးသည်။

"ညက အိပ်မပျော်တာနဲ့ အိပ်ခန်းထဲ လျှောက်ကြည့်ရင်း ခရီးဆောင်အိတ်တစ်လုံး တွေ့တယ် ကိုအာကာ၊ အိတ်က တစ်ဝက်လောက် ပွင့်နေလို့ အထဲက အမျိုးသမီး အဝတ်အစားတွေရယ်၊ အနွေးထည်တွေရယ်၊ မိန်းမဝတ် ဂျင်းဘောင်းဘီနှစ်ထည်ရယ်ပါ ကျွန်မ တွေ့လိုက်ရတယ်၊ အဲဒါတွေဟာ ရှင်နဲ့ ပတ်သက်နေမယ်ဆိုတာ သိလို့ ကျွန်မ ဒီအတိုင်း ပြန်ထားလိုက်ပါတယ်"

သဒ္ဒါချို ခေတ္တတုံ့ဆိုင်း ရပ်တန့်သွားပြီးမှ မလုံမလဲလေသံဖြင့် ဆက်ပြောသည်။

"ဒါပေမယ့် မိုးလင်းခါနီး သိပ်အေးလာလို့ ခုဝတ်ထားတဲ့ အနွေးထည်ကို ယူဝတ်လိုက်မိတယ်၊ ရှင့်ကို ခွင့်မတောင်းဘဲ ယူဝတ်မိတဲ့အတွက် တောင်းပန်ပါတယ် ကိုအာကာ၊ ရှင် မကြိုက်ရင် ကျွန်မ ပြန်ချွတ်လိုက်ပါ့မယ်"

ဒီတော့မှ မိုးအာကာ၏ အကြည့်တို့က သဒ္ဒါချိုကိုယ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှ နီညိုရောင် လောင်းကုတ် အနွေးထည်ပေါ်သို့ ကျရောက်သွားကြ၏။

ကြည့်စမ်း. . . ဒါဟာ ဆောင်းရဲ့အနွေးထည်ပဲ။ စောစောက သူ ဘာဖြစ်လို့ သတိမထားမိခဲ့ပါလိမ့်။

ထိုအနွေးထည်အား ပြန်ချွတ်ခိုင်းရမလား၊ ဆက်ဝတ်ခိုင်းရမလား၊ သူ ဝေခွဲမရ ဖြစ်နေမိစဉ် သဒ္ဒါချိုကလည်း သူ၏အဖြေကို စိတ်ဝင်တစား စောင့်ဆိုင်းငေးမောနေပါသည်။ မျက်လုံးအစုံကို မှေးစင်းလျက် သဒ္ဒါချို သူ့အား ငေးကြည့်နေပုံက ဆောင်းသဇင်နှင့် တူလှသဖြင့်. . .

သဒ္ဒါချိုအား သူ၏ချစ်သူ ဆောင်းသဇင်အဖြစ် မြင်ယောင်လာမိသည်။

သို့သော် ထိုအာရုံမှားမှုကို စက္ကန့်ပိုင်းအတွင်းမှာပင် သူ မောင်းထုတ်ပစ်လိုက်ပြီး သဒ္ဒါချိုကို ပြန်ပြောလိုက်သည်။

"မင်းနဲ့ တော်တယ်ဆိုရင် အဲဒီထဲက အဝတ်အစားတွေကို ယူဝတ်နိုင်ပါတယ် သဒ္ဒါချို၊ ဒါပေမယ့် တစ်ခုတော့ ကြိုသတိပေးပါရစေ၊ အဲဒီအိတ်ထဲမှာ ဦးထုပ်အနီတစ်လုံးနဲ့ ကုတ်အင်္ကျီအနီရောင် အသစ်တစ်ထည် တွေ့လိမ့်မယ်၊ အဲဒါတွေကိုတော့ မင်း လုံးဝ ယူမဝတ်ပါနဲ့"

"ဘာဖြစ်လို့လဲ ကိုအာကာ၊ ဦးထုပ်အသစ် ကုတ်အင်္ကျီအသစ်ဆိုတော့ ကျွန်မ ယူဝတ်ရင် ဟောင်းသွားမှာစိုးလို့လား"

ရုတ်တရက်မို့ အာကာ၏မျက်နှာက တင်းသွားပြီး သဒ္ဒါချိုအား ခပ်ဆတ်ဆတ် တုံ့ပြန်လိုက်သည်။

"ကျုပ် အဲ့ဒီလောက် မတွန့်တိုတတ်ဘူး သဒ္ဒါချို၊ ဒါပေမယ့် အဲဒီနှစ်ခုကိုတော့ မင်း ဝေးဝေးရှောင်ပါ"





အနည်းငယ် တင်းမာသွားသော အခြေအနေအား ကိုကောင်းက အလျင်အမြန် ဝင်ထိန်းလိုက်ပါသည်။

"တို့ ဒီနေ့ တောတိုးကြရင် ကောင်းမယ် ထင်တယ် အာကာ. . . တိမ်ပျံနဲ့ မိုးပြာလဲ ဇောင်းထဲမှာ ညောင်းလှပေါ့"

မိုးအာကာက အင်းမလှုပ် အဲမလှုပ် ငြိမ်သက်နေသော်လည်း သဒ္ဒါချိုက ကိုကောင်း၏ စကားကို စိတ်ဝင်တစား ဝင်မေးလိုက်ပါသည်။

"တောတိုးတယ်ဆိုတာ ဘာကို ပြောတာလဲ ကိုကောင်း၊ ပြီးတော့ မိုးပြာနဲ့ တိမ်ပျံ ဆိုတာကကော ဘာတွေလဲ"

"တောတိုးတယ်ဆိုတာ အမဲပစ်တာကို ပြောတာ သဒ္ဒါချို၊ မိုးပြာနဲ့ တိမ်ပျံ ဆိုတာကတော့ ကျွန်တော်တို့ မွေးထားတဲ့ မြင်းတွေပေါ့"

"မြင်းတွေ. . . ဟုတ်လား၊ ဒါဆို ရှင်တို့ မြင်းတွေနဲ့ အမဲလိုက်ကြမလို့ပေါ့၊ အိုး. . . ကျွန်မက မြင်းသိပ်စီးချင်တာ၊ ကျွန်မတော ရှင်တို့နဲ့ လိုက်လို့ရမလား ကိုကောင်း"

အတွေ့အကြုံ အသစ်အဆန်း မှန်သမျှ စိတ်ဝင်စားတတ်သော သဒ္ဒါချိုက စိတ်အားထက်သန်စွာ မေးလိုက်တော့ မိုးအာကာ၏ အလိုမကျသံက ထွက်ပေါ်လာသည်။

"မဖြစ်ဘူး ထင်တယ် ကိုကောင်း"

"ဘာဖြစ်လို့လဲ အာကာ"

"မိန်းမတစ်ယောက် ပါနေရင် ခရီးတွင်မှာ မဟုတ်ဘူး၊ ပြီးတော့ မြင်းနှစ်ကောင် လူသုံးယောက် ဘယ်လိုသွားကြမှာလဲ"

"ဒီလို လုပ်မယ်ကွာ၊ ငါ တိမ်ပျံနဲ့ အရင်သွားနှင့်မယ်၊ ငါတို့ သုတ်ကိုင်းထောင်ထားတဲ့နေရာ ရောက်ရင် တိမ်ပျံကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပြီး ငါ အဲဒီက စောင့်နေမယ်. . . မင်းနဲ့ သဒ္ဒါချို့ မြင်းတစ်ကောင်စီ စီးပြီး အဲဒီကို လိုက်ခဲ့ကြပေါ့၊ မင်းက တိမ်ပျံကို စီး၊ သဒ္ဒါချိုက မိုးပြာကို စီးပေါ့"

"သူက မြင်းစီးတတ်လို့လား"

သဒ္ဒါချိုအား မေးငေါ့ကာ မိုးအာကာက မေးလိုက်ခြင်းဖြစ်သည်။ စွန့်စားရခြင်း အတွေ့အကြုံ အသစ်အဆန်း မှန်သမျှကို ခံစားလိုခြင်းတို့က သဒ္ဒါချို၏ မွေးရာပါ ဗီဇဖြစ်သည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နှင့် ပြန်ပြောလိုက်ပါသည်။

"ကျွန်မကို ဘယ်လိုစီးရမလဲ ဆိုတာပဲ ပြောပါ၊ ကျွန်မဖြစ်အောင် စီးပါ့မယ်"

"လိုက်ပါစေ အာကာ၊ သူလဲ အိမ်ထဲမှာချည်း နေရတာပျင်းမှာပေါ့"

"ဟုတ်ပါတယ်. . . ကိုအာကာ၊ ကျွန်မ မြင်းစီးတာရော အမဲလိုက်တာပါ ကြုံဖူးချင်လို့ပါ၊ ရှင့်စိတ် အနှောင့်အယှက် ဖြစ်အောင် ဘာမှ မလုပ်ပါဘူး၊ ထွက်လဲ မပြေးပါဘူး၊ ကျွန်မ ကတိပေးပါတယ်"

"မင်း ထွက်ပြေးလို့လဲ မရပါဘူး၊ ရန်လုံတို့ ပါနေတာပဲ၊ ဒါပေမယ့် မင်းသေနတ်ကိုတော့ ထားခဲ့ရလိမ့်မယ်၊ ပြီးတော့ လုံချည်ကြီး တကားကားနဲ့ မြင်းစီးဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အပေါ်ထပ်က အိတ်ထဲမှာ ဂျင်းဘောင်းဘီနှစ်ထည် ရှိတယ်၊ မင်းထက် နည်းနည်းတော့ ပွချင်ပွနေလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီထဲက တစ်ထည်ထည်ကို လဲဝတ်ပါ၊ ဒါမှ မြင်းစီးလို့ အဆင်ပြေလိမ့်မယ်"

မိုးအာကာက သူမအား လိုက်ခွင့်ပြုလိုက်သဖြင့် သဒ္ဒါချို





အလွန်ဝမ်းသာသွားပါသည်။ ထို့ကြောင့် ၎င်း၏စည်းကမ်းချက်များအား လိုက်နာရန် အလွယ်တကူ ခေါင်းညိတ်ပြလိုက်ပြီး ဘောင်းဘီလဲရန် အပေါ်ထပ်သို့ တက်လာခဲ့၏။

သူမ အဝတ်လဲနေချိန်၌ ကိုကောင်းက တိမ်ပျံကို ကုန်းနှီးတင်ကာ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

အနည်းငယ် ပွလိမ့်မည်ဟု မိုးအာကာက ထင်မြင်ချက်ပေးခဲ့သော်လည်း ဆောင်းသဇင်၏ ဂျင်းဘောင်းဘီက သဒ္ဒါချိုနှင့် ကွက်တိဖြစ်နေသည်။ လောင်းကုတ်ရှည်နှင့် ဂျင်းဘောင်းဘီအပြင် အနီရောင် ဆွယ်တာလေးကိုပါ လဲဝတ်လိုက်တော့ သူမ တစ်ကိုယ်လုံး ဆောင်းသဇင်၏ အဝတ်အစားများချည်း ဖြစ်သွားတော့သည်။

ထိုအဝတ်အစားများနှင့် အပေါ်ထပ်မှ သူမ ပြန်ဆင်းလာတော့ မိုးအာကာ၏ ခပ်စူးစူး အကြည့်တို့ကြောင့် သူမ အနည်းငယ် ရင်ဖိုသွားမိသည်။ နားလည်ရန် ခက်ခဲသော အရိပ်အယောင်အချို့ ၎င်း၏မျက်လုံးထဲ၌ ဖြတ်သန်းသွားကြပြီး တစ်အောင့်နေမှ သတိဝင်လာသူ တစ်ယောက်ပမာ ထိုင်ရာမှ ထရပ်လိုက်သည်။

"တိမ်ပျံ ပြန်ရောက်မလာခင် မိုးပြာကို ဘယ်လိုစီးရမလဲ မင်းကို ကြိုရှင်းပြထားမယ်၊ လာ. . . ကျုပ်နောက် လိုက်ခဲ့"

တိမ်ပျံရော မိုးပြာပါ ဖောက်ထုတ်သင်းပြီးသား ဖြစ်သောကြောင့် နှစ်ကောင်စလုံး သဘောကောင်းသော မြင်းများ ဖြစ်ကြသည်။ သို့သော် တိမ်ပျံက တစ်ခါတစ်ရံ စိတ်ဆတ်တတ်သည့်အပြင် မိုးအာကာကိုယ်တိုင် ဒုန်းကျင့်ထားသောမြင်း ဖြစ်၍ဖြင့် မိုးပြာကိုသာ သဒ္ဒါချိုအား စီးစေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . တိမ်ပျံမလှခင် မင်း မိုးပြာကို စီးကြည့်၊ ဟောဒီ ခြေနင်းကို နင်း၊ ကုန်းနှီးကို ဆွဲပြီးတက်လိုက်၊ ကျုပ် ဇက်ကိုင်ပေးထားမယ်"

မိုးအာကာ၏ အပြုအမူနှင့် အသံက စိတ်ရှည်လက်ရှည် နူးညံ့နေသဖြင့် သဒ္ဒါချို အံ့သြသွားမိ၏။ မိုးအာကာ ကိုယ်တိုင်လည်း ဤအမျိုးသမီးအပေါ် စိတ်ရှည်နေမိသော ကိုယ့်ကိုယ်ကိုပင် တအံ့တသြ ဖြစ်နေမိသည်။ သူ ဘာကြောင့် ဒီလောက် စိတ်ရှည်နေမိပါလိမ့်။

ဖြစ်နိုင်တာကတော့ သဒ္ဒါချို့ကိုယ်ပေါ်မှ ဆောင်း၏ အဝတ်အစားများကြောင့်ပဲ ဖြစ်ပါလိမ့်မည်။ ထိုအတွေးကို မိုးအာကာ နည်းတူ သဒ္ဒါချိုကလည်း မရှေးမနှောင်းဆိုသလိုပင် တွေးမိကာ မျက်နှာတစ်ခုလုံး ထူအမ်းသွားလေသည်။

"ကဲ. . သဒ္ဒါချို မြင်းပေါ် တက်လေ"

မိုးအာကာ စကားကြောင့် သဒ္ဒါချို ခြေနင်းကွင်းကို နင်းကာ မြင်းပေါ်သို့ လှမ်းတက်လိုက်သော်လည်း သူမ မအောင်မြင်ပါ။ သုံးလေးကြိမ် ကြိုးစားသော်လည်း သူမ မြင်းပေါ်သို့ မရောက်။

"ကျွန်မ တက်လို့မရဘူး ကိုအာကာ"

"ဒီတစ်ခါ ကြိုးစားကြည့်လိုက်ပါဦး"

ဤတစ်ကြိမ်တော့ သူမ မြင်းပေါ်သို့ အောင်မြင်စွာ ရောက်ရှိသွားပါသည်။ မိုးအာကာက သူမ၏ ခါးနှစ်ဖက်ကို ထိန်းကာ တွန်းတင်ပေးလိုက်ခြင်းကြောင့် ဖြစ်၏။

(သဒ္ဒါချိုက စေ့စပ်ထားသူ အမျိုးသမီးတစ်ယောက် ဖြစ်သော်လည်း ဒေါက်တာငွေစိုးကြည် အပါအဝင် ဘယ်အမျိုးသား၏





လက်ဖျားနှင့်မှ သူမအား ထိကိုင်ခြင်းကိုမှ ခံဖူးခဲ့သူ မဟုတ်။)

ထို့ကြောင့် မိုးအာကာက သူမ ခါးကို ပိုင်ပိုင်နိုင်နိုင် ကိုင်ကာ မြင်းပေါ်သို့ တွန်းတင်ပေးလိုက်တော့ သူမတစ်ကိုယ်လုံး ရှိန်းမြကာ အာခေါင်တို့ ခြောက်ကပ် ပူနွေးသွားလေသည်။

"တမင်အသားယူတယ်လို့ မထင်နဲ့ သဒ္ဒါချို ကျုပ် အဲ့လိုမှ မကူရင် ဒီတစ်သက် မင်း မြင်းပေါ် ရောက်တော့မှာ မဟုတ်ဘူး၊ ကဲ. . . ဟောဒီဇက်ကို ဒီနေရာကနေ ကိုင်၊ ကုန်းနှီးကိုလဲ ကိုင်ထား"

မိုးအာကာ၏ ညွှန်ကြားမှုဖြင့် အိမ်ကြီးအား သုံးလေးပတ်ပတ်၍ သဒ္ဒါချို အောင်မြင်စွာ စီးနိုင်ခဲ့ပါသည်။ ထိုအချိန်မှာပင် စီးသူမပါဘဲ အိမ်မကြီးဆီသို့ တိမ်ပျံ ပြန်ရောက်လာလေသည်။


. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com









(ရှစ်)

"ငါ ဘာလုပ်သင့်သလဲ ဇော်မိုး"

ဥပဒေဝန်ထမ်း ရှေ့နေဖြစ်သူ ဇော်မိုးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"တရားရုံး ရောက်ရင်တော့ မင်း သူ့ကို ပုဒ်မတွေ တသီကြီး တပ်လို့ရတယ် ငွေစိုးကြည်"

"ပုဒ်မတပ်ရုံတင် မဟုတ်ဘူး၊ ငါက သူ့ကို ထောင်မကျကျအောင် ချချင်တာ၊ ငါ့ကိုရော သဒ္ဒါ့ကိုပါ စိတ်ဒုက္ခပေးတဲ့ ဒီအရှုးကို အမြန်ဆုံး မိချင်ပြီ ဇော်မိုး"

ငွေစိုးကြည်၏ အသံက စိတ်လှုပ်ရှား ဒေါသသံဖြင့် တုန်ခါ၍ နေသည်။

"မိမှာပါ ငွေစိုးကြည်၊ အမှုလဲ ဖွင့်ထားတာပဲ၊ အမြန်ဆုံး မိမှာပါ၊ မပူပါနဲ့"

"မင်းက မပူနဲ့ ဆိုပေမယ့် ငါ့ရင်ထဲမှာတော့ မီးလောက်



www.burmeseclassic.com

www.burmeseclassic.com

နေတယ် ဇော်မိုး၊ အရူးတစ်ယောက်လက်ထဲ ရောက်နေတဲ့ သဒ္ဒါ့အတွက်လဲ စိုးရိမ်တယ်"

"သဒ္ဒါချိုက သူ့ကိုယ်သူ ကာကွယ်တတ်ပါတယ်"

"ဒါပေမယ့် မိုးအာကာဆိုတဲ့ကောင်က ရူးနေတာ ဇော်မိုး၊ အရူးတစ်ယောက်ရဲ့စိတ်ကို ခန့်မှန်းလို့ မရဘူး၊ အဲဒါကို မင်း နားလည်ပါတယ်၊ ငါ အဲဒီအရူးကို ထောင်ထဲ မြန်မြန်ရောက်စေချင်ပြီ"

ဇော်မိုးက ခေတ္တငြိမ်သွားပြီးမှ သူ့အား လှမ်းမေးသည်။

"အဲဒီလူ ရူးနေတယ်ဆိုတာ. . . သေချာသလား ငွေစိုးကြည်"

"ငါ့စိတ်ထင်တော့ သေချာသလောက်ပဲ၊ သူ ရူးနေလို့သာ ခုလို အဓိပ္ပါယ်မရှိတဲ့ ကိစ္စတွေ လျှောက်လုပ်နေတာပေါ့၊ တကယ်လို့ သူ မရူးဘူးဆိုရင် သူ့ရည်းစား သေလို့ အရိုးဆွေးလောက်ပြီဆိုတာကို သူ လက်ခံရမှာပေါ့"

"သူ တကယ်ရူးနေတာ မှန်ရင်တော့ မင်း သူ့ကို ထောင်ချလို့ မရဘူး ငွေစိုးကြည်"

ဇော်မိုး၏စကားကြောင့် ငွေစိုးကြည် ဒေါသတကြီး ဖြစ်သွားကာ ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။

"ဘာဆိုင်လို့လဲ ဇော်မိုး"

"ဆိုင်တယ် ငွေစိုးကြည်၊ သိပ်ဆိုင်တယ်၊ ဆိုပါတော့ကွာ၊ ခု မင်းပြောတဲ့ မိုးအာကာဆိုတဲ့လူက သဒ္ဒါချို့ကို ဖမ်းထားပြီး သူ့ရည်းစားကို ပြန်ပေးပါ ဆိုတဲ့အတွက် ရာဇဝတ်မှု မြောက်တယ်၊ လူခိုးမှု၊ ပြန်ပေးမှု ပုဒ်မတွေ တပ်လို့ရတယ်၊ ဒါပေမယ့် သူ အဲလို လျှောက်လုပ်လို့ အဲ့ဒီပုဒ်မတွေ တပ်ပြီး ထောင်ချလို့ ရတယ်





ဆိုတာကို သူ မသိဘူး ဆိုပါတော့"

"ဘာလဲ. . . အဲ့လိုဆိုရင် မင်းတို့က သူ့ကို ထောင်မချဘဲ ပြန်လွှတ်လိုက်ရောလား"

"လွှတ်လို့ ဘယ်ရမလဲ ငွေစိုးကြည်၊ ဥပဒေကို နားမလည်လို့ ပြုမိပါတယ် ဆိုပေမယ့် သူ့အပြုအမူဟာ ရာဇဝတ်မှု မြောက်နေရင် အပြစ်ပေးရမှာပဲ. . . ဒါပေမယ့် စိတ်ရောဂါဝေဒနာသည်တစ်ယောက်ကိုတော့ ထောင်ထဲ ပို့လို့မရဘူး၊ သူခံစားရမယ့် ပြစ်ဒဏ် ပမာဏနဲ့ ကိုက်ညီတဲ့ အချိန်အပိုင်းအခြားအတိုင်း စိတ်ရောဂါကု ဆေးရုံကို ပို့ရတယ်၊ အသက်မပြည့်သေးတဲ့ ကလေးသူငယ်တွေ ဆိုရင်လဲ ဒီလိုပဲ ကလေးထောင် လူငယ်ပြုပြင်ရေးကျောင်းကို ပို့ရတယ်"

"ဒါဖြင့် ငါတို့ လုပ်နိုင်တာ ဘာမှ မရှိတော့ဘူးလား ဇော်မိုး"

"သူ နောက် ငါးရက်ကြာရင် မင်းဆီကို ဖုန်းဆက်မယ်လို့ ပြောသွားတယ်နော်၊ ဒါဆို သူ ဘယ်က ဆက်သလဲဆိုတာ ငါတို့ စုံစမ်းရမယ်၊ အဲဒီအတွက် ရဲအုပ် ကိုခင်မောင်ချိုကို အကူအညီ တောင်းရမှာပဲ"

"သူ ကူညီပါ့မလား"

"ခုဥစ္စာက ပြင်ဦးလွင်စခန်းမှာ တိုင်ချက်ဖွင့်ထားသလို သာမန်လူပျောက်မှု မဟုတ်တော့ဘူး ငွေစိုးကြည်၊ လူခိုးမှု ပြန်ပေးမှု ဖြစ်သွားပြီ၊ စိတ်မပူပါနဲ့၊ ကိုခင်မောင်ချို ကူညီမှာပါ၊ နောက်ငါးရက်ကြာရင် သူ ဘယ်ကနေ ဆက်သလဲ ချက်ချင်း သိရမှာပါ"

ဇော်မိုး၏ စကားကြောင့် ငွေစိုးကြည် အနည်းငယ် အားတက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ မိုးအာကာဆိုသူအား တစ်စစီဖြစ်အောင် အမှုန့်ချေနေမိသည်။

◈ ◈ ◈

သဒ္ဒါချို့အပေါ် မိုးအာကာ ဆက်ဆံရေး ပျော့ပျောင်းလာခြင်းမှာ ဆောင်းသဇင်၏ အဝတ်အစားများကြောင့် ဖြစ်သည်ဟု ဆိုလျှင် ထိုဆက်ဆံရေးအား ပိုမိုတိုးတက်လာစေသော အခြားအကြောင်းမှာ မြင်းများကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

တောပစ်သွားစဉ်အခါက မြင်းနှစ်ကောင်ကို ဘေးချင်းယှဉ်လျက် စီးရင်း မိုးအာကာက ဇက်ပေးဇက်ယူပုံ၊ ဇက်သွားခတ်၍ အရှိန်မြှင့်ပုံ၊ လျှော့ပုံတို့ကို သူမအား မြင်းချင်း ယှဉ်စီး၍ သင်ပြပေးခဲ့၏။ မိုးပြာကလည်း သဘောကောင်းသဖြင့် မြင်းစီးခြင်း သဘောတရားကို သဒ္ဒါချို အတော်အတန် သဘောပေါက်သွားခဲ့သည်။

ကိုကောင်း စောင့်ဆိုင်းနေရာ ရောက်တော့ သဒ္ဒါချိုအား ထိုနေရာ၌ပင် မြင်းတွေနဲ့အတူ ထားခဲ့ပြီး ၎င်းတို့နှစ်ယောက် စမ်းချောင်းဘက် ဆင်းသွားခဲ့သည်။

"တူမီးသံ ကြားရင် မကြောက်နဲ့၊ တိမ်ပျံတို့ မိုးပြာတို့ကတော့ ရိုးနေလို့ တုပ်တုပ်တောင် လှုပ်မှာမဟုတ်ဘူး၊ မင်း မြင်းစီး





ကျင့်ချင်ရင် ဒီနားမှာ ပတ်ပြီးစီး၊ ဝေးဝေးမသွားနဲ့၊ လမ်းပျောက်သွားလိမ့်မယ်၊ မြင်းပေါ် တက်ဖို့တော့ မင်းဘာသာ ကြိုးစားပေတော့"

ဒါဟာ မိုးအာကာ သူမအား သင်ခန်းစာ ပေးလိုက်တာ ဆိုလျှင်တော့ ထိုသင်ခန်းစာအတိုင်း ကျေညက်အောင် သူမ ကြိုးစားရပါလိမ့်မည်။

လှန်ထားသော မိုးပြာ၏ဇက်ကို အသာမယူလိုက်ပြီး မိုးပြာ ငြိမ်သွားအောင် စုတ်သပ်လိုက်တော့ သဘောကောင်းသော မိုးပြာက သူမ ၎င်း၏ကျောပေါ်သို့ တက်တော့မည် ဆိုသည်ကို သိနေသည့်အလား မလှုပ်မယှက် ငြိမ်သက်စွာ ရပ်နေသည်။

လေ့အဆင်း မြင်းအတက် ဆိုသည့် စကားအတိုင်း အဆာ မသိလျှင် ထိုကိစ္စနှစ်ခုစလုံးက အတော် သတိထားရပါသည်။ သူမ သုံးလေးကြိမ် ကြိုးစားသည့်တိုင် မအောင်မြင်ပါ။ တစ်ကြိမ်၌ အရှိန်လွန်ကာ မြင်းပေါ်မှ လိမ့်ကျသွားသော်လည်း သူမ ချက်ချင်း ပြန်ထ၍ ဇွဲနပဲကြီးစွာ ထပ်မံကြိုးစားပြန်ပါသည်။

ဆဌမမြောက်အကြိမ်မှာတော့ သူမ အောင်မြင်သွားပါသည်။ သို့သော် ထိုမျှလောက်နှင့် မကျေနပ်နိုင်သော သဒ္ဒါချိုက မြင်းပေါ်မှ ချက်ချင်း ပြန်ဆင်းကာ နောက်တစ်ကြိမ် တက်ရန် ကြိုးစားပြန်၏။

တစ်ကြိမ်တည်းနှင့် မြင်းပေါ် မရောက်တောင် နှစ်ကြိမ် ကြိုးစားရုံနှင့် မြင်းပေါ် ရောက်ရမည်ဟု သူမ အားခဲလိုက်သည်။ ထို့ကြောင့် မိုးအာကာတို့၏ တူမီးသံကို မကြားလိုက်သလို မှ တစ်ယောက်တစ်ကောင်စီ ထမ်းကာ ၎င်းတို့ ပြန်ရောက်လာခြင်းကိုလည်း သူမ သတိမထားမိလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒီလောက်ဆိုရင် ခင်ဗျားလဲ မိုးပြာနဲ့ အတော်ရင်းနှီးလောက်ရောပေါ့ သဒ္ဒါချို၊ ကျွန်တော်တို့ ချေနှစ်ကောင်ရလာတယ်၊ အိမ်ပြန်ပြီး ချက်ပြုတ်ဖို့ စီစဉ်ကြရအောင်"

ကိုကောင်းက သူမအား ပြုံးပြုံးကြီး လှမ်းပြောလိုက်ခြင်းဖြစ်သည်။ ကိုကောင်း၏ စကားကြောင့် ထိုနေ့က သူမ၏ လေ့ကျင့်ခန်းကို မရပ်ချင်ဘဲ ရပ်ဆိုင်းလိုက်ရလေသည်။

ညကျတော့ မြင်းကုန်းနှီး၏ မာကျောမှုဒဏ်ကြောင့် သူမတော်တော်နှင့် မအိပ်နိုင်ပါ။ သို့သော် ထိုမျှလောက်နှင့်တော့ မြင်းနှင့် ပတ်သက်သည့် သဒ္ဒါချို၏ စိတ်ဝင်စားမှုတို့က ပြေပျောက်မသွားခဲ့။

မနက်အစောကြီး ထပြီး လောင်းကုတ်ရှည် ဂျင်းဘောင်းဘီ အပြင် အိတ်ကြီးထဲ၌ တွေ့သော မာဖလာတစ်ထည်ကိုပါ လည်မှ ပတ်လျက် ဧည့်ခန်းထဲ၌ သူမ အဆင်သင့် ဖြစ်နေလေသည်။ မိုးအာကာ အိပ်ရာမှ နိုးလာပြီး သူမအား တွေ့တော့ အံ့အားသင့်သွားပုံ ရ၏။

"မင်း ဘာထိုင်လုပ်နေတာလဲ သဒ္ဒါချို"

"ရှင်နဲ့အတူ မြင်းစီးလိုက်မလို့လေ၊ ရှင် မနက်တိုင်း တိမ်ပျံနဲ့ ယာခင်းကို တစ်ပတ်ပတ်တယ် မဟုတ်လား၊ ခု ကျွန်မလဲ မိုးပြာကို စီးပြီး ရှင်နဲ့အတူ လိုက်မလို့"

မိုးအာကာ၏ မျက်နှာ၌ အံ့သြမှု၊ စိတ်ရှုပ်ထွေးမှုတို့ ဖြတ်သန်းသွားကြသည်။

"ကျုပ်က မနက်ပိုင်း ယာခင်းကို ပတ်ရင် ခပ်မြန်မြန်စီးတတ်တယ် သဒ္ဒါချို"

"ကျွန်မ သဘောပေါက်ပါတယ်. . . ကိုအာကာ၊ ရှင့်တို့





စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါဘူး၊ ဒါပေမယ့်. . . မြင်းစီးသင်တယ်ဆိုတာ တစ်ယောက်တစ်ကောင်စီ စီးပြီး သင်ရင် ပိုအတတ်မြန်တယ်ဆိုလို့. . . အစောကြီးကတည်းက ထပြီး ရှင် နိုးလာမယ့်အချိန်ကို စောင့်နေတာ၊ ကျွန်မ မြင်းစီးတတ်ချင်လွန်းလို့ပါ၊ မြင်းစီးတတ်သွားခဲ့ရင် ကျွန်မ ရှင့်ကျေးဇူးကို တစ်သက်မမေ့ပါဘူး"

သဒ္ဒါချို တကယ် မြင်းစီးတတ်ချင်သလို မိုးအာကာနှင့်လည်း ယခုထက် ပိုမိုရင်းနှီးလိုသဖြင့် ထိုမျှအထိ တောင်းပန်လိုက်ခြင်း ဖြစ်သည်။ မိုးအာကာ၏ ဗီဇက သနားတတ်သည့်အပြင် စိတ်လည်း နူးညံ့ပျော့ပျောင်းသူမို့ သဒ္ဒါချို၏ တောင်းဆိုမှုကို လက်ခံလိုက်ပါသည်။

ဤသို့ဖြင့် မနက်တစ်ခေါက် ညနေတစ်ခေါက် သဒ္ဒါချို ယာခင်းသို့ မြင်းပတ်စီးခွင့် ရလာခဲ့သလို မြင်းစီးခြင်း အတတ်ပညာလည်း တိုးတက်လာခဲ့သည်။ မိုးအာကာအား မမီနိုင်တောင် သူမ အတော်မြန်မြန် စီးတတ်လာခဲ့ပြီ ဖြစ်သည်။ ကိုကောင်းကလည်း မိန်းမတန်မဲ့ မြင်းစီးဝါသနာပါလှသော သဒ္ဒါချိုအား တတ်နိုင်သမျှ သင်ပြပေးသည်။

သို့သော် ကိုကောင်းက ထိခိုက်မှုတစ်ခုကြောင့် ခါးရိုးအက်ဖူးသူ ဖြစ်သဖြင့် နေ့တိုင်း မြင်းစီး၍မရ၊ တစ်ရက်လောက်စီးပြီးတိုင်း အနာဟောင်းမှ ပြန်နာလာသဖြင့် နှစ်ရက်လောက်နားရသူ ဖြစ်သည်။ သို့သော်. . . မြင်းစာကျွေးခြင်း၊ သဒ္ဒါချို နားလည်သည့် မြင်းဆေးတိုက်ခြင်းတို့ကို မညည်းမညူ လုပ်တတ်သူဖြစ်သလို သဒ္ဒါချိုအား. . .

မြင်းကို ဇက်ခွံ့ခြင်း၊ အုပ်ခွက်စွပ်ခြင်း၊ ကုန်းနှီးတင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



များကိုပါ စိတ်ရှည်လက်ရှည် သင်ပေးတတ်သည်။ မိုးပျံရော တိမ်မြှာပါ အုပ်ခွက်ပြလိုက်သည်နှင့် လာရောက် ခေါင်းထိုးပေးလောက်အောင် လိမ္မာသောမြင်းများ ဖြစ်သဖြင့် ထိုကိစ္စများကို အချိန်အနည်းငယ်အတွင်းမှာပင် သဒ္ဒါချို တတ်မြောက်သွားလေသည်။

မှန်ရာကို ဝန်ခံရလျှင် ထိုရက်များအတွင်း ငွေစိုးကြည်ကို သတိရသော်လည်း မြင်းဇောင်းထဲ ရောက်ချိန်မျိုးမှာတော့ သဒ္ဒါချို မေ့လျော့နေတတ်ပါသည်။ တစ်ခါတစ်ရံတော့ မိုးအာကာကို သူမ မေးတတ်သည်။

"ကျွန်မ ဘယ်တော့ ပြန်ရမှာလဲ ကိုအာကာ"

"မင်း ပြန်ချင်တဲ့အချိန် ပြန်လို့ရပါတယ်၊ ဒါပေမယ့်. . . ကျုပ်ရဲ့ပုံပြင်လေး အဆုံးသတ်တဲ့အထိတော့ ကူပြီး နေပေးပါဦး"

"ရှင့်ရဲ့ပုံပြင်က ဘယ်တော့ အဆုံးသတ်မှာလဲ"

"သိပ်မကြာတော့ပါဘူး သဒ္ဒါချို"

မိုးအာကာက ထိုမျှသာ ပြောပြီး စကားလမ်းကြောင်း လွှဲတတ်သည်။ သို့မဟုတ် ထိုင်ရာမှ ထကာ ထွက်ခွာသွားတတ်သည်။

နားလည်ရ ခက်လှသော ဤအမျိုးသားအပေါ် သူမ ဒေါသဖြစ်ပါသည်။ သို့သော် သူမ ဒေါသက ဤအိမ်ရောက်ခါစကလောက် မပြင်းထန်တော့ကြောင်း သူမဘာသာ တအံ့တဩ သတိပြုမိလာသည်။





(ကိုး)

"ခုပြောနေတာ ဘယ်သူလဲ"

နားစိမ်းနေသော ယောကျာ်းတစ်ယောက်၏ ဖုန်းဖြေသံကြောင့် မိုးအာကာ စနိုးစနောင့် ဖြစ်သွားပြီး ခပ်ဆတ်ဆတ် ပြန်မေးလိုက်မိသည်။

"ကျွန်တော် ငွေစိုးကြည်ရဲ့သူငယ်ချင်း ဇော်မိုးပါ ကိုအာကာ၊ ခင်ဗျားဖုန်းကို စောင့်ရင်း ငွေစိုးကြည် ပြောပြလို့ အကုန်သိပြီးပါပြီ၊ ခင်ဗျားနဲ့ ဆောင်းသဇင်ရဲ့ ဇာတ်လမ်းကို ကြားရတော့ ကျွန်တော်လဲ စိတ်မကောင်း ဖြစ်ရတယ်ဆိုရင် ယုံပါ"

"ကျုပ် ဒေါက်တာငွေစိုးကြည်နဲ့ ပြောချင်လို့ ဖုန်းဆက်တာ၊ အားတော့ နာပါတယ်၊ ဒေါက်တာငွေစိုးကြည်ကို ခုချက်ချင်း ဖုန်းပေးလိုက်ပါ"

"သူ ခင်ဗျားဖုန်းကို တစ်ချိန်လုံး စောင့်နေတာပါ ကိုမိုးအာကာ၊ ခုလေးတင် ရေချိုးခန်းထဲ ခဏဝင်သွားတာပါ၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ခဏလေး ကိုင်ထားပါ၊ ကျွန်တော် ပြေးခေါ်လိုက်ပါ့မယ်"

သို့သော် ဇော်မိုး ပြေးမခေါ်ပါ။ ဖုန်းခွက်ကို လက်နှင့် အုပ်ပြီး စိတ်ထဲမှ တစ်နှစ်သုံးလေး ရေနေမိသည်။ သုံးဆယ် အရောက်၌ ကိုခင်မောင်ချိုက မေးဆတ်ပြသဖြင့် ဘေးနားမှ ငွေစိုးကြည် လက်ထဲသို့ ဖုန်းထည့်ပေးလိုက်သည်။

"ကိုမိုးအာကာ ဆောရီးဗျာ၊ ကျွန်တော် မအောင့်နိုင်လို့ TOILET ခဏဝင်လိုက်မိတာ၊ စိတ်မရှိပါနဲ့"

"ခု . . . ချိန်မှာ အကြောင်းပြချက်တွေကို ကျုပ် စိတ်မဝင်စားဘူး ဒေါက်တာ၊ ဆုံးဖြတ်ချက်ကိုပဲ စိတ်ဝင်စားတယ်၊ ခင်ဗျား ဆုံးဖြတ်ပြီးပြီလား"

"ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ၊ ဒါပေမယ့် ဆောင်းက. . ."

ထိုအချိန်မှာပင် ဇော်မိုးက ငွေစိုးကြည် လက်ထဲမှ ဖုန်းပြောခွက်ကို ကမန်းကတန်း လှမ်းအုပ်လိုက်သည်။ ထိုသို့ မဟုတ်ပါက "ဆောင်းက ဆုံးသွားပါပြီ" ဟု ငွေစိုးကြည် ဆက်ပြောမိမှာ သေချာပါသည်။

"ဘာဖြစ်သွားတာလဲ ဒေါက်တာ၊ ကျုပ် နားထောင်နေပါတယ်"

မိုးအာကာ၏ စနိုးစနောင့်ဖြစ်မှုက ပိုမိုကြီးထွားလာသဖြင့် ခပ်ဆတ်ဆတ် မေးလိုက်တော့ ဇော်မိုးဆိုသူ၏အသံ ထွက်ပေါ်လာသည်။

"သူ ခင်ဗျားကို ရှင်းပြရမှာ အားနာနေလို့ပါ ကိုမိုးအာကာ၊ ဆောင်းသဇင်က အသက်မသေပေမယ့် ခြေထောက်ရိုး ကျိုးသွားလို့ အတော်ကုယူခဲ့ရတယ်၊ အဆုတ် အအေးပတ်သွားတာပါ အဲ့ဒါကို အမြန်ဆုံး ပျောက်အောင် ကျွန်တော်တို့ ကြိုးစားနေပါ





တယ်၊ ဒါပေမယ့်. . . ခက်တာက ဆောင်း နေကောင်းလာဖို့ နှစ်ရက် ကြာချင်ကြာချင်မယ်၊ တစ်ပတ် ကြာချင်လဲ ကြာမယ်၊ ဒီတော့ ဆောင်းကို ခင်ဗျားလက်ထဲ ဘယ်တော့ အပ်နိုင်မလဲဆိုတာ ငွေစိုးကြည် အာမ မခံရဲဘူး ဖြစ်နေတယ်"

မိုးအာကာ အတန်ကြာအောင် နှုတ်ဆိတ် ငြိမ်သက်သွားလေသည်။ ထိုအချိန်မှာပင် ငွေစိုးကြည်၏ အစ်တစ်တစ် စကားသံက ဖုန်းလိုင်းထဲမှ ထွက်ပေါ်လာပါသည်။

"ကျွန်တော် စိတ်မကောင်းပါဘူး ကိုမိုးအာကာ"

"ခင်ဗျား. . . အဲ့ဒီစကားမျိုး အခါပေါင်း မရေတွက်နိုင်လောက်အောင် ပြောခဲ့ပြီးပါပြီ ဒေါက်တာ. . . ခုချိန်မှာ ကျုပ်ကြားချင်တာ တောင်းပန်စကား မဟုတ်ဘူး၊ ဆောင်းသဇင်ကို ကျုပ်လက်ထဲ ပြန်အပ်ပါ့မယ် ဆိုတဲ့ ကတိစကားပဲ"

"ကျွန်တော် ကတိပေးပါတယ် ကိုမိုးအာကာ"

ပြောပြီးမှ ကိုယ့်ပါးစပ်ကို ကိုယ့်ဘာသာ မသတိအောင် ဖြစ်သွား၏။

သေသွားပြီးတဲ့ မိန်းကလေးတစ်ယောက်ကို ပြန်အပ်ပါ့မယ်လို့ ကတိပေးတာဟာ လိမ်တာပဲ မဟုတ်လား။ အကယ်၍ ဇော်မိုးတို့သာ တင်ကြို သင်ကြားမထားခဲ့ပါက ထိုကတိကို သူ့ပါးစပ်မှ ထွက်ဖြစ်လိမ့်မည် မဟုတ်ပါ။

"ကောင်းပြီလေ. . . ဒီတစ်ခါတော့ ခင်ဗျားရဲ့ ကတိကို ကျုပ် ကြိုးစားပြီး ယုံလိုက်ပါ့မယ်၊ ဆောင်းကို ကျုပ်က အကြာကြီး စောင့်ခဲ့ရတဲ့လူဆိုတော့ နှစ်ရက်ကြာကြာ နှစ်ပတ်ကြာကြာ ကိစ္စမရှိပါဘူး၊ ခင်ဗျားကို ဒီနေ့ကစပြီး တစ်လတိတိ အချိန်ပေးလိုက်မယ်၊ ဆောင်း အမြန်ဆုံး နေကောင်းလာအောင် ခင်ဗျား ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ"

"ခင်ဗျား ကျွန်တော့်ရဲ့ ဆယ်လူလာ ဖုန်းနံပါတ်ကို ယူထားလိုက်ပါ ကိုမိုးအာကာ၊ ဆောင်းအခြေအနေကို သိချင်ရင် အဲဒီဖုန်းနံပါတ်ကို ဆက်လိုက်ပါ၊ နောက်ပြီး ခင်ဗျားဆီက ကျွန်တော် တစ်ခု တောင်းဆိုချင်တယ်"

"ဘာလဲ ဒေါက်တာ"

"ကျွန်တော် သဒ္ဒါချိုနဲ့ စကားပြောပါရစေ"

မိုးအာကာက ခေတ္တစဉ်းစားဟန်ပြုပြီး ခပ်အေးအေး တုံ့ပြန်လိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားရဲ့ တောင်းဆိုမှုနဲ့ ပတ်သက်ပြီး ကျုပ် စဉ်းစားထားပါ့မယ်၊ ခင်ဗျားသာ ရဲတွေနဲ့ ခပ်ကင်းကင်း နေပါ ဒေါက်တာ"

မိုးအာကာ၏ နောက်ဆုံးစကားကြောင့် ငွေစိုးကြည် အောင့်သက်သက် ခံစားလိုက်ရ၏။ ဖုန်းခွက်ကို ပြန်တင်လိုက်ချိန်၌ ဇော်မိုးက သူ့ပခုံးကို လာဖက်သလို ရဲအုပ် ကိုခင်မောင်ချိုက "အိုကေ" ဟု ရေရွတ်ပြီး နားကြပ်ကို အုပ်ထားသူ အော်ပရေတာက လက်မတစ်ချောင်း ထောင်ပြပါသည်။

ထို့နောက် အချိန်နှင့် တစ်ပြေးညီ ဟူသည့်အတိုင်း ကိုခင်မောင်ချိုတို့ အလုပ်ရှုပ်သွားကြသည်။ တစ်အောင့်ကြာတော့. . . ကိုခင်မောင်ချိုက သူ့အား လှမ်းပြောသည်။

"ကျွန်တော်တို့ ရပြီ ကိုငွေစိုးကြည်၊ ဒီကောင် မန္တလေးက ဆက်တာ၊ ဖုန်းနံပါတ်တော ဖုန်းဆက်တဲ့နေရာပါ သိရပြီ"

"ဒါဆို သူ့ကို ဖမ်းလို့ရပြီပေါ့"

"ခုပဲ သွားဖမ်းခိုင်းလိုက်ပါပြီ"





ကိုခင်မောင်ချို၏ စကားကြောင့် သူ အားတက်သွားသည်။ ကဲ. . . ဒီတစ်ခါ မင်း ဘာတတ်နိုင်သေးလဲ မိုးအာကာ။ သို့သော် မိုးအာကာ တတ်နိုင်ပါသည်။

မိနစ်အနည်းငယ်အကြာမှာပင် အလွန်လည်သော မိုးအာကာက သူ့အား မန္တလေးရှိ စားသောက်ဆိုင်တစ်ဆိုင်မှ ဖုန်းဆက်ခဲ့ခြင်း ဖြစ်ကြောင်း ခံပြင်းစွာ သိလိုက်ရသည်။ ထိုအချိန်အထိ မိုးအာကာကို တယ်လီဖုန်းနှင့် ထောင်ချောက်ဆင်ခဲ့မှန်း ၎င်း ရိပ်မိသွားလိမ့်မည်ဟု သူ စိုးစဉ်မျှ မတွေးမိခဲ့ပါ။

ထို့ကြောင့် ကိုခင်မောင်ချိုတို့အဖွဲ့ ပြန်သွားပြီး မိနစ်အနည်းငယ်အကြာ၌ မိုးအာကာ သူ့ထံသို့ ဖုန်းဆက်လာတော့ သူ တအံ့တသြ ဖြစ်ခဲ့ရသည်။

"ဟုတ်ကဲ့. . . ဒေါက်တာငွေစိုးကြည် စကားပြောနေပါတယ်"

အော်မြည်လာသည့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်ရင်း သူ ထူးလိုက်သော်လည်း တစ်ဘက်မှ ချက်ချင်း စကားမစသေးဘဲ အတန်ကြာ ငြိမ်သက်နေပြီးမှ သွားကြားထဲမှ လေသံဖြင့် သူ့အား ပြောသည်။

"ခင်ဗျား ကျုပ်ကို ညာပြန်ပြီလား ဒေါက်တာ"

မိုးအာကာ၏ အသံကြောင့် သူ ထိတ်ခနဲ ဖြစ်သွားသလို အံ့လည်း အံ့သြသွားမိသည်။ ၎င်းအား တယ်လီဖုန်းနှင့် အပိုင်ဖမ်းရန် ကြံစည်ခဲ့ခြင်းအား အလွန်တိုတောင်းသော အချိန်အနည်းငယ် အတွင်းမှာပင် မိုးအာကာ ရိပ်မိသွားခဲ့ခြင်း ဖြစ်သည်။

"အပေါစား စုံထောက်ကားတွေ ကြည့်ပြီး ခင်ဗျား ခုလိုမျိုး မိုက်ရူးရဲ ဆန်လိမ့်မယ်လို့ ကျုပ် နည်းနည်းမှ မစဉ်းစားမိခဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ၊ တစ်ပတ်စာ ဝယ်စရာ ခြမ်းစရာလေးတွေ ဝယ်ပြီး ခင်ဗျားဆီ ဖုန်းဆက်ခဲ့တဲ့ဆိုင်မှာ ထမင်းသွားစားတော့မှ ခင်ဗျားရဲ့ ခပ်ညံ့ညံ့လုပ်ရပ်တွေကို ကျုပ် သိလိုက်ရတယ်၊ ကံကြီးပေလို့ပေါ့ ဒေါက်တာ. . . ကျုပ်သာ ခင်ဗျား ဆင်ထားတဲ့ ထောင်ချောက်ထဲ ရောက်သွားရင် သဒ္ဒါချို ဘာဖြစ်သွားမယ် ထင်သလဲ"

"ကျုပ်က မရက်စက်တတ်ပေမယ့် ကျုပ်သူငယ်ချင်းကတော့ သိပ်စိတ်ရှည်တာ မဟုတ်ဘူး ဒေါက်တာ၊ ဆောင်းကို ပြန်ရဖို့ သဒ္ဒါချိုဟာ ကျုပ်အတွက် တန်ဖိုးရှိပေမယ့် သူ့အတွက်တော့ ဘာမှ တန်ဖိုးမရှိဘူး၊ ဒါပေမယ့် သူ မွေးထားတဲ့ အမဲလိုက်ခွေး သုံးကောင်အတွက်တော့ တန်ဖိုးရှိမှာပါ၊ ဒီကောင်တွေက အရိုးပါ မကျန် ဝါးစားတတ်ကြတဲ့ အသားစား အမဲလိုက်ခွေးမျိုးတွေလေ"

မိုးအာကာ၏ ခြိမ်းခြောက်စကားကြောင့် ငွေစိုးကြည် ကျောထဲ၌ စိမ့်သွား၏။

"ကိုမိုးအာကာ. . . ဟိုဗျာ. . . ကျွန်တော်"

"ခင်ဗျား ကြားဖြတ်မပြောပါနဲ့ ဒေါက်တာ၊ ခင်ဗျားကို ကျုပ် နောက်ဆုံးအနေနဲ့ သတိတစ်ခု ပေးလိုက်မယ်၊ သဒ္ဒါချိုရဲ့ အနာဂတ်ဟာ ခင်ဗျားရဲ့ လိမ္မာပါးနပ်မှုပေါ်မှာ အများကြီး မူတည်နေတယ်၊ အဲ့ဒါကိုတော့ ခင်ဗျား မြဲမြဲမှတ်ထားပါ၊ ခု ကျုပ်ဆက်တဲ့ ဖုန်းနံပါတ်ကိုလည်း အပင်ပန်းခံပြီး စုံစမ်းမနေပါနဲ့၊ ကျုပ် စတိုးဆိုင်တစ်ဆိုင်ကနေ ပြောနေတာ၊ တကယ်လို့ ခင်ဗျား ဆယ်လူလာကို ဆက်ခဲ့လို့ ကျုပ် ဖုန်းနံပါတ် ပေါ်ခဲ့ရင်လဲ အပင်ပန်းမခံနဲ့၊ အများသုံးဖုန်းကပဲ ကျုပ်ဆက်မှာပါ၊ ဒါပါပဲ ဒေါက်တာ"

ပြောပြောဆိုဆို မိုးအာကာ ဖုန်းချသွားသည်။





တကယ်တော့ ၎င်းအား သူ၏ ဆယ်လူလာဖုန်းနံပါတ် ပေးလိုက်ခြင်းမှာ ၎င်း၏ဖုန်းနံပါတ်ကို သိချင်သောကြောင့် ဖြစ်သည်။ ယခုတော့ မိုးအာကာက ကွက်ကျော် မြင်နေသဖြင့် သူ စိတ်တိုတောင်းစွာ ဇာက်တစ်ချက် ခေါက်လိုက်မိသည်။

ထို့အတူ မိုးအာကာကလည်း ငွေစိုးကြည်၏ လှည့်စားမှုအပေါ် ခံပြင်းနေမိ၏။ သူ ထမင်းစားရန် ထိုဆိုင်လေးသို့ ပြန်လည် ရောက်ရှိသွားစဉ် ရဲကားနှင့် ရဲတချို့ကို မြင်သဖြင့် စုံစမ်းကြည့်တော့ ပြန်ပေးသမားတစ်ယောက် ထိုဆိုင်မှ ဖုန်းဆက်သဖြင့် သာရှာခြင်း ဖြစ်ပါသတဲ့။


၎င်းတို့ ရှာပုံက ဆိုင်ထဲရှိ စားသောက်နေသူအားလုံးအား ဓာတ်ပုံတင်များ တောင်းယူစစ်ဆေးခြင်း ဖြစ်သည်။ အကယ်၍ ဖုန်းဆက်ပြီး သူသာ ထိုဆိုင်၌ ဆက်လက် ထိုင်နေခဲ့မည် ဆိုပါက သူ၏ကားလိုင်စင်ပေါ်မှ မိုးအာကာဟူသော အမည်ကြောင့် ငွေစိုးကြည်၏ ထောင်ချောက်ထဲသို့ အလွယ်တကူ ရောက်ရှိသွားနိုင်ပါသည်။

သို့သော် သဒ္ဒါချိုအတွက် တရုတ်ပြည်ဖြစ် မြင်းစီးဖိနပ် တစ်ရန် သွားဝယ်နေခြင်းကြောင့် ငွေစိုးကြည်၏ ထောင်ချောက်နှင့် သီသီလေး လွဲခဲ့ခြင်းဖြစ်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







(တစ်ဆယ်)

"ကိုအာကာ ဆောင်းကို တော်တော်ချစ်လား"

"အဲ့ဒီမေးခွန်းကို ဖြေဖို့ ကျုပ်မှာ စကားလုံး ပြည့်ပြည့်စုံစုံ မရှိဘူး သဒ္ဒါချို"

"အပြည့်အစုံကြီး မဟုတ်တောင် ကျွန်မ ခန့်မှန်းလို့ ရအောင်တော့ ရှင် ဖြေနိုင်မှာပါ. . . ကိုအာကာ၊ ရှင် သူ့ကို တော်တော် ချစ်သလား"

"ကျုပ် ဆောင်းက လွဲရင် တခြားမိန်းကလေးတွေကို မိန်းမလို့ မြင်ကြည့်လို့ မရလောက်အောင်ကို ချစ်တယ်၊ အဲ့ဒီလောက်ဆိုရင် မင်း ခန့်မှန်းလို့ ရပြီလား"

"ဒါဖြင့်. . . ကျွန်မကိုတော့ မိန်းမတစ်ယောက်လို့ ရှင် မြင်ကြည့်လို့ မရဘူးဆိုပါတော့"

မေးပြီးမှ ကိုယ့်စကား အဓိပ္ပါယ်ကို ဘာသာပြန် စဉ်းစားမိပြီး ကိုယ့်ပါးစပ်ကိုယ် ပိတ်ရိုက်ချင်စိတ် ပေါက်ကာ မျက်နှာတစ်ခုလုံး ထူအန်းသွား၏။

လဲသေလိုက်စမ်း မိသဒ္ဒါ။


www.burmeseclassic.com

www.burmeseclassic.com


နှင့် ခုလိုမေးလိုက်တဲ့အတွက် သူ ဘယ်လို ထင်သွားမလဲ။

မရိုးမသားအတွေးတို့ကို ကစဉ့်ကလျား လျှောက်တွေးလျက် သူမ ရှက်လန့်တကြား ဖြစ်သွားမိသော်လည်း သူကတော့ ဘာမှ ဖြစ်ပုံမရ။ ရိုးရိုးသားသား မျက်နှာနှင့် ခပ်အေးအေး အဖြေပေးပါသည်။

"ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် အစက မင်းကို မိန်းမတစ်ယောက်လို လုံးဝသဘောထားလို့ မရတာ အမှန်ပဲ သဒ္ဒါချို ဒါပေမယ့် . . . ခုတော့ မင်းဟာ ယောကျ်ားလေးတစ်ယောက် မဟုတ်ဘူးဆိုတာ ကျုပ် တဖြည်းဖြည်း သဘောပေါက်လာတယ်"

ဘာစကားကြီးလဲ။ မိန်းမတစ်ယောက်လို သဘောထားလို့ မရပေမယ့် ယောကျ်ားလေးတစ်ယောက် မဟုတ်ဘူးဆိုတာ သဘောပေါက်လာသတဲ့။

ရုတ်တရက် သူမ တိမ်ပျံကို စီးမိသောနေ့ကို သတိရကာ ရှက်သွေးဖြန်းလာမိသည်။

ထိုနေ့က ယာထဲမှ ထွက်သည့် အသီးအနှံများ ကားတစ်စီး အပြည့်တင်ကာ မြို့ထဲသို့ သွားပို့ရန် သူ ထွက်သွားခဲ့သည်။ မနက်ရှစ်နာရီထိ ပြန်မလာတော့ ကိုယ်ဘာသာ မြင်းစီး၍ ယာခင်းသို့ သွားရန် ဆုံးဖြတ်လိုက်သည်။

"ကျွန်မ ယာခင်းဘက် မြင်းစီးလိုက်ဦးမယ် ကိုကောင်း"

"ဟိုကောင်ကြီးကို မစောင့်တော့ဘူးလား"

"သူက နောက်ကျမှ ရောက်လာရင် ဒီနေ့ မြင်းမစီးရဘဲ ဖြစ်သွားမှာပေါ့၊ ရန်လုံတို့ကိုတော့ ကျွန်မနောက် မလိုက်အောင် တဆိတ် ခေါ်ထားပေးပါနော်၊ သူတို့ ပါလာရင် အသည်းယားလွန်းလို့"

ခွေးများအား ထိန်းခိုင်းထားပြီး နောက်ဖေးပေါက်မှ တစ်ဆင့် မြင်းဇောင်းဘက် ထွက်လာတော့ သူမအား မှတ်မိသော တိမ်ပျံနှင့် မိုးပြာက ဟီသံပေးကာ နှုတ်ဆက်သည်။ မိုးပြာအား အုပ်ခွက်စွပ်မည် ပြုပြီးမှ ဘာကြောင့်မှန်း မသိဘဲ တိမ်ပျံကို စီးချင်စိတ် ပေါ်လာသည်။

တိမ်ပျံက မိုးပြာနှင့်စာလျှင် အနည်းငယ် ထွားကျိုင်းသည့် ရွှေနီရောင် အမွှေးနှင့် အလွန်လှသော မြင်းဖြစ်သည်။ နှစ်ကောင်စလုံး သဘောကောင်းသော မြင်းများ ဖြစ်သည့်အပြင် မိုးပြာကိုတောင် အသားကျ ခပ်မြန်မြန် စီးနိုင်သေးလျှင် တိမ်ပျံကိုလည်း စီးနိုင်ရမှာပေါ့ဟု ကိုယ့်ကိုယ်ကို အထင်ကြီးကာ တွေးလိုက်မိသည်။

စစီးကာစ ဖြစ်သဖြင့် ဇက်များ ခတ်တော့ မိုးပြာလို မကြမ်းရဲ။ သို့သော် တိမ်ပျံက မိုးပြာထက်ပင် ညင်သာသလို ဇက်ဖွင့်တော့လည်း အလိုက်သင့် ပါလာသည်။ ယာခင်းကျယ်ကြီးအား တစ်ပတ်ပတ်ပြီးနောက် သွားနေကျ မဟုတ်သော ကုန်းမြင့်လေးပေါ်သို့ တက်လိုက်၏။

ကုန်းမြင့်၏တစ်ဖက်မှာတော့ ပြန့်ပြူးသောလွင်ပြင်။

ကြည့်စမ်း. . . ဒီလွင်ပြင် ရှိမှန်း စောစောက သိရင် ဒီမှာပဲ မြင်းစီးလာကျင့်တာပေါ့။ ကုန်းမြင့်လေးပေါ်မှ လွင်ပြင်ဆီသို့ ဦးတည်လိုက်မိသည်။

လွင်ပြင်ပေါ် ရောက်သည်နှင့် ဘယ်လိုဖြစ်သည်မသိ။ တိမ်ပျံက ဒုန်းစိုင်းလေတော့သည်။ ဇက်ဆွဲလည်း မရ၊ စုတ်သပ်သည်း မရတော့။ သူမ ကြောက်ရွံ့လာပြီး မြင်းပေါ်မှ မကျအောင် ကုန်းနှီးကိုသာ မြဲမြဲကိုင်လျက် မျက်စိမှိတ်ထားလိုက်တော့သည်။

www.burmeseclassic.com



ဘုရားမလို့ မြန်မြန်ရပ်ပါတော့ တိမ်ပျံရယ်. . .။

သို့သော် တိမ်ပျံက မရပ်။ ပို၍မြန်ဆန်လာသဖြင့် သူမ အူထဲ အသည်းထဲမှ အေးကာ ကြောက်ရွံ့လာလေသည်။ ထိုအချိန် ၌ သူမ ဘေးနားမှ ခပ်အုပ်အုပ် အသံထွက်လာသော်လည်း ကိုယ့်မြင်းသံနှင့်ကိုယ်မို့ မသဲကွဲ။

"သဒ္ဒါချို. . . သဒ္ဒါချို"

သူမအမည်အား ခေါ်နေမှန်း ပီပြင်လာသဖြင့် မျက်လုံး ဖွင့်ကြည့်လိုက်တော့ မိုးပြာအား ကုန်းနှီးမပါဘဲနှင့် ယှဉ်၍စီးလာ သော မိုးအာကာကို တွေ့လိုက်ရသဖြင့် သူမ အားတက်သွား၏။

"တိမ်ပျံကို ရပ်အောင် လုပ်ပေးပါဦး"

သူမ အော်တော့ သူကလည်း ပြန်အော်ပါသည်။

"ရပ်အောင် လုပ်လို့မရဘူး၊ မင်းသာ ကျုပ်ပြောတဲ့အတိုင်း လုပ်၊ ခြေနင်းကွင်းတွေထဲက မင်းခြေထောက်တွေကို ထုတ်၊ မြန် မြန်လုပ်၊ အချိန်မရှိဘူး"

"ပြီးရင် ဘာလုပ်ရမှာလဲ"

"သူ့ဇက်ကို လွှတ်ပေးထားပြီး ကုန်းနှီးကိုပဲ ကိုင်ထား ဟိုရှေ့က ကမူလေးကျော်ရင် ညာဘက်ကို လှိမ့်ဆင်းလိုက်၊ ညာ ဘက်နော်၊ ကိုယ်ကို တစ်ခြမ်းစောင်းပြီး လှိမ့်ဆင်း၊ ခုန်မချ မြေကြီးပေါ် ကျပြီးရင် သုံးလေးပတ်လောက် ဆက်လှိမ့်လိုက် ဘာမှမဖြစ်ဘူး၊ အဲ့လိုမလုပ်ရင် မင်း ဒီ့ထက် နာလိမ့်မယ်"

မိုးအာကာက တတွတ်တွတ် အော်ပြောနေသော်လည် ၎င်း၏မြင်းက တဖြည်းဖြည်း နောက်၌ ကျန်ခဲ့ပြီဖြစ်သည်။ အမှ တော့ သူမ မြင်းပေါ်မှ ခုန်မချရပါ။ သို့သော် အဲလိုမလုပ်ရ ဒီ့ထက် နာလိမ့်မည်ဟု ဆိုသဖြင့် မျက်စေ့စုံမှိတ်ကာ သူပြော





အတိုင်း လုပ်လိုက်ပါသည်။

မြင်းပေါ်မှ လှိမ့်ဆင်းပြီးချိန်မှာတော့ နာကျင်မှု၊ ကြောက် ရွံ့မှုတို့ကြောင့် သူမ မေ့မြောသွားလေသည်။ (အမှန်တော့ သိပ် နာလှပါ။ သို့သော် ထိုသို့ လှိမ့်ချလျှင် နာမှာပဲဟု ကြိုတွေးထား သောကြောင့် ကြောက်လန့်မှုနှင့် ပေါင်းစပ်ကာ သူမ မေ့သွားခဲ့ ခြင်း ဖြစ်သည်။)

သူမ သတိရလာတော့ တဲအိမ်ကလေး တစ်လုံးထဲ၌ ရောက်နေပြီး တစ်ကိုယ်လုံး အရက်နံ့လို ခပ်စူးစူး ချဉ်စုတ်စုတ် အနံ့တို့ဖြင့် နံစော်နေပါသည်။ ထိုအချိန်ထိ သူမ အထိတ်တလန့် ဖြစ်သေး။

သူမကိုယ်ပေါ်မှ အဝတ်အစားတို့ ဖရိုဖရဲဖြစ်နေကြောင်း သိလိုက်ရချိန်မှ ရှက်လန့်တကြား ဖြစ်ကာ ဒေါသတို့ ဆူဝေလာကြ သည်။ သူမ ထထိုင်မည် ပြုပြီးမှ နာကျင်မှုကြောင့် စုတ်သပ်ကာ ပြန်လှဲချလိုက်ရသည်။

"သတိရပြီလား သဒ္ဒါချို"

အသံနှင့်အတူ မရှေးမနှောင်းမှာပင် တဲထဲသို့ မိုးအာကာ ဝင်ရောက်လာသည်။ သူ့ကို မြင်တော့ သူမ၏ဒေါသတို့ ဆူပွက် လာကာ ခပ်စူးစူး အော်မေးလိုက်သည်။

"ကျွန်မတစ်ကိုယ်လုံး အရက်နံ့တွေ နံနေပါလား"

"ဟုတ်တယ်. . . မီးတောက်အရက်နဲ့ ဖော်ထားတဲ့ဆေး လိမ်းပေးထားလို့၊ အဲ့ဒီဆေးက သိပ်စွမ်းတယ်၊ မနက်ဖြန်တောင် မနေဘူး၊ ညလောက်ဆိုရင် မင်းတစ်ကိုယ်လုံး နာတာကျင်တာတွေ ဖျစ်သလို ပျောက်သွားလိမ့်မယ်"

"ဒါပေမယ့်. . . ကျွန်မ. . . ကျွန်မ အဝတ်အစားတွေ. . ."



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းတစ်စ ရပ်ဆိုင်းသွားသော ထိုစကားကိုတော့ ဒေါ်သသံဖြင့် မဟုတ်ဘဲ ယူကျုံးမရသံဖြင့် ပြောလိုက်မိခြင်း ဖြစ်သည်။ သူကတော့ ဘာမှ မဖြစ်သလို ခပ်အေးအေး ရှင်းပြပါသည်။

"ဒီဆေးက အသားထဲကို ဝင်အောင် လိမ်းရတယ်၊ တစ်ကိုယ်လုံး အသားထဲ စိမ့်ဝင်တဲ့အထိ လိမ်းရတာ၊ တဖြည်းဖြည်း မင်းတစ်ကိုယ်လုံး ပူလာလိမ့်မယ်၊ များများပူလေ အပျောက်မြန်လေပဲ"

"နေပါဦး၊ ရှင့်ကို ဘယ်သူက ဆေးလိမ်းခိုင်းလို့ စေတနာပိုပြီး လိမ်းရတာလဲ"

သူမ စကားအား နားမလည်သည့်ပမာ သူ မျက်မှောင်ကြုတ်သွားသည်။

"စေတနာပိုတာ မဟုတ်ဘူး၊ ဆေးမလိမ်းရင် မင်း အိပ်ရာထဲက ၄-၅ ရက်လောက် မထနိုင်မှာစိုးလို့ လိမ်းခိုင်းရတာ၊ နေပါဦး၊ မင်းကို ကျုပ်က လက်အရသာခံပြီး လိမ်းပေးတယ်များ ထင်နေသလား၊ မင်းကို ဖွားဇုံ လိမ်းပေးတာ၊ သူ လိမ်းပေးနေတဲ့အချိန်မှာ ကျုပ်က တိမ်ပျံကို သွားခေါ်ရသေးတယ်၊ ခုမှ ပြန်ရောက်လာတာ"

"ဒါဖြင့်. . . အဲဒီဖွားဇုံ ဘယ်မှာလဲ"

"ဟိုမှာ ငုတ်တုတ်ကြီး ထိုင်ပြီး ဆေးကြိတ်နေတာ မင်းမတွေ့ဘူးလား"

ဒီတော့မှ တဲထောင့်၌ သစ်ရွက်တစ်ချို့ကို မီးအုံးကာ ပုလင်းလွတ်တစ်ခုနှင့် ဆေးကြိတ်နေသော ဖွားဇုံကို သတိပြုမိပါတော့သည်။ (မိုးအာကာတို့၏ ယာခင်းကို အခမဲ့ ကြည့်ရှုပေးနေသော အဖိုးအိုကံနှင့် ဖွားဇုံကို သူမ နှစ်ခါလောက် မြင်ဖူးထားသော်လည်း ၎င်းတို့၏တဲကိုတော့ ယခုမှ ရောက်ဖူးခြင်း ဖြစ်သည်)





ဖွားဇုံကို တွေ့တော့မှ သူမ ပေါက်ကရတွေ တွေးကာ မဟုတ်တရုတ်တွေ လျှောက်စွပ်စွဲမိမှန်း တွေးမိပြီး သူ့ကို အလွန်အားနာသွားပါသည်။ သူမက တောင်းပန်တော့ သူက ဘာမှ မဖြစ်သလိုပင် အေးဆေးစွာ ပြန်ပြောသည်။

"ဖွားဇုံ တိုက်မယ့်ဆေးကို မင်း ကုန်အောင်သောက်ပြီး ဘာရေးအိပ်လိုက်ပါ၊ ဆေးက ခါးပေမယ့် အရမ်းအစွမ်းထက်တယ်၊ အိပ်ရာက နိုးရင် မင်းတစ်ကိုယ်လုံး ချွေးတွေ ရွှဲနေလိမ့်မယ်၊ ဒါကြောင့် မအိပ်ခင် အပေါ်က အနွေးထည်ကြီးကို ချွတ်ထားလိုက်ပါ"

"ကျွန်မ ခုချိန်ထိ ကြောက်နေတုန်းပဲ၊ အိပ်လို့ ပျော်မယ်မထင်ဘူး"

"မင်း အိပ်လို့ ပျော်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဖွားဇုံရဲ့ ဆေးထဲမှာ သူတို့ ရိုးရာ မီးတောက်သုံးဇွန်းလောက် ပါတယ်"

"ဒါနဲ့ တိမ်ပျံက ဘယ်လို ဖြစ်သွားတာလဲ"

"ဘယ်လိုမှ မဖြစ်ဘူး၊ အဲ့ဒီလွင်ပြင်က ကျုပ် တိမ်ပျံကို ဇက်ကုန်ဖွင့်ပြီး ဒုန်းကျင့်နေကျ နေရာလေ၊ မင်းက အဲဒီကို ဆင်းသွားတော့ သူ ဒုန်းပြေးရတော့မယ် ထင်ပြီး ကဆုန်စိုင်းတော့တာပဲ၊ မင်းကလဲ ကြောက်ပြီး ဇက်ဖွင့်ပေးလိုက်တော့ ပိုဆိုးတာပေါ့၊ ကျုပ် ခြံထဲ ဝင်လာတော့ ကုန်းပေါ်မှာ တိမ်ပျံနဲ့ မင်းကို တွေ့လိုက်ကတည်းက ပြဿနာ တက်တော့မယ်လို့ ထင်သားပဲ၊ ဒါကြောင့် မိုးပြာကို ကုန်းနှီးတောင် မတပ်ဘဲ ဖြတ်လမ်းက လိုက်လာလို့ မှီတာ၊ တိမ်ပျံ တကယ်စိုင်းရင် မိုးပြာ လိုက်လို့မမှီဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ခုန်ဆင်းခိုင်းတဲ့နေရာက မြေအပျော့ဆုံးနေရာမို့ မင်းဒီလောက်နဲ့ သက်သာသွားတာ၊ တိမ်ပျံ တောထဲထိ စိုင်းလို့ မင်းဇက်ပြန်မထိန်းနိုင်ရင် သစ်ပင်နဲ့ ဝင်တိုက်ပြီး ဒီထက် အခြေအနေ ဆိုးသွားနိုင်တယ်၊ နောက် မင်း မိုးပြာကိုပဲ စီးပါ၊ ကြိုက်တဲ့နေရာကို စီး၊ သူက ဒုန်းစိုင်းမပြေးဘူး၊ ကဲ. . . ကျုပ်သွားဦးမယ်၊ နေ့လည်လောက်မှ ကျုပ် မင်းကို လာခေါ်မယ်"

စကားဆုံးသည်နှင့် သူ ထိုင်ရာမှ ထရပ်ကာ တဲထဲမှ ပြန်လည်ထွက်ခွာသွားပါသည်။ ဖွားဖုံ၏ဆေးက မိုးအာကာ ပြောသလို အဝင်ခါးလှသည့်အပြင် ဆေးသောက်ပြီး သူမ အိပ်ပျော်သွားပါသည်။

သူမအား ဖွားဖုံ ဆေးလူးပေးသည်ကို မသိဘဲ ပေါက်ကရ အတွေးနှင့် သူ့အပေါ် ရန်ထောင်ခဲ့မိသော်လည်း နေ့လည်ပိုင်းလာခေါ်ချိန်မှာတော့ သူမ ရန်မထောင်နိုင်တော့ပါ။ ကိုယ်လက်နာကျင်ကိုက်ခဲမှုတို့ သက်သာပျောက်ကင်းသွားပြီ ဖြစ်သော်လည်း ဖွားဖုံ၏ ဆေးအရှိန်ဖြင့် သူမ ရီဝေဝေ ဖြစ်နေပါသေးသည်။

သူက မိုးပြာအား နှစ်ယောက်စီးရန် ရည်ရွယ်လာသဖြင့် ကုန်းနှီးတင်မလာခဲ့ပါ။ ကုန်းနှီးပါလျှင် ရှေ့မှာ စီးမည့် သဒ္ဒါချိုအတွက် အနှောင့်အယှက် ဖြစ်နိုင်သောကြောင့် ဖြစ်သည်။ သူက သူမ၏ ချိုင်းနှစ်ဖက်ကို စွေ့ကနဲ မကာ မိုးပြာကျောပေါ် တင်ပေးလိုက်တော့ အနည်းငယ် ရင်ဖိုသွားသည့်အပြင်. . .

သူနဲ့ငါ မြင်းတစ်ကောင်တည်းကို နှစ်ယောက်အတူ စီးရမှာပါလား ဟူသော အတွေးနှင့် ရှက်အန်းအန်း ဖြစ်သွားမိသည်။

ထို့ထက် ပိုဆိုးသည်မှာ မြင်းနောက်ပိုင်းသို့ သူ လွှားခနဲ ခုန်တက်လိုက်ပြီး မိုးပြာအား ဇက်သော့လိုက်ချိန် ဖြစ်သည်။ သူမ





ထိုင်နေမိသည်က မြင်း၏ လက်ပြင်နေရာ ဖြစ်သဖြင့် မြင်း၏ခြေလက်များ စတင်လှုပ်ရှားလိုက်သည်နှင့် သူမ၏ကိုယ်က လျှောကာ သူ့ရင်ခွင်ထဲသို့ ရောက်ရှိသွားပါသည်။

ယောကျ်ားတစ်ယောက်၏ ရင်ခွင်ထဲသို့ ယခုလို ပုံစံမျိုးဖြင့် တစ်ခါမှ မရောက်ခဲ့ဖူးသော သူမကတော့ ရှက်သွေးများ မှိန်းမြကာ အာခေါင်တစ်ခုလုံး ရေငတ်သလို ခြောက်ကပ်လာ၏။ ဒီကြားထဲ ဖွားဖုံ၏ ဆေးအရှိန်ကြောင့်ပဲလား မပြောတတ်။

ရင်တလှပ်လှပ် လှိုက်ဖို ရီဝေလျက် သွေးခုန်နှုန်းတို့ မြန်လာကြသဖြင့် မျက်လုံးအစုံကို မှေးမှိတ်ထားလိုက်ရသည်။

ဘုရားရေ. . .

ဒီပုံစံအတိုင်းသာ ခရီးဝေး သွားရရင် ငါတော့ ရင်ခုန်မြန်တာနဲ့ သေမှာပဲ။

သို့သော် သူမ မသေပါ။ အိမ်သို့ ပြန်ရောက်လာမှန်းပင် မသိလိုက်။ မိုးအာကာက "ကဲ. . . အမျိုးသမီး၊ အိမ်ရောက်ပြီ" ဟု သတိပေးလိုက်တော့မှ မြင်းပေါ်မှ အသာလျှောဆင်းလိုက်ရသည်။ ဒီတော့မှ သူမ၏ဒူးတို့ မခိုင်ချင်ဘဲ တဆတ်ဆတ် တုန်ယင်နေကြောင်း သတိပြုလိုက်မိသည်။

"မင်း. . . နေကောင်းရဲ့လား. . . သဒ္ဒါချို မျက်နှာတစ်ခုလုံးလဲ နီလို့ပါလား"

"ကျွန်မ. . . ကျွန်မ နေကောင်းပါတယ်. . . ကိုအာကာ ဘာမှမဖြစ်ပါဘူး"

ခပ်သဲ့သဲ့အသံနှင့် ထိုမျှသာ သူမ တုံ့ပြန်နိုင်ခဲ့ပါသည်။


... ပြီးပါပြီ ...



www.burmeseclassic.com

www.burmeseclassic.com









(တစ်ဆယ်တစ်)

မြင်းတစ်ကောင်တည်း အတူစီးမိသဖြင့် ထူးဆန်းသော ခံစားမှုကို ခံစားခဲ့ရသလို သဒ္ဒါချို၏ အတတ်ဆန်းမှုကြောင့် ရင်လှိုက်သဲဖို အဖြစ်အပျက်တစ်ခုနှင့်လည်း ကြုံတွေ့ခဲ့ရပါသေးသည်။

ထူးဆန်းသော ထိုအဖြစ်အပျက်မှာ သူမ မြင်းပေါ်မှ ကျပြီး နှစ်ရက်အကြာ၌ စတင်ခဲ့ခြင်း ဖြစ်သည်။ ထိုနေ့က ဆောင်းသဇင်ကို သတိရ၍ပဲလား မပြောတတ်။ နေ့လည်ကတည်းက မိုးအာကာ စန္ဒရားခုံ၌ ထိုင်ကာ စန္ဒရား တီးနေခဲ့သလို (ရိုးရာ ငှက်ဖျားဆေး တစ်ဆ၊ အရက်တစ်ဆ ဆတူရောထားသည့်) ညို ညစ်ညစ် ဆေးအရက်များကိုလည်း တစ်ခွက်ပြီးတစ်ခွက် သောက်နေခဲ့၏။

ညနေ မြင်းစီးချိန်တိုင်အောင် သူ စန္ဒရားခုံမှ မထသော အခါ ကိုယ့်ဘာသာ တစ်ယောက်တည်း စီးမည်ဟု ဆုံးဖြတ်ပြီး အဝတ်လဲရန် အိမ်ပေါ်သို့ တက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ အနွေးထည် လဲရန် ဖြစ်သည်။ သူမ၌ ဆောင်းသဇင်၏အိတ်ထဲမှ အနွေးထည်နှင့် သူမ ဝတ်ဆင်လာခဲ့သည့် တစ်ထည်၊ စုစုပေါင်း လေးထည်သာ ရှိသည့်အနက် တစ်ထည်မှာ ဤရာသီနှင့် မလိုက်ဖက်သဖြင့် ဒီတိုင်း အလှကြည့်နေခဲ့ရ၏။

အနွေးထည် နည်းရသည့်အထဲ တစ်ထည်မှာ မြင်းပေါ်မှ ကျစဉ် ပေကျံသွားခဲ့ပြီး ကျန်နှစ်ထည်ကတော့ သူမကိုယ်မှ ဆေးနံ့များ ကူးစက်ကာ ချဉ်စုတ်စုတ် ဖြစ်နေသဖြင့် ယနေ့မနက်ပင် ထိုသုံးထည်စလုံးကို လျှော်ပစ်လိုက်သည်။

ထို့ကြောင့် ဆွယ်တာပွပွကြီးနှင့် မြင်းစီးရန်သာ ရှိပါတော့သည်။ ဤရာသီ၏ ညနေပိုင်းအား ထိုဆွယ်တာနှင့် ဖြတ်သန်းရန် မလုံလောက်ပါ။ ဒီကြားထဲ မိုးအာကာက ကမ်းထရီး လည်ရှည်ဖိနပ်ကို တုပထားသည့် တရုတ်ပြည်ဖြစ် မြင်းစီးဖိနပ်တစ်ရန် ဝယ်ပေးထားသဖြင့် ထိုဖိနပ်နှင့် လိုက်ဖက်မည့် ကုတ်အကျႌ တစ်ထည်ကို အလွန်လိုချင်နေမိသည်။

သူမ၏ဆွယ်တာမှာ အနက်ရောင် ဖြစ်သဖြင့် မိုးအာကာက မဝတ်နှင့်ဟု တားမြစ်ထားသော ကုတ်အနီလေးကိုသာ ဝတ်လိုက်ရလျှင် အတော် လိုက်ဖက်ပါလိမ့်မည်။

စိတ်ကူးပေါ်လာလျှင် ထလုပ်တတ်သည့် သူမ၏ထုံးစံအတိုင်း ထိုအနီရောင် ကုတ်အကျႌအသစ်ကလေးကို လှမ်းယူကာ ဝတ်ပစ်လိုက်သည်။ ကုတ်အကျႌ ဝတ်မှတော့ ဦးထုပ်ပါ ဆောင်းလိုက်ရုံပေါ့။ မှန်ထဲ ကြည့်လိုက်တော့ ဦးထုပ်အနီ၊ ကုတ်အကျႌအနီ၊ လည်ရှည် မြင်းစီးဖိနပ်နှင့် သူမ၏ပုံက အတော်ကြည့်ကောင်းနေပါသည်။





သို့သော် စန္ဒရားတီးနေသော မိုးအာကာကတော့ အိမ်ပေါ်ထပ်မှ ဆင်းလာသည့် သူမကို တစ်ချက်မှ မော့မကြည့်ခဲ့ပါ။ သူ မကြည့်တော့ကော ဘာအရေးလဲ။ မြင်းစီးဖို့က အဓိက မဟုတ်လား။ ထိုအချိန်ထိ ဘာပြဿနာမှ မရှိခဲ့။ ပြဿနာက မြင်းစီးရာမှ ပြန်လာပြီး အိမ်ပေါက်ဝ ရောက်ချိန်မှ စတင်ခြင်း ဖြစ်လေသည်။

အိမ်တံခါးမကြီးကို တွန်းဖွင့်၍ အိမ်ထဲသို့ ဝင်လိုက်သည်နှင့် စန္ဒရားခုံ၌ ထိုင်နေသော မိုးအာကာက သူမအား ဖြတ်ခနဲ လှည့်ကြည့်လိုက်သည်။ ပထမ ကြည့်ရိုးကြည့်စဉ် လှမ်းကြည့်ခြင်းသာ ဖြစ်သော်လည်း သူမကို တွေ့လိုက်သည်နှင့် ၎င်း၏မျက်နှာက တစ်မျိုးဖြစ်သွားပြီး ထူးဆန်းသော အရိပ်အယောင်များ လွှမ်းခြုံသွားကာ. . .

စန္ဒရားခုံမှ ဆတ်ခနဲ ထ၍ သဒ္ဒါချို ရှိရာသို့ ဒရောသောပါး လျှောက်လာလေသည်။

မြတ်စွာဘုရား. . .

သူ ဘာဖြစ်သွားတာပါလိမ့်. . .။ မဝတ်ခိုင်းတဲ့အကျႌကို ယူဝတ်လို့ ငါ့ကို တစ်ခုခု လုပ်မလို့များလား. . .။ စိုးရိမ်စိတ်ဖြင့် သူမ ကြောက်ရွံ့လာပြီး အိမ်ပြင်သို့ ပြန်ထွက်ပြေးလျှင် ကောင်းမလားဟု တွေးလိုက်သည်။ သို့သော် အိမ်ပြင်၌ ရန်လုံတို့ ရှိနေသဖြင့် ထွက်မပြေးရဲဘဲ တံခါးကိုသာ ကျောနှင့် ဖိကပ်ထားမိသည်။

(ရန်လုံတို့က သူမအား အိမ်နှင့် မြင်းဇောင်းသို့ ကူးခြင်းကို ခွင့်ပြုထားသော်လည်း ခြေလှမ်းမြန်မြန်လှမ်းလျှင် မာန်ဖီတတ်သဖြင့် တစ်လှမ်းချင်းသာ သွားရသည်။ ထို့အတူ မြင်းဇောင်းထဲ မဝင်ဘဲ ဆက်လျှောက်မိလျှင် ထိုးဟောင်တတ်သလို မြင်းဇောင်းမှ



www.burmeseclassic.com

www.burmeseclassic.com

အိမ်မကြီးသို့ ပြန်လျှင်လည်း တန်းတန်းမတ်မတ် ပြန်မှ ကြိုက်ကြ၏။)

အကယ်၍ ယခုအချိန်၌ သူမ အိမ်ပြင်သို့ ထွက်ပြေးမည်ဆိုလျှင် သူမ တစ်ကိုယ်လုံး အသားစများ ဖြစ်သွားမည်မှာ အလွန် သေချာပါသည်။

"ကို. . . ကိုအာကာ. . . ရှင်. . ."

သူမ၏စကားသံတို့ ထစ်ငေါ့စွာ ရပ်ဆိုင်းသွားသော်လည်း သူမဆီ ဦးတည်လာသည့် သူ၏ခြေလှမ်းတို့ကတော့ မရပ်ဆိုင်းပါ။ သူ၏ တူးဆန်းသော မျက်နှာအမူအရာက ကိုအာကာ ဟူသော ခေါ်သံကြောင့် အလိုမကျသလို ဖြစ်သွားပြီးမှ ကဖြည်းဖြည်း ပြုံးလာပါသည်။

သူ့အပြုံးကို တစ်ခါမှ မမြင်ဖူးသဖြင့် သူမ ကြောင်အန်းမှင်တက်နေမိသည်။ အနားရောက်သည်နှင့် သူက သူမ၏လက်ကို ဖြတ်ခနဲ လှမ်းကိုင်လိုက်ရင်း. . .

"ဘာ. . . ကိုအာကာလဲ၊ ကိုမိုးလေ ဆောင်းရဲ့၊ နှစ်တွေကြာလို့ အခေါ်အဝေါ်တွေ မေ့ကုန်ပြီလား. . . ကိုမိုး ဒီနေ့ တစ်နေ့လုံး ဆောင်းကို သတိရနေတာ၊ ခုတော့ ဆောင်း ကိုမိုးဆီ တကယ် ပြန်ရောက်ပြီပေါ့. . . ဟုတ်လား"

ဘုရားရေ. . . ဆောင်း. . . တဲ့။

သူ ငါ့ကို ဆောင်းသဇင်လို့ ထင်နေတာပါလား။ အံ့ဩမှုကြောင့် ညင်သာစွာ တယုတယ လှမ်းကိုင်ထားသည့် သူ့လက်ကို ရုန်းရန်ပင် သူမ မေ့လျော့နေမိသည်။

"လာ. . . ဆောင်း"

သူမ၏လက်ကို ဆွဲလျက် နှစ်ယောက်ထိုင် ဆက်တီဆီ ခေါ်လာ၍ ထိုင်ခိုင်းပြီး သူပါ သူမဘေး၌ ဝင်ထိုင်လိုက်သဖြင့် သူမ ကိုယ်လေး ဆတ်ခနဲ တုန်သွားလေသည်။

"ကိုမိုး. . . မင်းကို စောင့်နေခဲ့တာ ဆောင်း၊ ခုတော့ မင်း တကယ် ပြန်ရောက်လာပြီနော်၊ ဟိုဆရာဝန်ဆီက ဆောင်း ထွက်ပြေးလာတာလား"

ဟိုဆရာဝန်ဆိုတာက ငွေစိုးကြည်ကို ရည်ရွယ်မှန်း သဒ္ဒါချို သဘောပေါက်လိုက်သည်။ သို့သော် ယခုအချိန်အထိ ဘာမှ ပြန်မပြောနိုင်လောက်အောင် သူမ ကြက်သေ သေနေမိဆဲ ဖြစ်သည်။

"ကိုမိုး မင်းကို သိပ်လွမ်းတယ် ဆောင်းရယ်၊ လူတွေက မင်းကို သေပြီလို့ ပြောကြပေမယ့် ကိုမိုး မယုံဘူး၊ ခုတော့ ကိုမိုး အထင်မှန်နေပြီပေါ့၊ မဟုတ်ဘူးလား"

ပြောနေရင်းက သူမ၏လက်ကို ရှိုက်နမ်းလိုက်သဖြင့် သဒ္ဒါချို လှုပ်ခနဲ ဖြစ်သွားကာ ခြေဖျားလက်ဖျား အေးလာလေသည်။

မဖြစ်ဘူး။ နင် သူ့ကို တစ်ခုခု အမြန်ဆုံး ပြန်ပြောလိုက် သဒ္ဒါချို။ ကျွန်မ ဆောင်းမဟုတ်ဘူး၊ သဒ္ဒါချိုပါ ဆိုတာမျိုးဖြစ်ဖြစ်ပေါ့. . .။

သို့သော်. . . သူမ၏ပါးစပ်တို့က အာစေးထည့်ထားသည့်ပမာ နှုတ်ဆွံ့နေမိသလို သူမကိုယ်တိုင်ကလည်း စပါးကြီးမြွေ၏ ညို့ကွင်းထဲ ရောက်နေသည့် သားကောင်ပမာ မှင်တက်နေမိလေသည်။

ကံကောင်းထောက်မစွာပင် ထိုအချိန်၌ အဘအိုက်နှင့် ဘွားဇုံတို့ထံ လမ်းလျှောက်ထွက်သွားသော ကိုကောင်း ပြန်ရောက်လာပါသည်။

"ကိုကောင်း. . . ဟော့ဒီမှာ ဆောင်းလေ၊ ကျွန်တော့်ရဲ့




www.burmeseclassic.com

www.burmeseclassic.com

ဆောင်းသဇင် ပြန်ရောက်လာပြီ"

ကိုကောင်း အိမ်ထဲ ရောက်သည်နှင့် မိုးအာကာက ရီဝေသံနှင့် လှမ်းပြောလိုက်သည်။ မိုးအာကာ၏မျက်နှာကို တစ်လှည့် အံ့ဩမှင်တက်နေသည့် သဒ္ဒါချို၏မျက်နှာကို တစ်လှည့်ကြည့်လိုက်ပြီး ကိုကောင်းက အရာရာကို သဘောပေါက်သွားပုံရ၏။

"တွေ့ရတာ ဝမ်းသာပါတယ် ဆောင်းသဇင်၊ ခင်ဗျား ကြည့်ရတာ ဘာမှ စားရသေးပုံ မပေါ်ဘူး. . . အာကာ. . . ဆောင်းသဇင်ကို ထမင်းစားခန်းထဲ ခေါ်လေကွာ၊ သူ့ကို တစ်ခုခု ကျွေးဦးမှပေါ့၊ ပြီးတော့ ခရီးပန်းလာပုံလည်း ရတယ်၊ ခဏတ ဖြုတ် နားခိုင်းဦး"

ကိုကောင်း၏ ပါးနပ်မှုကြောင့် သူတို့သုံးယောက် ထမင်းစားခန်းထဲ ရောက်သွားကြသည်။ မိုးအာကာက သဒ္ဒါချိုအား ဆောင်းအမှတ်နှင့် လက်ကို မလွှတ်တမ်း ကိုင်ထားပြီး သူ့အနားမှ ထိုင်စေသည်။

"ဆောင်းကို ပြောရဦးမယ်၊ ကိုမိုးတို့ နှစ်ယောက်ကို ကွဲ အောင် လုပ်ခဲ့တဲ့ ဟိုဆရာဝန်ရဲ့ ဇနီးလောင်းကို ကိုမိုး ပြန်ပေးဆွဲ ထားတယ်၊ သူ့ကို လိုချင်ရင် ဆောင်းကို ပြန်ပေးပါလို့ တောင်းဆို ကြံစည်ထားတာ၊ အဲ့ဒီအမျိုးသမီးနဲ့ ဆောင်းကို မိတ်ဆက်ပေးရဦး မယ်"

"သူ မရှိဘူး. . အာကာ၊ မြင်းစီးထွက်သွားတယ်၊ နောက် ပြီး အဲ့ဒီကိစ္စတွေကို မင်း အေးအေးဆေးဆေး အကောင်အထည် ဖော်လို့ ရပါတယ်၊ ဆောင်းက ခရီးပန်းလာတာ၊ အပေါ်တက်ပြီး ခဏတဖြုတ် နားပါစေဦး"

"ကျွန်တော် ဆောင်းကို ကြည့်လို့ မဝသေးဘူး. . .





ကိုကောင်းရ"

"သူ အနားယူပြီးရင် တဝကြီး ထိုင်ကြည့်လို့ရပါတယ်ကွာ၊ ဆောင်း အနားယူနေတုန်း ဆောင်းပြန်ရောက်လာတဲ့ အထိမ်းအမှတ်အတွက် တို့နှစ်ယောက် အောင်ပွဲခံကြတာပေါ့"

မိုးအာကာ မမြင်အောင် မျက်စိတစ်ဖက် မှိတ်ပြရင်း ကိုကောင်းက ပြောလိုက်ခြင်း ဖြစ်သည်။

"ကဲ ဆောင်းသဇင်၊ အပေါ်ထပ်မှာ အိပ်ခန်းတွေ အများကြီး ရှိတယ်၊ ကြိုက်ရာအိပ်ခန်းမှာ ခင်ဗျား အနားယူနိုင်ပါတယ်"

ကိုကောင်းက လမ်းကြောင်းပေးတော့မှ သူမ သတိဝင် လာပြီး. .

"ဟုတ်တယ်. . . ကျွန်မ. . . ဟို ဆောင်း. . . ခဏနား လိုက်ဦးမယ်"

"ကောင်းပြီလေ၊ ဒါဆိုလဲ ကိုမိုး လှေကားအထိ လိုက်ပို့ ပေးမယ်"

သူမအား ဆွဲကိုင်ထားသည့်လက်ကို မဖြုတ်ဘဲ လှေကား ထိ လိုက်ပို့သည်။ လှေကားထစ်ကို တက်မည်ပြုတော့မှ သူက သဒ္ဒါချိုလက်ကို လွှတ်ပေးလိုက်ပြီး. . .

"မြန်မြန် ပြန်ဆင်းခဲ့နော် ဆောင်း. . . ကိုမိုး စောင့်နေ မယ်" ဟု ပြောလိုက်ပါသေးသည်။ အိပ်မက်မက်နေသူ တစ်ယောက်ပမာ လှေကားထစ်များကို ဒယိမ်းဒယိုင် နင်းလျက် သဒ္ဒါချို အပေါ်သို့ တက်လာခဲ့သည်။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com



"ခု. . . ကျွန်တော်တို့ သောက်နေတဲ့ ဆေးအရက်က ငှက်ဖျား မဖြစ်အောင် ကာကွယ်ဖို့ အဘအိုက်ကိုယ်တိုင် ဖော်ထားတာ ဒီအရပ်က ငှက်ဖျားက သိပ်ကြမ်းတယ်၊ ဒါကြောင့် ကာကွယ်တဲ့ အနေနဲ့ ညနေတိုင်း ဆေးဖြစ်ဝါးဖြစ် သောက်ကြရတယ်၊ ဒီဆေးအရက်ထဲမှာ ပါတဲ့ ဆေးရွက်တစ်မျိုးက နည်းနည်းထူးဆန်းတယ်၊ အဲ့ဒီဆေးရွက်ကြောင့် ဆေးဖြစ်ဝါးဖြစ် အဆင့်ထက် ပိုပြီး မူးအောင် သောက်မိရင် ထင်မိထင်ရာ မြင်မိမြင်ရာတွေ ထင်တတ်မြင်တတ်တယ်၊ လူတိုင်းတော့ မဟုတ်ဘူး၊ ဆယ်ယောက်မှာ တစ်ယောက်၊ ဆယ်ရာခိုင်နှုန်းလောက်ပဲ ဖြစ်တာ၊ ခု. . . အာကာက ရှားရှားပါးပါး ဆယ်ရာခိုင်နှုန်းထဲမှာ ပါနေမှန်း ဒီနေ့မှ ကျွန်တော် သိလိုက်ရတယ်"

ကိုကောင်းက စကားကို ခေတ္တရပ်ပြီး ဆေးလိပ်ကို မီးညှိလိုက်ချိန်၌ သဒ္ဒါချို အကြည့်တို့က ဆက်တိရှည်ပေါ်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မိုးအာကာထံသို့ ကျရောက်သွားလေသည်။

"သူ. . . ဒီနေ့ ဆောင်းကို သတိရလို့ဆိုပြီး ဆေးအရက်တော်တော်များများ သောက်လိုက်တယ်၊ အဲ့ဒီအချိန်မှာ ခင်ဗျားကလဲ ဦးထုပ်အနီ၊ ကုတ်အကျႌအနီကို ဝတ်ပြီး အိမ်ထဲ ဝင်လာတော့ သူ့စိတ်ထဲမှာ ခင်ဗျားကို ဆောင်းလို့ ထင်သွားတာပဲ၊ ဆောင်းကားတိုက်ခံရတဲ့နေ့တုန်းက အဲ့ဒီလို ဦးထုပ်အနီနဲ့ ကုတ်အကျႌအနီကို ဝတ်ထားတယ်၊ ဒါကြောင့် သူ ကျွန်တော့်ဆီ လာတော့ အမှတ်တရအနေနဲ့ ဆောင်းဝတ်ခဲ့တဲ့ ဦးထုပ်နဲ့ ကုတ်အကျႌမျိုး တကူးတက ရှာဝယ်လာတာ"

လက်စသတ်တော့ ဒါကြောင့် ကုတ်အကျႌအနီနဲ့ ဦးထုပ်





အနီကို မဝတ်ဖို့ သူ တားမြစ်ခဲ့တာကိုး. . . ဟု သဒ္ဒါချို သဘောပေါက်သွားသည်။

"ဒါနဲ့ သူ အခုလို ဖြစ်သွားအောင် ရှင် ဘယ်လိုလုပ်လိုက်တာလဲ ကိုကောင်း"

"ငှက်ဖျားဖြစ်ရင် သောက်ရတဲ့ အပြင်းစား ဆေးအရက်ကို ထုတ်တိုက်လိုက်တာ၊ အဲ့ဒီအရက်က ရိုးရိုး ဆေးအရက်ထက် ငါးဆလောက် ပြင်းတယ်၊ ဒါကြောင့် နှစ်ခွက်လောက်လဲ ဝင်သွားရော သူ ဒေါင်းသွားတာပဲ၊ မနက်ကျရင် အခု အဖြစ်အပျက်အားလုံးကို အိပ်မက်လို့ သူ ထင်လိမ့်မယ်"

"နောက်ဆို အဲ့ဒီကုတ်အကျႌကို ကျွန်မ ဝေးဝေးရှောင်မှ ဖြစ်တော့မယ်"

"ရှောင်စရာမလိုပါဘူး သဒ္ဒါချို လိုအပ်ရင် တမင်တောင် ဝတ်ရလိမ့်ဦးမယ်"

"ရှင်. . ."

သဒ္ဒါချို တအံ့တဩ ဖြစ်သွားတော့ ကိုကောင်းက သူမအား ကြည့်ရင်း ပြောသည်။

"ဆောင်း သေပြီဆိုတာကို ဘယ်သူပြောပြော သူ လက်မခံခဲ့ဘူး သဒ္ဒါချို၊ ဒါပေမယ့် ဆောင်းကိုယ်တိုင်က ပြောရင်တော့ သူ လက်ခံလိမ့်မယ် ထင်တယ်"

"ရှင်ဆိုလိုတာက ဘာအဓိပ္ပါယ်လဲ ကိုကောင်း"

"ခင်ဗျား ဆောင်းသဇင်ဟန် ဆောင်ပြီး သူ့ကို နားချဖို့ ပြောတာပါ၊ ဒါဟာ အမှန်တရားကို သူ လက်ခံသွားအောင် ကူညီရာ ရောက်သလို ခင်ဗျား လွတ်မြောက်ဖို့အတွက် လမ်းစလဲ ဖြစ်တယ် သဒ္ဒါချို ဘယ်လိုလဲ ခင်ဗျား စိတ်ဝင်စားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုးအာကာ သူမလက်အား တစ်ချိန်လုံး ကိုင်ထားခဲ့စဉ်က ခံစားမှုကို သတိရလိုက်ပြီး သဒ္ဒါချို ရင်ဖိုသွားလေသည်။ သို့သော် ကိုကောင်း၏ မေးခွန်းကိုတော့ ခေါင်းညိတ် အဖြေပေးလိုက်ပါသည်။

... ...





(တစ်ဆယ်နှစ်)

"ဟုတ်တယ်၊ ညက ဆောင်းပြန်လာတယ်လို့ ကျုပ် အိပ်[...]က် မက်တယ်"

နောက်နေ့ ကိုကောင်းထံမှ သိရသည့်ပုံစံမျိုးဖြင့် တီး[...]ခေါက်ကြည့်တော့ သူက ထိုအတိုင်း ဝန်ခံပါသည်။

"ဒါပေမယ့် အိပ်မက်သာ ဆိုတယ်၊ ကျုပ်စိတ်ထဲမှာတော့ [...]ကယ့် အဖြစ်အပျက်တစ်ခုလို ခံစားနေရတုန်းပဲ"

"ရှင် စိတ်ထင်လို့ ဖြစ်မှာပါ"

"ဟုတ်တယ်. . . စိတ်ထင်တာလဲ ဖြစ်နိုင်တယ်၊ နောက်[...]တစ်ခုက ဆောင်း ကိုယ်ထင်လာပြတာလဲ ဖြစ်နိုင်တယ်"

"ရှင်. . ."

မိုးအာကာ၏ မထင်မှတ်သော စကားကြောင့် သဒ္ဒါချို [...]အံ့တသြ ဖြစ်သွားလေသည်။

"ရှင်ပြောတော့ ဆောင်း မသေသေးဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



မိုးအာကာ အကြာကြီး ငြိမ်သက်သွားပြီးမှ ၎င်း၏ ခံစားချက်တို့ ပွင့်အန် ထွက်ကျလာပါသည်။

"အမှန်အမှားကို မခွဲခြားနိုင်လောက်အောင် ကျုပ် မရူးသေးပါဘူး သဒ္ဒါချို၊ ဆောင်း မရှိတော့ဘူးဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့်. . . လူ့သဘာဝအတိုင်း မရှိတော့တာကို မရှိတော့ဘူးလို့ လက်မခံချင်ဘူး၊ ဒါကြောင့် ဆောင်း မသေသေးဘူး၊ တစ်နေ့ကျရင် သူ ကျုပ်ဆီ ပြန်ရောက်လာမှာပဲလို့၊ ကျုပ်စိတ်ကို ကျုပ်ဘာသာ အတင်းယုံကြည်ခိုင်းခဲ့တယ်၊ ကိုယ့်ကိုယ်ကို ပြန်ပြီးလှည့်စားတဲ့သဘောပဲ ဆိုပါတော့၊ ဘာဖြစ်လို့ အဲ့လို လှည့်စားရသလဲ ဆိုတော့ ဆောင်းဟာ ကျုပ်ဘဝ ဖြစ်နေလို့ပဲ၊ ဆောင်း မရှိတော့ဘူးလို့ လက်ခံလိုက်ရင် ကျုပ်ဘဝဟာလဲ ရှိတော့မှာ မဟုတ်ဘူး"

အဝေးသို့ မျှော်ငေးရင်း မိုးအာကာ ကြေကွဲသံဖြင့် ဖြည်းညင်းစွာ ဆက်ပြောလေသည်။

"Life not exists without hope တဲ့၊ မျှော်လင့်ချက်မရှိဘဲ ဘဝဟာ ရပ်တည်လို့ မရဘူး၊ ကျုပ် မျှော်လင့်ချက် ရှိချင်တယ် သဒ္ဒါချို၊ ဆောင်းကို ကျုပ် မျှော်လင့်နေချင်တယ်၊ ဒါကြောင့် ဆောင်း မရှိတော့ဘူးဆိုတာကို သိလျက်နဲ့ ဆောင်း သေပြီဆိုတာကို လက်မခံဘဲ ကျုပ်စိတ်ကို ဇွတ်တင်းခံနေတာ"

ဆောင်းနှင့် ပတ်သက်၍ မိုးအာကာ မည်မျှ ခံစားခဲ့ရသလဲ ဆိုသည်ကို သဒ္ဒါချို သဘောပေါက်လာသလို ယခုလည်း ကြေကွဲခံစားနေရဆဲ ဖြစ်ကြောင်း နားလည်လာမိသည်။ သို့သော် သူ့ရင်ထဲမှ ခံစားချက်တို့ ပွင့်အန် ပေါက်ကွဲလာခြင်းအတွက် သူမ ကြိတ်၍ ဝမ်းသာနေမိ၏။

ထိုသို့ ပွင့်အန်လာမှသာ ရင်ထဲ၌ ပေါ့ပါးသက်သာသွားမည် မဟုတ်ပါလား။ ထို့ကြောင့် သူ့ရင်ထဲ၌ မြုံနေသည့် ခံစားမှုကို တူးဆွရန် သူမ စကားစလိုက်သည်။

"အမှန်နဲ့အမှားကို ခွဲခြားနိုင်ပါလျက်နဲ့ အမှန်ကို လက်မခံဘူးဆိုရင် ရှင် မှားသွားမှာပေါ့ ကိုအာကာ၊ ရှင် မျက်စိစုံမှိတ်ပြီး ဘယ်လောက်ပဲယုံယုံ၊ ရှင့်ရဲ့ အတုအယောင် ယုံကြည်မှုက တကယ် ဖြစ်လာမှာ မဟုတ်ဘူး၊ ဒါကို ဆက်ပြီးယုံနေရင် ရှင် ရူးသို့ပဲ ဖြစ်မယ်"

"ကျုပ် မရူးပါဘူး သဒ္ဒါချို၊ တစ်ခုခုကို စွဲစွဲမြဲမြဲ ယုံကြည်တဲ့အခါ ယုံကြည်ချက်အတိုင်း တကယ် ဖြစ်လာတတ်တယ်ဆိုတဲ့ စကားကို မင်း ကြားဖူးသလား"

"မကြားဖူးဘူး၊ ပြီးတော့ လက်လဲ မခံဘူး၊ ကမ္ဘာကြီး လုံးနေပါလျက်နဲ့ မလုံးဘူး၊ ပြားတယ်လို့ သွားယုံကြည်ရင် ယုံကြည်တဲ့လူသာ သေသွားမယ်၊ ကမ္ဘာကြီးကတော့ လုံးမြဲ လုံးနေမှာပဲ၊ ကျွန်မကတော့ အမှန်တရားကိုပဲ ယုံကြည်ချင်တယ်၊ ရှင့်ကိုလဲ ယုံကြည်စေချင်တယ်၊ အမှန်တရားဆိုတာ ရင့်သီးပေမယ့် ရိုးသားပါတယ် ကိုအာကာ"

ယခုအချိန်၌ သူမ သူ့အား အလျှော့ပေး၍မဖြစ်။ ထို့ကြောင့် တမင် အတိုက်အခံလုပ်၍ ပြောနေခြင်းဖြစ်သည်။

"ရှင်က ဆောင်းမရှိရင် ရှင့်ဘဝလဲ မရှိတော့ဘူးလို့ ပြောခဲ့တယ်နော်၊ ဒါဖြင့် ဆောင်းနဲ့ မတွေ့ခင်တုန်းက ရှင့်ဘဝ ဘာဖြစ်လို့ ရှိနေခဲ့သလဲ. . . တဲ. . ."

"အဲ့ဒီတုန်းက ကျုပ်ဘဝ ရှိနေခဲ့ရင်တောင် အဓိပ္ပာယ်မဲ့တဲ့ ဘဝပဲ ဖြစ်မှာသေချာတယ်၊ ဆောင်းနဲ့ တွေ့မှ ကျုပ်ဘဝဟာ ပြောင်လာတာ၊ အဓိပ္ပာယ် ရှိလာတာ"







www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ ခက်လိုက်တဲ့လူလဲ။

"ရှင်ဟာ တော်တော် ခေါင်းမာတဲ့လူပဲ ကိုအာကာ"

"ကျုပ်က ခေါင်းမာတာ မဟုတ်ဘူး. . . သဒ္ဒါချို အစွဲအလမ်း ကြီးတာ"

၎င်း၏စကားကြောင့် သဒ္ဒါချို ပခုံးတစ်ချက် တွန့်လိုက်မိသည်။

"ထားပါလေ. . . ဒါဆိုလဲ ရှင့်သဘောပဲ၊ ကျွန်မ ရှင့်ကို တစ်ခုပဲ ပြောချင်တယ်၊ လောကမှာ ယုံကြည်မှုတိုင်းဟာ အမှန်တရား ဖြစ်မလာနိုင်ပေမယ့်. . . အမှန်တရားတိုင်းကိုတော့ စိတ်ချလက်ချ ယုံကြည်နိုင်ပါတယ် ကိုအာကာ၊ ရှင်ဟာ အစွဲကြီးတတ်တဲ့ လူဆိုတော့ ကျွန်မစကားကို တော်တော်နဲ့ မေ့ပစ်လိမ့်မယ်လို့ မထင်ဘူး၊ အဲ့ဒီတော့ ရှင် သေသေချာချာ စဉ်းစားပါ၊ ရှင်လဲ ပညာတတ်တစ်ယောက်ပဲ၊ ဆောင်းသဇင် သေသွားပြီဆိုတာ အမှန်တရားတစ်ခုပါ၊ မသေသေးဘူးလို့ ထင်တာကတော့ ရှင့်ရဲ့ တစ်ကိုယ်တော် ယုံကြည်မှု၊ အဲ့ဒီနှစ်ခုထဲက တစ်ခုခုကို ရှင် ရွေးချယ်ရလိမ့်မယ်၊ ရှင် ဘာကို ရွေးချယ်သင့်သလဲ ဆိုတာကိုတော့ ရှင့်ဘာသာ အချိန်ယူ ဆုံးဖြတ်ပါ ကိုအာကာ"

သဒ္ဒါချို၏ စကားအဆုံး၌ မိုးအာကာ အတန်ကြာအောင် ငေးငိုင်သွားလေသည်။ ငေးငိုင်ခြင်းသည် တွေဝေခြင်းသဘော ဖြစ်၏။

"ပထမဆုံး မိုးအာကာကို တွေဝေအောင် လုပ်ရမယ်" ဟူသော ကိုကောင်း၏ အကြံပေးမှုအတိုင်း ယခု သူမ မိုးအာကာကို တွေဝေအောင် လုပ်နိုင်ခဲ့ပြီဟု ထင်ပါသည်။ နောက်ပိုင်းကိစ္စတွေကိုတော့ ကိုကောင်းကပဲ စတင်ဦးဆောင်ပါလိမ့်မည်။ ကို





ကောင်း ဘယ်လို စတင်မလဲ ဆိုတာကိုတော့ သူမ မသိသေးပါ။

◈ ◈ ◈

တစ်ခုခုကို ရှင် ရွေးချယ်ရလိမ့်မယ် ဟူသော သဒ္ဒါချို့စကားက မိုးအာကာအား အမှန်တကယ်ကို တွေဝေစေခဲ့၏။ ထိုအတောအတွင်း ကိုကောင်းက. . .

"သဒ္ဒါချိုနဲ့ ပတ်သက်ပြီး မင်း ဘာဆက်လုပ်မယ်လို့ စဉ်းစားထားလဲ အာကာ"

ဟု မေးမြန်းလာသောအခါ သူ ပို၍တွေဝေသွားပါသည်။

တကယ်တော့ ရက္ခပေဒဉယျာဉ်၌ သဒ္ဒါချိုအား သူ မမျှော်လင့်ဘဲ တွေ့ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ပုလင်းပြာလေး၏ အရှိန်အဝါနှင့် ရီဝေနေခဲ့သလို ဆောင်းသဇင်အား လွမ်းဆွတ်မှုဖြင့် သူ ကြေကွဲနေချိန်လည်း ဖြစ်သည်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်၊ ရတောင့်ရခဲ အခွင့်အရေးကို သူ အမိအရ ဆုပ်ကိုင်ခဲ့ခြင်း ဖြစ်ကြောင်း ကိုကောင်းအား သူ ရှင်းပြခဲ့၏။

"သဒ္ဒါချိုကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ ကျွန်တော် အရမ်းအံ့ဩသွားတယ်၊ ဆောင်းကိုလည်း အရမ်းသတိရလာတယ်၊ ဒါကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် ဟိုဆရာဝန်ကို လက်ဖျားချပြီး ဆောင်း ကျွန်တော့်ဆီ အမြန်ဆုံး ပြန်ရောက်လာအောင် လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သဘောကတော့ သဒ္ဒါချိုကို ခေါ်လာပြီး ဆောင်းနဲ့ အလဲအလှယ်လုပ်မယ် ဆိုပါတော့..."

"ဟုတ်တယ် ကိုကောင်း၊ ကျွန်တော် အဲဒီအတိုင်း တွေးခဲ့မိတယ်၊ ဒါပေမယ့် တကယ့်တကယ်ကျတော့ အဲဒီအတွေးအတိုင်း အကောင်အထည်ဖော်ဖို့ ဘယ်လိုမှ မဖြစ်နိုင်မှန်း ကျွန်တော် သဘောပေါက်လာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆောင်းဟာ ကျွန်တော့်ရင်ထဲမှာ ရှင်သန်နေပေမယ့် အပြင်လောကမှာ ရှိမှမရှိတော့ဘဲ၊ ဒါပေမယ့်... ဟိုဆရာဝန်ဆီကိုတော့ သဒ္ဒါချိုကို ပြန်လိုချင်ရင် ဆောင်းကို ပြန်ပေးဖို့ ကျွန်တော် ဖုန်းဆက်ခဲ့တယ်"

"မင်း... အဲဒီလို တောင်းဆိုလိုက်တော့ ဟိုဆရာဝန် တော်တော် စိတ်ဆင်းရဲသွားမှာ သေချာတယ် အာကာ"

"ကျွန်တော်ကိုယ်တိုင်ကလဲ အဲဒီအတိုင်း ဖြစ်စေချင်တာ ကိုကောင်း၊ သူ့ကို စိတ်ဆင်းရဲစေချင်တယ်၊ ချစ်သူတစ်ယောက်ကို ဆုံးရှုံးရတဲ့အတွက် ဘယ်လောက် ခံစားရသလဲ သူ့ကို သိစေချင်တယ်၊ ကျွန်တော့်တုန်းကလိုမျိုး ခံစားရစေချင်တယ်"

"ခုလဲ သူ တော်တော် ခံစားနေရလောက်ပြီ အာကာ"

"ဒါပေမယ့်... ကျွန်တော် ခံစားရသလောက်ကိုတော့ မီမှာမဟုတ်ဘူး၊ ပြီးတော့ သူ ခံစားရတယ်ဆိုတာ ရက်ပိုင်းပဲ ရှိသေးတယ်၊ ကျွန်တော့်လောက် အကြာကြီး မခံစားရသေးဘူး"

"မင်းက မင်းခံစားရတဲ့ အချိန်အတိုင်းအတာအတိုင်း သူ့ကို ပြန်ပြီး ခံစားခိုင်းမလို့လား"

"အဲဒီသဘောပဲ၊ ချစ်သူနဲ့ ဝေးရတဲ့ဒုက္ခကို ကျွန်တော် ခံစားခဲ့ရတဲ့ ပမာဏ၊ ကျွန်တော် ခံစားခဲ့ရတဲ့ ကာလအတိုင်း သူ့ကို တစ်လှည့် ပြန်ခံစားစေချင်တယ်"





"အဲဒါဆိုရင်တော့ မင်းမှားပြီ အာကာ... ငါတော့ မင်းဆန္ဒကို အားမပေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတုန်းက မင်းတစ်ယောက်တည်း ခံစားခဲ့ရတာ၊ ခု ခံစားရမှာက သူတစ်ယောက်တည်း မဟုတ်ဘူး၊ သဒ္ဒါချိုပါ ပါတယ်၊ ဟိုဆရာဝန် စိတ်ဆင်းရဲရသလို သဒ္ဒါချိုလဲ ခံစားရမှာပဲ၊ မင်းတို့ ပြဿနာဖြစ်တုန်းက သဒ္ဒါချို မပါဘူး၊ မင်း စိတ်ဆင်းရဲအောင် ဘာမှ လုပ်ခဲ့တာ မဟုတ်ဘူး၊ အပြစ်မရှိတဲ့သူကို မင်းနဲ့ ဟိုဆရာဝန်ရဲ့ ပြဿနာထဲ ဆွဲသွင်းတာ လုံးဝအဓိပ္ပါယ်မရှိဘူး၊ ခုလောက် ကြာအောင် ခေါ်ထားတာတောင် လွန်လှပြီ"

"မှန်တယ် ကိုကောင်း... သဒ္ဒါချို့မှာ အပြစ်မရှိဘူး အဲဒါကြောင့်လဲ ကျွန်တော် တွေဝေနေတာပေါ့၊ တကယ်လို့ ဆောင်းကို ကားနဲ့ ဝင်တိုက်တုန်းက ကားပေါ်မှာ သဒ္ဒါချိုပါ ပါလာမယ်ဆိုရင် ကျွန်တော် ခုလောက် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘူး၊ ဟိုဆရာဝန် တစ်သက်လုံး နောင်တရသွားအောင် လုပ်ပစ်လိုက်တာ ကြာပြီ၊ ခုတော့... သဒ္ဒါချိုမှာ ဘာအပြစ်မှ မရှိတဲ့အတွက် သူနဲ့ ပတ်သက်ပြီး ဘာဆက်လုပ်ရမှန်း မသိအောင် ကျွန်တော် တွေဝေနေတာပဲ"

"မင်း သဒ္ဒါချိုကို ပြန်လွှတ်ပေးလိုက်ပါလား"

"လောလောဆယ်တော့ မဖြစ်သေးဘူး ကိုကောင်း၊ ကျွန်တော် ဟိုဆရာဝန်ကို စိတ်ဆင်းရဲစေချင်သေးတယ်"

ထိုသို့ ကိုကောင်းအား ပွင့်လင်းစွာ ရှင်းပြခဲ့ပြီးနောက်ပိုင်း ကိုကောင်းက ထိုကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထပ်မံ မဆွေးနွေးတော့သလို မည်သည့် အကြံဉာဏ်မှလည်း မပေးတော့ပါ။ သူ့မှာသာ ဆရာဝန်အား လက်စားချေလိုစိတ် သဒ္ဒါချိုအား



www.burmeseclassic.com

www.burmeseclassic.com



ငဲ့ညှာလိုစိတ်တို့ဖြင့် လွှန်ဆွဲကာ တွေဝေနေခဲ့သည်။

မည်သည့်အမှုနှင့်မှ မတူသော အမှုတို့ကို ရင်ဝယ် ပိုက်လျက် ဒေါက်တာငွေစိုးကြည်တစ်ယောက် ဆောက်တည်ရာမဲ့စွာ နေ့ရက်တို့ကို ဖြတ်သန်းနေခဲ့ရသည်။

ဇော်မိုးနှင့်အတူ မန္တလေး သွားလိုက်၊ ပြင်ဦးလွင်သို့ တက်ကာ သဲလွန်စ ရလိုရငြား တင်ဇာတို့ဆီ စုံစမ်းလိုက်နှင့် ဗျာများနေခဲ့၏။ ဒီကြားထဲ မိုးအာကာ ဆက်သွယ်လာပါက အဆက်အသွယ် မရမှာစိုးသဖြင့် ရန်ကုန်ရော မန္တလေးပါ အသုံးပြုနိုင်သည့် သူ၏ဆယ်လူလာဖုန်းကို လက်က မချခဲ့။

မိုးအာကာ ဖုန်းဆက်လာလျှင် သူ၏ဆယ်လူလာဖုန်းကိုသာ ဆက်လာစေရန် ဇော်မိုး၏ အကြံပေးချက်အတိုင်း ရန်ကုန်ရှိ သူ့အိမ်မှ ဖုန်းလိုင်းကို တမင်ဖြုတ်ထားလိုက်သည်။

အိမ်ဖုန်း ဆက်မရလျှင် သူ့ဟမ်းဒ်ဖုန်းသို့ ဆက်လာစေရန် ရည်ရွယ်ခြင်း ဖြစ်သလို မန္တလေး ရောက်နေခိုက် ဆက်ပါက အဆက်အသွယ် မပြတ်စေရန်လည်း ဖြစ်သည်။

သို့သော် သူ့ထံသို့ ရက်အတန်ကြာသည်အထိ မိုးအာကာ ဖုန်းဆက်မလာခဲ့ပါ။

"ငါ သူ့ကို တယ်လီဖုန်းနဲ့ ထောင်ဖမ်းလို့ စိတ်ဆိုးပြီး သဒ္ဒါကို တစ်ခုခုများ လုပ်လိုက်ပြီလား မသိဘူး ဇော်မိုး"

"အဲ့ဒီလောက်ထိလဲ အတွေးမကြောင်စမ်းပါနဲ့ကွာ၊ အဲ့ဒီကောင် သဒ္ဒါ့ကို လက်ဖျားနဲ့တောင် ထိရဲမှာ မဟုတ်ဘူး၊ သူက သေသွားတဲ့ သူ့ကောင်မလေးကို တန်းတန်းစွဲ ပြန်လိုချင်နေတာ၊ သဒ္ဒါကို တစ်ခုခု လုပ်လိုက်ရင် သူ့ကောင်မလေးကို ပြန်တောင်းလို့ မရနိုင်တော့မှန်း သူ စဉ်းစားမိမှာပါ"





"ဒါပေမယ့် . . . အဲ့ဒီဆောင်းသဇင်ဆိုတဲ့ ကောင်မလေး က သေသွားပြီပဲ ဇော်မိုးရ"

"မထုံစမ်းပါနဲ့ ငွေစိုးကြည်ရာ . . အဲ့ဒီကောင်က စိတ်ပုံမှန် မဟုတ်ဘူးလို့ မင်းပဲ ပြောခဲ့တယ်လေ၊ ပုံမှန်မဟုတ်လို့ သေတာကို လက်မခံဘဲ မင်း ဝှက်ထားတာလို့ ထင်ပြီး ပြန်တောင်းနေတာ မဟုတ်လား၊ သူ့ကောင်မလေး ပြန်ရဖို့အတွက် သဒ္ဒါချို့ကို မှဲ့တစ်ပေါက် မစွန်းဘဲ ထိန်းသိမ်းထားနိုင်မှ ဖြစ်မယ်ဆိုတာလောက်တော့ ဒီကောင် သဘောပေါက်မှာပါ"

ဇော်မိုး၏ နှစ်သိမ့်စကားကြောင့် ပျောက်ကွယ်လုနီးပါး မျှော်လင့်ချက်တို့ ပြန်လည် အသက်ဝင်လာကာ ငွေစိုးကြည် အား အနည်းငယ် တက်လာသည်။

"ဒီအရူး ဘာဖြစ်လို့ ငါ့ဆီကို ဖုန်းမဆက်သေးတာလဲ မသိဘူး"

"ဆက်မှာပါကွာ၊ သိပ်လည်း ဆန္ဒစောမနေစမ်းပါနဲ့၊ သူ မင်းကို လန့်လို့ သေချာ အချိန်ယူနေတာ ဖြစ်မှာပါ"


သို့သော် ဇော်မိုး မှတ်ချက်ချသလို မိုးအာကာ သူ့အား မလန့်ကြောင်း ငွေစိုးကြည် အသိဆုံး ဖြစ်သည်။ ထိုလူသည် သူ့ကိုသာမက ဘာကိုမှ မလန့်သလို ဘာကိုမှလည်း မကြောက်ရွံ့သည့် အလွန်ပါးနပ်သော အရူးတစ်ယောက်အဖြစ် ငွေစိုးကြည် ကောင်းစွာ သဘောပေါက်ထားပြီး ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com









(တစ်ဆယ့်သုံး)

"ဒီနေ့တော့ ပွဲကြီးပွဲကောင်းပဲ အာကာရေ၊ အဘအိုက်က ရှားရှားပါးပါး မျောက်တစ်ကောင် ရလာလို့ ငါတို့စားဖို့ ပေးလိုက်တယ်၊ ညနေကျရင် မင်းနဲ့ငါ စန္ဒရားလေး တီးလိုက်၊ ဆေးအရက်နဲ့ မျောက်ချေးခါးလေး မြည်းလိုက် ကောင်းကောင်း ဇိမ်ခံရမယ်"

ဝမ်းသာအားရ ပြောလိုက်သော ကိုကောင်း၏စကားကို ကြားလိုက်သည်နှင့် သဒ္ဒါချို လှုပ်ခနဲ ရင်ဖိုသွားသည်။ စားရခဲသော မျောက်ချေးခါးဟင်းကို အကြောင်းပြုကာ မိုးအာကာအား ဆေးအရက် မူးအောင်တိုက်ပြီး သူမက ဆောင်းသဇင်အဖြစ် ဟန်ဆောင် လှည့်စားရန် ကိုကောင်း စီစဉ်ထား၏။

သူမ ဆောင်းအဖြစ် ပိပိရိရိ ဟန်ဆောင်နိုင်ပါ့မလား။ ပြီးတော့ သူမ လက်အစုံကို ဟိုတစ်ခါလို တယုတယ ကိုင်တွယ်နမ်းရှိုက်လာပါက ထိုနမ်းရှိုက်မှုကို သူမ ဘယ်လို အင်အားတွေနဲ့ မသိကျိုးကျွံပြုပြီး နေရမှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို မယုံကြည်မှုတို့ဖြင့် သဒ္ဒါချို ရင်ခုန်နေမိသည်။ "အခေါ်အဝေါ်တွေ သတိထားနော်. . . သဒ္ဒါချို၊ ဟိုတစ်ခါကလို ကိုအာကာလို့ မှားမခေါ်နဲ့ဦး၊ ပြီးတော့ ကျွန်တော် ပြောပြထားတာတွေ မှတ်မိတယ် မဟုတ်လား"

မိုးအာကာထံမှ သိရသမျှ ဆောင်းသဇင် အကြောင်းများကို ကိုကောင်းက သဒ္ဒါချိုအား ပြောပြထားပြီး ဖြစ်သည်။ သို့သော် သဒ္ဒါချိုက ကိုယ့်ကိုယ်ကို စိတ်မချဟန်ဖြင့် ခေါင်းကိုသာ မရေမရာ ညိတ်ပြလိုက်သည်။

ညနေစောင်း မှောင်ရီပျိုးစ အချိန်မှာတော့ ကြိုတင်စီစဉ်ထားသည့်အတိုင်း ကိုကောင်းနှင့် မိုးအာကာက တစ်ယောက်တစ်လှည့် စန္ဒရား တီးလိုက်၊ မျောက်ချေးဟင်းခါးနှင့် ဆေးအရက်ကို မှီဝဲလိုက်နှင့် မိုးအာကာအား လိုအပ်သည်ထက် ပိုမို ရီဝေစေခဲ့သည်။ မိုးအာကာ အတော်မူးလာချိန်၌ ကိုကောင်းက. . .

"ခဏကွာ၊ ငါ အဘအိုက်တို့ကို မျောက်သားဟင်း သွားပေးလိုက်ဦးမယ်" ဟု ဆိုကာ ၎င်းအား တစ်ယောက်တည်း ချန်ထားခဲ့ပြီး ထွက်ခွာသွားလေသည်။

ကိုကောင်း ထွက်ခွာသွားခဲ့ပြီး နောက်ပိုင်းမှာတော့ သဒ္ဒါချို၏ အခန်းကဏ္ဍက လုံးလုံးလျားလျား ကျရောက်လာပါတော့သည်။ မိုးအာကာက နှင်းပျောက်တဲ့နွေ သီချင်းကို ဆွေးဆွေးမြည့်မြည့် တီးခတ်နေချိန်၌ သဒ္ဒါချိုက ဆောင်းသဇင်အသွင်သို့ အဆင်သင့် ပြောင်းလဲထားပြီး ဖြစ်သည်။

ဦးထုပ်နှင့် ကုပ်အင်္ကျီအပြင် ကိုကောင်း စီစဉ်ပေးမှုကြောင့် လုံချည်အနီနှင့် ဖိနပ်အနီလေးကိုပါ ဆင်မြန်းထားသောကြောင့် သူမ တစ်ကိုယ်လုံး အနီရောင် လွှမ်းလျက် ဆောင်းသဇင်





အဖြစ် ပိုမိုပီပြင်လာ၏။

ဆေးအရက်၏အစွမ်းဖြင့် မိုးအာကာ၏အာရုံတို့ ချွတ်ချော် တိမ်းစောင်းနေခဲ့မည် ဆိုပါက သူမအား ဆောင်းသဇင်အဖြစ် သံသယမရှိ ယုံကြည်မှာ အလွန်သေချာပါသည်။

သူ့နားသို့ အမှန်တကယ် ရောက်ရှိသွားချိန်၌ မိုးအာကာက ဆောင်းဟု ခပ်တိုးတိုး ရေရွတ်ပြီး သူမအား အတန်ကြာအောင် ရီဝေစွာ ငေးကြည့်နေခဲ့သည်။ သူ့ဘက်က ဘာစကားမှ မစသေးဘဲ ငေးကြည့်နေခြင်းအား သူမ ကြာကြာ သည်းမခံနိုင်ပါ။ သူ မစလျှင် ကိုယ်က စတင်ရပါလိမ့်မည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ငေးကြည့်နေတာလဲ ကိုမိုး၊ ဘာလဲ. . . ဆောင်းကို မမှတ်မိလို့လား၊ ဒါမှမဟုတ် အိပ်မက်မက်နေတယ်လို့ ထင်နေတာလား"

ဆောင်းသဇင်အဖြစ် သူမ၏ ပွဲဆော်ဦး အဖွင့်စကားက သိပ်တော့ မဆိုးလှပါ။ ငေးရီ ငြိမ်သက်နေသော သူ့အား သက်ဝင်လှုပ်ရှားလာစေခဲ့သည်။

"ကိုမိုး အုံ့ဩနေတာပါ ဆောင်း၊ ဟိုတစ်ခါတုန်းက ခုလိုပဲ ဆောင်း ရောက်လာတယ်၊ နောက်တော့ ပြန်ပျောက်သွားတယ်၊ ကိုမိုး သတိရတော့ အဲဒါတွေအားလုံးဟာ အိပ်မက်ဖြစ်နေတယ်"

"ခုတစ်ခါတော့ ဆောင်း တကယ်ရောက်လာတာပါ ကိုမိုး၊ အိပ်မက်မဟုတ်ပါဘူး"

စန္ဒရားဘေးရှိ ကိုကောင်း ထိုင်သွားသောခုံ၌ ဝင်ထိုင်ရင်း သူမ ပြောလိုက်တော့ သူက ခေါင်းညိတ်ရင်း. . .

"ဟုတ်တယ်. . . ဒီတစ်ခါတော့ အိပ်မက် မဟုတ်နိုင်ဘူး၊ ဆောင်း ကိုမိုးရှေ့ကို တကယ်ရောက်လာတာ. . . ဒါပေမဲ့ ကိုမိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု စိုးရိမ်တယ်"

"ဘာကိုလဲ"

"ဆောင်း ကိုမိုးရှေ့က ပြန်ပျောက်သွားမှာကို. . ."

သူမ သက်ပြင်းတစ်ချက်ကို ဟန်ပါပါ ချလိုက်ပြီးမှ သူ့အား ပြောလိုက်သည်။

"ဆောင်း. . . ကိုမိုးနားမှာ အမြဲနေချင်ပေမယ့် ကိုမိုးနဲ့ ဆောင်းက ဘဝချင်းမှ မတူတော့ဘဲ ကိုမိုး၊ ခု ဆောင်း ရောက်လာတာလဲ အဲ့ဒီ အကြောင်းတွေ ပြောချင်လို့ ဝိညာဉ်ဘဝနဲ့ ရောက်လာတာ"

"ဘယ်လို. . . ဝိညာဉ်ဘဝနဲ့. . . ဟုတ်လား ဆောင်း"

သူက မယုံကြည်နိုင်ဟန်ဖြင့် သူမ၏ လက်တစ်ဖက်ကို လှမ်းကိုင်လိုက်တော့ ပူနွေးသော လက်ဖဝါးချင်း အတွေ့အထိကြောင့် သူမ တစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားကာ ခေါင်းကို ငုံ့လိုက်မိသည်။ ပြီးမှ သူ့အမေးကို တုံ့ပြန်လိုက်၏။

"ဟုတ်ပါတယ် ကိုမိုး၊ ဆောင်းဟာ ဝိညာဉ်ပါ၊ ဆရာဝန်ရဲ့ ကားနဲ့ အတိုက်ခံခဲ့ရတဲ့နေ့ကတည်းက ဆောင်းဟာ သေဆုံးသွားခဲ့ပါပြီ၊ ဒါပေမယ့် ကိုမိုးက ဆောင်းသေပြီဆိုတာကို လက်မခံနိုင်ခဲ့ဘူး မဟုတ်လား၊ ကိုမိုးရင်ထဲမှာ အဲ့ဒီလို လက်မခံသေးတဲ့အတွက် ဆောင်းဟာ ဝိညာဉ်ဘဝနဲ့ ကျင်လည်နေရဦးမှာပဲ၊ ကိုမိုးနဲ့ဆောင်း ဘဝချင်း ခြားသွားပြီဆိုတာကို ကိုမိုး လက်ခံလိုက်ပါ"

"လက်ခံချင်ပါတယ် ဆောင်း၊ ဒါပေမယ့်. . . ကိုမိုးက ဆောင်းကို ဒီလောကကြီးထဲမှာ ရှိနေစေချင်တယ်၊ ဒါကြောင့် သိသိကြီးနဲ့ ကိုမိုး လက်မခံဘဲ နေခဲ့မိတာ"

"မဟုတ်သေးဘူး ကိုမိုး၊ ဆောင်း သေပြီဆိုတာကို ကိုမိုး





လက်မခံသရွေ့ ဆောင်းက ဝိညာဉ်ဘဝကနေ တခြားဘဝကို ကူးလို့မရဘူး၊ ကိုမိုးဆီကိုလည်း ပြန်လာလို့ မရဘူး"

"ကိုမိုး လက်ခံလိုက်ရင် ဆောင်းက ကိုမိုးဆီ ပြန်လာလို့ ရမှာလား"

"ကိုမိုးကို ဆောင်းပြောခဲ့ဖူးတဲ့ စကားတစ်ခွန်း ရှိတယ်၊ အဲ့ဒါကို ကိုမိုး မှတ်မိသေးလား၊ ဆောင်းဟာ ခုဘဝမှာရော နောင်ဘဝအဆက်ဆက်မှာရော ကိုမိုးရဲ့ချစ်သူပဲ ဖြစ်ချင်တယ်၊ ဖြစ်လည်း ဖြစ်စေရမယ် ဆိုတာလေ. . ."

"တကယ်လို့ ဆောင်းသေသွားပြီဆိုတာကို ကိုမိုး ယုံယုံကြည်ကြည် လက်ခံလိုက်ရင် ဆောင်းဟာ ဝိညာဉ်ဘဝကနေ လူအဖြစ် ပြန်ဝင်စားလို့ရပြီ၊ နောင်ဘဝတစ်ခုကို ကူးလို့ရပြီ၊ အဲ့ဒီလို လူပြန်ဝင်စားပြီး နောက် ဆယ့်ရှစ်နှစ်လောက် ကြာတဲ့အခါ ဆောင်းက ကိုမိုးဆီကို ကိုမိုးရဲ့ချစ်သူအဖြစ်နဲ့ ပြန်လာလို့ရပြီ"

မိုးအာကာက မျက်မှောင်ကြုတ် စဉ်းစားရင်း ဇဝေဇဝါ လေသံဖြင့် ပြန်မေးသည်။

"အဲ့ဒီအချိန်ကျရင် ဆောင်းဟာ ကိုမိုးကို မေ့မသွားနိုင်ဘူးလား"

"လူဝင်စားတစ်ယောက်ဟာ သူ့ရဲ့ဘဝဟောင်းကို မှတ်မိနိုင်ပါတယ် ကိုမိုး၊ အထူးသဖြင့် ကိုမိုးကို ဆောင်းက ပိုပြီးမှတ်မိနေမှာပါ၊ ဘဝတွေ ဘယ်လောက်ပြောင်းပြောင်း၊ ကိုမိုးကို ဆောင်း မေ့မသွားပါဘူး၊ မေ့လို့လဲ ရမှာမဟုတ်ဘူး၊ ကိုမိုးဆီကို ဆောင်းက ဆောင်းအဖြစ်နဲ့ပဲ ပြန်ရောက်လာမှာပါ၊ တစ်ခုပဲ ပြောစရာရှိတယ်၊ အဲ့ဒီအချိန်ကျရင် ကိုမိုးနဲ့ဆောင်းဟာ အသက်ချင်း နှစ်ဆယ်နီးပါး လောက် ကွာနေလိမ့်မယ်၊ ဒါပေမယ့် အချစ်မှာ အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ကွာတာဟာ အဓိက မကျပါဘူး"

သူမကိုယ်သူမ အမှန်တကယ်ပင် မိုးအာကာ၏ချစ်သူ ဆောင်းသဇင်အဖြစ် ခံစားလာရသည်။ ထို့ကြောင့် ဟန်ဆောင် ဖျောင်းဖျနေခြင်းမျိုး မဟုတ်ဘဲ ရင်ထဲမှ ထွက်လာသည့်ပမာ လှိုက်လှိုက်လှဲလှဲ ပြောနေမိ၏။

"ဆောင်းပြောသလို လက်ခံလိုက်မယ်ဆိုရင် ဆောင်း ကိုမိုးဘဝထဲကို တကယ် ပြန်ရောက်လာမှာလား"

"ဘဝခြားသွားတာတစ်ခုက လွဲရင် ဆောင်းဟာ ဆောင်း အဖြစ်နဲ့ပဲ ကိုမိုးဆီကို တကယ်ပြန်လာမှာပါ၊ တစ်ခုရှိတယ် ကိုမိုး လက်ခံတဲ့နေရာမှာ စိတ်ထဲက လက်ခံသလို အပြုအမူနဲ့ လက်ခံဖို့ လဲ လိုတယ်၊ အခု ဆရာဝန်နဲ့ စေ့စပ်ထားတဲ့ သဒ္ဒါချိုကို ဒီအိမ်ကြီး ထဲ ခေါ်လာတာဟာ ဆောင်းသေသွားပြီ ဆိုတာကို လက်မခံတဲ့ သဘော သက်ရောက်နေတယ်၊ အဲ့ဒီတော့ အဲ့ဒီ သဒ္ဒါချိုကိုလ ကိုမိုး ပြန်လွှတ်ပေးရလိမ့်မယ်"

"ကိုမိုး ပြန်လွှတ်မှာပါ၊ ဆရာဝန်လက်ထဲကို မှဲ့တစ်ပေါက် မစွန်းဘဲ ပြန်ပို့ပေးလိုက်မယ် ဆောင်း၊ ကိုမိုး ကတိပေးတယ်"

သူမ အတောင့်တဆုံး စကားကို မိုးအာကာထံမှ ကြား လိုက်ရသည်။

မှဲ့တစ်ပေါက် မစွန်းဘဲ ပြန်ပို့ပေးလိုက်မယ်တဲ့. . .။ ဘယ်လောက် မင်္ဂလာရှိလိုက်တဲ့ စကားလဲ။

သို့သော် ထိုစကားကြောင့် သူမ ထူးထူးခြားခြား ဝမ်းသာ ပျော်ရွှင်မသွားတာကတော့ အံ့ဩစရာ ကောင်းလှပါသည်။

နောက် မိနစ်အနည်းငယ်အကြာ သူမ အိမ်ကြီးထဲမှ ထွက်လာတော့ ခွေးများကို ရှင်းထားပြီး အသင့်စောင့်ဆိုင်းနေ





သော ကိုကောင်းက သူမအား မေးသည်။

"အခြေအနေ ဘယ်လိုလဲ သဒ္ဒါချို၊ ခု ဘယ်လိုပြောပြီး ထွက်လာတာလဲ"

"ဆောင်းပြန်ဖို့ အချိန်ရောက်ပြီ၊ ကိုမိုး နေခဲ့တော့ဆိုတော့ သူ စန္ဒရားခုံပေါ်မှာ ဒီအတိုင်း ကျန်နေခဲ့တာပဲ"

"ကျွန်တော်က သဒ္ဒါချို့ကို ဆောင်းအမှတ်နဲ့ ပြန်လွှတ်မှ လွှတ်ပါ့မလားလို့ စိတ်ပူနေတာ၊ ပြောပါဦး၊ အခြေအနေ ဘယ်လို လဲ"

"ကောင်းပါတယ်၊ သူ လက်ခံသွားပြီ"

"သဒ္ဒါချိုနဲ့ ပတ်သက်ပြီးတော့ကော ဘာပြောသေးလဲ"

"မှဲ့တစ်ပေါက် မစွန်းဘဲ ပြန်ပို့ပေးမယ်တဲ့"

"ဟာ. . . ဝမ်းသာစရာပေါ့၊ ကျွန်တော် မျှော်လင့်ထား သထက်တောင် အခြေအနေ ကောင်းနေပါလား"

အိမ်မကြီးကို ပတ်၍ နောက်ဖေးပေါက်မှတစ်ဆင့် သူမ အိမ်ထဲသို့ ပြန်ဝင်ရန် လိုက်ပို့ပေးရင်း ကိုကောင်းက သူမအား ပြောနေခြင်း ဖြစ်သည်။

"ခုဆို တစ်ကြိမ်တည်းနဲ့ အားလုံး အောင်မြင်သွားပြီ သဒ္ဒါချို၊ ခင်ဗျား လွတ်မြောက်ဖို့အတွက်လဲ သေချာသွားပြီ၊ သဒ္ဒါချို မပျော်ဘူးလား"

"ကျွန်မလား. . . အင်း ပျော်တာပေါ့ ကိုကောင်းရဲ့"

နောက်ဖေးတံခါးကို ဖွင့်ဝင်ရင်း ပြန်ပြောလိုက်သော သူမ၏လေသံက သိပ်အသက်မပါမှန်း သူမကိုယ်သူမ သိနေသေး သည်။

ဘာဖြစ်လို့များပါလိမ့်. . .။ ဖြစ်နိုင်တာကတော့ ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ဟန်ဆောင်ရင်း သူမကိုယ်ထဲသို့ ဆောင်းသဇင် စိတ်ဓါတ်များ ဝင်ရောက်သွားခြင်းကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

... ပြီးပါပြီ ...





## (တစ်ဆယ်လေး)

"မင်း တကယ် ပြောနေတာလား အာကာ"

ကိုကောင်း၏မေးခွန်းကို မိုးအာကာ ခေါင်းညိတ် အဖြေပေးလိုက်သည်။

"တကယ်ပြောနေတာ ကိုကောင်း၊ ကျွန်တော် သူ့ကို ဆရာဝန်ရဲ့လက်ထဲထိ လက်ထိလက်ရောက် ပြန်ပို့ပေးမှာ"

"အဲ့ဒီလောက်ထိ လိုလို့လား အာကာ၊ ဆရာဝန်နဲ့ တစ်နေရာရာမှာ ချိန်းပြီး ဆုံဖို့ဆိုတာ အန္တရာယ် မများလွန်းဘူးလား၊ ဟိုတစ်ခါကလဲ သူ မင်းကို ထောင်ချောက်ဆင်ပြီး ဖမ်းဖို့ ကြိုးစားခဲ့ဖူးတယ် မဟုတ်လား၊ ခု. . . မင်းကစပြီး နေရာနဲ့အချိန်နဲ့ အတိအကျ ချိန်းလိုက်ရင် သူ မင်းကို အလွတ်ပေးမယ် ထင်သလား၊ မလိုအပ်ဘဲ မစွန့်စားချင်စမ်းပါနဲ့ကွာ၊ သဒ္ဒါချိုက ကလေးမဟုတ်ပါဘူး၊ ဒီအတိုင်း ပြန်လွှတ်ပေးလိုက်ရင်လဲ သူ့အိမ် ရောက်အောင် သူ ပြန်တတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကောင်း၏စကားက ယုတ္တိတန်သော်လည်း မိုးအာကာ ကိုယ်တိုင်က ငွေစိုးကြည်နှင့် မျက်နှာချင်းဆိုင် ဆုံတွေ့ချင်သဖြင့် တစ်နေရာရာ၌ ချိန်းဆို ဆုံတွေ့ရန် စဉ်းစားခဲ့မိခြင်း ဖြစ်သည်။

"ကိုကောင်း ပြောတာ မှန်ပါတယ်၊ သဒ္ဒါချို့ကို ဒီတိုင်း လွှတ်ပေးလိုက်ရင်လဲ ဖြစ်မှန်း ကျွန်တော် သိတယ်၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်က ဆရာဝန်နဲ့ မျက်နှာချင်းဆိုင် ဆုံချင်သေးတယ်"

"ဘာအတွက်လဲ အာကာ"

"ဆောင်း ဆုံးသွားပြီလို့ သူ ကျွန်တော့်ကို လာပြောတုန်းက ကျွန်တော် သူ့ကို လက်သီးနဲ့ ဆွဲထိုးခဲ့မိတယ်၊ နောက် သဒ္ဒါချို ကို ပြန်ပေးဆွဲသလို ခေါ်ထားပြီး သူ စိတ်ဆင်းရဲအောင် လုပ်ခဲ့မိတယ်၊ အဲ့ဒါတွေအတွက် ကျွန်တော် သူ့ကို တောင်းပန်ချင်တယ်၊ သူ ခွင့်လွှတ်တာ မလွှတ်တာ ကျွန်တော် ဂရုမစိုက်ဘူး၊ ဝတ္တရား တစ်ခုအနေနဲ့ တောင်းပန်သင့်တယ် ထင်လို့ သူနဲ့ မျက်နှာချင်း ဆိုင် ဆုံပြီး သဒ္ဒါချို့ကို သူ့လက်ထဲ ပြန်အပ်ဖို့ ကျွန်တော် ဆုံးဖြတ် လိုက်တာပဲ ကိုကောင်း"

ကိုကောင်းက သဘောမကျဟန်ဖြင့် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"အဲ့ဒါဆိုရင်တော့ မင်းကိုယ်တိုင် လက်ထိပ်ခတ် အဖမ်းခံဖို့ သူ့ရှေ့မှာ လက်နှစ်ဖက် သွားထိုးပေးသလို ဖြစ်နေမှာပေါ့ အာကာ၊ ငါ လောင်းရဲတယ်၊ အဲ့ဒီဆရာဝန် မင်းကို ဖမ်းဖို့ ရဲတွေ ခေါ်ထားမှာ သေချာတယ်"

"ရဲတွေ ခေါ်မလာဖို့ ကျွန်တော် သူ့ဆီက ကတိတောင်း ရင်ကော"





"သူက ကတိပေးမှာပေါ့၊ ဒါပေမယ့်. . . အဲ့ဒီကတိကို မင်း ယုံမလား"

ကိုကောင်းစကားကြောင့် လေပူတစ်ချက်ကို မှုတ်ထုတ် လိုက်မိသည်။ ကိုကောင်း ပြောသလို ထိုဆရာဝန်၏ ကတိကို ဘယ်လိုမှ ယုံစား၍ ရမည်မဟုတ်မှန်း သူ အသိဆုံး ဖြစ်၏။

သို့သော်. . . ဆရာဝန်၏မျက်နှာကို စေ့စေ့ကြည့်ကာ သူ ခံစားခဲ့ရသည်များကို ရင်ဖွင့်ချင်စိတ်၊ ပြီးတော့. . . သူ၏ အမှား အယွင်းအတွက် အမှားတစ်ခုအနေနှင့် တောင်းပန်ချင်စိတ်တို့က သူ့ရင်ဝယ် အားကောင်းနေဆဲ ဖြစ်သည်။

ထိုအချိန်မှာပင် သူတို့ စကားပြောနေရာအခန်းထဲသို့ သဒ္ဒါချို ဝင်ရောက်လာလေသည်။

"ကျွန်မ တမင်ချောင်းနားထောင်သလို ဖြစ်သွားခဲ့ရင် ခွင့်လွှတ်ပါ၊ ရှင်တို့ ပြောနေတာတွေအားလုံး ကျွန်မ ကြားပါတယ်၊ ကိုကောင်း ပြောသလို ကျွန်မကို ဒီအတိုင်း ပြန်လွှတ်ပေးလိုက်ရင် လဲ ကျွန်မ အိမ်ရောက်အောင် ပြန်နိုင်ပါတယ် ကိုအာကာ၊ တ ကယ်လို့ ရှင်က ကိုငွေစိုးကြည်နဲ့ မျက်နှာချင်းဆိုင် ဆုံတွေ့ချင် တယ် ဆိုရင်လဲ ရဲတွေ ခေါ်မလာဖို့ ကျွန်မ တာဝန်ယူပါတယ်"

"အာမခံရဲလှချည်လား သဒ္ဒါချို. . . မင်းက ဘယ်လို တာ ဝန်ယူမှာလဲ"

သဒ္ဒါချိုက လွတ်နေသောခုံ၌ ဝင်ထိုင်ရင်း အေးဆေးစွာ ပြန်ပြောသည်။

"သူ့ကို ရဲတွေ ခေါ်မလာဖို့ ကျွန်မကိုယ်တိုင် ပြောရင် ကျွန်မစကားကို သူ နားထောင်မှာပါ"

"သေချာရဲ့လား သဒ္ဒါချို၊ သူ ကျွန်တော့်သူငယ်ချင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းပြီး ထောင်ထဲ ပို့ပစ်မှာမျိုးကိုတော့ ကျွန်တော် မလိုလားဘူး"

ကိုကောင်းက ဝင်ပြောတော့ သဒ္ဒါချိုက ခပ်ရဲရဲ အာမခံသည်။

"စိတ်ချပါ ကိုကောင်း၊ ကိုငွေစိုးကြည်ကိုယ်စား ကျွန်မ ကတိပေးပါတယ်၊ ကိုအာကာ ဘာအန္တရာယ်မှ မဖြစ်စေရပါဘူး"

နှုတ်ဆိတ် ငြိမ်သက်နေသော မိုးအာကာက သဒ္ဒါချိုအား တစ်ချက် လှမ်းကြည့်ရင်း စကားစသည်။

"ကျုပ် လုပ်ခဲ့တဲ့ အပြုအမူတွေက ဥပဒေကို ချိုးဖောက်သလို ဖြစ်နေမှန်း ကျုပ်သိပါတယ် သဒ္ဒါချို၊ ဒါပေမယ့် . . . ကျုပ် ထောင်ထဲတော့ မသွားချင်ဘူး၊ မင်းကို မင်းခင်ပွန်းလောင်းဆီ ပြန်ပို့ပေးပြီးတာနဲ့ ကျုပ်ဘဝကို ဟော့ဒီခြံကြီးထဲမှာ ကိုကောင်းနဲ့ အခြေချဖို့ ကျုပ် ဆုံးဖြတ်ထားတယ်၊ အနည်းဆုံး နောက်အနှစ်နှစ်ဆယ်လောက်ထိ ကျုပ် အန္တရာယ်ကင်းကင်းနဲ့ ဇာတ်မြုပ် နေချင်တယ် သဒ္ဒါချို"

နောက် အနှစ်နှစ်ဆယ်ဟူသော မိုးအာကာ စကား၏ အဓိပ္ပာယ်ကို သိနေကြသော သဒ္ဒါချိုနှင့် ကိုကောင်းက တစ်ယောက် မျက်နှာကို တစ်ယောက် ဖြတ်ခနဲ ကြည့်မိကြ၏။

သဒ္ဒါချိုက သက်ပြင်းဖွဖွ ရှိုက်ရင်း မိုးအာကာအား ပြောလိုက်သည်။

"ကျွန်မ ပြောပြီးပြီပဲ ကိုအာကာ၊ ကျွန်မကို ဒီအတိုင်း ပြန်လွှတ်ပေးလိုက်ရင်လဲ ဖြစ်ပါတယ်၊ ဒါမှမဟုတ် ကိုငွေစိုးကြည်နဲ့ ဆုံချင်တယ်ဆိုရင်လဲ ရှင့်အတွက် ဘာအန္တရာယ်မှ မဖြစ်စေရဘူးလို့ ကျွန်မ ကတိပေးပါတယ်၊ သူ ရဲတွေ ခေါ်မလာဖို့ ကျွန်မ တာဝန်ယူတယ်"





"ကောင်းပြီလေ၊ မင်းပြောတဲ့အတိုင်း ဖြစ်ပါစေ သဒ္ဒါချို၊ ကျုပ်တို့ သူငယ်ချင်းနှစ်ယောက် တကွဲတပြားစီ ဖြစ်အောင် သူ မလုပ်ပါစေနဲ့ . . . မင်းစကားကိုတော့ သူ နားထောင်လိမ့်မယ်လို့ ကျုပ်မျှော်လင့်တယ်"

"သူ . . . နားထောင်မှာပါ ကိုအာကာ"

"ဒါပေမယ့် . . . ခက်နေတာတစ်ခုက မင်း သူနဲ့ တိုက်ရိုက် ဖုန်းပြောဖို့ပဲ သဒ္ဒါချို၊ ခုလောက်ဆိုရင် ပြင်ဦးလွင်က ရဲတွေအားလုံး မင်းဓါတ်ပုံကို ရထားလောက်ပြီ၊ မင်းနဲ့ တူတဲ့ မိန်းကလေး မှန်သမျှကို သူတို့ လိုက်ရှာနေကြမှာပဲ၊ မင်းကို တယ်လီဖုန်းရှိတဲ့နေရာ ခေါ်သွားတာနဲ့ ကျုပ် အဖမ်းခံရမှာ သေချာတယ်၊ ဒါပေမယ့် မပူပါနဲ့၊ အဲ့ဒီကိစ္စအတွက် ကျုပ် စဉ်းစားပါဦးမယ်၊ မင်းလဲ သူ နားဝင်အောင် ဘယ်လို ပြောရမလဲဆိုတာ ကြိုတင် စဉ်းစားထားပါ၊ ကျုပ်တို့ သူ့ဆီ ဖုန်းဆက်မယ်ဆိုရင် သူ့ရဲ့ဆယ်လူလာဖုန်းကိုပဲ ဆက်ရလိမ့်မယ် ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ အခု မန္တလေးက ဟိုတယ်တစ်ခုမှာ ရောက်နေတယ်"

မိုးအာကာ၏ အခိုင်အမာ စကားကြောင့် သဒ္ဒါချို တအံ့တသြ ဖြစ်သွားပြီး ပြန်မေးလိုက်မိသည်။

"သူ မန္တလေး ရောက်နေမှန်း ရှင် ဘယ်လိုသိသလဲ ကိုအာကာ၊ ဘယ်လို စုံစမ်းသလဲ"

"သိပ်မခက်ပါဘူး၊ သူ့ဆေးရုံကို ဖုန်းဆက်ပြီး မတွေ့တာကြာတဲ့ သူ့မိတ်ဆွေတစ်ယောက်အနေနဲ့ စုံစမ်းလိုက်တာပါ၊ မန္တလေးက သူတည်းတဲ့ ဟိုတယ်နာမည်တောင် ဆေးရုံက ကျုပ်ကို ပြောပြလိုက်သေးတယ်"

မိုးအာကာက ခပ်အေးအေး ပြန်ပြောရင်း စကားဝိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်သိမ်းလိုက်သည်။

ထို့နောက် စန္ဒရားဆီသို့ သွားကာ အချိန်အတော်ကြာကြာ စန္ဒရား တီးနေလိုက်သည်။ စန္ဒရားကို အားရအောင် တီးပြီးချိန်မှာတော့ သဒ္ဒါချို့ နားချစကားများ. . . ငွေစိုးကြည် နားဝင်အောင် ဘယ်လိုလုပ်ရမလဲ ဆိုသည်ကို သူ အဖြေရှာပြီးသား ဖြစ်နေလေသည်။

◈ ◈ ◈

"မန္တလေးဆောင်းကလဲ ဆောင်းတွင်းသာ ဆိုတယ်၊ ပူလိုက်တာကွာ"

အဝေးထိန်းခလုတ်ဖြင့် ဟိုတယ်ခန်းအတွင်းမှ လေအေးပေးစက်ကို ဖွင့်ရင်း ငွေစိုးကြည် ညည်းညည်းညူညူ ရေရွတ်လိုက်တော့ တစ်ဖက်ခုတင်၌ ဖိမ်ယူနေသော ဇော်မိုးက သူ့အား ချက်ချင်း တုံ့ပြန်သည်။

"မင်းက ရင်ထဲမှာ ပူနေတဲ့သူဆိုတော့ ပိုပူတယ်လို့ ထင်တာ ဖြစ်မှာပါ၊ အဲယားကွန်း ဖွင့်ရလောက်အောင် မပူပါဘူး ငွေစိုးကြည်ရာ. . . တော်ကြာ ငါ အအေးပတ်နေပါဦးမယ်"

"မင်း အအေးပတ်ပြီး ဖျားရင် ငါ ဆေးကုပေးမယ် ဇော်မိုး၊ လောလောဆယ် ပူတဲ့ဒဏ်ကို ငါ မခံနိုင်ဘူး"





"ဘယ်အပူကို ပြောတာလဲ၊ အပြင်က အပူလား၊ ရင်ထဲက အပူလား"

"နှစ်ခုစလုံးပဲ၊ ရင်ထဲက အပူကတော့ ပိုဆိုးတာပေါ့၊ ခုဆို. . . သဒ္ဒါ့ကို ဟိုအရှူး ပြန်ပေးဆွဲသွားတာ တစ်လလောက်ရှိနေပြီ၊ အခြေအနေတွေက ဘာမှ မထူးခြားသေးဘူး၊ ပြီးတော့ အဲ့ဒီအရူး ငါ့ဆီကို ဖုန်းမဆက်တာလဲ ကြာပြီ၊ ဘာပဲဖြစ်ဖြစ် ခုလောက်ဆို သူ ငါ့ဆီကို ဖုန်းဆက်သင့်ပြီ"

ယခုဆိုလျှင် သူနှင့်ဇော်မိုး မန္တလေး ရောက်နေသည်မှာ တစ်ပတ်ခန့် ရှိနေသော်လည်း သူ့ထံသို့ ဘာဖုန်းမှ မလာခဲ့။ သူကသာ ရန်ကုန်သို့ ဖုန်းနှင့် အကျိုးအကြောင်း လှမ်းမေးလိုက်၊ ပြင်ဦးလွင်သို့ ဖုန်းဆက်လိုက် လုပ်နေခဲ့ရသည်။

"မင်းဆေးရုံကို ဖုန်းဆက်တဲ့ မင်း သူငယ်ချင်းဟောင်းဆိုတာ. . . မိုးအာကာများ ဖြစ်နေမလား. မသိဘူး"

ဇော်မိုးက တွေးတွေးဆဆနှင့် သူ့အား လှမ်းပြောသည်။ ဇော်မိုးစကားကို တုံ့ပြန်ရန် ပြင်လိုက်စဉ်မှာပင် တစ်ပတ်လုံးလုံး တိတ်ဆိတ်နေခဲ့သော သူ၏ဆယ်လူလာဖုန်းမြည်သံ ထွက်ပေါ်လာပါသည်။ ညင်ညင်သာသာ ထွက်ပေါ်လာသော ထိုဖုန်းမြည်သံက သူတို့နှစ်ယောက်စလုံးကို ဗျာများသွားစေသည်။

ဇော်မိုးက အသင့်ဆောင်ထားသော အိတ်ဆောင်စာအုပ်နှင့် ဘောလ်ပင်ကို ထုတ်ကာ ဖုန်းနံပါတ် ပြောဟု သူ့အား လှမ်းပြောသည်။ နိုကီယာဖုန်း၏ ဖန်သားပြင်ပေါ်မှ ဒစ်ဂျစ်တယ်ဂဏန်းများကို ကြည့်လိုက်တော့ ရန်ကုန်ဖုန်း မဟုတ်၊ မန္တလေးဖုန်းနံပါတ် ဖြစ်ကြောင်း တွေ့ရသည်။

ဇော်မိုးအား "မန္တလေးဖုန်းပဲ ဇော်မိုး" ဟု ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ် ဂဏန်းငါးလုံးကို ရွတ်ပြနေစဉ်မှာပင် ထိုဖုန်းနံပါတ်အား ရင်းရင်းနှီးနှီး သိနေသလို ခံစားလိုက်ရသည်။ ဇော်မိုးက နံပါတ်ကို လိုက်မှတ်ရင်း. . .

"ဒီဖုန်းနံပါတ်ကို ငါသိနေသလိုပဲ ငွေစိုးကြည်"

"ငါလဲ အဲ့လိုပဲ ထင်တယ်"

စကားဆုံးသည်နှင့် ဖုန်းကို ဖွင့်ကာ ဟယ်လို. . . ဟု ထူးလိုက်သည်။

"နေကောင်းရဲ့လား. . . ဒေါက်တာ၊ မန္တလေးမှာ နေရတာ အဆင်ပြေရဲ့လား"

ဖုန်းထဲမှ ထွက်ပေါ်လာသော အသံကြောင့် သူ့တစ်ကိုယ်လုံး တောင့်ခနဲ ဖြစ်သွား၏။ ဖုန်းပြောသည့် မိုက်ပေါက်ကို လက်မနှင့် ဖိပိတ်လိုက်ပြီး. . .

"မိုးအာကာဆီက ဇော်မိုး"

ဟု သူ ဇော်မိုးအား လှမ်းအသိပေးလိုက်သည်။

"ကျွန်တော် နေကောင်းပါတယ် ကိုမိုးအာကာ၊ ခင်ဗျားဆီက ဖုန်းကို ကျွန်တော် မျှော်နေတာ. . . သဒ္ဒါကော နေကောင်းရဲ့လား"

သူ့စကားအား တစ်ဖက်မှ တစ်စုံတစ်ရာ မတုံ့ပြန်ဘဲ အတန်ကြာ ငြိမ်သက်နေပြီးမှ အမိန့်ပေးသံ ဆန်လှသော မိုးအာကာ၏ အသံ ထွက်ပေါ်လာသည်။

"ခုချိန်ကစပြီး ကျုပ် ဖုန်းပြောလို့ ပြီးတဲ့အချိန်အထိ ခင်ဗျားဘက်က ကြားဖြတ်မေးတာတို့ ဝင်ပြောတာတို့ လုံးဝမလုပ်ပါနဲ့ ဒေါက်တာ၊ ခင်ဗျားပါးစပ်ကို ပိတ်ထားပြီး ဒီဘက်က ပြောတာကိုပဲ ငြိမ်ငြိမ်ကလေး နားထောင်ပါ"





သူ ခေါင်းကို ယောင်၍ ညိတ်လိုက်ကာ ဟုတ်ကဲ့ဟု ပြန်ပြောလိုက်မိပြီးမှ ခင်ဗျားပါးစပ်ကို ပိတ်ထားပါ ဟူသော တားမြစ်ချက်ကို သတိရလိုက်မိသည်။

"ကျုပ်ပြောပြီးရင် သဒ္ဒါချိုကို ဖုန်းပြောခွင့်ပေးမယ်၊ ကျုပ်စကား အတိအကျ နားလည်ရဲ့လား ဒေါက်တာ၊ ခင်ဗျားနဲ့ သဒ္ဒါချိုကို ဖုန်းပြောခွင့် ပေးတာ မဟုတ်ဘူး၊ သဒ္ဒါချို တစ်ယောက်တည်းကိုပဲ ဖုန်းပြောခွင့်ပေးတာ၊ ခင်ဗျားက နားထောင်သူ သက်သက်ပဲ လုပ်နေရမယ်၊ ဘာမှ ဝင်ပြောတာ ဝင်မေးတာ မလုပ်ပါနဲ့၊ ခင်ဗျားပါးစပ်ကို လုံးဝ ပိတ်ထားပါ၊ ကျုပ်ရဲ့စည်းကမ်းချက်တွေကို သဘောတူပြီဆိုရင် ကျုပ် စပြောတော့မယ်၊ ခင်ဗျား သေချာနားထောင်ပါ၊ ခင်ဗျားအတွက် ဝမ်းသာစရာကောင်းတဲ့ မင်္ဂလာ သတင်းပါ ဒေါက်တာ. . . မကြာခင် သဒ္ဒါချို ခင်ဗျားဆီကို ပြန်ရောက်တော့မယ်"

သဒ္ဒါချို ခင်ဗျားဆီ ပြန်ရောက်တော့မယ်. . . တဲ့။

သူ လှုပ်ခနဲ ရင်ဖိုသွား၏။ တစ်ဖက်မှ စည်းကမ်းချက်များကို ဖောက်ဖျက်ကာ ခင်ဗျား တကယ်ပြောနေတာလားဟု ပြန်မေးချင်စိတ်များ တဖွားဖွား ပေါ်လာသဖြင့် စိတ်ကို ချုပ်ထိန်းထားရသည်။

"ဘယ်လိုလဲ ဒေါက်တာ၊ အံ့သြသွားသလား၊ ဒါမှမဟုတ် ခင်ဗျား ဝမ်းသာအောင် ကျုပ် တမင်လိမ်ပြောနေတာလို့ ထင်နေသလား၊ ကျုပ်က ခင်ဗျားလို မဟုတ်ပါဘူး ဒေါက်တာ၊ ပြောပြီးရင် ပြောပြီးတဲ့အတိုင်း ကတိတည်ပါတယ်၊ ကျုပ်ကိုယ်တိုင် သဒ္ဒါချိုကို ခင်ဗျားဆီကို လာပို့ပေးမှာပါ"

သူ မအောင့်နိုင်တော့ဘဲ ဝမ်းသာစရာသတင်းအား ဇော်



www.burmeseclassic.com

www.burmeseclassic.com



မိုးကို လှမ်းပြောရန် ဖုန်းပြောပေါက်အား လက်နှင့် ပိတ်လိုက်စဉ်မှာပင် ဇော်မိုးက စပြောသည်။

"ငါသိပြီ ငွေစိုးကြည်"

"သူ သဒ္ဒါကို ပြန်လွှတ်ပေးတော့မယ်တဲ့ ဇော်မိုး၊ နေပါဦး၊ မင်းက ဘာသိတာလဲ"

"သူဆက်တဲ့ ဖုန်းနံပါတ်"

"ဘယ်က ဆက်တာလဲ"

"ဒီဟိုတယ်ထဲကပဲ"

ဇော်မိုးက ဤဟိုတယ်သို့ စရောက်သည့်နေ့က လိုရမယ်ရ တောင်းယူလာသော ဟိုတယ်လိပ်စာကတ်ပြားကို သူ့နား လာပြတော့ စောစောက မိုးအာကာ ဆက်သော ဖုန်းနံပါတ်မှာ ဟိုတယ်လိပ်စာကတ်ပေါ်မှ ဖုန်းနံပါတ်အတိုင်း ဖြစ်နေလေသည်။ ဒါကြောင့် ထိုဖုန်းနံပါတ်ကို သိနေသလို ထင်မိတာပဲဟု တွေးရင်း မိုးအာကာ၏ ရဲတင်းမှုအား တအံ့တဩ ဖြစ်နေမိသည်။

"ကျုပ် သူ့ကို ခင်ဗျားဆီ ပြန်အပ်ဖို့ ကျုပ်တို့ တစ်နေရာရာမှာ ဆုံကြမယ်၊ ဆုံမယ့်နေရာနဲ့ အချိန်ကို နောက်မှ ပြောမယ်၊ အရင်ဆုံး ပြောချင်တာကတော့ အဲ့ဒီနေ့ကျရင် ခင်ဗျား ရဲတွေ ခေါ်မထားဖို့ပဲ"

သူ့လက်က ဖုန်းပြောပေါက်ကို ပိတ်ထားဆဲမို့ ဇော်မိုးက သူ့အား ခပ်သွက်သွက် လှမ်းပြောသည်။

"မင်း သူနဲ့ ဟန်မပျက် ဖုန်းဆက်ပြောရင်း ငါနောက်ကလိုက်ခဲ့၊ ဒီကောင့်ကို တို့ ဒီနေ့ မိပြီ ငွေစိုးကြည်၊ အချိန်မရှိဘူး၊ မြန်မြန်လာ. . ."

ဇော်မိုးက ဟိုတယ်အခန်းတံခါးကို ဖွင့်ကာ အခန်းထဲမှ





ထွက်သွားသဖြင့် သူ ဇော်မိုးနောက်သို့ အမြန်လိုက်ရသည်။ ဇော်မိုးက ညဲ့ကြိုကောင်တာသို့ သွားကာ အပြင်ကို ဘယ်အခန်းက ဖုန်းဆက်နေသလဲဟု စုံစမ်းတော့ အခန်းနံပါတ် တစ်ရာ့တစ်ဟု သိရ၏။

"ဘယ်လိုလဲ ဒေါက်တာ၊ ကျုပ်ပြောတဲ့အတိုင်း ခင်ဗျား လိုက်နာနိုင်ပါ့မလား၊ ခင်ဗျားရဲ့ ဇနီးလောင်းကို ခင်ဗျားလက်ထဲ လာအပ်တဲ့အခါ အနားမှာ ရဲတွေ ရှိမနေစေချင်ဘူး၊ ကျုပ်တို့ချင်းပဲ လွတ်လွတ်လပ်လပ် ဆုံချင်တယ်"

ဇော်မိုးက ကောင်တာမှ တာဝန်ခံများအား မည်သို့ ပြောလိုက်သည်မသိ။ ကောင်တာမှ ပုဂ္ဂိုလ်တစ်ဦးက ဟိုတယ်လုံခြုံရေးဝန်ထမ်းနှစ်ဦးကို ပြေးခေါ်ကာ အခန်းနံပါတ် တစ်ရာ့တစ်၏ အပိုသော့ကိုပါ ယူပြီး ထိုအခန်းရှိရာသို့ ခပ်သုတ်သုတ် ထွက်ခွာသွားသဖြင့် ၎င်းတို့နောက်သို့ သူ အပြေးအလွှား လိုက်ရပြန်သည်။

"အဲဒီနေ့ကျရင် ခင်ဗျားရဲ့ သူငယ်ချင်းကို ခေါ်ခဲ့နိုင်တယ်၊ ဒါပေမယ့်. . . ရဲတွေတော့ မခေါ်ပါနဲ့ ဒေါက်တာ၊ ကျုပ်. . . သူတို့နဲ့ ခပ်ကင်းကင်း နေချင်တယ်"

သူတို့အားလုံး အခန်းတစ်ရာ့တစ်ရှေ့သို့ ရောက်လာကြသည်။ ဇော်မိုးက ဟိုတယ်မန်နေဂျာအား အခန်းတံခါး ဖွင့်ရန် အချက်ပြလိုက်၏။ မန်နေဂျာက သော့တံကို ထိုးကာ တံခါးကို ဖွင့်လိုက်သည်နှင့် ဇော်မိုးက ဦးဆောင်ကာ အခန်းထဲသို့ ဝုန်းခနဲ ဝင်လိုက်ကြသည်။

သူတို့၏ လုပ်ရပ်က မိုးအာကာအား အထိတ်တလန့် မဖြစ်စေသလို စကားပြောလည်း မပျက်စေခဲ့ပါ။

"အဲ့ဒီနေ့ကျရင် ကျုပ် ခင်ဗျားကို ပြောစရာ စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် ဒေါက်တာ"

ငွေစိုးကြည် ဖုန်းကို စိတ်ပျက်စွာ ပိတ်လိုက်ရင်း သက်ပြင်း တစ်ချက်ကို ချလိုက်သည်။ ဟိုတယ်ခန်းအတွင်း သူတို့ တွေ့လိုက်ရသည်က ဘေးချထားသော တယ်လီဖုန်းခွက်နှင့် ထိုဖုန်းပြောခွက်ရှေ့မှ မိုးအာကာ၏အသံ ထွက်ပေါ်နေသည့် ဝေါဒ်မင်း ကက်ဆက်တစ်လုံးသာ ဖြစ်လေသည်။

... ခဏနား ...





(တစ်ဆယ်ငါး)

"တောက်. . . တော်တော် လည်တဲ့ကောင်ပဲ၊ ငါက ဒီကောင့်ကို မိပြီလို့ အပိုင်တွက်ထားတာ"

"လည်ရုံတင် မဟုတ်ဘူး၊ အတင့်လည်း ရဲလွန်းတယ်"

အခန်းနံပါတ် တစ်ရာ့တစ်ထဲမှ သိမ်းလာသည့် ဝေါ့ဒ်မင်းကက်ဆက်ကို ကြည့်ကာ ငွေစိုးကြည် တနုံ့နုံ့ ဖြစ်နေသည်။ ဟိုတယ်မန်နေဂျာထံမှ သူတို့ သိရသည့် အချက်အလက်များအရ မနက်အစောကြီး ထိုအခန်း၌ တည်းရန် ကျောပိုးအိတ်တစ်လုံးနှင့် တောင်းဘို့င်ဆန်ဆန် လူတစ်ယောက် ရောက်ရှိလာခဲ့သည်ဟု ဆိုသည်။

"သူက နေ့လည် ဆယ့်နှစ်နာရီလောက်အထိပဲ တည်းမှာလို့ ပြောတယ်၊ ဒါပေမယ့်. . . အခန်းခကိုတော့ တစ်ရက်စာ အတိချင်း ရှင်းပေးတယ်၊ ရှစ်နာရီလောက်ကျတော့ ရထားလက်မှတ်သွားဝယ်မှာမို့လို့ မှတ်ပုံတင် ခဏပေးပါလို့ လာပြောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်မယ့် ဧည့်သည်မဟုတ်တဲ့အတွက် ဧည့်စာရင်း တိုင်စရာ မလိုလို့ မှတ်ပုံတင်က သိပ်အရေးမကြီးဘူး၊ ဒါကြောင့် ပြန်ပေး လိုက်တော့ ရေချိုးပြီးမှ လက်မှတ် သွားဝယ်မယ်ဆိုပြီး အခန်း ဘက် ပြန်သွားတယ်၊ ရှစ်နာရီခွဲမှာ နေ့ပိုင်းမန်နေဂျာ ရောက်လာ လို့ ဧည့်သည်စာရင်းတွေ အကုန်လွှဲပေးပြီး လက်ဖက်ရည် သွား သောက်တယ်၊ လက်ဖက်ရည် သောက်ပြီးတာနဲ့ ကျွန်တော် တို့ တယ်ထဲ ခဏပြန်ဝင်ပြီး နေ့ပိုင်းမန်နေဂျာနဲ့ စကားထိုင်ပြောနေ တုန်း ဆရာတို့ ရောက်လာတာပဲ"

"သူ ဘယ်အချိန် ဘယ်လို လစ်ထွက်သွားသလဲဆိုတာ ကျွန်တော်တို့ နှစ်ယောက်စလုံး မသိလိုက်ဘူး၊ ဧည့်သည် တစ် ယောက် (ချက်ကောက်)လုပ်ရင်ဖြစ်စေ၊ အပြင်ထွက်ရင်ဖြစ်စေ ကျွန်တော်တို့ဆီမှာ သော့အပ်ရတယ်၊ သူက သော့ကို အခန်းထဲမှာ ဒီအတိုင်း ထားပြီး လစ်ထွက်သွားတယ်"

ဇော်မိုးက နေ့နဲ့ည မန်နေဂျာချင်း အပြောင်းမှာ လစ် ထွက်သွားတာ ဖြစ်မယ်ဟု မှတ်ချက်ချ၏။ သူကတော့ ထိုသို့မထင် ပါ။ မန်နေဂျာချင်း အပြောင်းအလဲ မရှိလည်း ပါးနပ်လှသော မိုးအာကာက ရအောင် လစ်ထွက်မှာပဲ ဖြစ်၏။ မှတ်ပုံတင်ကိုပင် ရထားလက်မှတ်ဝယ်ရန် အကြောင်းပြ၍ ပြန်ယူထားပြီး ဖြစ်သ ဖြင့် လက်မှတ်သွားဝယ်ဦးမည်ဟု ဆိုကာ ဟိုတယ်ထဲမှ လေချွန်၍ ထွက်ခွာသွားပါလိမ့်မည်။

"ငါ မခံချင်တာက သူ့ဖုန်းလာပြီး ငါးမိနစ်၊ အလွန်ဆုံး ဆယ်မိနစ်လောက် အတွင်းမှာ သူ့အခန်းကို ရောက်သွားပါလျက် နဲ့ သူ့ကို မမိလိုက်တာပဲ"

ဇော်မိုးက တက်တခေါက်ခေါက်ဖြင့် မကျေမနပ် ရေရွတ်





နေစဉ်မှာပင် ခုတင်ဘေးရှိ ဟိုတယ် ဖုန်းက မြည်လာသဖြင့် ကောက်ကိုင်လိုက်ရသည်။ ဟိုတယ်မန်နေဂျာဆီကဟု မျှော်လင့် ထားသော်လည်း သူထင်သလို မဟုတ်ပါ။

ဖုန်းဆက်သူက မိုးအာကာပဲ ဖြစ်နေလေသည်။

"ကျုပ်ရဲ့ ကက်ဆက်ခွေကို နားထောင်ပြီးပြီလား. . . ဒေါက်တာ"

မိုးအာကာ၏ ရိတိတိ လေသံကြောင့်. . .'လူလွန်မသား' ဟု စိတ်ထဲမှ ကြိတ်၍ ရေရွတ်လိုက်မိသည်။

"မပြီးသေးဘူး ကိုမိုးအာကာ၊ ကျုပ်တို့ အခုမှ နားထောင် မလို့. . ."

"ဒါဖြင့်လဲ. . . ပြီးအောင် နားထောင်လိုက်ပါဦး ဒေါက် တာ၊ သဒ္ဒါချိုကို ပြန်ပေးတဲ့နေ့ကျရင်တော့ ကျုပ်ရဲ့ကက်ဆက်က လေးကို ပြန်ပေးဖို့ မေတ္တာရပ်ခံပါရစေ၊ ကဲ. . . မင်္ဂလာရှိသောနေ့ ပါ ဒေါက်တာ"

မိုးအာကာ ဖုန်းပြန်ချသွား၏။ စိတ်ထဲ၌ တနုံ့နုံ့နှင့် ဒေါ သ ထွက်နေသော်လည်း. . . မိုးအာကာ အကြံပေးသလို ကက် ဆက်ခွေကိုတော့ ဆုံးအောင် နားထောင်ရပါလိမ့်မည်။

ကက်ဆက်ခလုတ်ကို နှိပ်လိုက်တော့ မိုးအာကာ၏အသံ က အရင်ထွက်ပေါ်လာပါသည်။

"အခု. . . သဒ္ဒါချို့ကို ဒေါက်တာနဲ့ စကားပြောခွင့်ပေး မယ်၊ ကျေးဇူးပြုပြီး သူပြောတာတွေကို သေချာနားထောင်ပါ ဒေါက်တာ"

မိုးအာကာ အသံတိတ်သွားပြီး အတော်ကြာမှ သဒ္ဒါချို၏ အသံ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုး. . . သိပ်မကြာခင် ကိုစိုးဆီ သဒ္ဒါ ပြန်လာရတော့မယ်၊ သဒ္ဒါ့ကို ကိုစိုးဆီ အရောက် ပြန်ပို့ပေးမယ်လို့ ကိုအာကာက ကတိပေးတယ်၊ ဒါကြောင့် သဒ္ဒါကလဲ သူ့ကို ကတိတစ်ခု ပြန်ပေးလိုက်တယ်၊ ကိုစိုးဆီ ပို့တဲ့နေ့ကျရင် သူ့ကို ရဲတွေနဲ့ ထောင်ချောက်ဆင်ပြီး မဖမ်းစေရပါဘူးလို့၊ သဒ္ဒါပြောတာကို ကိုစိုး နားလည်ပါတယ်နော်. . . သဒ္ဒါ ကတိတည်ချင်တယ်၊ သဒ္ဒါ့ကတိတည်ဖို့ အတွက် ကိုစိုး ကူညီပါ၊ အဲ့ဒီနေ့ကျရင် ရဲတွေ ခေါ်မလာပါနဲ့၊ သဒ္ဒါ ထပ်ပြောမယ်နော်. . . အဲ့ဒီနေ့ကျရင် ကိုစိုး သူ့ကို ရဲတွေနဲ့ ထောင်ဖမ်းတာမျိုး မလုပ်ပါနဲ့၊ ကိုစိုး အဲ့လိုလုပ်ရင် သဒ္ဒါ ကတိပျက်ရာ ရောက်သွားလိမ့်မယ်၊ သဒ္ဒါ ကတိမပျက်ချင်ဘူး ကိုစိုး၊ ကိုစိုးကြောင့် သဒ္ဒါ ကတိပျက်သွားခဲ့ရင် သဒ္ဒါနဲ့ကိုစိုးရဲ့ အနာဂတ်ဟာလဲ တစ်မျိုးတစ်ဖုံ ဖြစ်သွားလိမ့်မယ်၊ အဲဒီတော့. . . ရဲတွေကို အသိပေးတာမျိုး၊ ရဲတွေ ခေါ်ထားတာမျိုး လုံးဝမလုပ်ပါနဲ့ ကိုစိုး၊ သဒ္ဒါ လက်ထပ်ရမယ့် သဒ္ဒါ့ခင်ပွန်းလောင်းဟာ သဒ္ဒါ့ရဲ့ကတိ တည်အောင် ကူညီပေးမယ့်လူမျိုးပဲ ဖြစ်စေချင်တယ်၊ ကတိပျက်အောင် ဖျက်မယ့်လူမျိုး မဖြစ်စေချင်ဘူး၊ နောက်သုံးလေးရက်ကြာရင် ဘယ်မှာ ဆုံမလဲဆိုတာ ကိုစိုးဆီ သူ ဖုန်းထပ်ဆက်လိမ့်မယ်၊ ဒါပဲနော် ကိုစိုး"

သဒ္ဒါချို၏အသံ ရပ်ဆိုင်းသွားပြီးနောက် မိုးအာကာ၏ အသံ ထွက်ပေါ်လာသည်။ ၎င်းက သဒ္ဒါချို ပြောသလို ထိုနေ့၌ ရဲတွေ ခေါ်မထားစေချင်ကြောင်း၊ သဒ္ဒါချိုအား ပြန်ပို့မည့်နေ့ရက်နှင့် နေရာ အချိန်အတိအကျကို ဖုန်းထပ်ဆက်မည် ဖြစ်ကြောင်း ၎င်းဖုန်းဆက်မည့်နေ့၌ ရဲတွေ ခေါ်မခေါ် ဆိုသည်ကို ပြတ်ပြတ်သားသား သိချင်ကြောင်း ပြောပြီးနောက် ကက်ဆက်ထဲမှ အသံ





တို့ ရပ်ဆိုင်းသွားလေသည်။

"ဘယ်လိုလဲ ငွေစိုးကြည်၊ အဲ့ဒီနေ့ကျရင် မင်း ရဲတွေကို ခေါ်မှာလား၊ ဒါမှမဟုတ် သဒ္ဒါချို ပြောသလို သူ့ရဲ့ကတိ တည်အောင် ကူညီပေးမှာလား"

သူ့ကိုယ်စား ဇော်မိုးက ကက်ဆက်ကို လှမ်းပိတ်ရင်း သူ့အား မေးသည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် မိုးအာကာ ထောင်ထဲရောက်သွားတာကို အမြင်ချင်ဆုံးလူဟာ ငါပဲ ဇော်မိုး၊ ဒါပေမယ့် ငါ့ဆန္ဒထက် သဒ္ဒါ့ဆန္ဒကို ပိုပြီး ဦးစားပေးရလိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါ သဒ္ဒါ့ကို သိပ်ချစ်လို့ပဲ"

"ဒါဖြင့် မင်း ရဲတွေကို အသိမပေးတော့ဘူးပေါ့"

"ဟုတ်တယ် ဇော်မိုး၊ သဒ္ဒါ့ကတိ တည်အောင် ငါ ရဲတွေကို အသိမပေးတော့ဘူး"

သူ့စကားအဆုံး၌ ဇော်မိုးက စုတ်တစ်ချက် သပ်ကာ ခေါင်းကို ခါယမ်းလိုက်သော်လည်း ဇော်မိုး၏ အပြုအမူကို သူ ဂရုမစိုက်နိုင်ပါ။ ယခုအချိန်၌ သူ ဂရုစိုက်ရမည်မှာ သဒ္ဒါချို၏ ဆန္ဒကိုသာ ဖြစ်သည်။

ထို့နောက် ရန်ကုန်ပြန်မဆင်းသးဘဲ မိုးအာကာထံမှ ဖုန်းကို သူ စောင့်ခဲ့သည်။ သုံးလေးရက်ကြာလျှင် ဖုန်းဆက်မည်ဟု ဆိုသော်လည်း ငါးရက်တိတိ ကြာမှ မိုးအာကာက သူ့ဆီ ဖုန်းဆက်ခဲ့ပါသည်။

"ဘယ်လိုလဲ ဒေါက်တာ၊ ခင်ဗျား တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးပြီလို့ ကျွန်တော် ထင်တယ်"

"သေချာတာပေါ့. . . ကိုမိုးအာကာ၊ ကျွန်တော် ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပါပြီ၊ ခင်ဗျား သံဒ္ဓါကို ခေါ်ပြီး စိတ်ချလက်ချသာ လာခဲ့ပါ ကျွန်တော် ဘယ်ရဲကိုမှ အကြောင်းမကြားပါဘူးလို့ ကတိပေးပါတယ်"

"သေချာပါတယ်နော် ဒေါက်တာ"

"သိပ်ကို သေချာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က သဒ္ဒါကို သိပ်ချစ်တဲ့သူမို့ သူ့ဆန္ဒဟာ ကျွန်တော့်ဆန္ဒပါပဲ သူပေးထားတဲ့ကတိကို ပျက်အောင် ကျွန်တော် မဖျက်ရက်ပါဘူး"

"အိုကေ ဒေါက်တာ၊ ဒီလောက်ဆိုရင် ခင်ဗျားကို ယုံပါပြီ ကျွန်တော်တို့ မနက်ဖြန် ဆုံကြမယ်၊ အချိန်နဲ့နေရာကို ကျွန်တော် ပြောမယ်၊ ခင်ဗျား စာရွက်တစ်ရွက်နဲ့ ကူးရေးထားပါ"

ထို့နောက် မိုးအာကာက စားသောက်ဆိုင်တစ်ဆိုင်၏ လိပ်စာနှင့် အချိန်အတိအကျကို ပြောသဖြင့် သူ ကူးရေးထားလိုက်သည်။

"ကဲ. . . မင်္ဂလာ ရှိသောနေ့ပါ ဒေါက်တာ၊ မနက်ဖြန် ပျော်ပျော်ပါးပါး ဆုံကြတာပေါ့. . . ဟုတ်ပြီလား"

ထို့နောက် မိုးအာကာ ဖုန်းချသွားလေသည်။

မနက်ဖြန် သဒ္ဒါချို သူ့ဆီ ပြန်ရောက်တော့မည်ဟူသော အတွေးဖြင့် ထိုညက ငွေစိုးကြည် ကောင်းစွာ အိပ်မပျော်ခဲ့။

ငွေစိုးကြည်နည်းတူ သဒ္ဒါချိုလည်း စိတ်လှုပ်ရှားမှုတို့ဖြင့် အိပ်မပျော်ခဲ့ပါ။ မနက်ဖြန်ဆိုလျှင် သူမ တစ်လကြာမျှ နေခဲ့ရသော ဥမင်ခြံကြီးထဲမှ အပြီးတိုင် လွတ်မြောက်တော့မည် ဖြစ်၏။ သို့မဟုတ် ထွက်ခွာရတော့မည်ဟု ဆိုလျှင်လည်း မမှားပါ။

သူမကို မြင်သည်နှင့် ဟီးသံပေးကာ နှုတ်ဆက်တတ်သော တိမ်ပုံနှင့် မိုးပြာကို သူမ တော်တော်နှင့် မေ့၍ရမည် မဟုတ်ပါ။





ထို့အတူ သူမအပေါ် ညီမတစ်ဦးပမာ ဂရုစိုက်ခဲ့သော ကိုကောင်းကိုလည်း သတိရနေဦးမှာ သေချာပါသည်။ ပြီးတော့. . . မိုးအာကာ. . .။

သူမ၏ လှည့်စားမှုအတိုင်း နောင် အနှစ်နှစ်ဆယ်ကို မျှော်လင့်တကြီး စောင့်စားနေမည့် မိုးအာကာ. . .။

သူမ ပင့်သက်တစ်ချက်ကို ဖွဖွရှိုက်သွင်းလိုက်မိသည်။

"ခင်ဗျားနဲ့ ဒေါက်တာငွေစိုးကြည် လက်ထပ်ပြီးလို့ ပျားရည်ဆမ်းခရီး ထွက်ဖြစ်ခဲ့ရင် ဒီခြံကြီးထဲကို လာခဲ့ဖို့ ဖိတ်ချင်ပါတယ် သဒ္ဒါချို၊ ဒါပေမယ့်. . . အာကာက သဘောကျလိမ့်မယ် မထင်လို့ ကျွန်တော် မဖိတ်တော့ဘူး"

သူမအား နှုတ်ဆက်သည့်အနေနှင့် ဟင်းလျာ ဖွယ်ဖွယ်ရာရာ စီမံ၍ ညစာစားခဲ့ကြစဉ်အခါက ကိုကောင်း သူမအား ပြောခဲ့ခြင်း ဖြစ်သည်။ ကိုကောင်းဘေးမှ မိုးအာကာက ကိုကောင်းစကားအား ဘာမှ ဝင်ရောက် မစွက်ဖက်ဘဲ တုံဏှိဘာဝေ ငြိမ်သက်နေခဲ့သည်။

အကယ်၍ ကိုကောင်းကသာ ဖိတ်ခေါ်မည်ဆိုလျှင် သူမ ဥမင်ခြံကြီးထဲသို့ တစ်ခေါက်လောက်တော့ အလည်လာချင်ပါသေးသည်။ သို့သော် မိုးအာကာ၏ နှုတ်ဆိတ်နေမှုကြောင့် သူမ အလိုက်အထိုက် ပြန်ပြောလိုက်ရသည်။

"ဟုတ်တာပေါ့. . . ကိုကောင်း၊ ကျွန်မ ဒီခြံကြီးထဲကို ပြန်လာဖို့ ဘယ်သင့်တော်ပါ့မလဲ"

ညစာစားပွဲ ပြီးဆုံးခါနီးမှ မိုးအာကာ ဘာစိတ်ကူးပေါက်သည် မသိ။ သူမအား လှမ်းပြောသည်။

"မင်း ယူဝတ်နေတဲ့ အဝတ်အစားအိတ်ထဲက ကြိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံတစ်စုံကို မင်း ဆန္ဒရှိရင် ယူသွားနိုင်တယ် သဒ္ဒါချို၊ ကျုပ်ရဲ့ လက်ဆောင်လို့ သဘောထားလိုက်ပါ"

မြတ်စွာဘုရား. . .။ သူ ရက်ရောလှပါလားဟု သူမ တအံ့တသြ ဖြစ်မိပြီး ထိုခဏမှာပင် ဘယ်ဝတ်စုံကို ယူမည်ဟု သူမ ဆုံးဖြတ်ပြီး ဖြစ်နေခဲ့သည်။ ထို့ကြောင့် အိပ်ရာမဝင်ခင်မှာပင် အခန်းထဲ၌ တွေ့သော ကြွပ်ကြွပ်အိတ်လို ခပ်ထူထူ ပလတ်စတစ်အိတ်လေးထဲသို့ သူမ ရွေးချယ်ထားသော ဝတ်စုံကို ထည့်ထားလိုက်သည်။

နောက်နေ့မနက် အိပ်ရာနိုးတော့ ဒီနေ့ ငါ ဒီခြံကြီးက ပြန်ရမယ့်နေ့ပါလား ဟူသော အတွေးက ခေါင်းထဲသို့ စူးစူးရှရှ ဝင်ရောက်လာ၏။ မိုးအာကာ၏လက်ဆောင်. . . သူမစိတ်ကြိုက် ရွေးချယ်ထားသည့် ဝတ်စုံထည့်ထားသောအိတ်ကို ဆွဲ၍ အပေါ်ထပ်မှ ဆင်းလာတော့ သူမအား နှုတ်ဆက်ရန် အဘအိုက်နှင့် ဖွားဖုံတို့ကို တွေ့ရသည်။

၎င်းတို့၏ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်မှုက သူမအား စိတ်မကောင်း ဖြစ်စေခဲ့သလို ကိုကောင်း၏ စကားကလည်း သူမ ရင်ကို လှုပ်ခနဲ ဖြစ်စေခဲ့သည်။

"ခင်ဗျားရဲ့ လွတ်မြောက်မှုအတွက် ဝမ်းသာပါတယ်၊ ဒါပေမယ့်. . . ခွဲခွာရတဲ့အတွက်တော့ ကျွန်တော်တို့အားလုံး စိတ်မကောင်း ဖြစ်ကြရတယ် သဒ္ဒါချို"

သူမကိုယ်တိုင်လည်း ၎င်းတို့နည်းတူ စိတ်မကောင်း ဖြစ်ရပါသည်။ ကိုကောင်း၊ အဘအိုက်နှင့် ဖွားဖုံတို့အား သူမ နှုတ်ဆက်နေစဉ်မှာပင် မိုးအာကာ ရောက်လာပြီး သူမအား ပြောသည်။





"ကျုပ်တို့ သွားကြဖို့ အချိန်တန်ပြီ သဒ္ဒါချို"

ထိုအချိန်မှာပင် မြင်းဇောင်းဘက်မှ မြင်းဟီသံတစ်ချက် ထွက်ပေါ်လာသဖြင့် သူမ လှိုက်ခနဲ ခံစားလိုက်ရသည်။


. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com









## (တစ်ဆယ်ခြောက်)

မိုးအာကာ ရွေးချယ်ထားသောဆိုင်က လူရှင်းသော နေရာရှိ တိတ်တိတ်ဆိတ်ဆိတ် စားသောက်ဆိုင်ကလေး ဖြစ်သည်။ ထမင်းစားချိန် မဟုတ်သဖြင့် ငွေစိုးကြည်နှင့် ဇော်မိုးမှအပ ဆိုင်ထဲ၌ စားသောက်သူ ဟူ၍ တစ်ဦးမှမရှိ။

လူရှင်းသော ဆိုင်ကလေး၏ လူအပါးဆုံးအချိန်ကို ရွေးချယ် ချိန်းဆိုသည့် မိုးအားကာ၏ ပါးနပ်မှုကို ဇော်မိုးက ကြိတ်၍ ချီးကျူးနေချိန်၌ ငွေစိုးကြည်က နာရီတကြည့်ကြည့်နှင့် စိတ်စောနေလေသည်။

"သူတို့ ရောက်လာဖို့ကောင်းပြီ ဇော်မိုး"

"ချိန်းထားတဲ့အချိန်အတိုင်း ဆိုရင်တော့ ဟုတ်တယ် ငွေစိုးကြည်၊ ဒါပေမယ့်. . . သူ တမင်နောက်ကျပြီးမှ လာလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"မင်း ရဲတွေဘာတွေ ခေါ်ထားမထား သေချာအောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ရဲတွေ ခေါ်ထားရင် ခုချိန်လောက်ဆို ဆိုင်ထဲမှာ လူရှုပ်နေလိမ့်မယ်၊ ဒါဆို သူ ဆိုင်ထဲ မဝင်ဘဲ ကျော်သွားလိမ့်မယ်”

“ငါ ရဲတွေ မခေါ်ဘူးလို့ ကတိပေးလိုက်သားပဲ”

“ဒါပေမယ့် သူ့ဘက်ကတော့ သေချာအောင် လုပ်မှာပဲ၊ ချိန်းထားတဲ့အချိန်ထက် အနည်းဆုံး နာရီဝက်လောက် ခွာပြီးမှ ရောက်လာလိမ့်မယ်လို့ ငါထင်တယ်”

ဇော်မိုးထင်မြင်ချက်က သွေးထွက်အောင် မှန်လှပါသည်။ နောက် နာရီဝက်တိတိကြာမှ ဆိုင်ထဲသို့ မိုးအာကာနှင့် သဒ္ဒါချိုတို့ ဝင်ရောက်လာကြသည်။

“စောင့်နေတာ ကြာပြီလား ဒေါက်တာ. . . နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ်”

“ရပါတယ် ကိုမိုးအာကာ”

ဝတ္တရားအရ ပြန်ပြောလိုက်ရသော်လည်း ငွေစိုးကြည်၏ အာရုံက မိုးအာကာ၏ တောင်းပန်စကားထက် သဒ္ဒါချို့ထံသို့သာ ကျရောက်နေခဲ့သည်။

“နေကောင်းရဲ့လား. . . သဒ္ဒါ”

“ကောင်းပါတယ်၊ ကိုစိုးရော. . နေကောင်းတယ် မဟုတ်လား”

“အင်း. . . လူကတော့ ကောင်းပါတယ်၊ စိတ်ကတော့ ဝေဒနာပေါင်းစုံ အလူးအလဲ ခံစားခဲ့ရတယ်”

ငွေစိုးကြည်၏ စကားကြောင့် မိုးအာကာက ပြုံးလိုက်ပြီး ရှတ်တရက် ဝင်မေးလိုက်သည်။

“တော်တော်ဆိုးသလား ဒေါက်တာ”

“ဗျာ”





“ပြော်. . . ဒေါက်တာ ခံစားရတဲ့ ဝေဒနာတွေက တော်တော် ဆိုးသလားလို့ မေးတာပါ”

“ပြောနေဖို့ လိုသေးလား ကိုမိုးအာကာ၊ ကျွန်တော် အတော့်ကို ခံစားခဲ့ရတယ်”

“ဒါဆို. . . ကျွန်တော့်တုန်းက ခံစားခဲ့ရတာတွေကို ဒေါက်တာ ကိုယ်ချင်းစာနိုင်လောက်ပြီလို့ ထင်ပါတယ်”

မိုးအာကာ၏ စကားကြောင့် ငွေစိုးကြည် မျက်နှာပျက်သွားပြီး ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်၏။

“ကျွန်တော် ကိုယ်ချင်းစာတတ်ပါပြီ. . . ကိုမိုးအာကာ၊ ခု ကျွန်တော် ခံစားခဲ့ရတာဟာ ခင်ဗျား ခံစားခဲ့ရတာကို မီမှာ မဟုတ်ပါဘူး၊ ခင်ဗျားတို့နှစ်ယောက်က သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါ၊ ကျွန်တော်နဲ့ သဒ္ဒါကတော့ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ကျွန်တော့်ဘက်က တစ်ဖက်သတ် ချစ်ပြီး လက်ထပ်ခွင့် တောင်းခဲ့တာကို သဒ္ဒါက ခေါင်းညိတ်လိုက်တဲ့အဆင့်ပဲ ရှိပါသေးတယ်၊ တရားဝင် ချစ်သူတွေ မဖြစ်ကြသေးပါဘူး. . . ဒါတောင် ကျွန်တော် ဒီလောက် ခံစားခဲ့ရရင် ခင်ဗျားက ပိုပြီးခံစားခဲ့ရမှာပါ ကိုမိုးအာကာ”

“ခုလို နားလည်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်တော် ဒေါက်တာနဲ့ မျက်နှာချင်းဆိုင် ဆုံချင်တဲ့ အကြောင်းက နှစ်ခုရှိတယ်၊ တစ်ခုက ချစ်သူဆုံးရှုံးလို့ ခံစားရတဲ့ ခံစားမှုကို ဒေါက်တာ နားလည်ပြီလားဆိုတာ သိချင်တာပါ၊ ခု ကျွန်တော် သိလိုက်ရပါပြီ၊ နောက်တစ်ခုကတော့ ကျွန်တော် ဒေါက်တာ့ကို တောင်းပန်ချင်တာပါ”

“ဘာအတွက်လဲ ကိုမိုးအာကာ”



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းသစင် ဆုံးပြီလို့ လာပြောတုန်းက ကျွန်တော် ပေါက်ကွဲပြီး ဒေါက်တာ့ကို ကိုယ်ထိလက်ရောက် စော်ကားမိတာ ရယ်. . . နောက် သဒ္ဒါချို့ကို ပြန်ပေးဆွဲသလို ပုံစံမျိုးနဲ့ ဒေါက်တာ စိတ်ဆင်းရဲအောင် လုပ်ခဲ့မိတာရယ်. . . အဲ့ဒါတွေအတွက် ကျွန် တော် တောင်းပန်ပါတယ် ဒေါက်တာ"

မျှော်လင့်မထားသော တောင်းပန်စကားကြောင့် ငွေစိုး ကြည် ငိုင်သွားသည်။ ထိုအချိန်မှာပင် သဒ္ဒါချိုက အိမ်သာသွားဦး မယ် ဟူသော အကြောင်းပြချက်နှင့် ဆိုင်နောက်ဖက်သို့ ထွက်ခွာ သွား၏။

အမျိုးသားသုံးယောက်တည်း ကျန်ခဲ့တဲ့ စကားဝိုင်းက အနည်းငယ် ခြောက်သွေ့သလို ဖြစ်သွားပြီး တစ်အောင့်ကြာမှ ငွေစိုးကြည် စကားစသည်။

"ဆောင်း ဆုံးပြီလို့ လာပြောတုန်းက ခင်ဗျား ကျွန်တော့် ကို ဆွဲထိုးခဲ့တဲ့အတွက် ကျွန်တော် ဗွေမယူပါဘူး ကိုမိုးအာကာ၊ ခင်ဗျားရဲ့ ပေါက်ကွဲမှုကို ကျွန်တော် နားလည်ပေးနိုင်ပါတယ်၊ ဒုတိယကိစ္စနဲ့ ပတ်သက်ပြီး ပြောရရင် ကျွန်တော် တော်တော်လေး စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရတာ အမှန်ပဲ၊ ဒေါသလည်း ဖြစ်မိ တယ်၊ ဒါပေမယ့်. . . ခင်ဗျားက ခုလို ပွင့်ပွင့်လင်းလင်း ဝန်ခံပြီး တောင်းပန်လာတော့ ကျွန်တော် စိတ်မဆိုးတော့ပါဘူး၊ သဒ္ဒါ့ကို ဘာမှ အန္တရာယ်မပြုဘဲ ခုလိုပြန်ပို့ပေးတဲ့အတွက် ကျေးဇူးတောင် တင်မိပါသေးတယ်"

"မလိုပါဘူး ဒေါက်တာ၊ ကျွန်တော် တောင်းပန်တာကို ကျေကျေနပ်နပ် လက်ခံ ခွင့်လွှတ်ပေးတဲ့အတွက် ကျွန်တော်ကသာ ဒေါက်တာ့ကို ကျေးဇူးတင်ရမှာပါ"





မြိမ်သက်နေသော ဇော်မိုးက ကိုမိုးအာကာ ခင်ဗျားရဲ့ ကက်ဆက်ဟု ဆိုကာ ဝေါ်ဒ့်မင်း ကက်ဆက်လေးကို ထုတ်ပေးသ ဖြင့် မိုးအာကာက ကျေးဇူးတင်ကြောင်း ပြောပြီး ကက်ဆက်ကို သိမ်းယူကာ ၎င်း၏ရှေ့၌ ချထားလိုက်သည်။ ထို့နောက် စကားဝိုင်း က အတန်ကြာအောင် တိတ်ဆိတ်သွားပြန်ပါသည်။

ထိုအချိန်မှာပင် သူတို့ဝိုင်းဆီသို့ ဦးတည်လျှောက်လှမ်း လာသော ခြေသံတစ်ခုကြောင့် မိုးအာကာက ဖြတ်ခနဲ လှည့်ကြည့် လိုက်သည်။ ငွေစိုးကြည်ရော ဇော်မိုးပါ မိုးအာကာ ကြည့်ရာသို့ မြင်တူလိုလို လှမ်းကြည့်လိုက်တော့. . . ဦးထုပ်အနီကို ခပ်ငိုက် ငိုက် ဆောင်းထားသည့် အနီရောင် ဝမ်းဆက်နှင့် မိန်းကလေး တစ်ယောက်. . .

သူတို့ဝိုင်းဆီသို့ ဦးတည် လျှောက်လှမ်းလာကြောင်း တွေ့ လိုက်ရသည်။ အလင်းအား မှေးမှိန်လှသော ဆိုင်လေးထဲ၌ ဦးထုပ် ကို ခပ်ငိုက်ငိုက် ဆောင်းကာ ခေါင်းငုံ့လျှောက်လာသည့် မိန်းက လေး၏ မျက်နှာကို ကောင်းစွာ မမြင်ရသော်လည်း မိုးအာကာ က. . .

"ဆောင်း"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။

မိုးအာကာ ရေရွတ်လိုက်သည့် ဆောင်းဟူသော အမည် ကြောင့် ဇော်မိုးရော ငွေစိုးကြည်ပါ ခပ်ကြောင်ကြောင် ဖြစ်သွား ကြ၏။

ဝိုင်းနားသို့ ရောက်လာပြီဖြစ်သော ဆောင်းကို မိုးအာ ကာ မေးလိုက်သည်။

"ဆောင်း. . . ကိုမိုးနောက်ကို လိုက်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းက တစ်စုံတစ်ရာ မဖြေဘဲ ခေါင်းကို ဖြည်းညင်းစွာ မော့လိုက်ပြီး ဦးထုပ်ကို ဆွဲချွတ်လိုက်ချိန်မှာတော့ မိုးအာကာ ရင်ထဲ၌ ဟာခနဲ ဖြစ်သွားသလို ငွေစိုးကြည်ရော ဇော်မိုးပါ တအံ့တဩ ဖြစ်သွားကြသည်။

"သေချာကြည့်ပါဦး. . . ကိုအာကာ ကျွန်မ ဆောင်း မဟုတ်ပါဘူး"

"သဒ္ဒါချို. . . မင်း. . . မင်း. . . ဘာဖြစ်လို့ ဒီအဝတ်အစားတွေနဲ့ ခုလို လုပ်ရတာလဲ"

"ကျွန်မ ရှင့်ကို တောင်းပန်ချင်လို့ပါ ကိုအာကာ"

ဇော်မိုးက တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် တောင်းပန်နေကြသော သူတို့သုံးယောက်ကို တအံ့တဩနှင့် နားမလည်နိုင်အောင် ဖြစ်နေမိသည်။ ထိုစဉ် ဆိုင်ထဲသို့ စားသောက်သူနှစ်ယောက် ဝင်လာကြောင်း ဇော်မိုး သတိထားလိုက်မိသလို မိုးအာကာလည်း သတိပြုလိုက်မိသည်။

"မင်းက ဘာအတွက် တောင်းပန်ချင်တာလဲ သဒ္ဒါချို"

"ရှင့်ကို လှည့်စားခဲ့မိတဲ့အတွက်ပါ ကိုအာကာ. . . ရှင့်အမှန်တရားကို လက်ခံလာဖို့အတွက် ကိုကောင်းနဲ့ တိုင်ပင်ပြီး ကျွန်မ ရှင့်ကို လှည့်စားခဲ့မိတယ်၊ ဒီအဝတ်အစားတွေ ဝတ်ပြီး ဆောင်းသဇင်အဖြစ် ဟန်ဆောင် လှည့်စားခဲ့မိတာပါ ကိုအာကာ"

"ဘာ"

"အဲဒီအတွက် ကျွန်မ တောင်းပန်ပါတယ်"

"ဒါဖြင့် ကျုပ်ဆီကို ဆောင်းရောက်လာတယ်ဆိုတာ တကယ် မဟုတ်ဘူးပေါ့"

"ဆောင်းသဇင်လို ဟန်ဆောင်ထားတဲ့ ကျွန်မ ရောက်





ာတာပါ ကိုအာကာ"

မိုးအာကာ ရင်ထဲ၌ တစ်ခုခုကို ဆုံးရှုံးသွားသည့်ပမာ ငံ့ခနဲ ဖြစ်လျက် ဟာလာဟင်းလင်း ခံစားလိုက်ရသည်။ ထိုစဉ်၌ ိုင်ထဲသို့ အမျိုးသားနှစ်ဦး ထပ်မံဝင်ရောက်လာကြောင်း မိုးအာ ာ၏ မျက်လုံးထောင့်စွန်းမှ ရိပ်ခနဲ သတိပြုလိုက်မိ၏။

ယခုတော့ အရာရာကို မိုးအာကာ ကောင်းစွာ သဘော ါက်သွားပါသည်။ ပိရိသေသပ်လှသော ပိုက်ကွန်တစ်ခုအတွင်း ို့ သူ အသေအချာ ကျရောက်သွားခဲ့ပြီ ဖြစ်၏။ နာကျင်ခံပြင်း ာ သူပြုံးလိုက်ပြီး သဒ္ဒါချိုအား နာကျည်းသောလေသံဖြင့် ပြော ိုက်သည်။

"ချီးကျူးပါတယ် သဒ္ဒါချို မင်း ကျုပ်ကို ပိပိရိရိ လှည့်စား ်ခဲ့တဲ့အတွက် ချီးကျူးပါတယ်၊ ပြီးတော့ ရဲတွေ မခေါ်ပါဘူးလို့ တိပေးပြီး ရဲတွေနဲ့ ကျုပ်ကို စောင့်ဖမ်းနိုင်ခဲ့တဲ့ မင်းရဲ့ခင်ပွန်း သောင်း ဒေါက်တာငွေစိုးကြည်ကိုလည်း ချီးကျူးပါတယ်"

"ရှင်. . . ရဲတွေ ဟုတ်လား"

သဒ္ဒါချို တအံ့တဩ ရေရွတ်လျက် ဘေးဘီဝဲယာကို ြည့်လိုက်တော့ သူတို့ဝိုင်းဆီသို့ ချဉ်းကပ်လာသည့် အရပ်ဝတ် ် ရဲလေးဦးကို သတိပြုလိုက်မိသည်။ တစ်ဦးက ဟမ်းဘက်အိတ် မှ လက်ထိပ်ကို ထုတ်ကာ မိုးအာကာ၏ လက်နှစ်ဖက်အား ျင်မြန်စွာ ခတ်လိုက်၏။

အလွန်လျင်မြန်လှသော အဖြစ်အပျက်တို့အား သဒ္ဒါချို ံကြည့်နိုင်လောက်အောင် ဖြစ်နေမိပြီး ငွေစိုးကြည်အား အံ့ဩ ါသဖြစ်သော လေသံဖြင့် လှမ်းမေးလိုက်သည်။

"ကိုစိုး. . . သဒ္ဒါ သေချာပြောထားလျက်နဲ့ ကိုစိုး ဘာသိ


www.burmeseclassic.com

www.burmeseclassic.com



လို လုပ်လိုက်တာလဲ"

"ကိုယ် မသိဘူး သဒ္ဒါ. . . ကိုစိုး ဘယ်ရဲကိုမှ အကြောင်းကြားမထားဘူး"

ငွေစိုးကြည် ပျာပျာသလဲ ငြင်းဆန်လိုက်တော့ မိုးအာကာက ဝင်ပြောသည်။

"ခင်ဗျား ရုပ်ရှင်မင်းသား လုပ်ရင် အကယ်ဒမီ ရမှာသေချာတယ် ဒေါက်တာ၊ ကိစ္စမရှိပါဘူး၊ ကျုပ်က သဒ္ဒါချိုကိုရော ခင်ဗျားကိုပါ ယုံစားလိုက်မိတာကိုး၊ ကျုပ်ရဲ့အမှားတစ်ချက်အတွက် ခံလိုက်ရတယ်လို့ပဲ သဘောထားပါတယ်"

"ကိုမိုးအာကာ. . . ကျွန်တော် တကယ့်ကို ဘာမှမသိတာပါ"

"နောင်ကြီးတို့ အဲဒီကိစ္စကို နောက်မှပဲ အေးအေးဆေးဆေး ဆွေးနွေးကြပါ၊ ခု လောလောဆယ် တာဝန်အရ တရားခံကို ကျွန်တော်တို့ စခန်းကို ခေါ်သွားရပါလိမ့်မယ်၊ နောင်ကြီးတို့လည်း နောက်က လိုက်ခဲ့ကြပါ"

ရဲအရာရှိက စကားဝင်ဖြတ်ပြီး မိုးအာကာအား ဘေးမှ ရဲသား တစ်ယောက်စီ ခြံရံလျက် ခေါ်ဆောင်သွားပါသည်။ ဆိုင်ထဲမှ ထွက်ခါနီး မိုးအာကာက ငွေစိုးကြည်နှင့် သဒ္ဒါချိုကို နာနာကြည်းကြည်း လှည့်ကြည့်လိုက်တော့ ၎င်း၏ အကြည့်က နှစ်ယောက်စလုံး၏ ရင်ထဲသို့ စူးစူးရှရှ ဝင်ရောက်သွားခဲ့သည်။

. . . ဇာတ်ဆဲ . . .





(တစ်ဆယ့်ခုနစ်)

"ကိုစိုး ပြောပြီးပြီပဲ သဒ္ဒါ. . . ကိုစိုး တကယ့်ကို ဘာမှ မသိလိုက်ဘူး၊ ဇော်မိုး ရဲကို အကြောင်းကြားမယ်မှန်း သိရင် ကိုစိုး မရရအောင် တားမှာပဲ၊ ခု ဇော်မိုး ဘယ်အချိန်က ဘယ်လို အကြောင်းကြားလိုက်မှန်းကို ကိုစိုး မသိလိုက်တာ"

"ဟုတ်ပါတယ် မသဒ္ဒါချို၊ ခုကိစ္စနဲ့ ပတ်သက်ပြီး ငွေစိုးကြည် ဘာမှ မသိလိုက်ဘူးဆိုတာ အမှန်ပါ၊ သူ့ကို အသိပေးရင် သူ တားမှာစိုးလို့ ကျွန်တော့်ဘာသာ အကြောင်းကြားလိုက်တာပါ၊ ငွေစိုးကြည်ကို အထင်မမှားပါနဲ့"

ငွေစိုးကြည်နှင့် ဇော်မိုး တစ်လှည့်စီ ရှင်းပြရင်း သဒ္ဒါချိုကို ထိုင်ဖျောင်းဖျသော်လည်း သဒ္ဒါချိုက မကျေနပ်နိုင်သေးပါ။

"ရှင်တို့ပြောတာ အမှန်တွေပဲ ဆိုရင်တောင် ရှင်တို့ နှစ်ယောက်က တပူးတွဲတွဲ သွားလာနေကြတဲ့ သူငယ်ချင်းတွေပဲ ကိုဇော်မိုး၊ ကိုဇော်မိုး ရဲကို အကြောင်းကြားတာ ကိုစိုး မသိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ယုံဖို့ တော်တော်ခက်တယ်၊ တစ်ကျိတ်တည်း တစ်ဥာဏ်တည်း နှစ်ယောက်ပေါင်းပြီး လုပ်ကြံတာလို့ သူ ထင်သွားမှာ၊ သူ မပြောနဲ့၊ ကျွန်မတောင် အဲ့ဒီလို ထင်မိတယ်"

"နေပါဦး သဒ္ဒါ၊ သူ အဲ့ဒီလို ထင်သွားတော့ကော ဘာဖြစ်သလဲ၊ သူ အထင်လွဲသွားမှာကို မင်း ဘာဖြစ်လို့ စိုးရိမ်နေရတာလဲ သဒ္ဒါ"

ငွေစိုးကြည်၏ စကားကြောင့် သဒ္ဒါချို ဆတ်ဆတ်ထိ မခံနိုင်အောင် ဖြစ်သွားလေသည်။

"သူ အထင်လွဲမှာကို စိုးရိမ်နေတာ မဟုတ်ဘူး ကိုစိုး၊ သဒ္ဒါ ပေးထားတဲ့ကတိ မတည်သလို ဖြစ်သွားတဲ့အတွက် သဒ္ဒါ စိတ်မကောင်း ဖြစ်နေတာ၊ သူ့ကို ရဲတွေနဲ့ ထောင်ဖမ်းတာမျိုး မဖြစ်စေရပါဘူးလို့ သဒ္ဒါ အကြိမ်ကြိမ် ကတိပေးခဲ့တယ်၊ သဒ္ဒါရဲ့ ကတိကို တည်အောင် ကိုစိုး ကူညီပေးနိုင်လိမ့်မယ်လို့လဲ ထင်ခဲ့မိတယ်၊ ခုတော့ သဒ္ဒါချိုဟာ ကတိမတည်တဲ့ မိန်းမတစ်ယောက် ဖြစ်သွားခဲ့ရပြီ"

စကားအဆုံး၌ သဒ္ဒါချို ပင့်သက်ရှိုက်လိုက်တော့ ငွေစိုးကြည်ရော ဇော်မိုးပါ နှုတ်ဆွံ့ ငြိမ်သက်သွားကြ၏။ အတန်ကြာမှ ဇော်မိုး စကားစသည်။

"အဲ့ဒါတွေအားလုံးဟာ ကျွန်တော့်အပြစ်ပါ မသဒ္ဒါချိုပါပေမယ့် ... ကျွန်တော်ဟာ ဥပဒေဝန်ထမ်းတစ်ယောက် ဆိုတာကိုတော့ မသဒ္ဒါချို နားလည်ပေးပါ၊ ဥပဒေဝန်ထမ်းတစ်ယောက် အနေနဲ့ ဥပဒေ ချိုးဖောက်သူတစ်ယောက်ကို သိသိကြီးနဲ့ ဒီတိုင်း မသိကျိုးကျွန် ပြုပြီး လွှတ်ပေးလိုက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် ကျွန်တော် ရဲကို အကြောင်းကြားလိုက်တာပါ"





ဇော်မိုး၏ စကားအဆုံး၌ သဒ္ဒါချို ငိုင်သွား၏။ ပြီးမှ . . .

"သူ ဘာဖြစ်နိုင်မလဲ ကိုဇော်မိုး"

"ပြစ်မှုကျူးလွန်ကြောင်း သေချာရင် တရားဥပဒေအရ အပြစ်ပေးတာကို ခံရမှာပေါ့ . . . မသဒ္ဒါချို တကယ့်ကို သူ ရှုံးနေဘူး ဆိုရင်ပေါ့"

မိုးအာကာ ရှုံးနေသူ မဟုတ်ကြောင်း သူမ အသိဆုံးဖြစ်၏။

"ရှင်ဆိုလိုတာက သူ ထောင်ကျမယ်ဆိုတဲ့ သဘောလား ကိုဇော်မိုး"

"ဟုတ်ကဲ့၊ အဲ့ဒီအတိုင်းပါဗျ"

ဇော်မိုး၏ စကားအဆုံး မိုးအာကာ၏ စကားသံကို ရစ်ဝဲကြားယောင်လာမိသည်။ "ကျုပ် ထောင်ထဲ မသွားချင်ဘူး၊ အနည်းဆုံး နောက် အနှစ်နှစ်ဆယ်လောက်အထိ အန္တရာယ်ကင်းကင်းနဲ့ ဘတ်မြှုပ်နေချင်တယ် သဒ္ဒါချို" . . . တဲ့။

ခုတော့ သူ့ဆန္ဒတွေ မပြည့်နိုင်တော့ဘူးပေါ့။

မိုးအာကာအတွက် သူမ စိတ်မကောင်းဖြစ်စွာ သက်ပြင်းချလိုက်တော့ သူမမျက်နှာအား မှန်ကြည့်သလို အရိပ်တကြည့်ကြည့် ကြည့်နေသော ငွေစိုးကြည် မေးလိုက်သည်။

"သဒ္ဒါ . . . မိုးအာကာအတွက် စိတ်မကောင်း ဖြစ်နေသလား"

သူမ ဘာအဖြေမှ မပေးဘဲ ငြိမ်သက်နေလိုက်တော့ ငွေစိုးကြည်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ကိုစိုးတော့ နားမလည်နိုင်အောင်ပဲ သဒ္ဒါ၊ တကယ်ဆို သဒ္ဒါ သူ့အပေါ် စိတ်ဆိုးရမှာ၊ ကားတင်ပြီး ပြန်ပေးဆွဲခဲ့တဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



တွက် နာကြည်းရမှာ၊ ခုတော့ သဒ္ဒါက သူနဲ့ ပတ်သက်ပြီး စိတ်မ ကောင်း ဖြစ်နေတယ်၊ သဒ္ဒါ ကိုစိုးကို ပွင့်ပွင့်လင်းလင်း ပြောစမ်း ပါ၊ သူနဲ့သဒ္ဒါနဲ့ တော်တော် ရင်းနှီးခဲ့ကြသလား"

"ရှင်"

"သဒ္ဒါတို့နှစ်ယောက် လိုအပ်တာထက် ပိုပြီးရင်းနှီးခဲ့ကြ တယ် ဆိုရင်လဲ အကြောင်းမဟုတ်ပါဘူး၊ ကိုစိုးကတော့ သဒ္ဒါကို ချစ်နေမှာပဲ၊ သဒ္ဒါ့ကို လက်ထပ်မှာပဲ၊ ဒါပေမယ့် ခု သဒ္ဒါဖြစ်နေ တာကို နားမလည်နိုင်လွန်းလို့ မေးကြည့်မိတာပါ"

ဘုရားရေ. . . လိုအပ်တာ့ထက်ပိုပြီး ရင်းနှီးခဲ့ကြသလား တဲ့။

ဒါဟာ ဘယ်အဓိပ္ပါယ်အထိ ရောက်သွားသလဲဆိုတာ သူ စဉ်းစားမိရဲ့လား။

ငွေစိုးကြည်၏ စကားကြောင့် သဒ္ဒါချို အခံရခက်စွာ ဒေါသဖြစ်သွားမိသည်။

"သဒ္ဒါရဲ့ ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို လျှော့တွက်လှ ချည်လား ကိုစိုး၊ သဒ္ဒါချိုဟာ အပေါစား မိန်းမတစ်ယောက် မဟုတ်ပါဘူး၊ ခု ကိုစိုး ပြောလိုက်တဲ့စကားရဲ့ အဓိပ္ပါယ်ဟာ ဘယ်အတိုင်းအတာအထိ ရောက်သွားသလဲဆိုတာ ကိုစိုး တွေးမိရဲ့ လား၊ ကိုစိုးရဲ့စကားတွေက သဒ္ဒါ့ကိုယ်ကျင့်တရားကို စော်ကားသ လို ဖြစ်နေတယ်"

"စိတ်မရှိပါနဲ့ သဒ္ဒါ၊ ကိုစိုးရဲ့ စကားလုံး အသုံးအနှုန်းတွေ ကြမ်းတမ်းသွားရင် ခွင့်လွှတ်ပါ၊ ကိုစိုး သဒ္ဒါ့ကို ဘယ်လောက်ထိ ချစ်သလဲဆိုတာ သဒ္ဒါ သိစေချင်လို့ပါ၊ ပြီးတော့ ခု သဒ္ဒါ ဖြစ်နေ တာကို ကြည့်ပြီး မိုးအာကာအပေါ်လဲ သဝန်တိုမိတယ်၊ အဲဒါ





ကြောင့် မရည်ရွယ်ဘဲ ကိုစိုးစကားတွေ ကြမ်းသလို ဖြစ်သွားတာ ပါ၊ သဒ္ဒါ့ ကိုယ်ကျင့်တရားကို စော်ကားဖို့ မရည်ရွယ်ရိုး အမှန်ပါ"

ငွေစိုးကြည်က ပျာပျာသလဲ တောင်းပန်သလို မိုးအာကာ အပေါ် သဝန်တိုကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်း ဝန်ခံလာ ၏။ ယောကျ်ားကြီးတန်မဲ့နှင့် သဝန်တိုကာ သဘောထား သေး လွန်းသော ငွေစိုးကြည်၏ စိတ်ဓါတ်ကို ပထမဆုံးအကြိမ်အဖြစ် သူမ သိသွားခဲ့ရသလို စိတ်လည်း ပျက်သွားမိသည်။

"သဒ္ဒါချိုဟာ လော်လီ ဖောက်ပြားတတ်တဲ့ အပေါစား မိန်းမတစ်ယောက် မဟုတ်သလို သဝန်ကြောင် အူတိုတတ်တဲ့ ယောကျ်ားတွေကိုလဲ အထင်ကြီးတတ်တဲ့ မိန်းမတစ်ယောက် မ ဟုတ်ဘူး ကိုစိုး. . . အဲဒီတော့ သဒ္ဒါ့ကိုယ်ကျင့်တရားနဲ့ ပတ်သက် ပြီး ကိုစိုး သံသယ ဝင်နေရင် လက်ထပ်ဖို့ကိစ္စအတွက် အချိန်ယူ စဉ်းစားပါ၊ သဒ္ဒါကိုယ်တိုင်လဲ သေချာ ပြန်စဉ်းစားရလိမ့်မယ်"

သူမ၏အသံက ဒေါသဖြင့် တုန်ခါနေကြ၏။ စကားဆုံး သည်နှင့် ငွေစိုးကြည်၏အနားမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။

◈ ◈ ◈

လိုအပ်တာထက်ပိုပြီး ရင်းနှီးခဲ့ကြတယ် ဆိုရင်လဲ အ ကြောင်း မဟုတ်ပါဘူး ဟူသော ငွေစိုးကြည်၏ စကားအား သူမ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်နှင့် မေ့ဖျောက်၍မရ။

ဘယ်လောက်များ ခံပြင်းဖို့ ကောင်းလိုက်တဲ့ စကားလဲ။

သူကိုယ်တိုင်က ထိုသို့ စပြောလာခဲ့လျှင် တခြားလူတွေက ဘယ်လောက်များ ဝိုင်းပြောကြမလဲ။ ဒါကို သူ မစဉ်းစားမိဘူးတဲ့လား။

"သူ နှင့်ကို တကယ်ချစ်လွန်းလို့ အူတိုပြီး ခုလို လျှောက်ပြောတာပါဟာ၊ တကယ် မချစ်ရင် ခုလိုပြောပါ့မလား"

တင်ဇာနှင့် လွင်မျိုးအေးက သူမအား ဝိုင်းဖျောင်းဖျသော်လည်း ခံပြင်းမှုကတော့ တော်တော်နှင့် ပြေပျောက်မသွားခဲ့ပါ။

"ချစ်တာနဲ့ သဝန်ကြောင်တာ အူတိုတာက တခြားစီပါဟာ၊ အူတိုတယ်ဆိုတာ မိန်းမတွေရဲ့အလုပ်ပါ၊ ငါ အစက သူ့ကို တော်တော် အထင်ကြီးခဲ့မိတယ်၊ ယောကျ်ားပီပီသသနဲ့ အားကိုးလောက်တဲ့ အိမ်ထောင်ဖက်တစ်ယောက် ဖြစ်လိမ့်မယ်လို့ ထင်ခဲ့မိတယ်၊ ဒါကြောင့် ဦးနှောက်နဲ့ စဉ်းစားပြီး ငါ သူ့ကို လက်ခံခဲ့မိတာ၊ ခုတော့ ငါလက်ထပ်ဖို့ ခေါင်းညိတ်ခဲ့မိတဲ့သူက ယောကျ်ားမပီသဘဲ သဘောထား သေးသိမ်လွန်းနေတယ်၊ မိန်းမ ဆန်လွန်းနေတယ်၊ ဒီတော့ သူနဲ့ငါနဲ့ ရှေ့ရေးကို ငါ ပြန်စဉ်းစားရတော့မယ်၊ အစကတည်းက အချစ်မပါဘဲ အထင်ကြီးမှု၊ ယုံကြည်အားကိုးမှုသက်သက်နဲ့ သူတောင်းတဲ့ လက်ထပ်ခွင့်ကို ခေါင်းညိတ်ခဲ့မိတာ၊ ခု အထင်ကြီးမှုရော၊ ယုံကြည်အားကိုးစရာရော မရှိတော့ဘူးဆိုရင် ဘယ်လိုမှ အောင်မြင်တဲ့ အိမ်ထောင်ရေးတစ်ခု ဖြစ်လာနိုင်မှာ မဟုတ်တော့ဘူး"

"ဒါဖြင့်လဲ သေချာပြန်စဉ်းစားပေါ့ဟာ၊ မိန်းကလေး တစ်ယောက်အတွက် အိမ်ထောင်ပြုတယ်ဆိုတာ ဆေးမင်ကြောင် ထိုး





သလိုပဲ၊ ထိုးပြီးမှ ဒီအရုပ်မကြိုက်လို့ ပြန်ဖျက်ပေးပါလို့ လုပ်လို့မရတော့ဘူး"

"ကိုငွေစိုးကြည် အကြောင်း ပြောပြီးရင် မိုးအာကာ အကြောင်းလဲ ပြောပြစမ်းပါဦး၊ သူ အဖမ်းခံရတဲ့အတွက် နင်က ဘာဖြစ်လို့ စိတ်မကောင်း ဖြစ်နေရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ငါ သူ့ချစ်သူဟန်ဆောင်ပြီး လှည့်စားခဲ့တာကို သူ တကယ်ယုံသွားတယ်၊ ဒါကြောင့် ငါ့ကို ပြန်ပို့ပေးခဲ့တာ၊ မပို့ဘဲ ဒီတိုင်း လွှတ်ပေးလိုက်ရင်လဲ ဖြစ်တာပဲ၊ ဒါပေမယ့် ဒေါက်တာငွေစိုးကြည်နဲ့ မျက်နှာချင်းဆိုင်ပြီး တောင်းပန်ချင်လို့ အန္တရာယ်များမှန်း သိလျက်နဲ့ လိုက်ပို့ခဲ့တာ၊ ငါက သူ့ကို ရဲတွေနဲ့ ထောင်မဖမ်းစေရဘူးလို့ အာမခံခဲ့တယ်၊ ရဲတွေခေါ်မထားဖို့ကိုလဲ ကိုငွေစိုးကြည်ကို သေချာပြောခဲ့တယ်၊ အဲဒီကြားထဲက ကိုဇော်မိုးကြောင့် သူ အဖမ်းခံလိုက်ရတယ်၊ ငါ အာမခံခဲ့တာတွေ၊ ကတိပေးခဲ့တာတွေ အကုန်လုံး အလကား ဖြစ်သွားခဲ့ရတယ်၊ အဲဒါကြောင့် ငါ စိတ်မကောင်း ဖြစ်ရတာပဲ"

"ဒါဖြင့် ရဲကို အကြောင်းကြားတာ ကိုဇော်မိုးပေါ့"

"ဟုတ်တယ်"

ထိုအတောအတွင်း ငွေစိုးကြည်က သဒ္ဒါချိုထံသို့ နေ့စဉ်လာကာ ၎င်း၏အမှားအတွက် တောင်းပန်ခဲ့ပါသည်။

"ကိုစိုးကို ခွင့်လွှတ်ပါ သဒ္ဒါ၊ သဒ္ဒါ စိတ်ဆိုးနေတော့ ကိုစိုး မနေတတ်ဘူး၊ သဒ္ဒါ စိတ်ဆိုးပြေအောင် ကိုစိုး ဘာလုပ်ရမလဲ"

"ဘာမှ လုပ်စရာမလိုပါဘူး ကိုစိုး၊ ပြီးတော့ ခုချိန်ဟာ သဒ္ဒါ့အတွက် စိတ်ဆိုးရမယ့်အချိန် မဟုတ်ဘူး၊ စဉ်းစားရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချိန် ဖြစ်နေပြီ"

"သဒ္ဒါစဉ်းစားရင် ကိုစိုး သဒ္ဒါ့ကို နှစ်နှစ်ချီပြီး စောင့်ဆိုင်းခဲ့တဲ့ အချက်ကိုလဲ ထည့်ပြီးစဉ်းစားပါ သဒ္ဒါ၊ သဒ္ဒါက စောင့်ဆိုရင် ကိုစိုး စောင့်ခဲ့တယ်၊ သဒ္ဒါက ဒါ မလုပ်နဲ့ဆိုရင် ကိုစိုး မလုပ်ဘဲ နေခဲ့တယ်၊ အဲဒါတွေကိုတော့ မေ့မပစ်လိုက်ပါနဲ့"

"စိတ်ချပါ ကိုစိုး၊ သဒ္ဒါ မေ့မပစ်ပါဘူး"

"ကျေးဇူးတင်ပါတယ် သဒ္ဒါ"

ငွေစိုးကြည်ကဲ့သို့ နေ့စဉ် မဟုတ်သည့်တိုင် ရံဖန်ရံခါ ရောက်ရှိလာတတ်သူက ဇော်မိုးဖြစ်၏။ ၎င်းရောက်ရှိလာခြင်းကတော့ ငွေစိုးကြည်အား ခွင့်လွှတ်ရန် ဖျောင်းဖျဖို့အတွက်ပဲ ဖြစ်သည်။

သို့သော် ယခုတစ်ခေါက် ရောက်ရှိလာခြင်းကတော့ ယခင်ကလို ချွေပြည်အေးတရားများ ဟောရန် မဟုတ်ကြောင်း သူမ သိလိုက်ရသည်။

"ရှေ့အပတ်ကျရင် မိုးအာကာကို ရုံးတင်ပြီး အမှုစစ်လိမ့်မယ် မသဒ္ဒါချို"

မိုးအာကာအကြောင်း ဖြစ်နေသဖြင့် သူမ အနည်းငယ် စိတ်လှုပ်ရှားသွားရသည်။

"အမှုက ရာဇဝတ်မှု ဖြစ်နေတဲ့အတွက် အမှုလိုက် ရဲအရာရှိကို အရင်စစ်လိမ့်မယ်၊ ပြီးရင် တရားလိုပြ သက်သေဖြစ်တဲ့ ခင်ဗျားကို စစ်လိမ့်မယ်"

"ကျွန်မကို. . ."

"ဟုတ်တယ်၊ ခင်ဗျားဟာ ဒီအမှုမှာ အရေးအကြီးဆုံး လိုပြသက်သေပဲ၊ ခင်ဗျားကို စစ်တဲ့အခါ ခင်ဗျားရဲ့ ထွက်ဆိုချက်





တွေက သိပ်အရေးကြီးတယ် မသဒ္ဒါချို"

"ကျွန်မ ဘယ်လို ထွက်ရမှာလဲ"

"ခင်ဗျားကို အလိုမတူဘဲ ကားတင်ပြေးပြီး အိမ်ကြီးတစ်ခုထဲမှာ ချုပ်နှောင်ထားတယ်လို့ ထွက်ရမှာပေါ့"

"သူ ကျွန်မကို ချုပ်မထားပါဘူး"

"ဒါပေမယ့်. . . အိမ်ထဲကတော့ ဘယ်မှ ပေးမသွားဘူး မဟုတ်လား"

"အဲဒါလည်း မဟုတ်ဘူး ကိုဇော်မိုး၊ ကျွန်မကို မြင်းတစ်စီးနဲ့ တစ်ခြံလုံး ကြိုက်ရာသွားခွင့် ပေးထားတယ်"

"ခြံထဲကနေ ခြံပြင်ကိုရော ထွက်ခွင့်ပေးလား"

"ကျွန်မ ဆန္ဒရှိရင် ထွက်နိုင်သားပဲ၊ ပြင်ဦးလွင်ထိတောင် မြင်းစီးပြီး သွားချင် သွားလို့ရသေးတယ်"

ခပ်ချဉ်ချဉ်နှင့် ပြောလိုက်တော့ ဇော်မိုး မျက်နှာပျက်သွားပြီး ခေါင်းကို ခါယမ်းသည်။

"ခင်ဗျား အဲ့လို ထွက်လို့မဖြစ်ဘူး မသဒ္ဒါချို၊ ခင်ဗျား အဲ့ဒီအတိုင်း လျှောက်ပြောရင် ဒီအမှုတစ်ခုလုံး အလကား ဖြစ်သွားလိမ့်မယ်"

"ဒါဖြင့် ဘယ်လို ထွက်ဆိုရမှာလဲ"

"ကျွန်တော် ပြောတဲ့အတိုင်းပဲ ထွက်ပါ၊ ခင်ဗျားကို ခြိမ်းခြောက်ပြီး အလိုမတူဘဲ ကားတင်ပြေးတယ်၊ နောက် သူတို့အိမ်ကြီးထဲမှာ ချုပ်နှောင်ထားတယ်၊ ငွေစိုးကြည်ဆီက သူတောင်းဆိုတာ ရရင် ပြန်လွှတ်ပေးမယ်လို့ ပြောတယ်၊ ဒါပဲ၊ ဒါ့ထက်ပိုပြီး ဘာမှ လျှောက်မပြောပါနဲ့၊ ခင်ဗျားရဲ့ ထွက်ဆိုချက်ဟာ ဒီအမှုအတွက် သိပ်ကို အရေးကြီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ့အတွက် အရေးကြီးတာလဲ"

မိုးအာကာ ပြစ်မှုပိုကြီးအောင်၊ ထောင်မကျ ကျအောင် လုပ်ဖို့မဟုတ်လား။ 'စိတ်ပေါက်ပေါက်နှင့် မေးလိုက်ချင်သော်လည်း သူမ မမေးခဲ့ပါ။ ညနေကျတော့ ငွေစိုးကြည် ရောက်လာပြီး ဇော်မိုး သင်ပေးသည့်အတိုင်း ထွက်ဆိုဖို့ လာရောက် သတိပေး ပြန်ပါသည်။

သူတို့တွေ ဘာဖြစ်လို့များ အငြိုးကြီးကြီးနဲ့ မိုးအာကာကို ထောင်ကျစေချင်ရတာလဲ။

သူမကတော့ မိုးအာကာ၌ အစွဲအလမ်း ကြီးလွန်းတာ တစ်ခုက လွဲရင် ဘာအပြစ်မှ မရှိဟု ထင်ပါသည်။ ထိုည အိပ်ရာ ဝင်တော့ တော်တော်နှင့် အိပ်မပျော်ခဲ့။ သူမ ဖျားစဉ် မိုးအာကာ ဂရုတစိုက် ရှိခဲ့ပုံကို ပြန်လည် မြင်ယောင်လာမိသည်။ ဖုန်းပြောသ လို ပုံစံဖြင့် အသံသွင်းထားသည့် ကက်ဆက်ခွေအား သူ သွားပို့ပြီး နောက်တစ်နေ့မှာပင် ရေချိုးမှားကာ သူမ ဖျားခဲ့သည်။

. . . မှတ်စု . . .





(တစ်ဆယ့်ရှစ်)

"မင်းကြည့်ရတာ မလန်းဆန်းပါလား သဒ္ဒါချို မျက်နှာ တွေလဲ နီလို့၊ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

အမှန်တော့ ထိုအချိန်၌ သူမတစ်ကိုယ်လုံး ချမ်းစိမ့်ကာ အဖျားတက်နေပြီ ဖြစ်သည်။

"မဟုတ်သေးဘူး၊ မင်း ဖျားနေပြီလို့ ကျုပ်ထင်တယ်၊ က်တာက ကျုပ်မှာ ပြဒါးတိုင်လဲ မရှိဘူး၊ ဒီတော့ ဒီအတိုင်း ူးကို စမ်းကြည့်ရမှာပဲ"

ပြောပြောဆိုဆို သူမ နဖူးကို သူ့လက်ဖဝါးနှင့် လှမ်းစမ်း ည်။

"ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေပါလား၊ မင်း ဖျားနေ ာ ဘာဖြစ်လို့ ကျုပ်ကို စောစောစီးစီး မပြောတာလဲ"

ကရုဏာဒေါသောဖြင့် အော်လိုက်သော သူ့အသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူမ လန့်ကာ အဖျားကျချင်သလိုပင် ဖြစ်သွား၏။

"ကျွန်မ ရှင်တို့ကို ဒုက္ခမပေးချင်လို့ပါ၊ စောင်ခြုံပြီး ချွေးထုတ်လိုက်ရင် အဖျားကျသွားပါလိမ့်မယ်"

"ကျွတ်. . . ဒီအရပ်မှာ ငှက်ရှိတယ် သဒ္ဒါချို မင်း ငှက်ဖျား ဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ မင်းကို မှဲ့တစ်ပေါက် မစွန်းဘဲ ဘေးမသီရန်မခ ပြန်ပို့ပေးမယ်လို့ ကျုပ် ကတိပေးခဲ့ပြီးပြီ၊ ခက်တာပဲ၊ စောစောကတည်းက ကျုပ်ကို ပြောပါလား၊ မင်း အပေါ် မတက်နဲ့တော့. . . ဟိုဆက်တီမှာ ခဏလှဲနေ"

ချက်ချင်းပင် သူ ပျာယာခတ်သွားပြီး အဘအိုက်စံနှင့် ဖွားဇုံကို ပြေးခေါ်ပါသည်။ အဘအိုက်က အဖျားသွေး စမ်းပြီး ရိုးရိုးဖျားတာပါ၊ ငှက်ဖျားမဟုတ်ဘူးဟု ဆိုသော်လည်း သူ မကျေနပ်နိုင်ပါ။

"ရိုးရိုးအဖျားကနေ ငှက်ဖျားဝင်သွားရင် ဘယ်လို လုပ်မလဲ အဘအိုက်၊ ငှက်ဖျားဆေးသာ တစ်ခါတည်း တိုက်ခဲ့ပါ"

"မလိုပါဘူး ကောင်လေးရဲ့. . . ငှက်ဝင်တော့မယ်ဆိုရင် ကျုပ်မသိ ရှိပ့ါမလား၊ အခု အဖျားပြတ်ဆေး တိုက်ခဲ့မယ်၊ ညနေ တိုက်ဖို့ တစ်ခွက်စာ ထားခဲ့မယ်၊ မယ်ဇုံကတော့ ကောင်မလေးကို ပြုစုဖို့ နေခဲ့"

ဆေးတိုက်ပြီး အဘအိုက် ပြန်သွားတော့ သူက တဈ တောက်တောက်နှင့် ငှက်ဖျားဖြစ်နေရင် ဘယ်လိုလုပ်မလဲဟု ဆိုကာ ရေရွတ်နေခဲ့သည်။

"ငှက်ဖြစ်လဲ ကိစ္စမရှိပါဘူးကွာ၊ အဘအိုက်က ဒီအရပ်က ငှက်ကိုတော့ ကောင်းကောင်း နိုင်ပါတယ်၊ ငှက်ဟုတ်မဟုတ် ဆရာဝန်တွေလို သွေးစစ်နေစရာတောင် မလိုဘူး၊ ငှက်ဖျားဆိုရင်





သူ တန်းသိတယ်၊ ခု ငှက်မဟုတ်ဘူးလို့ ပြောသွားပြီပဲ"

ကိုကောင်းက နားချသော်လည်း သူက ခေါင်းယမ်းလျက် ဘာပဲဖြစ်ဖြစ် ကျွန်တော် သူ့ကို မြို့ပေါ်က ဆေးခန်းတစ်ခုခုမှာ သွားပြချင်တယ်ဟု ဆိုသည်။

"အဲ့ဒါဆို မင်း ကွဲခနဲ့ အဖမ်းခံရမှာပေါ့၊ မြို့ပေါ်က ရဲတွေအားလုံး သဒ္ဒါချို့ပုံကို အလွတ်ရနေကြပြီ"

"ဆရာဝန် သွားပင့်ရင်ကော"

"မထူးဘူး၊ ဆရာဝန်က ဒီခြံထဲမှာ မိန်းကလေး တစ်ယောက် တွေ့ခဲ့ပါတယ်လို့ ရဲကို အကြောင်းကြားလိုက်တာနဲ့ နာရီ င်းအတွင်း ရဲတွေ ရောက်လာမှာပေါ့"

သူ ကြံရာမရဟန်ဖြင့် ခေါင်းကုတ်လိုက်ပြီး ခဏကြာ တော့ ကားနှင့် ထွက်သွားကာ အင်္ဂလိပ် အဖျားကျဆေး၊ ငှက်ဖျားဆေးများ လက်တစ်ဆုပ်မက ဝယ်လာပြီး သူမကို တိုက်ပါတော့သည်။ ထိုည ဖွားဇုံအား လူနာစောင့်အဖြစ် သူမအနား နေစေသော်လည်း အသက်ကြီးသော ဖွားဇုံက သူမ အိပ်မပျော်ခင်မှာ င် တခူးခူး ဟောက်ကာ အိပ်ပျော်သွားတော့ သူ စိတ်ပျက်လက်ပျက်နှင့် စုပ်တသပ်သပ် လုပ်နေခဲ့သည်။

နောက်တော့ သူမ အခန်းဝ၌ ခုံတစ်လုံး ချကာ သူကိုယ်တိုင် လာထိုင်ပြီး လူနာစောင့် လုပ်ပါတော့သည်။

"မင်း လိုချင်တာရှိရင် လှမ်းအော်လိုက်၊ အပေါ့အပါး သွားချင်ရင်တော့ ဖွားဇုံကို နှိုးပေးမယ်"

ထိုညတစ်ညလုံး သူ မအိပ်ဘဲ တစ်နာရီ တစ်ခါလောက် ကိုယ်ပူလာစမ်းနေသဖြင့် နဖူးပေါ် သူ့လက် ရောက်လာတိုင်း သူမ အိပ်ရာမှ ပြန်ပြန်နိုးသွားပြီး သူ့နည်းတူ သူမပါ အိပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ပျက်ခဲ့ရ၏။

နောက်နေ့ သူမ အဖျားကျသွားတော့ ဖွားဖုံ ပြန်သွားသော်လည်း သူကတော့ ဆန်ပြုတ်လာပို့လိုက်၊ နွားနို့နှင့် ကြက်ဥ လာပို့လိုက်ဖြင့် သူနာပြုတာဝန်ကို ဆက်လက် ထမ်းဆောင်ခဲ့သည်။

တတိယမြောက်နေ့ သူမ လုံးဝနေကောင်းသွားတော့မှ သူ သက်ပြင်းချနိုင်ပါတော့သည်။ သို့သော် ထိုနေ့မှာပင် သုံးရက်နှင့် နှစ်ညတိတိ အိပ်ရေးပျက်ပြီး ပင်ပန်းသောဒဏ်ကြောင့် သူ အိပ်ယာထဲ လဲလေသည်။

"ကျွန်မ ရှင့်ကို တစ်လှည့် ပြန်ပြုစုပေးရလိမ့်မယ် ထင်တယ် ကိုအာကာ"

"မလိုပါဘူး၊ ကျုပ်မှာ ဆေးကောင်းဝါးကောင်း ရှိပါတယ် ဆေးသောက်ပြီး အိပ်ရေးဝအောင် အိပ်လိုက်ရင် အိုကေသွားမှာပါ မင်းသာ ပြန်မဖျားအောင် ဂရုစိုက်ပါ"

သို့သော် အတုံ့အလှည့်သဘောဖြင့် သူမ ဆန်ပြုတ်ကျို ပေးမည် လုပ်တော့ သူက ဟန့်တားခဲ့၏။

"မလိုဘူး သဒ္ဒါချို၊ မင်းက ခုမှ နာလန်ထတာ၊ အိပ်ရာထဲမှာ အနားယူပြီး သက်သာသလို နေစမ်းပါ"

သူမအား ကလေးတစ်ယောက်ပမာ သဘောထားနေသော သူ့ကို ကြည့်ကာ သူမ ရယ်ချင်လာပြီး ရုတ်တရက် မေးလိုက်သည်။

"ရှင် ဘာဖြစ်လို့ ကျွန်မကို ဒီလောက်တောင် ဂရုစိုက်နေရတာလဲ ကိုအာကာ"

"ကျုပ် မင်းကို မဲ့တစ်ပေါက်မစွန်းဘဲ ပြန်ပို့ပေးမယ်လို့





ကတိပေးထားပြီးပြီ သဒ္ဒါချို၊ အဲဒီတော့ မင်း ငှက်ဖျားတွေဘာတွေ ဝင်ပြီး တစ်ခုခုဖြစ်သွားမှာ ကျုပ် စိုးရိမ်တယ်"

"ဒါဖြင့် ရှင်ပေးထားတဲ့ ကတိကြောင့် လိုအပ်တာထက် ပိုပြီး ကျွန်မကို ဂရုစိုက်နေခဲ့တာပေါ့၊ ဟုတ်လား ကိုအာကာ"

"အင်း. . . အဲဒါကြောင့်လဲ ပါတာပေါ့"

"ဒါဖြင့် တခြားကော ဘာပါသေးလဲ ကိုအာကာ"

သူ တွေခနဲ ဖြစ်ကာ မျက်မှောင်ကြုတ်လျက် အတန်ကြာ ငြိမ်သက်သွားပြီးမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"လောလောဆယ်တော့ ကျုပ်လဲ စဉ်းစားလို့ မရသေးဘူး သဒ္ဒါချို"

"ဒါဖြင့် ရှင် စဉ်းစားလို့ရတဲ့အခါ ကျွန်မကို အသိပေးမယ် ဟုတ်လား ကိုအာကာ"

"သိပ်တော့ မသေချာဘူး သဒ္ဒါချို၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ရက်နှစ်ရက်ကြာရင် မင်းဟာ ဒီအိမ်ကြီးကနေ အပြီးပြန်ရတော့မှာ၊ နောက်လဲ မင်းနဲ့ကျုပ်နဲ့ တွေ့စရာအကြောင်း မရှိတော့ဘူး"

ထိုစဉ်က သူမကိုယ်တိုင်လည်း သူ့လိုပင် ထင်ခဲ့မိ၏။

ယခုတော့ ရုံးတင် အမှုစစ်သည့်အခါ သူနှင့်သူမ ထပ်မံဆုံတွေ့ကြရဦးမည် ဖြစ်သည်။ ရှင်နဲ့ကျွန်မ ရေစက်မကုန်သေးပါဘူး ကိုအာကာဟု သူမ စိတ်ထဲမှ ခပ်တိုးတိုး ရေရွတ်လိုက်မိသေးသည်။

မိုးအာကာအား ရုံးတင် အမှုစစ်မည့်နေ့သို့ တရွေ့ရွေ့ နီးကပ်လာသည်နှင့်အမျှ သဒ္ဒါချို၏ စိတ်လှုပ်ရှားမှုတို့ကလည်း ပိုပြင်းထန်လာခဲ့သည်။ ထိုအတောအတွင်း ရန်ကုန်ရှိ သူမ၏



www.burmeseclassic.com

www.burmeseclassic.com



မိဘများက ဖုန်းဆက်ကာ ငွေစိုးကြည်အပေါ် သူမ အထင်လွဲနေခြင်းအား ရပ်တန်းက ရပ်ရန် ဝိုင်းဝန်းဖျောင်းဖျသလို တရားရုံး၌ ထွက်ဆိုသည့်အခါ ဇော်မိုး သင်ပေးသည့်အတိုင်း ထွက်ဆိုရန် ဖိအားပေးလာကြသည်။

အမှုဖြစ်ပွားရာဒေသ၌ ရုံးတင် တရားစွဲဆိုရသော ထုံးစံကြောင့် အမှုပြီးမှ ရန်ကုန်ပြန်ရန် သူမ ဆုံးဖြတ်ထားခဲ့၏။ သို့သော် ငွေစိုးကြည်က ရန်ကုန် တစ်ခေါက်ဆင်းကာ သဒ္ဒါချို၏ မိဘများထံသို့ ရင်ဖွင့်ခဲ့ပုံ ရလေသည်။

ထို့ကြောင့်လည်း သူမ၏မိဘများက ဖုန်းဆက်လာခဲ့ခြင်း ဖြစ်သည်။

သူမက ငွေစိုးကြည်အား အထင်လွဲခြင်း မဟုတ်ကြောင်း သဘောထား သေးသိမ်လှသဖြင့် လက်ထပ်ရန်ကိစ္စကို ဖျက်သိမ်းဖို့ သင့်မသင့် အချိန်ယူ စဉ်းစားနေခြင်း ဖြစ်ကြောင်း မိဘများအား ပွင့်ပွင့်လင်းလင်း ပြန်ရှင်းပြလိုက်သည်။

အမှန်တကယ်လည်း ထိုအချိန်ထိ ငွေစိုးကြည်အပေါ် သူမ အထင်မလွဲခဲ့ပါ။ သို့သော် မိဘများ ဖုန်းဆက်ပြီး နောက် တစ်ရက်မှာပင် မယုံနိုင်စရာ ကိစ္စတစ်ခုအား တင်ဇာ့ထံမှတစ်ဆင့် သိရှိလာခဲ့ရသည်။

ကြားခါစက သူမ တအံ့တသြ ကြက်သေသေသွားခဲ့မိ၏။

“နင်. . . နင် တကယ်သေချာရဲ့လား တင်ဇာ”

“သေချာပါတယ် သဒ္ဒါရဲ့၊ အဲ့ဒီ အမှုလိုက် ရဲအရာရှိက ငါ့သူငယ်ချင်းနဲ့ လက်ထပ်ထားတာ၊ မိုးအာကာ နင့်ကို ဘယ်အချိန် ဘယ်နေရာမှာ လာပို့မယ့်အကြောင်း စခန်းကို လာ အကြောင်းကြားတော့ ကိုဇော်မိုး တစ်ယောက်တည်း မဟုတ်ဘူး





ဒေါက်တာငွေစိုးကြည်ပါ ပါတယ်တဲ့”

“ဘုရားရေ. . . ဒါဖြင့် ဘာမှမသိဘူးဆိုတာ သူ ငါ့ကို လိမ်တာပေါ့နော်”

“နင်ကလဲဟာ၊ သေနတ်နဲ့ ပစ်ပါတယ်ဆိုမှ သွေးထွက်သလားလို့ မေးနေရသေးလား”

မမျှော်လင့်ဘဲ တင်ဇာ့ထံမှ သိလိုက်ရသည့်အချက်က ဒွိဟဖြစ်နေသော သူမ၏စိတ်အား ပြတ်သားသွားစေခဲ့ပါသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ငွေစိုးကြည်အား သူမ ဖွင့်မမေးခဲ့သော်လည်း မသိမသာ သွေးတိုးစမ်းကြည့်ခဲ့သည်။

“ကိုဇော်မိုး ရဲကို အကြောင်းကြားမယ်မှန်း သိရင် ကိုစိုး သူ့ကို တားမယ်ဆိုတာ တကယ်ပဲလား ကိုစိုး”

“တကယ်ပေါ့ သဒ္ဒါ၊ သဒ္ဒါ ပေးထားတဲ့ကတိ ပျက်အောင် ကိုစိုး လုပ်ပါ့မလား”

“တကယ်လို့ သဒ္ဒါက သူ့ကို ကတိပေးမထားဘူးဆိုရင် ကိုစိုး ဘာလုပ်မလဲ”

ငွေစိုးကြည် အနည်းငယ် တုံ့ဆိုင်းနေပြီးမှ “ရဲကို အကြောင်းကြားမှာပေါ့” ဟု အဖြေပေးသည်။

“သဒ္ဒါ့ကို ကိုစိုးဆီ ဘေးမသီရန်မခ မှဲ့တစ်ပေါက် မစွန်းဘဲ ပြန်လာပို့ပေးတာတောင် ကိုစိုးက ရဲကို အကြောင်းကြားပြီး ဖမ်းခိုင်းမှာပဲလား”

သူမစကားကြောင့် သူ ကွက်ခနဲ မျက်နှာပျက်သွား၏။

“သဒ္ဒါမေးတာ ဖြေပါဦး ကိုစိုး”

“ဟုတ်တယ် သဒ္ဒါ၊ ကိုစိုး ရဲကို အကြောင်းကြားမှာ အမှန်ပဲ၊ သဒ္ဒါ စဉ်းစားကြည့်၊ ကိုစိုးနဲ့ မကြာခင် လက်ထပ်တော့မယ့်



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါကို သူ ပြန်ပေးဆွဲသွားတယ်၊ ပြီးတော့ လောကကြီးထဲမှာ
မရှိတော့တဲ့ သူ့ချစ်သူကို ပြန်ပေးမှ သဒ္ဒါကို ပြန်လွှတ်ပေးမယ့်ပုံစံ
မျိုး ပြောတယ်၊ အဲဒီအတွက် ကိုစိုး ဘယ်လောက် စိတ်ဒုက္ခ
ရောက်ခဲ့ရသလဲ၊ ဘယ်လောက် စိတ်သောက ဖြစ်ခဲ့ရတယ် မှတ်သ
လဲ၊ ဒါပေမယ့် သူ ရူးကြောင်ကြောင် လုပ်သမျှ ကိုစိုး ဒီတိုင်း
ငြိမ်ခံနေခဲ့ရတယ်၊ ဘာမှ ပြန်မလုပ်နိုင်ခဲ့ဘူး၊ ဒါကြောင့် အခွင့်အ
ရေး ရရင် သူ့ကို ရဲနဲ့ ဖမ်းခိုင်းပြီး ထောင်ထဲ ပို့ချင်တယ်၊ ကို
စိုး စိတ်ဆင်းရဲခဲ့ရတဲ့အတွက် ပြန်ပြီး လက်စားချေချင်တယ်၊ အဲဒီ
အတွက် ကိုစိုးကို သဘောထား မပြည့်ဝဘူးလို့ သဒ္ဒါ စွပ်စွဲရင်လဲ
ခံဖို့အသင့်ပဲ"

"ဒါဖြင့် မိုးအာကာ ဘယ်အချိန် ဘယ်ဆိုင်မှာ ချိန်းထား
တဲ့အကြောင်း စခန်းကို သွားပြီး ကိုဇော်မိုးနဲ့ အတူတူ အကြောင်း
ကြားလဲ ရတာပဲ၊ နောက်မှ ကိုဇော်မိုး အကြောင်းကြားတာလို့
လွှဲချလိုက်ပေါ့"

ဒုတိယအကြိမ်မြောက် သူ မျက်နှာပျက်သွားပြီး သူမ
မျက်နှာကို စူးစမ်းသလို ကြည့်ကာ မေးသည်။

"အဲ့ဒါ ဘာအဓိပ္ပါယ်လဲ သဒ္ဒါ"

"ဩော်. . . သဒ္ဒါက ရဲတွေ မခေါ်နဲ့လို့ ဘယ်လောက်ပဲ
ပြောပြော၊ ကိုစိုး တကယ် လက်စားချေချင်ရင် အဲ့ဒီလို လုပ်နိုင်
တယ်လို့ ပြောတာပါ"

"ဘာလဲ၊ သဒ္ဒါက ကိုစိုးကို သံသယ ဖြစ်နေတာလား"

"သံသယ ဖြစ်စရာ မလိုပါဘူး. . . ကိုစိုး၊ အဲဒီကိစ္စနဲ့
ပတ်သက်ပြီး သဒ္ဒါ စုံစမ်းချင်ရင် အချိန်မရွေး စုံစမ်းလို့ ရပါတယ်
တင်ဇော့သူငယ်ချင်းရဲ့ အမျိုးသားက အဲဒီစခန်းက ရဲအရာရှိ တစ်





ယောက်ပဲ"

"အဲဒီအရာရှိနာမည် ဘယ်သူလဲ သဒ္ဒါ"

ထိုမေးခွန်းကို သူ အလောတကြီး မေးလာတော့ သူမ
မပြုံးချင်ပြုံးချင် ပြုံးလိုက်ပြီး "ပြောတော့ပြောတယ် ကိုစိုး၊ ဒါပေ
မယ့် သဒ္ဒါ နာမည်မေ့သွားပြီ" ဟု ပြန်ပြောလိုက်သည်။ သူ
သက်ပြင်းတစ်ချက် ချလိုက်ပြီး တခြား အကြောင်းအရာဆီသို့
စကားလွှဲသွားပါသည်။

"ကိုစိုးတို့ လက်ထပ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး သဒ္ဒါ စဉ်းစား
နေတုန်းပဲလား"

"ဟုတ်တယ် ကိုစိုး"

"သဒ္ဒါ့ဆုံးဖြတ်ချက်ကို ဘယ်တော့လောက် သိရမလဲ"

"ဒီအမှုပြီးရင် သိရမှာပါ"

"ကိုစိုးတို့ကိစ္စက ဒီအမှုနဲ့ ပတ်သက်နေလို့လား"

"ကိုစိုးအတွက် မပတ်သက်ပေမယ့် သဒ္ဒါ့အတွက်တော့
ကောင်းကောင်းကြီး ပတ်သက်နေတယ် ကိုစိုး"

သူမအား နားမလည်သလို ငေးကြည့်ရင်း သူ ခေါင်းကို
ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"အမှုက သန်ဘက်ခါမှ စစစ်မှာ၊ အမှုပြီးမှဆိုရင် ကိုစိုး
အကြာကြီး စောင့်ရဦးမယ့်သဘောပေါ့"

"ဟုတ်ကဲ့၊ အဲဒီအတိုင်းပါပဲ ကိုစိုး"


သူ ဘာမှ ဆက်မပြောတော့ဘဲ ငြိမ်သက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com









## (တစ်ဆယ်ကိုး)

သူမ နားမလည်သော ပုဒ်မ သုံးလေးခုဖြင့် မိုးအာကာ၏ အမှုအား ရုံးတင်စစ်ဆေးမည့်နေ့သို့ ရောက်ရှိလာခဲ့သည်။ မိုးအာကာအား လက်ထိတ်တန်းလန်းနှင့် ရုံးထုတ်လာသည်ကို တွေ့ရတော့ သူမ ရင်ထဲ၌ စိတ်မကောင်းသလို ဖြစ်ရ၏။ သို့သော် မိုးအာကာကတော့ ဘာကိုမှ အမှုမထားသည့်မျက်နှာနှင့် တည်တည်ငြိမ်ငြိမ်ပင် တရားရုံးထဲသို့ ဝင်သွားပါသည်။

တင်ဇာတို့ကို အဖော်ပြုလျက် သူမ ရပ်နေရာသို့ ဇော်မိုးနှင့် ငွေစိုးကြည် ရောက်ရှိလာပြီး သူမအား ပြောသည်။

"ဘာမှမကြောက်နဲ့ မသဒ္ဒါချို၊ မသဒ္ဒါချိုကို မေးမယ့် အစိုးရ ရှေ့နေက ကျွန်တော့်သူငယ်ချင်း၊ ကျွန်တော် အကျိုးအကြောင်း အားလုံး ပြောပြထားပြီးပြီ"

"ဟုတ်တယ် သဒ္ဒါ၊ ဘာမှ ကြောက်စရာမလိုဘူး၊ ရှေ့နေမေးရင် ဇော်မိုး သင်ထားတဲ့အတိုင်း တိုတိုတုတ်တုတ်သာ အဖြေ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်၊ ဘာမှ အပိုတွေ လျှောက်မပြောနဲ့"

ဇင်းတို့၏စကားက အားပေးတာလား၊ ဖိအားပေးတာလား၊ သူတို့သာ အသိဆုံး ဖြစ်ပါလိမ့်မည်။

တရားရုံးထဲ ရောက်တော့ အမှုလိုက် ရဲအရာရှိအား စတင်စစ်ဆေးသည်။ ရဲအရာရှိက အမှုဖြစ်စဉ် အကျဉ်းချုပ်ကို တိုတိုတုတ်တုတ် အစစ်ခံပြီးနောက် သူမအလှည့်သို့ ရောက်လာပါသည်။ သူမအား စတင်မေးသည့် မေးခွန်းက "ရုံးရှေ့က တရားခံကို သိပါသလား" ဟူ၍ ဖြစ်သည်။

သူမက သိရှိကြောင်းနှင့် ဇင်း၏အမည် မိုးအာကာ ဖြစ်ကြောင်း ပြန်ဖြေလိုက်တော့. . . "နိုဝင်ဘာ(၂၈)ရက်နေ့က ရက္ခဗေဒ ဥယျာဉ်နားမှာ ဘာတွေ ဖြစ်ခဲ့သလဲ" ဟု မေးသည်။

ဥယျာဉ်ထဲမှ အထွက် သူမတို့ကား စက်နှိုးမရသဖြင့် တင်ဇာနှင့် လွင်မျိုးအေးက ဝပ်ရှော့ဆရာ သွားခေါ်ကြောင်း၊ သူမ တစ်ယောက်တည်း ကျန်ခဲ့စဉ် မိုးအာကာ ရောက်ရှိလာပြီး ကားကို ပြင်ပေးကာ မြင်းလှည်းဆရာတစ်ယောက်နှင့် ပါလာသော ခရီးသည်တစ်ယောက်ကို အကူအညီတောင်း၍ တွန်းနှိုးခဲ့ကြကြောင်း၊ ကားစက် နိုးသွားသော်လည်း လီဗာ လွှတ်လို့မရသဖြင့် မိုးအာကာက ကားကို မောင်းပြီး သူမက နောက်ခန်းမှ စီးခဲ့ကြောင်း ဖြေလိုက်တော့. . . သူမ၏အဖြေအား မေးမြန်းသူ ရှေ့နေက သဘောကျပုံမရပါ။ မျက်မှောင်ကြုတ်လျက် သူမအား တစ်ချက်စိုက်ကြည့်ပြီး. . .

"ခင်ဗျားကို ကားပေါ် တက်ဖို့ သူ ဘယ်လို ခြိမ်းခြောက်သလဲ"

သူမ ဘာဖြေရမှန်း စဉ်းစားမရခင်မှာပင် တစ်ဖက် ရှေ့နေက ထိုမေးခွန်းအား ကန့်ကွက်သဖြင့် တရားသူကြီးက ကန့်ကွက်ချက်ကို လက်ခံကာ တခြားမေးခွန်းအား ပြောင်းမေးစေပါသည်။

ဇော်မိုး၏ သူငယ်ချင်းဆိုသူ ရှေ့နေက ခေတ္တငြိမ်သက်သွားပြီးမှ. . .

"အဲ့ဒီနောက် ဘာဖြစ်သလဲ၊ သူ ဘယ်ကို မောင်းသလဲ"

"ပြင်ဦးလွင်အလွန်က ခြံကျယ်ကြီးဆီကို မောင်းပါတယ်"

"ကားပေါ်မှာ သူ ဘာပြောသလဲ"

"ကျွန်မကို သူတို့အိမ်ကြီးဆီ ခေါ်သွားပြီး အထူးဧည့်သည် တစ်ယောက်လို ပြုစုထားမယ့်အကြောင်း ပြောပါတယ်၊ ပြီးတော့ အဆုံးသတ်လို့ မရသေးတဲ့ ပုံပြင်တစ်ပုဒ်အတွက် အကူအညီပေးဖို့ ပြောပါတယ်"

"အဲဒါ ဘာအဓိပ္ပါယ်လဲ"

"ဆောင်းသဇင်နဲ့ သူ့ရဲ့ဇာတ်လမ်းကို ဆိုလိုတာပါ"

"ဒါပဲလား၊ တခြား ဘာပြောသေးလဲ"

"ကျွန်မ မှတ်မိသလောက် ဒီလောက်ပါပဲ"

"အဲဒီတော့ ခင်ဗျားက သူ့ကို ဘာပြန်ပြောသလဲ"

"ကျွန်မ ဘာမှ ပြန်မပြောခဲ့ပါဘူး"

အမှန်တကယ်ပင် ထိုစဉ်က သူမ တုန်လှုပ်အံ့သြမှုဖြင့် နှုတ်ဆိတ်ကာ မှင်တက်နေခဲ့မိ၏။ သူမ ဘာမှ ပြန်မပြောခဲ့ဘူး ဆိုသည်ကို ရှေ့နေက ကျေနပ်ပုံမရ။

"သေချာစဉ်းစားပြီး အဖြေပေးပါ မသဒ္ဒါချို၊ ခင်ဗျား ဘာတစ်ခုမှ သူ့ကို ပြန်မပြောခဲ့ဘူးလား"

"ဟုတ်ကဲ့၊ ကျွန်မ ဘာတစ်ခွန်းမှ ပြန်မပြောခဲ့ပါဘူး"





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဆက်ပြောပါ မသဒ္ဒါချို၊ အဲဒီနောက် ဘာဆက်ဖြစ်သလဲ"

"ခြံကြီးထဲက နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကို ရောက်သွားပါတယ်၊ သူနဲ့ သူ့သူငယ်ချင်း ကိုကောင်းက အောက်ထပ်မှာ အိပ်ကြတာမို့ ကျွန်မအတွက် အပေါ်ထပ်က အိပ်ခန်းတစ်ခန်း ပြင်ပေးပြီး အနားယူဖို့ ပြောပါတယ်"

"နောက်တော ဘာဆက်ဖြစ်သလဲ"

"ကျွန်မတို့ ယုန်သားဟင်းနဲ့ ညစာ စားကြပါတယ်"

သူမ စကားအဆုံး ပရိသတ်ထဲမှ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာကာ ရှေ့နေကြီး၏မျက်နှာ မဲခနဲ ဖြစ်သွား၏။ သို့သော် ၎င်းက ချက်ချင်းပင် ကြန္တြေဆယ်လိုက်ပြီး. . .

"တစ်ဆင့်ချင်း ပြောပါ မသဒ္ဒါချို၊ ခင်ဗျားတို့ ပါသွားတဲ့ ကားကို ဘယ်လိုလုပ်ခဲ့သလဲ၊ ညစာမစားခင် ဘာတွေ ပြောခဲ့သေးလဲ၊ စဉ်းစားပြီး တစ်ခုချင်း ပြောပြပါ"

သူမ အသေအချာကို စဉ်းစားပြီး အကောင်းဆုံး ဖြစ်အောင် ပြောပြလိုက်ပါသည်။

သူမ အိမ်ထဲသို့ ရောက်ပြီး ကိုကောင်းက ထိုကားဖြင့် ထွက်သွားကြောင်း၊ ကိုကောင်း ထွက်သွားစဉ် မိုးအာကာက သူမ အနားယူရန် အိပ်ခန်းသို့ လိုက်ပို့ခဲ့ကြောင်း၊ ကိုကောင်း ပြန်လာတော့ အခြားကားတစ်စီးနှင့် ဖြစ်နေပြီး ဘဲကင် အသားကင်များ ဝယ်လာကြောင်း၊ ညစာမစားခင် မိုးအာကာက ယုန်ထောင်ထားတာ သွားကြည့်ဦးမယ်ဟု ဆိုကာ ထွက်သွားပြီး ကိုကောင်းက မိုးအာကာအကြောင်း သူမကို ပြောပြခဲ့ကြောင်း၊ မိုးအာကာက အစွဲအလမ်း ကြီးလွန်းသဖြင့် ဆောင်းသေပြီ ဆိုသည်ကို ယခုတိုင် လက်မခံနိုင်အောင် ဖြစ်နေကြောင်း၊ ထို့ကြောင့် မိုးအာကာ၏ အစွဲအလမ်း ပျောက်သွားအောင် သူမပါ ဝိုင်းကူညီရန် ကိုကောင်းက အကူအညီ တောင်းခဲ့ကြောင်း။





ထို့နောက် မိုးအာကာ ပြန်ရောက်လာပြီး ယုန်သားဟင်းချက်ကာ ညစာ စားခဲ့ကြကြောင်း၊ နောက်နေ့၌ ကိုကောင်း တောင်းသည့် အကူအညီကို ပေးမည်ဟု သူမ ကိုကောင်းကို ကတိပေးခဲ့ကြောင်း သူမ ထွက်ဆိုခဲ့ပါသည်။

"အိမ်ကြီးထဲမှာ ခင်ဗျားတို့ ဘယ်လိုထားသလဲ၊ ဘယ်လို ဆက်ဆံသလဲ"

"ညှို့သည်တစ်ယောက်လို လိုလေသေးမရှိ ဂရုစိုက်ထားပါတယ်"

"အိပ်ခန်းထဲကနေ အပြင်ကို ထွက်ခွင့်ရသလား"

ရှေ့နေကြီး၏မေးခွန်းက ဘာကို ဦးတည်မေးမှန်း သူမ ကောင်းကောင်း သဘောပေါက်ပါသည်။ ခပ်ညံ့ညံ့ ပြန်ပေး ဗီဒီယိုကားတွေလို သူမအား အခန်းထဲ၌ ချုပ်နှောင်ထားပြီး အခန်းပြင်၌ မိုးအာကာ၏ တပည့်တစ်ယောက်က သေနတ်ကြီး တကားကားနှင့် စောင့်ကြပ်နေမည်။ သူမအား အပြင်ထွက်ခွင့် မပြုဘဲ အစားအစာကိုလည်း အနည်းအကျဉ်းလောက်သာ စားခွင့်ပြုမည်။ ထိုကဲ့သို့ အဖြေမျိုးကို ၎င်းကြားချင်နေဟန် တူပါသည်။ သို့သော် ၎င်း၏ဆန္ဒကို ဖြည့်ဆည်းမပေးနိုင်သည့်အတွက် သူမ စိတ်မကောင်းပါ။

"ကျွန်မကို အိပ်ခန်းထဲကရော အိမ်မကြီးထဲကပါ လွတ်လွတ်လပ်လပ် ထွက်ခွင့်ပေးပါတယ်၊ နောက်နေ့ သူတို့ အလုပ်ထွက်တော့ ကျွန်မ လိုက်ချင်တယ်ဆိုလို့ ခေါ်သွားပါတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



နေ့မှာပဲ ကျွန်မကို မြင်းစီးသင်ပေးဖို့ ပြောတော့ မြင်းစီး စသင်ပေးခဲ့ပါတယ်၊ ကျွန်မ မြင်းစီးတတ်သွားတဲ့အချိန်က စပြီး မြင်းတစ်စီးနဲ့ ကျွန်မ သွားချင်ရာကို လွတ်လွတ်လပ်လပ် သွားနိုင်ခဲ့ပါတယ်၊ တိမ်ပျံဆိုတဲ့မြင်းက နည်းနည်းဆိုးလို့ အဲ့ဒီမြင်းကို မစီးဖို့ ပြောတာတစ်ခုကလွဲရင် မိုးအာကာက ကျွန်မကို ဘာတစ်ခုမှ တားမြစ်ချုပ်ချယ်တာမျိုး မလုပ်ခဲ့ပါဘူး"

"ခင်ဗျား အိမ်ပြန်ချင်စိတ် မပေါ်ဘူးလား၊ အိမ်ပြန်ချင်တယ်လို့ ပြောခဲ့ဖူးသလား"

တစ်ဖက်အကျိုးဆောင် ရှေ့နေက ကန့်ကွက်သော်လည်း တရားသူကြီးက ခေတ္တစဉ်းစားပြီး ကန့်ကွက်ချက်ကို ပယ်ချကာ သူမအား ထိုမေးခွန်းကို ဖြေစေခဲ့သည်။

"ခင်ဗျား အိမ်ပြန်ချင်တယ်လို့ ပြောခဲ့ဖူးသလား"

"တစ်ခါမှ မပြောခဲ့ဖူးပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မကိုယ်တိုင်က အဲဒီခြံကြီးထဲမှာ ပျော်နေလို့ပါ"

ခပ်အုပ်အုပ် ရယ်သံများ ထွက်ပေါ်လာပြန်ပါသည်။

ရှေ့နေကြီးက မျက်နှာနီမြန်းသွားပြီး ဘာဆက်မေးရမလဲ ကြံရာမရဟန်ဖြင့် ငြိမ်သက်နေစဉ်မှာပင် တရားသူကြီးက တရားရုံးကို ခေတ္တရပ်နားကြောင်း ကြေညာလိုက်ပါသည်။

တင်ဇာနှင့် လွင်မျိုးအေးတို့ ခြံရံလျက် သူမ တရားရုံးထဲမှ မထွက်ခွာမီ မိုးအာကာကို တစ်ချက် လှမ်းကြည့်လိုက်တော့ သူကလည်း သူမအား ရီဝေစွာ ငေးကြည့်နေကြောင်း တွေ့ရသည်။

ထိုအကြည့်ကို သူမ ကောင်းစွာ မှတ်မိပါသည်။ သူမ





ဆောင်းသဇင်အဖြစ် ဟန်ဆောင်စဉ် မဆောင်းသဇင် အမှတ်နှင့် ငေးကြည့်နေခဲ့သော အကြည့်မျိုး ဖြစ်၏။ မိုးအာကာ၏ ထိုအကြည့်ကြောင့် သူမ ရင်ဖိုကာ ခြေဖျားလက်ဖျားများ အေးစက်လာကြလေသည်။

တရားရုံးအပြင် ရောက်စဉ်မှာတော့ မိုးအာကာ၏ အကြည့်နှင့် ဆန့်ကျင်စွာ ဒေါသရောင် လွှမ်းနေသော ငွေစိုးကြည်၏ အကြည့်နှင့် ရင်ဆိုင်လိုက်ရသည်။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ သဒ္ဒါ"

"သဒ္ဒါ ဘာတွေ ပြောမိလို့လဲ ကိုစိုး၊ ခုချိန်ထိ သဒ္ဒါ အမှန်တွေချည်း ပြောခဲ့တာပဲ"

ငွေစိုးကြည်က ခေါင်းကို ဆတ်ခနဲ ခါယမ်းလိုက်သည်။

"ကျွတ်. . . ဇော်မိုး သင်ထားသလို ပြောပါလို့ ကိုစိုး အတန်တန် သတိပေးထားလျက်သားနဲ့ သဒ္ဒါရယ်၊ ခု ဟိုဘက်က ရှေ့နေအတွက် ကောင်းကောင်း ထွက်ပေါက်ရသွားမှာ သေချာတယ်"

"ထွက်ပေါက်ရတော့ကော ဘာဖြစ်သလဲ၊ ကိုဇော်မိုး ပြောခိုင်းတာတွေက အမှန်မှ မဟုတ်တာ၊ ဒါကြောင့် သူ သင်ပေးတဲ့ အတိုင်း သဒ္ဒါ မပြောနိုင်ဘူး ကိုစိုး"

ငွေစိုးကြည်က ခေါင်းတယမ်းယမ်းနှင့် ထွက်ခွာသွားသည်။

ထိုအချိန်မှာပင် သူမ လုံးဝမျှော်လင့်မထားသူ တစ်ယောက် သူမနား ရောက်လာ၏။

"ကိုကောင်း. . . ကိုကောင်း၊ အမှုစစ်တာကို လာနားထောင်တာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ အံ့ဩဝမ်းသာစွာ မေးလိုက်တော့. . . ကိုကောင်း မျက်မှောင်ကြုတ်သွားသည်။

"သဒ္ဒါချို မသိသေးဘူးလား"

"ဘာကိုလဲ ကိုကောင်း"

"ကျွန်တော် ဒီအမှုမှာ အားပေးကူညီသူအနေနဲ့ တစ်နေ့ကပဲ အဖမ်းခံရတယ် သဒ္ဒါချို မနေ့က ရုံးထုတ်တော့ ကျွန်တော် အာမခံ ရတယ်၊ အာကာကတော့ အာမခံရဖို့ မလွယ်သေးဘူးလို့ ပြောတယ်၊ စောစောက အာကာ့နောက်နားမှာ ကျွန်တော် ထိုင်နေတာ၊ သဒ္ဒါချို မတွေ့ဘူးလား"

"ကျွန်မ. . . ကျွန်မ သတိမထားမိလိုက်ဘူး ကိုကောင်း၊ အို. . ကျွန်မကြောင့် ရှင်တို့နှစ်ယောက်စလုံး ဒုက္ခရောက်ရပြီနော်၊ ကျွန်မ တကယ် စိတ်မကောင်းပါဘူး ကိုကောင်း"

"ခုချိန်မှတော့ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ သဒ္ဒါချို ခင်ဗျား ထွက်ဆိုစရာရှိတာကို ရဲရဲဝံ့ဝံ့ ထွက်ဆိုပါ၊ ကျွန်တော်တို့ကို ဘာမှ အားမနာပါနဲ့၊ ကဲ. . . ကျွန်တော် သွားမယ်"

ထွက်ခွာသွားသော ကိုကောင်း နောက်ကျောကို ကြည့်၍ သူမ စိတ်မကောင်း ဖြစ်ရပါသည်။ ကိုကောင်းအား ဖမ်းဆီးသည့် အကြောင်း သူမကို အသိမပေးဘဲ ရေငုံနှုတ်ပိတ်နေခဲ့ကြသည့် ငွေစိုးကြည်နှင့် ဇော်မိုးအပေါ် သူမ မကျေမနပ် ဖြစ်သွားမိသည်။

အမှုတွဲ ခေါ်တုန်းက "မိုးအာကာ ပါ တစ်" ဟူ၍တော့ ကြားမိသား။ သို့သော် တရားရုံး အခေါ်အဝေါ်တို့နှင့် စိမ်းလှသော သူမက ထိုစကား၏ အဓိပ္ပါယ်မှာ မိုးအာကာ အပါအဝင် တရားခံ နောက်တစ်ဦးဟု ဆိုလိုကြောင်း မရိပ်မိခဲ့ပါ။

ခုတော့ နာမည်နှင့် လိုက်အောင် သူမအပေါ် ညီမလေး





တစ်ယောက်သဖွယ် အလွန်ကောင်းခဲ့သော ကိုကောင်းလည်း သူမ ယောဂကြောင့် နေရင်းထိုင်ရင်း တရားခံဘဝသို့ ရောက်ခဲ့ရပြီ ဖြစ်သည်။ သူမ စိတ်ပျက်ကြေကွဲစွာ သက်ပြင်းတစ်ချက်ကို ဖွဖွ ရှိုက်သွင်းလိုက်မိသည်။

နေ့လည်ပိုင်း အမှုအား ဆက်လက် စစ်ဆေးသောအခါ သူမအား မေးခဲ့သော ရှေ့နေက (ဆက်မေးလျှင် ငွေစိုးကြည် ပြောသလို တစ်ဖက် အကျိုးဆောင်အတွက် ထွက်ပေါက် ဖုကြီးကြီး သွားမှာစိုး၍လားမသိ) သူမကို ဆက်မေးစရာ မရှိတော့ကြောင်း၊ အပ်မှ ပြန်ခေါ် သက်သေအဖြစ် ထပ်မံမေးမြန်းမည် ဖြစ်ကြောင်း ပြောဆိုကာ ၎င်း၏စစ်မေးခြင်းအား အဆုံးသတ်သွားပါသည်။

ယင်းနောက် အသက်ကြီးရင့်လှပြီ ဖြစ်သော တရားခံ အကျိုးဆောင်ကြီးက သူမအား မေးမြန်းရန် ထိုင်ရာမှ ထရပ်လိုက်သည်။ ထိုရှေ့နေကြီးက ပထမ ရှေ့နေထက် ပိုမိုနူးညံ့ပုံရသလို မေးတော့လည်း လေသံအေးအေးလေးဖြင့် မေးမြန်းခြင်းဖြစ်သည်။

"တူမကြီးကို မေးခွန်းနည်းနည်းလောက် မေးပါရစေ၊ စောစောက တူမကြီး ပြောသွားတဲ့အထဲမှာ ကားကို ဘေးလူနှစ်ယောက် အကူအညီနဲ့ တွန်းနှိုးခဲ့ရတယ်၊ ကားနိုးသွားတော့ လီဗာ ထွက်လို့မရလို့ အခု ရုံးရှေ့မှာ စွပ်စွဲခံရတဲ့ မိုးအာကာက ကားကို မောင်းတယ်လို့ ပြောသွားတယ်နော်"

"ဟုတ်ပါတယ်"

"ကားတွန်းတဲ့အချိန်ကနေ ကားစက်နိုးသွားတဲ့အချိန် အ တူမကြီးက ဘယ်နေရာမှာ ရှိနေသလဲ၊ ကားပေါ်မှာလား"

"မဟုတ်ပါဘူး၊ ကျွန်မ ကားဘေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် •ကားစက် နိုးသွားချိန်မှာ လီဗာလွှတ်လို့မရတဲ့ အတွက် မိုးအာကာက ယာဉ်မောင်းသူနေရာမှာ ထိုင်နေပြီး တူမကြီးက ကားဘေးမှာ ရပ်နေခဲ့တယ်ပေါ့"

"ဟုတ်ကဲ့"

"အဲဒီအချိန် မိုးအာကာမှာ သေနတ်တို့ ဓားတို့လို ခြိမ်းခြောက်စရာ လက်နက်ပစ္စည်းတစ်ခုခု ပါလာသလား"

"မပါပါဘူး"

"ဟုတ်ပြီ၊ ဒါဆိုရင် မိုးအာကာက တူမကြီး ကားပေါ် တက်အောင် ခြိမ်းခြောက်မယ်ဆိုရင် ပါးစပ်နဲ့ပဲ ခြိမ်းခြောက်ရမှာ ပေါ့နော်၊ ကဲကွယ်. . . သူက တူမကြီးကို ကားပေါ် အတင်းတက် ခိုင်းမယ်၊ မတက်ရင် အဲဒီကားကို သူ ခိုးသွားမယ်၊ ဒါမှမဟုတ် ကားပေါ်က ဆင်းလာပြီး တူမကြီးကို တစ်ခုခု လုပ်မယ်လို့ ခြိမ်းခြောက်ပြီ ဆိုပါတော့၊ တူမကြီး ဘာလုပ်မလဲ"

"ကျွန်မ ကားနားကနေ ထွက်ပြေးမှာပေါ့"

အကျိုးဆောင် ရှေ့နေကြီးက တစ်ချက်ပြုံးလိုက်ပြီး တရားသူကြီးဘက်သို့ လှည့်ကာ "အခု ထွက်ဆိုချက်ကို မှတ်တမ်းတင်ပေးစေလိုပါတယ်" ဟု ပြောလိုက်၏။

ရှေ့ဖတ်စာရေးက သူမ ထွက်ဆိုသမျှအား လက်နှိပ်စက် တဖြောင်းဖြောင်း ရိုက်၍ မှတ်တမ်းတင်နေပါလျက် ထပ်မံ မှတ်တမ်း တင်ခိုင်းခြင်းအား သူမ နားမလည်နိုင်ပါ။

"ကဲ. . . အန်ကယ်တို့ ဆက်လိုက်ကြရအောင်၊ မိုးအာကာက ခုန အန်ကယ်ပြောသလို တစ်ခုခု ခြိမ်းခြောက်ခဲ့ရင် တူမကြီး ကားနားက ထွက်ပြေးမယ်နော်၊ ဒါပေမယ့် တူမကြီးက ထွက်မပြေးဘဲ နောက်ခန်းမှာ တက်စီးခဲ့တယ်၊ အဲဒီတော့ မိုးအာကာဟာ





တူမကြီးကို ဘာမှ မခြိမ်းခြောက်ခဲ့ဘူးလို့ အန်ကယ် ပြောရင် မှန်မလား"

"ဟုတ်ကဲ့၊ မှန်ပါလိမ့်မယ်"

အကျိုးဆောင် ရှေ့နေကြီးက ခေါင်းပေါင်းစလေး လှုပ်ခါသမ်းသည် ဆိုရုံမျှ ခေါင်းကို တစ်ချက်ညိတ်လိုက်သည်။

"ကားပေါ် ရောက်တဲ့အခါ မိုးအာကာက သူ့အိမ်ကြီးဆီကို သွားမယ့်အကြောင်း၊ ဧည့်သည်တစ်ယောက်လို ပြုစုထားမယ့် အကြောင်း ပြောတော့ တူမကြီး ဘာမှ ပြန်မပြောခဲ့ဘူးလို့ ဖြေခဲ့တယ်နော်"

"ဟုတ်ကဲ့"

"ဘာမှ ပြန်မပြောခဲ့ဘူး ဆိုတော့ ကားရပ်ခိုင်းတာမျိုး၊ ကားပြန်ကွေ့ခိုင်းတာမျိုးလဲ မပြောခဲ့ဘူးဆိုတဲ့ သဘောပေါ့နော်၊ အန်ကယ်တို့ မြန်မာစကားပုံတစ်ခု ရှိတယ်၊ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းတဲ့၊ တူမကြီးက သူ့အိမ်ကြီးတစ်အိမ်ကို ခေါ်သွားမယ် ဆိုတာ သိလျက်နဲ့ ဘာမှ ပြန်မပြောခဲ့ဘူးဆိုတော့ တူမကြီးရဲ့ လွတ်လပ်တဲ့ ဆန္ဒအလျောက် သဘောတူညီစွာ လိုက်ပါသွားတဲ့ အပျော်ပွဲယ်မျိုး ဖြစ်နေပါတယ်လို့ အန်ကယ်က ပြောရင် တူမကြီး ငြင်းမလား"

"ကျွန်မ မငြင်းနိုင်ပါဘူး"

"ဒါဖြင့် မိုးအာကာ ခေါ်ရာကို တူမကြီး ဆန္ဒအလျောက် လိုက်သွားတာပါဆိုရင် မှန်မလား"

"ဟုတ်ကဲ့၊ မှန်ကောင်း မှန်ပါလိမ့်မယ်"

ရှေ့နေကြီးက ဒုတိယအကြိမ်မြောက် ခေါင်းညိတ်လိုက်ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကြီးဆီကို ရောက်ပြီး နောက်တစ်နေ့မှာပဲ တူမကြီးရဲ့ တောင်းဆိုမှုကြောင့် မိုးအာကာက မြင်းစီးသင်ပေးခဲ့တယ်၊ မြင်း တစ်ကောင်နဲ့ သွားချင်ရာကို သွားခွင့်ပြုထားခဲ့တယ်၊ ဘာမှ ကန့် သတ် ချုပ်ချယ်တာမျိုး တားမြစ်တာမျိုး မလုပ်ခဲ့ဘူး၊ အန်ကယ် ပြောတာ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"

"ဒါဖြင့် မိုးအာကာရဲ့ အပြုအမူတွေဟာ ပြန်ပေးသမား တစ်ယောက်ရဲ့ အပြုအမူမျိုး မဟုတ်ဘူးဆိုရင် မှန်မလား"

"မှန်ပါတယ်"

"တူမကြီးကို ပြန်ပေးဆွဲထားတာလို့ကော မထင်မိဘူး လား"

"လုံးဝ မထင်မိပါဘူး"

"ဒါဆိုရင်ကွယ် . . မိုးအာကာက ဖမ်းချုပ်ထားတာလဲ မဟုတ်ဘဲ အဲ့ဒီခြံကြီးထဲမှာ တစ်လလောက် ကြာအောင် နေခဲ့တာ ဟာ တူမကြီးရဲ့ ဆန္ဒအလျောက် နေခဲ့တာပါလို့ အန်ကယ်က စွပ်စွဲမယ်ဆိုရင် တူမကြီး ငြင်းမလား"

"မငြင်းပါဘူး၊ အန်ကယ် စွပ်စွဲတာ မှန်ပါတယ်၊ ကိုအာ ကာရဲ့ စိတ်အစွဲ ပျောက်သွားအောင် ကုစားပေးချင်လို့ နေဖြစ်ခဲ့ တာလဲ ပါပါတယ်"

ဒီတစ်ခါတော့ ရှေ့နေကြီး၏ ခေါင်းပေါင်းစ လှုပ်ယမ်းမှု က အတော်ကြာပါသည်။ အကျိုးဆောင် ရှေ့နေကြီးက ခေါင်းက ညိတ်ညိတ် လုပ်နေခဲ့၏။

"တူမကြီးကို နောက်ဆုံးမေးခွန်းတစ်ခု မေးပါရစေ၊ ရုံးရှေ့ မှာ တရားခံအဖြစ် စွပ်စွဲခံနေရတဲ့ မိုးအာကာဟာ ငါ့တူမကြီးကို





ခြိမ်းခြောက်ပြီး ကားတင်ပြေးခဲ့တာ မဟုတ်သလို အိမ်ကြီးထဲမှာ ဖမ်းချုပ်ထားပြီး ပြန်ပေးဆွဲခဲ့တာလဲ မဟုတ်ပါဘူးဆိုရင် တူမကြီး ငြင်းမလား"

"ကျွန်မ မငြင်းပါဘူး"

အကျိုးဆောင် ရှေ့နေကြီးက တရားသူကြီးဘက် ဦးညွတ် ကာ "ကျွန်တော် ဆက်မေးစရာ မရှိတော့ပါဘူး" ဟု နိဂုံးချုပ်လိုက် လေသည်။

(နောက်ပိုင်း ဇော်မိုး၏ သူငယ်ချင်းဖြစ်သူ ရှေ့နေက ရုံးတော်၌ သက်သေခံအဖြစ် တင်သွင်းထားသော ကက်ဆက်ခွေ နှင့် ပတ်သက်၍ မေးမြန်းခဲ့၏။ ဖုန်းပြောသလို အသံသွင်းထား သော ထိုအခွေမှာ မိုးအာကာ၏ ခြိမ်းခြောက်မှုကြောင့် မဟုတ်ဘဲ သူမ ဆန္ဒအလျောက် စိတ်ကူးတည့်ရာ အသံသွင်းပေးခဲ့ခြင်း ဖြစ် ကြောင်း သူမ ထွက်ဆိုခဲ့ပါသည်။

အမှန်တကယ်လည်း ရဲခေါ်မလာရန်အတွက် ငွေစိုးကြည် နားဝင်အောင် သူမ စိတ်ကူးသင့်သလို အသံသွင်းပေးခဲ့ခြင်း ဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com




# ကတ်သွား (နှစ်)



www.burmeseclassic.com

www.burmeseclassic.com









## (တစ်)

နှင်းငွေ့တို့က မမြင်ရသလောက် ပါးလျသွားခဲ့ပြီ။

သိပ်မကြာခင် ဆောင်းကုန်တော့မည် ဖြစ်၏။ နှင်းပျောက်တဲ့ နွေအဖြစ် ကူးပြောင်းတော့မည့် ကောင်းကင်ကြီးအား သဒ္ဒါချို ငေးမောနေမိသည်။

ယခုဆိုလျှင် မိုးအာကာ၏အမှု ပြီးပြတ်သွားခဲ့ပြီ ဖြစ်၏။ သဒ္ဒါချိုအား ပြန်ပေးဆွဲထားသလို ပုံစံမျိုးဖြင့် ငွေစိုးကြည် စိတ်အနှောင့်အယှက် ဖြစ်အောင် ပြုမူခဲ့သည်ဟု ဆိုကာ တရားရုံးမှ ပြင်းထန်စွာ သတိပေး၍ ခံဝန်ဖြင့် ပြန်လွှတ်ပေးလိုက်သည်ဟု ဆိုသည်။ ခံဝန်ဆိုသည်ကို သူမ နားမလည်သော်လည်း မိုးအာကာနှင့် ကိုကောင်း အပြစ်ဒဏ် မခံရသည့်အတွက် သူမ ဝမ်းသာရပါသည်။

အမှုပြီးချိန်အထိ နေချင်သော်လည်း ကျောင်းတစ်ဖက်နှင့်မို့ သူမ ရန်ကုန်သို့ ပြန်လာခဲ့ရသည်။ ရန်ကုန်ရောက်သည်နှင့်

www.burmeseclassic.com



သူမ၏မိတ်များအား အသိပေးပြီး လုပ်ဆောင်ခဲ့သည့်ကိစ္စကတော့ ငွေစိုးကြည်နှင့် စေ့စပ်ထားခြင်းအား သူမဘက်မှ တစ်ဖက်သတ် ဖျက်သိမ်းလိုက်ခြင်းပဲ ဖြစ်သည်။

"ကိုယ့်ရဲ့ နောက်ဆုံးရလဒ်ဟာ ဒါမျိုးပဲ ဖြစ်လိမ့်မယ်လို့ အမှုစစ်နေတုန်းကတည်းက ကိုစိုး မျှော်လင့်ပြီးသားပါ သဒ္ဒါ၊ ကိုစိုးနဲ့ သဒ္ဒါကြားထဲကို မိုးအာကာဆိုတဲ့လူရယ်၊ သူ့မြို့ကြီးထဲမှာ ကုန်ဆုံးခဲ့တဲ့ တစ်လတာ အချိန်ကာလရယ်သာ ဝင်မလာခဲ့ရင် ကိုစိုးတို့ အနာဂတ်ဟာ ခုလိုဖြစ်လာခဲ့မှာ မဟုတ်ဘူး"

နောက်ဆုံးအကြိမ်အဖြစ် သူမအား လာတွေ့ရင်း ငွေစိုးကြည်က ကြေကြေကွဲကွဲ ရေရွတ်ခဲ့သည်။ ငွေစိုးကြည်အတွက် စိတ်မကောင်းသော်လည်း ယောကျ်ားမဆန်သော သူနှင့် ရှေ့ဆက် လက်တွဲဖို့ကိုတော့ သူမ စိတ်မရဲပါ။

ထို့ကြောင့် သူမ ပြတ်သားစွာ အဆုံးသတ်ခဲ့ခြင်း ဖြစ်သည်။ ငွေစိုးကြည်နှင့် ဇာတ်လမ်း ပြီးဆုံးသွားသည်နှင့် လွင်မျိုးအေးနှင့် တင်ဇာက သူမအား ပြောခဲ့သည်။

"ငါတို့ ဗေဒင်ဟောလိုက်မယ် သဒ္ဒါ၊ နင့်ရဲ့ အိမ်ထောင်ဖက်ဟာ မိုးအာကာပဲ ဖြစ်လာလိမ့်မယ်၊ ငွေစိုးကြည်နဲ့ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းလိုက်တဲ့ အကြောင်း သတင်းစာထဲမှာ တွေ့တာနဲ့ သူ နင့်ဆီကို ရောက်လာမှာ သေချာတယ်"

၎င်းတို့၏ ထင်မြင်ချက်ကို သူမ ခေါင်းယမ်း ငြင်းဆန်ခဲ့ပါသည်။

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူ့ရင်ထဲမှာ ဆောင်းသဇင်က





လွဲပြီး ဘာမှမရှိလို့ပဲ"

"နင်ပြောတော့ ဆောင်းသဇင် သေပြီဆိုတာကို သူ လက်ခံသွားပြီဆို"

"ဟုတ်တယ် လက်ခံသွားတယ်၊ သူ အဲ့လို လက်ခံသွားတာဟာ ဆောင်း လူဝင်စားအဖြစ်နဲ့ ပြန်လာမယ်ဆိုပြီး ငါ လှည့်စားခဲ့လို့ လက်ခံသွားတာ၊ ဒါပေမယ့် ငါလှည့်စားခဲ့မှန်း သူသိသွားတော့ သူ ငါ့ကို တော်တော် နာကျည်းသွားမှာ သေချာတယ်၊ ပြီးတော့ သူ့ရင်ထဲကို ဆောင်းသဇင် နောက်တစ်ကြိမ် ပြန်ဝင်လာဦးမှာလဲ သေချာတယ်၊ သူ့ရင်ထဲမှာ ဆောင်း ရှိနေသရွေ့ ဘာကိုမှ သူ လက်ခံမှာ မဟုတ်ဘူး၊ အဲဒီတော့ နင်တို့ပြောသလို ဘယ်လိုမှ ဖြစ်လာမှာ မဟုတ်ဘူး"

"နင့်အတွေးက သိပ်ပြီး အစွန်းမရောက်လွန်းဘူးလား သဒ္ဒါ"

"မိုးအာကာက သာမန်ထက်ပိုပြီး အစွဲအလန်း ကြီးသလို သာမန်ထက်လဲ ပိုပြီး အစွန်းရောက်တယ် တင်ဇာ၊ သူနဲ့ ပတ်သက်ပြီး တွေးရင် သူ့ရှုထောင့်ကနေ တွေးရမှာပဲ၊ ဒါကြောင့် ခု အတွေးဟာ နင်တို့အမြင်မှာ အစွန်းရောက်ကောင်း ရောက်နေလိမ့်မယ်၊ ဒါပေမယ့် . . . အဲဒါ အမှန်ပဲ"

ထို့နောက်ပိုင်း မိုးအာကာအကြောင်း စကားမစတဲ့ သူမ ရေငုံနေခဲ့တော့ တင်ဇာနှင့် လွင်မျိုးအေးလည်း အလိုက်သိစွာ မိုးအာကာနှင့် ပတ်သက်၍ ထပ်မံ မဆွေးနွေးကြတော့ပါ။

နောက်ပိုင်း ရက်တွေမှာတော့ မိုးအာကာအား မေ့နိုင်အောင် သူမ ကြိုးစားရပါတော့သည်။

(တစ်စုံတစ်ရာအား မေ့ပျောက်ရန် ကြိုးစားခြင်းသည် ထို



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာအား သတိရနေမိသောကြောင့် ဖြစ်၏။)

အလွန်ရိုးစင်းလှသော ထိုအမှန်တရားကို မေ့လျော့ကာ မိုးအာကာအား မေ့ပျောက်ရန် သူမ အတင်းအကျပ် ကြိုးစားခဲ့သော်လည်း မအောင်မြင်ပါ။

"ရှင် ကျွန်မကို ဂရုစိုက်နေတာဟာ ရှင်ပေးထားတဲ့ကတိကြောင့်လား"

"အင်း. . . အဲဒါကြောင့်လဲ ပါတာပေါ့"

"တခြားကော ဘာပါသေးလဲ ကိုအာကာ"

"လောလောဆယ် ကျုပ်စဉ်းစားလို့ မရသေးဘူး သဒ္ဒါချို"

"ရှင် စဉ်းစားလို့ ရတဲ့အခါ ကျွန်မကို အသိပေးမယ် မဟုတ်လား"

"မသေချာဘူး သဒ္ဒါချို၊ ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်ရက်နှစ်ရက်ကြာရင် မင်းက ဒီအိမ်ကြီးကနေ အပြီးပြန်ရတော့မှာ. . ." . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ။

"ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် အစက မင်းကို မိန်းမတစ်ယောက်လို့ လုံးဝသဘောထားလို့ မရတာ အမှန်ပဲ သဒ္ဒါချို၊ ဒါပေမယ့်. . . ခုတော့ မင်းဟာ ယောကျ်ားလေးတစ်ယောက် မဟုတ်မှန်း ကျုပ် တဖြည်းဖြည်း သဘောပေါက်လာတယ်"

". . . . . . . . . . . . . ."

"စေတနာပိုတာ မဟုတ်ဘူး၊ ဆေးမလိမ်းရင် မင်း အိပ်ရာထဲက လေးငါးရက်လောက် မထနိုင်မှာစိုးလို့ လိမ်းခိုင်းရတာ"

". . . . . . . . . . . . . . ."

"ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေပါလား၊ မင်း နေမ





ကောင်းတာ ကျုပ်ကို ဘာဖြစ်လို့ စောစောစီးစီး မပြောတာလဲ၊ ကျွတ်. . . ဒီအရပ်မှာ ငှက်ရှိတယ် သဒ္ဒါချို၊ မင်း ငှက်ဖျားဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ ခက်တာပဲ၊ စောစောကတည်းက ကျုပ်ကို ပြောပါလား"

". . . . . . . . . . . . . ."

မေ့ဖို့ ကြိုးစားလေ ပို၍သတိရလေ ဖြစ်နေမိသော သူမ၏ စိတ်ကို နောက်ဆုံးတော့ သူမ သဘောပေါက်သလို ဖြစ်လာသည်။ သဒ္ဒါချို၏ဘဝ၌ ယောကျ်ားတစ်ယောက်ကြောင့် ဘယ်တုန်းကမှ ရင်မခုန်ခဲ့ဖူးသော်လည်း မိုးအာကာကြောင့် သူမ ရင်ခုန်ခဲ့ရ၏။

အမျိုးအမည် ဝေခွဲမရသည့် ထူးဆန်းသော ခံစားမှုတို့ကိုလည်း ခံစားခဲ့ရ၏။

လူတွေ ပြောပြောနေကြတဲ့ အချစ်ဆိုတာ ဒါပဲ ထင်ပါရဲ့။

ထိုအတွေးက သူမ တစ်ကိုယ်လုံးကို နွေးထွေးသွားစေလျက် မရယ်မပြုံး ရှုသိုးသိုးမျက်နှာနှင့် ဇောင်းဘွိုင်ဆန်ဆန် မိုးအာကာအား ပိုမိုသတိတရ လွမ်းဆွတ်လာမိသည်။

နောက်ဆုံးတော့ မိုးအာကာနည်းတူ သူမကိုယ်တိုင်လည်း အမှန်တရားကို လက်ခံရပါလိမ့်မည်။ သူမ လက်ခံရမည်က မိုးအာကာအား ချစ်နေမိပြီဆိုသော အမှန်တရားပင် ဖြစ်သည်။

"နင် သူ့ကို သတိရနေတယ် မဟုတ်လား သဒ္ဒါချို"

ဝရန်တာလက်ရန်းကို လက်ထောက်ကာ နေဝင်ခါနီး ဆည်းဆာပျို့ ကောင်းကင်အား ငေးမောနေမိသော သူမနား လာရပ်၍ လွင်မျိုးအေးက မေးလိုက်ခြင်း ဖြစ်သည်။

ခါတိုင်းလို ဆိုပါက သူမ ခေါင်းယမ်းလိုက်မိမှာ ့ ပြန်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ယခုတော့ သူမ ဟန်မဆောင်ချင်တော့ပါ။ ဟန်ဆောင်လိမ်ညာရသည့်အတွက် ပိုမို စိတ်ပင်ပန်းရပါသည်။ သူမ အမှန်အတိုင်း ဝန်ခံလိုက်၏။

"ဟုတ်တယ် လွင်မျိုးအေး၊ ငါ သူ့ကို သတိရနေတယ် ဒီအချိန်ဆို သူနဲ့ငါ ယာခင်းကို ပတ်ပြီး မြင်းစီးနေကျ၊ မှတ်မိသေးတယ်၊ တစ်ခါတုန်းက သူ မရှိတုန်း တိမ်ပျံကို ငါယူစီးခဲ့မိတယ်၊ ဒုန်းပြေးနေကျနေရာ ရောက်တော့ တိမ်ပျံကို ငါ ဇက်မနိုင်တော့ဘူး၊ တိမ်ပျံက တအားဒုန်းစိုင်းပြီး ပြေးတာ၊ အဲဒီအချိန်မှာ သူ မိုးပြာကို ကုန်းနှီးတောင် မတင်ဘဲ တအားစိုင်းပြီး ငါ့နား ရောက်လာတယ်၊ ကံကောင်းလို့ပေါ့ လွင်မျိုးအေး၊ သူသာ အချိန်မီ ရောက်မလာခဲ့ရင် အဲဒီနေ့က ငါ သေရင်သေ၊ မသေရင် ခြေတွေ လက်တွေ ကျိုးကန်းကုန်မှာ သေချာတယ်"

လွင်မျိုးအေးက ဘာမှပြန်မပြောဘဲ သက်ပြင်းဖွဖွ ချသည်။

"ငါ သူ့ကို သိပ်ပြီးသတိရတယ် လွင်မျိုးအေး၊ ပြီးတော့ ကိုကောင်းတို့ အဘအိုက်တို့ ဖွားဖုံတို့ကိုလဲ တွေ့ချင်တယ်၊ တိမ်ပျံနဲ့ မိုးပြာတို့ကိုလဲ လွမ်းတယ်ဟာ"

သူမ တမ်းတမ်းတတ ရေရွတ်လိုက်တော့ လွင်မျိုးအေးက အကြံပေးသည်။

"ဒါဖြင့် တင်ဇာပြောသလို နင် သူ့ဆီ လိုက်သွားပါလား"

"ဖြစ်နိုင်ရင် အဲဒီခြံကြီးထဲကို ငါ တစ်ခေါက်လောက်တော့ ပြန်သွားချင်တာ အမှန်ပဲ လွင်မျိုးအေး၊ ဒါပေမယ့် သူနဲ့ မျက်နှာချင်းဆိုင်ရမှာကို ငါ စိတ်မရဲဘူး ဖြစ်နေတယ်"

"ဘာဖြစ်လို့ စိတ်မရဲစရာ ရှိသလဲ သဒ္ဒါချိုရဲ့"





သူမ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် ပင့်သက်တစ်ချက်ကို ရှိုက်လိုက်သည်။

"သူ ငါ့ကို ပြောဖူးတယ် လွင်မျိုးအေး၊ Life not exists without hope မျှော်လင့်ချက် မရှိရင် ဘဝဟာ ရပ်တည်လို့ မရဘူးတဲ့၊ အဲဒီလိုပဲ လွင်မျိုးအေး၊ အချစ်မှာလဲ မျှော်လင့်ချက် မရှိရင် ရပ်တည်လို့ မရနိုင်ဘူးလို့ ငါထင်တယ်၊ Love not exists without hope ပေါ့. . ."

"အဲဒါနဲ့ ဘာဆိုင်လို့လဲ သဒ္ဒါရဲ့"

"ဆိုင်တာပေါ့. . .သူနဲ့ တွေ့လို့ သူ ငါ့ကို မလိုလားတဲ့ အပြုအမူတွေနဲ့ ခါးခါးသီးသီး ဖြစ်နေခဲ့မယ်ဆိုရင် သူနဲ့ ပတ်သက်တဲ့ ငါ့ရဲ့မျှော်လင့်ချက်တွေ အကုန် တစ်စစီ ဖြစ်ကုန်မှာ သေချာတယ်၊ ငါက အဲဒီလို မဖြစ်ချင်ဘူး၊ ငါ့ဘာသာ တိတ်တိတ်ကလေး မျှော်လင့်နေချင်တာ. . ."

"မျှော်လင့်ချက်နဲ့ အချစ်ကို ရပ်တည်နေချင်တယ် ဆိုပါတော့. . ."

လွင်မျိုးအေးအား ခေါင်းညိတ်ပြလိုက်ရင်း မိုးအာကာကို ဖျောင်းဖျခဲ့သမျှ ခုတော့ သူမ ကောင်းကောင်းကြီး ဝင့်လည်နေပြီဖြစ်ကြောင်း နားလည်လာမိသည်။

ထိုညက လွင်မျိုးအေး ပြန်သွားပြီး သူမ အတော် ညဉ့်နက်မှ အိပ်ရာဝင်ခဲ့သည်။

အိပ်မက်ထဲ၌ ကောင်းဘွိုင်ဆန်လှသော မိုးအာကာက သူမထံသို့ ကုန်းနှီးမပါသောမြင်းနှင့် ရောက်လာခဲ့ပြီး သူမအား မေးပါသည်။

"တစ်ခုခုကို စွဲစွဲမြဲမြဲ ယုံကြည်ရင် ယုံကြည်တဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တကယ် ဖြစ်လာတတ်တယ် ဆိုတဲ့စကားကို မင်းကြားဖူးသလား တဲ့။

သူမ ဘာပြန်ဖြေရမှန်း စဉ်းစားမရခင်မှာပင် မိုးအာကာက သူမအား မြင်းပေါ်သို့ ပွေ့ချီ၍ အလွန်ဝေးလံသောခရီးတစ်ခုသို့ ခေါ်ဆောင်သွားပါသည်။ အိပ်မက်ထဲ၌ ဖြစ်သည့်တိုင် သူမ၏ ရင်ခုန်သံတို့က ပရမ်းပတာ ဆူညံနေကြကြောင်း သူမ မှတ်မိနေခဲ့သည်။





(နှစ်)

"မင်းကြည့်ရတာ အခုတလော မှိုင်လှချည်လား အာကာ၊ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ကျွန်တော် အရင်ကတည်းက ဒီလိုပဲ နေတတ်တာ. ... ကိုကောင်းလဲ အသိပဲ"

"ငါသိပါတယ်၊ ဒါပေမယ့် အခု မင်းဖြစ်နေပုံက အရင်ကဆက် ပိုဆိုးနေသလားလို့၊ နောက်ပြီး ညနေပိုင်း မင်း မြင်းမစီးတာလဲ ကြာပြီ အာကာ"

မိုးအာကာက ဘာမှ ပြန်မပြောဘဲ ငြိမ်သက်နေတော့ ကိုကောင်းက မေးလိုက်သည်။

"မင်း သဒ္ဒါချို့ကို သတိရနေတာလား"

"ဗျာ. . . သဒ္ဒါချို့ကို၊ ဟုတ်လား"

မိုးအာကာ၏ ချက်ကောင်းကို တိတိကျကျ ထိမှန်သွားကြောင်း ကိုကောင်း သဘောပေါက်လိုက်သည်။ ဝန်ခံသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မကြာခဏ ဆိုသလို သဒ္ဒါချိုအား မိုးအာကာ သတိရနေမိခဲ့သည်။

"ဟုတ်တယ် အာကာ၊ မင်း သဒ္ဒါချို့ကို သတိရနေသလား၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

မိုးအာကာ သက်ပြင်းတစ်ချက် ချရင်း ငြိမ်သက်သွားပြီးမှ. . .

"အဲဒါတွေ ပြောနေလဲ ဘာထူးမှာလဲ ကိုကောင်း၊ ဇာတ်လမ်းက ပြီးသွားပြီပဲ"

"ဟုတ်တယ်၊ မင်းတို့ဇာတ်လမ်း ပြီးသွားသလို ငွေစိုးကြည်နဲ့ သဒ္ဒါချိုရဲ့ဇာတ်လမ်းလဲ ပြီးသွားပြီ အာကာ၊ စေ့စပ်ကြောင်းလမ်းထားတဲ့ကိစ္စကို သဒ္ဒါချို့ဘက်က တဖက်သတ် ဖျက်သိမ်းလိုက်ပြီ"

မိုးအာကာ တအံ့တဩ ဖြစ်သွားဟန်ဖြင့် ပြန်မေးသည်။

"ကိုကောင်း ဘယ်လိုသိလဲ"

"လွန်ခဲ့တဲ့ ဆယ်ရက်လောက်ကတည်းက သတင်းစာထဲမှာ ဖတ်လိုက်ရတာ၊ အဲဒီသတင်းစာတောင် မင်းကို ပြဖို့ သိမ်းထားသေးတယ်"

ထိုင်ရာမှ ထကာ သတင်းစာကို သွားယူ၍ မိုးအာကာရှေ့သို့ ချပေးလိုက်တော့ မိုးအာကာက သတင်းစာကို ဖတ်ပြီး မယုံကြည်နိုင်ဟန်ဖြင့် နှုတ်ဆိတ်တွေဝေသွားသည်။ အတန်ကြာမှ အိပ်မက်မက်နေသလို လေသံမျိုးဖြင့် ရေရွတ်လိုက်သည်။

"သူတို့ ဘာဖြစ်လို့ အဲဒီလို ဖြစ်သွားကြတာလဲ"

"ငါ စဉ်းစားမိတဲ့အတိုင်း ပြောရရင်တော့ မင်းကြောင့်ပဲ အာကာ"





"ဗျာ. . . ကျွန်တော့်ကြောင့်. . ."

"ဟုတ်တယ်"

"ဇော်မိုးနဲ့ ငွေစိုးကြည်ကြောင့် မင်းကို ပေးခဲ့တဲ့ သဒ္ဒါချိုရဲ့ကတိ မတည်သလို ဖြစ်သွားခဲ့တယ်၊ အဲဒီအတွက် သဒ္ဒါချိုက ငွေစိုးကြည်ကို စိတ်ဆိုးမယ်၊ သူတို့ချင်း ကတောက်ကဆ ဖြစ်မယ်၊ ဒါကြောင့် ဒီအဆင့်ထိ ရောက်သွားရတာပဲ"

"သူတို့ချင်း လက်ထပ်တော့မယ့်ဆဲဆဲ မဟုတ်လား ကိုကောင်း"

"ဟုတ်တယ်၊ ဒါပေမယ့်. . . စေ့စပ်တာရော လက်ထပ်ဖို့ခေါင်းညိတ်ခဲ့တာရော သူ့မိဘတွေရဲ့ တိုက်တွန်းမှုကြောင့် ဖြစ်လာတာ အာကာ၊ သဒ္ဒါချိုက ငွေစိုးကြည်ကို ချစ်လို့မှ မဟုတ်ဘဲ၊ အဲဒါတွေအားလုံး သူပြောပြလို့ ငါ သိခဲ့ရတာ၊ မင်းမသိတဲ့ကိစ္စတွေ အများကြီး ကျန်သေးတယ်"

"ဘာလဲ ကိုကောင်း"

"သဒ္ဒါချိုက မင်းအပေါ် တော်တော် သံယောဇဉ်ကြီးခဲ့တယ်လို့ ငါထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်း မရှိတုန်း ငါ့သူ့ကို ပြောခဲ့ဖူးတယ်၊ သဒ္ဒါချို ပြန်ချင်ရင် မိုးအာကာ သဘောတူတူ မတူတူ ပြင်ဦးလွင်အထိ ကျွန်တော် လိုက်ပို့ပေးမယ်လို့၊ ဒါပေမယ့်. . . သူ ငါ့ကမ်းလှမ်းချက်ကို ခေါင်းခါခဲ့တယ်၊ မင်း ခံစားနေရတဲ့ စိတ်အစွဲအလမ်း ပျောက်သွားအောင် လုပ်ပြီးမှ သူပြန်မယ်လို့ ပြောခဲ့တယ်၊ ဒါကြောင့် အခု စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းခဲ့တဲ့ကိစ္စမှာလဲ မင်းနဲ့ ပတ်သက်နေလိမ့်မယ်လို့ ငါထင်တယ်"

နောက်ဆုံးကျည်ဆန်ကို ချိန်ရွယ် ပစ်လွှတ်ပြီးချိန်မှာတော့ မိုးအာကာ၏ အပြောင်းအလဲကို ကိုကောင်း စောင့်ကြည့် အကဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်ခဲ့သည်။

မိုးအာကာ ခါတိုင်းထက် ငေးငေးငိုင်ငိုင် ဖြစ်လာကာ တစ်စုံတစ်ရာကို ဆုံးဖြတ်ရ ခက်ဟန်ဖြင့် တွေဝေနေခဲ့သည်။

"သဒ္ဒါချို မင်းအပေါ် တော်တော် သံယောဇဉ်ကြီးမဲ့တယ်" ဟူသော စကားက ရက်အတန်ကြာသည်အထိ မိုးအာကာ နားထဲ၌ မေ့ဖျောက်၍ မရခဲ့။ ထိုစကားနှင့်အတူ သူ၏ စိတ်အစွဲအား ကုစားရန် ကြိုးစားခဲ့သည့် သူမ၏ စေတနာကိုလည်း တရေးရေး ပြန်လည် မြင်ယောင် အောက်မေ့လာခဲ့သည်။

ထို့အပြင် သူ၏အပြုအမူများနှင့် ပတ်သက်၍ သဒ္ဒါချို စိတ်ဆိုးသင့်ပါလျက် စိတ်မဆိုးဘဲ မိတ်ဆွေတစ်ယောက်ပမာ ဆက်ဆံခဲ့ပုံကို သတိရလာမိ၏။ ယခုတော့ သဒ္ဒါချိုအား သတိတရ တမ်းတနေမိကြောင်း သူ့ကိုယ်သူ သဘောပေါက်လာရသည်။

"ယုံကြည်မှုတိုင်းဟာ အမှန်တရား ဖြစ်မလာပေမယ့် အမှန်တရားတိုင်းကိုတော့ ရှင် စိတ်ချလက်ချ ယုံကြည်နိုင်ပါတယ် ကိုအာကာ"

"ဆောင်းသဇင် သေသွားပြီဆိုတာ အမှန်တရားတစ်ခုပါ။ မသေသေးဘူးလို့ ထင်နေတာကတော့ ရှင့်ရဲ့ တစ်ကိုယ်တော် ယုံကြည်မှု၊ အဲဒီနှစ်ခုထဲက တစ်ခုခုကို ရှင် ရွေးချယ်ရလိမ့်မယ်"

သူမ ပြောခဲ့သလို အမှန်တကယ်ပင် သူ တစ်ခုခုကို ပြတ်ပြတ်သားသား ရွေးချယ်ရတော့မည် ဖြစ်၏။

ဘာကို ရွေးချယ်မလဲ။

ဆောင်း မရှိတော့ဘူးဆိုတာကို သိသိကြီးနဲ့ ကိုယ့်ကိုယ်ကို ပြန်ညာနေမလား။

ဒါမှမဟုတ် သဒ္ဒါချို ပြောသလို အမှန်တရားကို လက်ခံ





ပြီး သူ့ဘဝကို အသစ်တဖန် ပြန်စသင့်သလား။

သူ့စိတ်အတွေးထဲ၌ မေ့ဖျောက်ထားခဲ့သော အဖြစ်အပျက်တို့ကို ရုပ်ရှင် အနေးပြကွက် တစ်ခုပမာ ပြန်လည်မြင်ယောင်လာမိသည်။

အနီရောင် ကုတ်အင်္ကျီလေးတစ်ထည် ပုံကျသွားသလို လဲပြိုသွားသော ဆောင်းသဇင်။

သူမ၏ ဦးခေါင်းထက်မှတစ်ဆင့် ပလက်ဖောင်းဆီသို့ လိမ့်ထွက်သွားသော အနီရောင် မိန်းမဆောင်း ဦးထုပ်လှလှလေး တစ်လုံး. . .။

တစ်ဖက်ဆီသို့ လွင့်စဉ်သွားကြသည့် အနီရောင် ဒေါက်မြင့် ဖိနပ်လေးတစ်ရန်။

အာရုံထဲသို့ ထိုးဖောက် ဝင်ရောက်လာကြသည့် အနီရောင် ဖုံးလွှမ်းသော ထိုအဖြစ်အပျက်တို့ကြောင့် သူ့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွား၏။ ထို့နောက် ချက်ချင်းပင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါသည်။

"ကျွန်တော် ရန်ကုန်သွားမယ် ကိုကောင်း"

သူ့စကားကြောင့် ကိုကောင်း တအံ့တသြ ဖြစ်သွား၏။

"ဘာအတွက်လဲ အာကာ"

"ဆောင်းနဲ့ ပတ်သက်ပြီး ကျွန်တော် တစ်ခုခုကို ဆုံးဖြတ်မှ ဖြစ်တော့မယ်၊ အဲဒီအတွက် ကျွန်တော် ရန်ကုန်ကို သွားမှာ၊ ဒီလ သုံးဆယ်ရက်နေ့ဟာ ဆောင်း ကားတိုက်ခံရတဲ့ နှစ်ပတ်လည်နေ့ပဲ၊ အဲဒီနေ့အမီ ကျွန်တော် ရန်ကုန်ကို သွားချင်တယ်"

"မင်း ဘယ်တော့ ပြန်လာမှာလဲ"

"အဲဒါတော့ ကျွန်တော် မပြောတတ်ဘူး ကိုကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ပြန်လာချင်လဲ လာမယ်၊ ဒါမှမဟုတ် စိတ်ကူးတည့်ရာ လျှောက်သွားဖြစ်ရင်လဲ သွားဖြစ်လိမ့်မယ်၊ အဲဒီအတွက် ကျွန်တော် ဘာကိုမှ ကြိုဆုံးဖြတ်မထားဘူး"

"ဒီခြံကြီးထဲမှာ မင်း မပျော်တော့လို့လား"

"ပျော်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ဘဝအတွက် အ ပြောင်းအလဲတစ်ခုခု လုပ်မှဖြစ်တော့မယ် ကိုကောင်း"

"ငါကတော့ မင်းကို ဒီပဲ ပြန်လာစေချင်တယ် အာကာ"

"ကျွန်တော် ကြိုးစားပါမယ် ကိုကောင်း၊ လောလောဆယ် ဘာကိုမှ မဆုံးဖြတ်ရသေးတဲ့အတွက် ကျွန်တော် ကတိမပေးနိုင် တာ ခွင့်လွှတ်ပါ"

"သဒ္ဒါချိုနဲ့ ပတ်သက်ပြီးတော့ကော မင်း တစ်ခုခု ဆုံး ဖြတ်ပြီးပြီလား"

မိုးအာကာ တစ်ချက်ငိုင်သွားပြီးမှ ခေါင်းကို ဖြည်းညင်း စွာ ခါယမ်းလိုက်သည်။

"ကျွန်တော် သူ့ကို သံယောဇဉ်ရှိပါတယ်၊ ဒါပေမယ့် ခ ချိန်မှာတော့ ဘာကိုမှ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်သေးဘူး"

မိုးအာကာ ပြောလိုက်သော စကားကို သူကိုယ်တိုင် နား လည်မလည် မသိသော်လည်း ကိုကောင်းကတော့ နားလည်လိုက် ပါသည်။ ထို့ကြောင့် မိုးအာကာ၏ အနာဂတ်အတွက် အကောင်း ဆုံး ဖြစ်မည့် နည်းလမ်းတစ်ခုကို ကိုကောင်း ဆုံးဖြတ်ကာ ရွေး ချယ်လိုက်လေသည်။





(သုံး)

"နင်တို့ ပေးတဲ့ အကြံအတိုင်း အကောင်အထည်ဖော်ဖို့ ငါဆုံးဖြတ်လိုက်ပြီ"

"နင့်စကားကလဲ အရင်းမရှိ အဖျားမရှိနဲ့ပါလား သဒ္ဒါချို ရဲ့၊ ဘာအကြံကို ဘယ်လို အကောင်အထည် ဖော်မှာလဲ၊ ရှင်းရှင်း ပြောစမ်းပါ"

"မိုးအာကာဆီ လိုက်သွားဖို့ဆိုတာလေ. . . ငါ ဒီနေ့ပဲ သူ့ဆီ သွားဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဟိုရောက်လို့ ငါ့အတွက် မျှော်လင့် ချက် မရှိတော့ဘူးဆိုရင်လဲ ငါ့ကုသိုလ်ပေါ့ဟာ"

"နင် ဘာနဲ့ သွားမှာလဲ"

"မန္တလေးကို လေယာဉ်နဲ့ သွားမယ်၊ မန္တလေးကနေ ပြင် ဦးလွင်ကို ကားနဲ့ တက်မယ်၊ မနေ့ကတည်းက ငါ လေယာဉ်လက် မှတ် သွားဝယ်ထားပြီးပြီ"

ဆုံးဖြတ်ချက် ချပြီးလျှင် ချက်ချင်း အကောင်အထည်



www.burmeseclassic.com

www.burmeseclassic.com



ဖော်တတ်သည့် ထုံးစံအတိုင်း သဒ္ဒါချိုက ခရီးဆောင်သေတ္တာထဲသို့ အဝတ်အစားများပင် အသင့်ထည့်ထားပြီး ဖြစ်နေပါသည်။

"ငါတို့ တိုက်တွန်းတုန်းကတော့ အင်းမလှုပ် အဲမလှုပ်နဲ့ ခုကျတော့လဲ အိတ်တွေတောင် အဆင်သင့် ဖြစ်နေပါလား"

"မဖြစ်လို့ မရဘူးလေ၊ ငါက အခု နေ့လည်ဖလိုက်နဲ့ သွားမှာ၊ အဲဒီတော့ ခုပဲ နင်တို့ ငါ့ကို လေယာဉ်ကွင်း လိုက်ပို့ကြ၊ လွင်မျိုးအေး နင် ကားပါတယ် မဟုတ်လား"

"ပါပါတယ်ရှင်၊ ကျုပ်အန်တီကို ရုံးပို့ပြီး ထုံးစံအတိုင်း ကားကို ချောဆွဲလာခဲ့ပါတယ်၊ ဒါနဲ့. . . နင့်အမေကိုကော ခရီး သွားဖို့ကိစ္စ ပြောပြီးပြီလား"

"ပြောပြီးပြီ၊ ပြင်ဦးလွင် သွားမယ်လို့တော့ မပြောဘူး၊ မန္တလေးက ညီမဝမ်းကွဲတွေဆီ သုံးရက်လောက် အလည်သွားဦး မယ်၊ နင်တို့လဲ ပါတယ်လို့ ပြောထားတယ်"

ထို့နောက် အမေ့ကို နှုတ်ဆက်ကာ အထုပ်အပိုးများကို ကားပေါ် တင်ပြီး လေယာဉ်ကွင်းသို့ ထွက်လာခဲ့ကြ၏။

သဒ္ဒါချိုတို့ ကားထွက်သွားပြီး တအောင့်အကြာမှာပင် ခြံဝသို့ ရောက်လာသူက ကိုကောင်းဖြစ်သည်။ မိုးအာကာနှင့် နှစ်ရက်လောက် ခွာကာ ရန်ကုန်သို့ ဆင်းလာခဲ့ခြင်းဖြစ်၏။ အမှန် က မနေ့ကတည်းက ရောက်ဖို့ ဖြစ်သော်လည်း ရထားလက်မှတ် မရသဖြင့် ကားနှင့် ဆင်းလာခဲ့ရာ လမ်း၌ သူစီးလာသောကားက ပျက်နေသဖြင့် ဤနေ့မှ ရန်ကုန်သို့ ရောက်ခဲ့ခြင်း ဖြစ်သည်။

ပြင်ဦးလွင်ရှိ တင်ဇာ၏အိမ်မှ တစ်ဆင့် သဒ္ဒါချို့လိပ်စာ ကို ရရှိပြီး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သော်လည်း ခြံစောင့် အလုပ်သမား၏ အဖြေစကားကြောင့် သူ ဟိုက်ခနဲ ဖြစ်သွားရ၏။





ခုပဲ မန္တလေး သွားဖို့ သဒ္ဒါချို လေယာဉ်ကွင်း ဆင်းသွား ပါသတဲ့။

မန္တလေးဟု ဆိုသော်လည်း သဒ္ဒါချို တကယ်သွားမည့် နေရာမှာ သူ၏ခြံသို့သာ ဖြစ်ပါလိမ့်မည်။

"လေယာဉ်က ဘယ်တော့ ထွက်မှာလဲ"

"ကျွန်တော်လည်း မသိဘူးဗျ၊ ဒါပေမယ့် ကားပေါ်ကို ပစ္စည်းတွေ တင်တော့ လေယာဉ်မမီဘဲ ဖြစ်နေဦးမယ်၊ မြန်မြန် လုပ်လို့ ပြောသံတော့ ကြားလိုက်တယ်"

လက်မှ နာရီကို ကြည့်လိုက်တော့ သုံးဆယ်ရက်နေ့ ဟူ သော နေ့စွဲအား မမြင်ချင်ဘဲ မြင်လိုက်ရပြီး သူ ကြံရာမရ ဖြစ် သွားလေသည်။

မိုးအာကာ ခြေဦးတည့်ရာ လေလွင့်မသွားဖို့အတွက် သ ဒ္ဒါချို၏ အကူအညီက အလောသုံးဆယ် လိုအပ်နေပါသည်။ ခု တော့ သဒ္ဒါချိုက လေယာဉ်ကွင်းသို့ ဆင်းသွားခဲ့ပြီ ဖြစ်သလို ခြံစောင့်အလုပ်သမား၏ စကားအရ လေဆိပ်သို့ လိုက်လျှင်လည်း မီနိုင်တော့မည် မဟုတ်ပါ။

ထို့ပြင် ငှားလာသော အငှားကားကိုလည်း ပြန်လွှတ် လိုက်ပြီ ဖြစ်၏။

ဘတ်စ်ကား မပြေးသလို အငှားကားလည်း ရှားပါးလှ သည့် ဆိတ်ငြိမ်ရပ်ကွက်လေးထဲမှ စိတ်ပျက်လက်ပျက်နှင့် သူ ပြန်ထွက်လာခဲ့သည်။

◈ ◈ ◈



www.burmeseclassic.com

"ကျုပ်ထင်သားပဲ၊ ရှင် အဲဒီလောက် ပျာယီပျာယာ ဖြစ်နေကတည်းက တစ်ခုခုတော့ မေ့ကျန်တော့မယ်ဆိုတာ"

လွင်မျိုးအေးက ပွစိပွစိ လုပ်နေစဉ်မှာပင် တင်ဇာကပါ ဝင်ပြောသည်။

"ပိုက်ဆံအိတ်လောက်နဲ့တော့ အချိန်ကုန်ခံပြီး ပြန်လှည့်မနေပါနဲ့ဟာ၊ နင်နဲ့ငါမှာ ပါသလောက်ပိုက်ဆံ သူ့ကို စွန့်ကြဲလိုက်မယ်၊ မန္တလေး ရောက်မှ သူ့ဆွေမျိုးတွေဆီမှာ လောက်ငအောင် သွားပြီး အလှူခံပေ့စေ၊ လေယာဉ်ကွင်းကိုပဲ မောင်း"

"မဖြစ်ဘူးဟ၊ ပိုက်ဆံအိတ်သက်သက်ဆိုရင် ငါ ကားပြန်လှည့်ခိုင်းပါ့မလား တင်ဇာရဲ့၊ ခုဟာက ပိုက်ဆံအိတ်တင် မဟုတ်ဘူး၊ လေယာဉ်လက်မှတ်ပါ ကျန်ခဲ့တာ"

"မြတ်စွာဘုရား. . . နင့်ဟာကလဲ နမော်နမဲ့ နိုင်လှချည်လား သဒ္ဒါရယ်၊ ပိုက်ဆံအိတ်ကော၊ လေယာဉ်လက်မှတ်ကော ကျန်ခဲ့ရတယ်လို့၊ ကားပေါ်မှာ နင် ပါလာတာတောင် တော်တော်ကံကောင်းလှပြီ"

လွင်မျိုးအေးက သူမအား အပြစ်တင်ရင်း ကားကို ပြန်ကွေ့လိုက်ပါသည်။ အကယ်၍ ထိုနေ့က သူမသာ လေယာဉ်လက်မှတ် မေ့မကျန်ခဲ့လျှင် ကိုကောင်းနှင့် လွဲကာ အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပါသည်။

ကံကောင်းထောက်မစွာ သူမတို့ လမ်းထဲသို့ ချိုးကွေ့ဝင်လိုက်စဉ်မှာပင် ခေါင်းငိုက်စိုက်နှင့် လျှောက်လာသော ကိုကောင်းအား တွေ့လိုက်ရလေသည်။

◈ ◈ ◈





"အဖြစ်အပျက်ကတော့ အဲဒါပဲ သဒ္ဒါချို၊ သူ သဒ္ဒါချို့ကို သံယောဇဉ် ဖြစ်နေတယ်. . . ပွင့်ပွင့်လင်းလင်း ပြောရရင် သံယောဇဉ် ဆိုတဲ့အဆင့်ထက် ပိုတယ်၊ ဒါပေမယ့် ဆောင်းနဲ့ ပတ်သက်ပြီး မပြတ်သားသေးဘူး၊ ဒီနေ့ဟာ ဆောင်း ဆုံးတဲ့ နှစ်ပတ်လည်နေ့ပဲ၊ ဒီနေ့ ဆောင်းနဲ့ ပတ်သက်ပြီး ပြတ်ပြတ်သားသား သူ ဆုံးဖြတ်ချက် ချလိမ့်မယ်၊ ကျွန်တော် စိုးရိမ်နေတာက သူ လေလွင့်သွားမှာကိုပဲ၊ ကျွန်တော့်ခြံထဲ ပြန်မလာဘဲ ခြေဦးတည့်ရာ ထွက်သွားရင် သူ ဒုက္ခရောက်မှာ သေချာတယ်၊ အဲဒီလို လေလွင့်မသွားအောင် သဒ္ဒါချို ကူညီနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

ရှည်လျားသော စကားအဆုံး၌ အအေးဓါတ် ပြယ်နေပြီဖြစ်သော အချိုရည်ကို ကိုကောင်း မော့သောက်လိုက်သည်။

"သူ ကျွန်မကို စိတ်နာနေလိမ့်မယ်လို့ ကျွန်မ ထင်ထားတာ ကိုကောင်း၊ ကျွန်မ ကူညီနိုင်လိမ့်မယ်ဆိုတာ သေချာရဲ့လား"

"သူ ခင်ဗျားကို စိတ်မနာပါဘူး သဒ္ဒါချို၊ ကျွန်တော်က တခြားလူတွေရဲ့စိတ်ကို မဖတ်တတ်ရင်သာ ရှိရမယ်၊ အာကာ့စိတ်ကိုတော့ ကောင်းကောင်း ဖတ်တတ်ပါတယ်၊ စိတ်မနာတဲ့အပြင် သူ သဒ္ဒါချို့ကို နေ့တိုင်းလိုလို သတိရနေခဲ့တာ သေချာတယ်"

ကိုကောင်းစကားကြောင့် သဒ္ဒါချို့ ရင်ထဲ၌ နွေးခနဲ ခံစားလိုက်ရသည်။

"ထားပါတော့၊ ကျွန်မက ဘယ်လို ကူညီရမှာလဲ"

"အဲဒါတော့ ကျွန်တော်လဲ အကြံမပေးတတ်ဘူး သဒ္ဒါချို၊ ဒါပေမယ့် ခင်ဗျားရဲ့ ပါးနပ်မှုက သူ့ကို ဆွဲဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

"သူ့ရဲ့အနာဂတ်အတွက်ရော၊ ဆောင်းသင်္ချိုင်းအတွက်ပါ

www.burmeseclassic.com



ဒီနေ့ ဆုံးဖြတ်ချက် ချမယ်ဆိုရင် သူ့ကို ဒီနေ့ပဲ တွေ့မှ ဖြစ်မှာပေါ့"

"ဟုတ်တယ် သဒ္ဒါချို"

"ဒါဖြင့် သူ အခု ဘယ်မှာလဲ"

"ဒီရောက်ရောက်ချင်း သောင်းထိုက်ဆီ ဖုန်းဆက်လိုက်တော့ သောင်းထိုက်ကားနဲ့ ထွက်သွားတယ်လို့ ပြောတယ်၊ ဘယ်သွားမယ်ဆိုတာ ပြောမသွားဘူး၊ ဒါပေမယ့် သူရှိနိုင်မယ့်နေရာကို ကျွန်တော် ခန့်မှန်းလို့ ရပါတယ်"

"ဒါဆိုလဲ သူရှိမယ့်နေရာကို လိုက်သွားကြရအောင် ကိုကောင်း"

ကိုကောင်းက ခေါင်းညိတ်ကာ ထိုင်ရာမှ ထရပ်လိုက်သည်။





(လေး)

နာရီပေါင်းများစွာ ထိုင်ခဲ့သဖြင့် သူ၏ခြေထောက်တို့ ထုံကျဉ်ကိုက်ခဲနေသည့်တိုင် မိုးအာကာ ဇွဲကောင်းကောင်းနှင့် ဆက်လက်ထိုင်နေဆဲ ဖြစ်သည်။

သူ့ရှေ့၌ ဆောင်းသဖင် အသက်(၂၂)နှစ်ဟု ကမ္ပည်းထိုးထားသည့် အဖြူရောင် အုတ်ဂူတစ်လုံး ရှိနေပြီး သူ ထိုင်နေရာ ဘေးပတ်ပတ်လည်မှ ပြောင်ရှင်းသော မြေပြင်ပေါ်မှာတော့. . .

"ဆောင်း မရှိတော့ဘူး"

ဟူသော စာတန်းများဖြင့် ပြည့်နှက်နေပါသည်။

ယခုတော့ ကမ္ဘာလောကကြီးထဲ၌ ဆောင်း မရှိတော့ကြောင်း သူ အကြွင်းမဲ့ လက်ခံလိုက်ပြီ ဖြစ်သည်။ ထို့ကြောင့်. . . ဆောင်းမရှိတော့ဘူးဟု သူ၏စိတ်ထဲမှ ရေရွတ်နေခဲ့သလို မြေပြင်ပေါ်၌လည်း တုတ်တစ်ချောင်းနဲ့ ရေးခြစ်နေခဲ့မိခြင်း ဖြစ်သည်။

"ကိုယ် အမှန်တရားကို လက်ခံလိုက်ပါပြီ ဆောင်း၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးထဲမှာ မိဆောင်း မရှိတော့ဘူး၊ ဒါကြောင့် ကိုမိုးရဲ့ဘဝ ဟာလဲ မရှိတော့ပါဘူး"

အသံထွက်ကာ သူ ရေရွတ်လိုက်စဉ်မှာပင် တိုးညင်းသော အသံတစ်ခုက သူ၏နောက်ကျောမှ ထွက်ပေါ်လာပါသည်။

"ဆောင်း မရှိတော့လို့ ကိုမိုးရဲ့ဘဝ. . . မရှိတော့ပေမယ့် ကိုအာကာရဲ့ဘဝကတော့ ရှိနေပါသေးတယ်၊ ကိုကောင်းနဲ့ အဘ အိုက်တို့ ဖွားဖုံတို့အတွက်၊ တိမ်ပျံနဲ့ မိုးပြာအတွက်၊ ပြီးတော့ သဒ္ဒါချို့အတွက် ကိုအာကာရဲ့ ဘဝက တကယ် ရှိနေပါသေးတယ် ကိုအာကာ"

"သဒ္ဒါချို"

သူ ခပ်တိုးတိုး ရေရွတ်ရင်း ဖြည်းညင်းစွာ လှည့်ကြည့် လိုက်တော့ ကြည်ပြာရောင် ဝတ်စုံပေါ်၌ ကုတ်အင်္ကျီအနီကို ထပ် ဝတ်ကာ ဦးထုပ်အနီ ဆောင်းထားသော သဒ္ဒါချိုက သူ့အား စိုက်ငေးနေကြောင်း တွေ့ရသည်။

သူ ကြည့်နေစဉ်မှာပင် သူမ ဦးထုပ်အနီနှင့် ကုတ်အနီကို ချွတ်လိုက်ပြီး အနီရောင် ပလပ်စတစ်အိတ်အတွင်းသို့ ထည့်၍ သူ့နား လျှောက်လာကာ လှမ်းပေးသည်။

"ဆောင်း မရှိတော့ရင် ဒီအဝတ်အစားတွေဟာလည်း မရှိသင့်တော့ပါဘူး ကိုအာကာ၊ ဒါတွေဟာ ကိုမိုးအတွက်ပဲ အဓိ ပ္ပါယ် ရှိတာပါ၊ ကိုအာကာ့အတွက် ဘာအဓိပ္ပါယ်မှ မရှိပါဘူး၊ အဲ့ဒီတော့ ဆောင်းရဲ့အုတ်ဂူမှာပဲ ထားလိုက်ပါ"

မိုးအာကာက သက်ပြင်းတစ်ချက် ချလျက် သူမအား အတန်ကြာ ငေးကြည့်နေခဲ့ပြီးမှ အဝတ်အစားအိတ်ကို ဆောင်း၏ အုတ်ဂူနားသို့ ထားလိုက်သည်။ တစ်နည်းအားဖြင့် သဒ္ဒါချို့ အ





ကြောင်းပြချက်ကို သဘောတူလိုက်ခြင်းပဲ ဖြစ်သည်။

"မင်း ဘာအတွက် လိုက်လာတာလဲ သဒ္ဒါချို"

"ကိုမိုးဘဝ သေသွားရင်တောင် ကိုအာကာရဲ့ဘဝ ရှိနေ သေးကြောင်း အသိပေးချင်လို့ပါ၊ ပြီးတော့. . . ကိုအာကာ့ဆီက ကြားစရာရှိတဲ့ စကားအကြွေးတစ်ခု ကြားချင်လို့"

"ဘာစကားလဲ"

"သဒ္ဒါ နေမကောင်းဖြစ်တုန်းက ကိုအာကာ သဒ္ဒါ့အပေါ် လိုအပ်တာထက် ပိုပြီးဂရုစိုက်ခဲ့တာဟာ ကိုငွေစိုးကြည်ကို ကတိ ပေးထားတာကြောင့်လားလို့ မေးတော့ အဲ့ဒါကြောင့်လဲ ပါတာပေါ့ လို့ ဖြေခဲ့တယ်၊ တခြား ဘာပါသေးလဲဆိုတော့ စဉ်းစားလို့ မရ သေးဘူးလို့ ပြောခဲ့တယ်၊ အခု အဲဒီကိစ္စကို စဉ်းစားလို့ရပြီဆိုရင် သဒ္ဒါ ကြားချင်တယ် ကိုအာကာ"

မိုးအာကာ ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သည်။

"မင်း ကြားချင်ရင် ပြောပြပါ့မယ်၊ အဲ့ဒီတုန်းက ဘာဖြစ် လို့ ဂရုစိုက်ခဲ့သလဲဆိုတော့ ကျုပ် မင်းကို သံယောဇဉ် ရှိနေခဲ့လို့ပဲ သဒ္ဒါချို"

သူမ လှပ်ခနဲ ရင်ဖိုသွားကာ သူ့အား ပြန်ပြောလိုက် သည်။

"ကျေးဇူးတင်ပါတယ် ကိုအာကာ"

"မလိုပါဘူး သဒ္ဒါချို. . . တကယ် ကျေးဇူးတင်ရမှာက ကျုပ်ပါ"

"ဘာအတွက်လဲ ကိုအာကာ"

မိုးအာကာက ချက်ချင်း အဖြေမပေးသေးဘဲ. . .

နူးညံ့ရှည်လျားသောဆံပင်၊ သွယ်လျမြင့်မားသော ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဟန်၊ တည်ငြိမ်အေးမြသောအလှတို့ဖြင့် ကျက်သရေ ရှိလှသော သဒ္ဒါချိုအား တစ်ခါမှ မမြင်ဖူးသည့်ပမာ ရွှန်းရွှန်းစားစား ကြည့်လိုက်မိသည်။

တကယ်လည်း သဒ္ဒါချို၏အလှနှင့် ပတ်သက်၍ ယခုမှ သူ ကောင်းစွာ သတိပြုမိခြင်း ဖြစ်သည်။ မိုးအာကာ၏အကြည့်ကြောင့် ရှက်လန့် အံ့သြမှုနှင့်အတူ သဒ္ဒါချို ခေါင်းကို ငုံ့လိုက်မိ၏။

"ရှင်. . . ကျွန်မကို ဘာဖြစ်လို့ စိုက်ကြည့်နေတာလဲ ကိုအာကာ"

"ဆောရီး သဒ္ဒါချို. . . ကျုပ်အကြည့်တွေ ရိုင်းသလို ဖြစ်သွားခဲ့ရင် ခွင့်လွှတ်ပါ၊ ကျုပ်စိတ်ထဲမှာ မင်းကို ခုမှ မြင်ဖူးတဲ့ လူတစ်ယောက်လို ဖြစ်နေလို့ စိုက်ကြည့်မိခဲ့တာပါ၊ ခြံထဲမှာ တစ်လ လုံးလုံး နေခဲ့ပေမယ့် ကျုပ် မင်းကို ခုလိုမျိုး တစ်ခါမှ သေသေချာချာ မကြည့်မိခဲ့ဘူး၊ ကျုပ်ဟာ ဆောင်း ဆုံးသွားပြီးကတည်းက အိပ်မက်မက်နေတဲ့ လူတစ်ယောက်လို ခံစားခဲ့ရတယ်၊ ခုတော့. . မင်းကြောင့် ကျုပ် အိပ်မက်မက်နေရာက နိုးလာခဲ့ပါပြီ သဒ္ဒါချို၊ ဒါကြောင့် မင်းကို ကျေးဇူးတင်တယ်လို့ ပြောတာပါ"

"ကျွန်မ ဝမ်းသာပါတယ် ကိုအာကာ"

"မင်းဟာ ကျုပ်ကို အိပ်မက်က နိုးစေခဲ့ရုံတင် မဟုတ်ဘူး သဒ္ဒါချို၊ ကိုမိုးနဲ့ အာကာကိုလည်း သတ်သတ်စီ ဖြစ်အောင် လုပ်နိုင်ခဲ့တယ်၊ မင်းသာ ရောက်မလာခဲ့ရင် ကျုပ် ဘယ်သောင် ဘယ်ကမ်းထိ ရောက်အောင် ဆက်ပြီး ရေစုန်မျောနေမိဦးမလဲ မသိဘူး"

သဒ္ဒါချိုသာ ရောက်မလာခဲ့ပါက ဦးတည်ရာမဲ့သော သူ့ဘဝသည် အမှန်တကယ်ပင် လေလွင့်နေဦးမှာ သေချာပါသည်။





ခုတော့ သဒ္ဒါချို ရောက်ရှိလာခြင်းကြောင့် သူ အိပ်မက်မှ နိုးထလာနိုင်ခဲ့သလို ကိုမိုးနှင့် ကိုအာကာဟူသော ဘဝနှစ်ခုကိုလည်း ကြည်လင်ပြတ်သားစွာ ခွဲခြားမြင်နိုင်ခဲ့ပြီ ဖြစ်သည်။

ထို့ပြင် သူ့ရင်ထဲ၌ ကိန်းအောင်းမြုပ်နေခဲ့သည့် သဒ္ဒါချိုနှင့် ပတ်သက်သော ခံစားမှုတို့ကလည်း နိုးထလာခဲ့လေသည်။ 'သဒ္ဒါချို. . . မင်းအပေါ် တော်တော် သံယောဇဉ် ကြီးခဲ့တယ်' ဟူသော ကိုကောင်း၏စကားကို ဖြတ်ခနဲ ကြားယောင်ကာ ရင်ခုန်လာမိသည်။

"ရှင် အခု ရေစုန်မမျောတော့ဘဲ ကမ်းကပ်ဖို့ ဆုံးဖြတ်ပြီးပြီလား ကိုအာကာ. . ."

"အဲ့ဒါက မင်းအပေါ်မှာ အများကြီး မူတည်နေပါတယ် သဒ္ဒါချို"

"ရှင်. . . ကျွန်မအပေါ်မှာ ဟုတ်လား"

"ဟုတ်တယ်. . . ကျုပ်နဲ့ ပတ်သက်ပြီး မင်းရဲ့ သဘောထားကို သိချင်တယ်"

"ရှင့်ရဲ့မေးခွန်းကို ကျွန်မ နားမလည်ဘူး ကိုအာကာ"

မိုးအာကာ သူမနားသို့ တိုးကပ်သွားပြီး တစ်လုံးချင်း ပြောလိုက်သည်။

"ကျုပ် ကမ်းကပ်ဖို့ ရည်ရွယ်ထားတဲ့ ဆိပ်ကမ်းဟာ မင်းပဲ သဒ္ဒါချို"

"ရှင်"

"ဟုတ်တယ် သဒ္ဒါချို၊ ကျုပ်ရဲ့ ရေစုန်မျောနေတဲ့ဘဝကို မင်းဆီမှာ ကမ်းကပ်ဖို့ ရည်ရွယ်ခဲ့တယ်၊ ဒါကြောင့် ဆောင်းကို ကျုပ်ရင်ထဲက ထုတ်ပစ်ဖို့ အချိန်ယူ ကြိုးစားခဲ့တာ၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဟာ ကိုမိုး မဟုတ်တော့ဘဲ ဘဝသစ်နဲ့ အာကာဖြစ်သွားပြီ မင်းသာ ခွင့်ပြုမယ်ဆိုရင် သဒ္ဒါချိုရဲ့အာကာ ဖြစ်ချင်တယ်"

သဒ္ဒါချိုရဲ့အာကာ. . . တဲ့လား. . .။

ရှိန်းမြနွေးထွေးမှုဖြင့် သူမ လိုက်ခနဲ ခံစားလိုက်ရသည်။

ဒါဟာ သူ့ရဲ့တောင်းဆိုမှုတစ်ခု ဖြစ်မည်ဆိုလျှင် သူမ တစ်ခုခု ပြန်ပြောရပါလိမ့်မည်။ သို့သော် ရှက်ရွံ့ကြည်နူးမှုဖြင့် သူမ၏နှုတ်ဖျားမှ ဘာသံမှ ထွက်မလာကြပါ။

ထိုအချိန်မှာပင် မိုးအာကာက သူမ၏ လက်ဖဝါးလေး တစ်ဖက်ကို ညင်သာစွာ လှမ်းကိုင်လျက် မေးလိုက်သည်။

"အနာဂတ် မဲ့နေတဲ့ ကျုပ်ဘဝကို အသစ်ပြန်စဖို့အတွက် မင်း ကူညီမယ် မဟုတ်လား သဒ္ဒါချို. . ."

သူ့အား သဒ္ဒါချို ဘာမှ ပြန်မပြောခဲ့ပါ။

သို့သော် ကိုယ့်ကိုယ်ကို သတိမထားမိခင်မှာပင် သူမ အလိုအလျောက် ခေါင်းညိတ်မိပြီး ဖြစ်နေပါသည်။

"ကျုပ် အရမ်းဝမ်းသာသွားပြီ သဒ္ဒါချို မင်း တကယ် ပြောတာပါနော်"

"ကျွန်မလက်ကို လွှတ်ပါဦး. . . ကိုအာကာ"

"ကျုပ်ပြန်မလွှတ်တော့ဘူး သဒ္ဒါချို ခုဘဝမှာရော နောင်ဘဝတွေမှာပါ မင်းလက်ကို ဘယ်တော့မှ ပြန်မလွှတ်တော့ဘူး"

သူ့စကားက သူမ ရင်ထဲသို့ နွေးခနဲ ဖြစ်သွားစေပါသည်။





(၆၁)

သချိုင်းထဲမှ လက်ချင်းတွဲလျက် ထွက်လာကြသူနှစ်ဦးကို ကြည့်ကာ ခံပြင်းစိတ်ဖြင့် ငွေစိုးကြည် တက်တစ်ချက် ခေါက်လိုက်မိသည်။

တကယ်တော့ ဤနေ့သည် မိုးအာကာအတွက် ဆောင်းသေဆုံးသည့် နှစ်ပတ်လည် နေ့တစ်နေ့ ဖြစ်သလို ငွေစိုးကြည် အတွက်လည်း သဒ္ဒါချိုနှင့် ပတ်သက်၍ အမှတ်တရ နေ့တစ်နေ့ဟု ဆိုလျှင် မမှားပါ။

ထို့ကြောင့် အမှတ်တရနေ့၌ အမှတ်တရ ပစ္စည်းတစ်ခုကို ပေးရန် သဒ္ဒါချို၏အိမ်သို့ ငွေစိုးကြည် လာခဲ့၏။ သို့သော် အိမ်နား မရောက်ခင်မှာပင် မျက်နှာချင်းဆိုင်မှ မောင်းလာသော လွင်မျိုးအေး၏ကားကို တွေ့လိုက်ရသဖြင့် သဒ္ဒါချို ပါလိုပါငြား ကြည့်လိုက်တော့. . .

ကားပေါ်၌ လွင်မျိုးအေး၊ တင်ဇာနှင့် သဒ္ဒါချိုအပြင်



www.burmeseclassic.com

www.burmeseclassic.com



မိုးအာကာ၏ သူငယ်ချင်း ကိုကောင်းဆိုသူကိုပါ တွေ့လိုက်ရသည်။ ၎င်းတို့က သူ့ကားကို သတိမပြုမိဘဲ အလောတကြီး မောင်းသွားကြခြင်း ဖြစ်သည်။

ဘာတွေများ အရင်လိုနေပါလိမ့်ဟူသော အတွေးဖြင့် ကားကို လှည့်ကာ ၎င်းတို့နောက်သို့ လိုက်လာခဲ့သည်။ ဤသို့ဖြင့် သုသာန်ရှေ့သို့ သူ ရောက်လာခဲ့ခြင်း ဖြစ်သည်။

လွင်မျိုးအေးတို့ကားက သုသာန်ထဲသို့ ချိုးကွေ့ဝင်သွားပြီး တစ်အောင့်အကြာ ပြန်ထွက်လာချိန်မှာတော့ ကားပေါ်၌ သဒ္ဒါချို ပါမလာတော့ပါ။ ဒါ ဘာအဓိပ္ပာယ်လဲ။ ဘာဖြစ်လို့ သဒ္ဒါချို့ကို သချိုင်းထဲမှာ ထားခဲ့ရတာလဲ။

ရုတ်တရက် သူ ဖြတ်ခနဲ စဉ်းစားမိသွား၏။ ဤနေ့သည် ဆောင်းသဇင် ဆုံးသော နှစ်ပတ်လည်နေ့ ဖြစ်သည်။ ထို့ပြင် ကားပေါ်၌ ကိုကောင်းဆိုသူအား တွေ့လိုက်ရခြင်းကြောင့် သချိုင်းထဲ၌ မိုးအာကာ ရှိနေလိမ့်မည်ဖြစ်ပြီး သဒ္ဒါချို ဤသချိုင်းသို့ ရောက်ရှိလာခြင်းမှာ မိုးအာကာအား တွေ့ရန်မှလွဲ၍ တခြားမဖြစ်နိုင်ပါ။

ထိုအတွေးက ခံပြင်းစိတ်ဖြင့် သူ့တစ်ကိုယ်လုံးကို ပူလောင်သွဖးစေခဲ့သည်။ သူ သုသာန်ထဲသို့ ကားမောင်းဝင်လာခဲ့ပြီး သဒ္ဒါချိုတို့ သချိုင်းထဲမှ ထွက်လာလျှင် လှမ်းမြင်နိုင်လောက်မည့် အကွာအဝေး၌ ကားကို ရပ်ထားလိုက်၏။

ခပ်ဝေးဝေး၌ ဆူပါရုပ်(ဖ်)ကား အဖြူရောင်လေးကို တွေ့လိုက်ရသောကြောင့် ထိုကားဖြင့် မိုးအာကာ ရောက်ရှိနေခြင်းဖြစ်မည်ဟု သူ အတပ် တွေးလိုက်မိသည်။ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းပြီး အတော်လေး ကြာတော့. . .





သချိုင်းထဲမှ လက်ချင်းတွဲလျက် ထွက်လာကြသည့် မိုးအာကာနှင့် သဒ္ဒါချိုကို တွေ့လိုက်ရလေသည်။ ၎င်းတို့က သူ့ကားရှိရာဘက်သို့ လုံးဝလှည့်မကြည့်ဘဲ ကမ္ဘာလောကကြီးတစ်ခုလုံးကို မေ့လျော့ထားသည့်ပုံစံမျိုးဖြင့် ကားအဖြူလေး ရပ်ထားရာဆီသို့ လက်တွဲမဖြုတ်ဘဲ လျှောက်လှမ်းသွားကြသည်။

ရုတ်တရက် နာကြည်းစိတ်ဖြင့် သူ၏ဒေါသတို့ ဆူဝေလာကာ ဂီယာထိုး၍ ကားကို အရှိန်ဖြင့် မောင်းထွက်လိုက်တော့ အင်ဂျင်ပါဝါ ကောင်းလှသော ကားက စက္ကန့်ပိုင်းလေးအတွင်းမှာပင် အလွန်လျှင်မြန်သော အရှိန်သို့ ရောက်ရှိသွား၏။

ဤအရှိန်ဖြင့် ဆိုပါက လက်ချင်း တွဲထားသော ၎င်းတို့နှစ်ယောက် တစ်ယောက်တစ်ကွဲစီ လွင့်စဉ်သွားကြမှာ အလွန်သေချာပါသည်။

သူ အံကို တင်းတင်းကြိတ်လျက် ကားအရှိန်ကို ပို၍မြှင့်လိုက်သည်။

ဆူညံသော စက်သံနှင့် ကားတစ်စီး အရှိန်ပြင်းပြင်း မောင်းလာကြောင်း မိုးအာကာ သတိပြုမိလိုက်သလို သဒ္ဒါချိုကလည်း သတိထားလိုက်မိသည်။ သူတို့ နှစ်ယောက်စလုံး ပြိုင်တူလိုလို လှည့်ကြည့်လိုက်ချိန်မှာတော့. . .

အနက်ရောင် ကားတစ်စီးက သူတို့ဆီသို့ အရှိန်ပြင်းပြင်းနှင့် ဦးတည်လာနေကြောင်း အထိတ်တလန့် တွေ့လိုက်ရ၏။

"ကိုငွေစိုးကြည်ရဲ့ ကားပဲ"

"ဟုတ်တယ် သဒ္ဒါချို့. . . သူကိုယ်တိုင် မောင်းလာတာ၊ ထွက်ပြေးလဲ လွတ်မှာ မဟုတ်ဘူး၊ လက်တွဲမဖြုတ်ဘဲ ဒီအတိုင်း ရပ်နေပါ၊ သဒ္ဒါချို ကြောက်နေသလား"

www.burmeseclassic.com



"ဟင့်အင်း. . . ကိုအာကာ တစ်ယောက်လုံး ရှိနေတာပဲ သူ တိုက်ရဲရင် သဒ္ဒါတို့ သေရဲရမှာပေါ့"

သဒ္ဒါချိုက ရဲဝံ့စွာ ပြောလိုက်ပြီး မိုးအာကာ၏လက်ကို တင်းတင်း ဆုပ်ကိုင်ထားပါသည်။

လောင်မြိုက်ဆူဝေသော ဒေါသတရားတို့ဖြင့် ကားကို အရှိန်ပြင်းပြင်း မောင်းနှင်လာသော ငွေစိုးကြည်က လမ်းလယ် ကောင်၌ လက်ချင်းတွဲလျက် တည်ငြိမ်စွာ ရပ်နေကြသော မိုးအာ ကာတို့ကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။

အိုး. . . သူတို့တောင် သေရဲသေးရင် ငါ ဘာဖြစ်လို့ ဝင်မတိုက်ရဲရမှာလဲ. . .

မိုးအာကာနှင့် သဒ္ဒါချိုက တရွေ့ရွေ့ နီးကပ်လာသော ကားကို လက်တွဲမဖြုတ်ဘဲ ရင်ဆိုင်ရန် မတုန်မလှုပ် ရပ်ကာ စောင့်ဆိုင်းနေကြဆဲ ဖြစ်သည်။

ထိုအချိန်၌ အံကြိတ်ကာ မောင်းနှင်လာသော ငွေစိုး ကြည်၏ ခေါင်းထဲသို့ အသိတရားတစ်ခုက လျှပ်စီးလက်သလို လင်းခနဲ ဝင်ရောက်လာပါသည်။

"ငါဟာ. . . လူတွေရဲ့ အသက်ကို ကယ်တင်နေတဲ့ ဆရာ ဝန် တစ်ယောက်ပဲ၊ ဘာဖြစ်လို့ လူသတ်သမားဘဝကို အရောက်ခံ မှာလဲ"

ထိုအတွေးနှင့်အတူ သူ၏ခြေထောက်က ဘရိတ်ပေါ်သို့ ရောက်ရှိသွားလေသည်။ အရှိန်ပြင်းပြင်းနှင့် မောင်းနှင်လာရာမှ ရုတ်တရက် ဘရိတ်အုပ်လိုက်သောကြောင့် တာယာပွတ်သံ ကျယ် လောင်စွာ ထွက်ပေါ်လာပြီး ကားက တစ်ပတ်လည်ကာ ရပ်တန့် သွားသည်။





ရုတ်ချည်း ပြောင်းလဲသွားသော အခြေအနေကြောင့် မိုး အာကာတို့နှစ်ယောက် ခပ်ကြောင်ကြောင် ဖြစ်သွားရ၏။ ကားရပ် သွားပြီး အတန်ကြာမှ အထုပ်တစ်ထုပ်ကို ဆွဲ၍ ငွေစိုးကြည် ကားပေါ်မှ ဆင်းလာလေသည်။

"ကျွန်တော့်ကြောင့် အထိတ်တလန့် ဖြစ်သွားရင် ခွင့် လွှတ်ဖို့ တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး ဒေါက်တာ၊ ခင်ဗျား ဝင်တိုက်ရင်လဲ ကျွန် တော်တို့နှစ်ယောက် လက်တွဲမဖြုတ်ဘဲ အသေခံဖို့ ဆုံးဖြတ်ထားပြီး သားပါ"

"ချီးကျူးပါတယ် ကိုမိုးအာကာ၊ ခင်ဗျားတို့ နှစ်ယောက် စလုံးရဲ့ သတ္တိကို ကျွန်တော် တကယ် ချီးကျူးပါတယ်၊ နောက် နောင် ခုလိုမျိုး မဖြစ်စေရဘူးလို့လဲ ကျွန်တော် ကတိပေးပါတယ်"

"ရပါတယ် ဒေါက်တာ"

"ကျွန်တော် သဒ္ဒါ့ကို ကတိကြွေးတင်နေတဲ့ ကိစ္စတစ်ခု ရှိတယ် ကိုမိုးအာကာ၊ သဒ္ဒါ မှတ်မိဦးမှာပါ၊ ကိုယ့်ကြောင့် ရေမွှေး ပုလင်းတွေ ကျကွဲတုန်းက အစားပြန်ဝယ်ပေးပါ့မယ်လို့ ကတိပေးခဲ့ ပေမယ့် ဝယ်မပေးဖြစ်ခဲ့ဘူး၊ ခုတော့ အဲဒီအမျိုးအစားအတိုင်း ရအောင် အစားပြန်ဝယ်လာခဲ့တယ်၊ ရှေ့လကျရင် နိုင်ငံခြားကို ပညာတော်သင် သွားရမှာမို့လို့ သဒ္ဒါနဲ့ ကိုမိုးအာကာရဲ့ မင်္ဂလာ ဆောင်ကို တက်ဖြစ်တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ဒီရေမွှေး ပုလင်းတွေကို မင်္ဂလာလက်ဖွဲ့အဖြစ် ကြိုပြီးလက်ဖွဲ့ခဲ့တယ်လို့ သ ဘောထားလိုက်ပါ"

လက်ထဲမှ ရေမွှေးပုလင်းထုပ်အား သဒ္ဒါချို့ကို လှမ်းပေး တော့ သူမက ကျေးဇူးတင်ကြောင်း ပြော၍ လှမ်းယူလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကိုမိုးအာကာရော သဒ္ဒါပါ ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ထို့နောက် ငွေစိုးကြည် ၎င်း၏ကားပေါ်သို့ ပြန်တက်ကာ မောင်းထွက်သွားပါသည်။ မိုးအာကာနှင့် သဒ္ဒါချိုကတော့ တစ်ယောက်လက်ကို တစ်ယောက် မြဲမြဲစွာ ဆုပ်ကိုင်လျက် ခပ်ဝေးဝေးသို့ ရောက်နေပြီ ဖြစ်သော အနက်ရောင်ကားကို ငေးမောရင်း ကျန်ရစ်ခဲ့လေသည်။

အံ့သြစရာကောင်းသည်မှာ သူတို့နှစ်ယောက်စလုံး ရေမွှေး ပုလင်းကို မဖွင့်ဘဲနှင့် မွှေးကြိုင်သော ရေမွှေးနံ့တို့ကို ရရှိလိုက်ခြင်းပဲ ဖြစ်သည်။

BURMESE CLASSIC .com

နေနော်



www.burmeseclassic.com